

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


ဂု ရက် သတင်းဂျာနယ်

# 7 DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI

LIVES BRILLIANTLY



အတွဲ(၁၂)၊ အမှတ်(၄၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇန်နဝါရီ ၁ ၊ ၂၀၁၄)


2014

၂၀၁၄နှစ်သစ်တွင် မြန်မာပြည်သူများ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ပျော်ရွှင်ခြင်းများဖြင့် ပြည့်စုံပြီး အားလုံးတောင့်တသော ဒီမိုကရေစီပန်းတိုင် အရောက်လှမ်းရေး တိုးတက်မှုများရရှိကာ စိတ်နှလုံးရွှင်လန်း၍ ဘေးဘယာကင်းပါစေကြောင်း 7Day News မိသားစုက ဆုမွန်ကောင်း ပို့သလိုက်ပါသည်။




နှစ်သစ်ကြိုဆိုပွဲ Myanmar Countdown 2014 ကျင်းပမည့် ရန်ကုန်မြို့ မိုင်ဒါကွင်းတွင် ကြိုတင်ပြင်ဆင်နေမှုများကို ဒီဇင်ဘာ၃၀ရက်က တွေ့ရစဉ်

ဓာတ်ပုံ-စိုးဇေယျာထွန်း/ရိုက်တာ

## ၂၀၁၄ စီးပွားရေး အလားအလာ

**အောင်သူရ၊ ပြည့်သိမ်း**

၂၀၁၄ခုနှစ် မြန်မာနိုင်ငံ၏ စီးပွားရေးကို ရိုက်ခတ်စေမည့် လုပ်ဆောင်ချက် ခြောက်ခုရှိသည်။ နိုင်ငံခြားဘဏ်များကို ၂၀၁၄နှစ်ဆန်းပိုင်းတွင်လုပ်ပိုင်ခွင့်ပြုရန် စီစဉ်ထားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုကိုတစ်ခုတည်းဖြစ်အောင်ပြန်လည်ပြဋ္ဌာန်းရန်ရှိခြင်း၊ အီးယူ-မြန်မာအလုပ်အဖွဲ့၏ သဘောတူညီချက်များ၊ ပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာစတင်ခြင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူခြင်းနှင့်ထိုင်းနှင့်မလေးရှားနိုင်ငံတို့ရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ အခြေအနေများတို့ဖြစ်သည်။


စာမျက်နှာ ၈ ››


၂၀၁၄ ဟောကိန်း


စာမျက်နှာ ၁၃ ››


## မြန်မာ့သစ်တောများအတွက် ကုထုံးသစ်

**အိဖြူမွန်**

မြန်မာ့သမိုင်းတစ်လျှောက် သစ်ထုတ်လုပ်ရေးသည်တိုင်းပြည်၏ ဝင်ငွေအများဆုံးရှာပေးသည့် ပို့ကုန်စာရင်းတွင် အဆင့်တစ်မှ လေးအတွင်း အမြဲချိတ်ခဲ့သည်။ မြန်မာ့သစ်ထုတ်လုပ်ရေးသမိုင်းတွင် ၂၀၁၄ မတ်လ ၃၁ရက်မှာ မှတ်တိုင်သစ်စိုက်ထူမည့်နေ့ဖြစ်သည်။ သစ်အလုံးလိုက်တင်ပို့မှုကို အစိုးရက ၂၀၁၄ မတ်လ ၃၁ ရက်မှစ၍ ရပ်နားတော့မည်ဖြစ်သောကြောင့်ဖြစ်၏။



စာမျက်နှာ ၂၀ ››


## ၂၀၁၄ နိုင်ငံရေးအခင်းအကျင်းကို လှမ်းမျှော်ကြည့်ခြင်း

**အိဖြူလွင်၊ရန်မျိုးနိုင်၊မင်းဟိန်းကျော်**

၂၀၁၄ ဇန်နဝါရီ၃၁ရက်တွင် ပေါ်ထွက်လာမည့်အခြေခံဥပဒေလေ့လာသုံးသပ်သည့်အစီရင်ခံစာနှင့် ဇန်နဝါရီနှောင်းပိုင်းတွင် ပြုလုပ်မည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အပစ်အခတ်ရပ်စဲရေးမူဘောင်နှင့်ပတ်သက်သည့်ဆွေးနွေးပွဲရလဒ်များသည် ၂၀၁၄၏ နိုင်ငံရေးဖြစ်စဉ်ကို အဓိကပုံဖော်ပေးမည့် ကိစ္စရပ်များဖြစ်သည်။


စာမျက်နှာ ၂ ››

**၂၀၁၃ခုနှစ် မြန်မာ့သမိုင်းစာမျက်နှာများကို သုံးသပ်ကောက်နုတ်ချက် စုံလင်စွာဖြင့် စာမျက်နှာ(၂၀)ပါ အနှစ်ချုပ်အထူး ထုတ်ကို7Day Newsပရိသတ်အတွက် အခမဲ့ဖြန့်ဝေလိုက်ပါသည်။**

## သမနှင့်ခြ ပြဿနာ

**မိုးညို၊ အေးမြတ်သူ၊ ဇော်မျိုးလှိုင်၊ အိမွန်ကျော်**

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ရာတွင် သမဝါယမစနစ်မှာ ထိရောက်ကြောင်း နိုင်ငံတော်သမ္မတက မကြာခဏပြောလေ့ရှိသော်လည်း အရှိုးစွဲနေသည့် အကျင့်ပျက်ခြစားမှုများအကြား သမဝါယမစနစ် ပြန်လည်ဦးမော့ရန် မလွယ်ကူသေးကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။


စာမျက်နှာ ၁၄ ››





7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ၂၀၁၄ နိုင်ငံရေးအခင်းအကျင်းကို လှမ်းမျှော်ကြည့်ခြင်း

**အိမြူလွင်၊ ရန်မျိုးနိုင်၊ မင်းဟိန်းကျော်**






၂၀၁၄ဇန်နဝါရီ၃၁ရက်တွင် ပေါ်ထွက်လာမည့်အခြေခံဥပဒေလေ့လာသုံးသပ်သည့်အစီရင်ခံစာနှင့် ဇန်နဝါရီနှောင်းပိုင်းတွင် ပြုလုပ်မည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အပစ်အခတ်ရပ်စဲရေးမူဘောင်နှင့်ပတ်သက်သည့်ဆွေးနွေးပွဲရလဒ်များသည် ၂၀၁၄၏ နိုင်ငံရေးဖြစ်စဉ်ကို အဓိကပုံဖော်ပေးမည့် ကိစ္စရပ်များဖြစ်သည်။

အာဆီယံဥက္ကဋ္ဌတာဝန်ကိုပထမဆုံးအကြိမ်အဖြစ်စတင်တာဝန်ထမ်းဆောင်သည့်မြန်မာနိုင်ငံအတွက် ၂၀၁၄ခုနှစ်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံများအပါအဝင် ဥရောပနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ကျယ်ပြန့်စွာဆက်သွယ်ဆက်ဆံမှုကို ရတော့မည့်နှစ်တစ်နှစ်ဖြစ်ပြီး ၎င်းလုပ်ငန်းစဉ်များ၏ ခြေလှမ်းအစအဖြစ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးကို ဇန်နဝါရီလတွင်ပင်ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးများမှ ပေါ်ထွက်လာမည့် ရလဒ်များသည် ၂၀၁၄၏ နိုင်ငံရေးဖြစ်စဉ်ကို ပုံဖော်မည်ဆိုသော်လည်း ၂၀၁၄ ခုနှစ်တစ်နှစ်လုံးသည် သိသာထင်ရှားသော အပြောင်းအလဲများ တွေ့ရမည်မဟုတ်ဘဲ ထိပ်တိုက်တွေ့ဆုံမှုများ၊ စိန်ခေါ်မှုများနှင့် တအုံနွေးနွေးဖြင့်သာရှိမည့် နှစ်တစ်နှစ်လည်းဖြစ်နိုင်သည်။

“၂၀၁၄ခုနှစ်ရဲ့ အကြီးမားဆုံးရိုက်ခတ်မှုက ၁၀၉ဦးကော်မတီရဲ့ အစီရင်ခံစာကိစ္စဖြစ်လာမယ်။ အစီရင်ခံစာကပြည်သူလိုလားတဲ့ အနေအထားကိုရောက်မလား၊ မည်ကာမတ္တပဲဖြစ်မလားဆိုတာဘယ်သူမှမပြောနိုင်ဘူး”ဟု ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီဝင် ဖြစ်သည့် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ အဓိကကျသည့်ခေါင်းဆောင်များ အထူးသဖြင့် အတိုက်အခံနှင့် တပ်မတော်ကြားတွင် အခြေခံကျသော နားလည်မှု၊ နိုင်ငံရေးသဘောတူညီချက်မရှိသည့်အတွက် ဥပဒေပြင်ဆင်ရာတွင် မရေရာမှုများနှင့်အတူ အခက်အခဲအချို့ရှိလာနိုင်သည်ဟု နိုင်ငံရေးလေ့လာသုံးသပ်သူများကလည်းယူဆကြသည်။

၂၀၁၅ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ လက်ရှိသမ္မတဦးသိန်းစိန် အစိုးရလက်ထက်တွင် အဆင်ပြေနေသည့် အသိုင်းအဝိုင်းကယခုပြုပြင်ပြောင်းလဲမှုများကို အန္တရာယ်ဟုမြင်လာနိုင်သကဲ့သို့ တစ်ဖက်တွင်လည်း ပိုမိုလွတ်လပ်သော အနေအထားများခံစားရရှိလာသဖြင့် ယခင်က မျိုသိပ်ထားရသည့် အခြားတင်းမာမှုများ ပေါ်ထွက်လာနိုင်သည်ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာစာတမ်းက ၂၀၁၄ခုနှစ်တွင် ကြုံတွေ့နိုင်သည့် နိုင်ငံရေးအခြေအနေကို သုံးသပ်ထားသည်။

“၂၀၁၄မှာ သိပ်ပြီးတော့ပြင်းထန်တဲ့ လူမှုမငြိမ်သက်မှုတွေ ရုပ်ပျက်ဆင်းပျက်အားပြိုင်မှုတွေမဖြစ်အောင်လို့အစိုးရပိုင်းကထိန်းမယ်ထင်တယ်။ ဘာဖြစ်လို့လဲ ဆိုတော့နိုင်ငံတကာမှာမျက်နှာပျက်ရမယ့် ကိစ္စတွေကို ရှောင်ရှားချင်လိမ့်မယ်ထင်တယ်”ဟု နိုင်ငံရေး



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.43 ▪ JANUARY 1 , 2014

သိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် ဦးမင်းဇင်ကပြောသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတွင် အရေးပါသောဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးချောမွေ့စေရန်တပ်မတော်၊ လွှတ်တော်၊အစိုးရနှင့်ဒေါ်အောင်ဆန်းစုကြည်တို့လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့ခြင်းသည် ၂၀၁၄ခုနှစ်တွင်အကောင်အထည်ပေါ်မပေါ် မရေမရာသာရှိနေသေးသည်။

"တွေ့ဆုံမှုကဖြစ်ရင်ဖြစ်နိုင်လိမ့်မယ်။ ဒါပေမဲ့ အဓိကကျတဲ့အချက်တွေကိုပြင်ဖို့ကတော့ အရမ်းခက်ခဲမယ်ဆိုတာ သတိပြုဖို့လိုတယ်"ဟု မြန်မာနိုင်ငံရေးကျွမ်းကျင်သူ သတင်းစာဆရာတစ်ဦးဖြစ်သည့် ဘာတေးလ်လင့်တနာက သုံးသပ်သည်။

အတိုက်အခံခေါင်းဆောင်ဖြစ်သည့်ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သမ္မတဖြစ်ရန် မဖြစ်မနေပြင်ဆင်ရန်လိုအပ်နေသည့်ပုဒ်မ ၅၉(စ)ကိုမပြင်ပေးပါကလည်း ရွေးကောက်ပွဲဝင်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတရားဝင်ပြောကြားလိုက်ပြီး အာဏာရပါတီကလည်း ပုဒ်မ ၅၉(စ)ကို ပြင်မည်ဟုပြောကြားလိုက်သဖြင့် ခေါင်းဆောင်များကြားတွင် တစ်စုံတစ်ရာအပေးအယူမှုများရှိနိုင်သည်ဆိုသော ခန့်မှန်းချက်များလည်းရှိလာသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်းနှင့်တိုင်းရင်းသားများ၏အပစ်အခတ်ရပ်စဲရေးနှင့်နိုင်ငံရေးဆွေးနွေးပွဲများသည်အပြန်အလှန်ဆက်စပ်မှုများရှိနေသည်ဖြစ်ရာ"အခြေခံဥပဒေ မပြင်နိုင်ပါကပြည်တွင်းငြိမ်းချမ်းရေးမရနိုင်"ဟု ပြည်ခိုင်ဖြိုးပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် သူရဦးအောင်ကိုကထောက်ပြသည်။

"ဒီနှစ်ထဲမှာတော့ တိုင်းရင်းသားတွေနဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးဖို့ ဖြစ်ရင်ဖြစ်နိုင်မယ်။ ဒါပေမဲ့အဖြေရတဲ့နိုင်ငံရေးဆွေးနွေးပွဲတွေကတော့ ပြီးပြတ်မယ်မထင်ဘူး။ နောက်တစ်ခုက သမ္မတဦးသိန်းစိန်လက်ထက်မှာ တိုင်းရင်းသားတွေနဲ့ငြိမ်းချမ်းရေးကို တစ်စုံတစ်ရာအာမခံချက်ရတဲ့အထိ ပြီးပြတ်စေချင်တယ်။ နောက်ကြောင်းပြန်မလှည့်နိုင်တဲ့ ကတိကဝတ်မျိုးရတဲ့အထိဖြစ်စေချင်တယ်"ဟု တိုင်းရင်းသားလက်နက်ကိုင်များ၏ အရေးနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး၏ဗဟိုကော်မတီဝင်တစ်ဦးဖြစ်သူ ဖဒိုမန်းငြိမ်းမောင်ကပြောသည်။

အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးသားဖြစ်သည့်လက်နက်ကိုင်အဖွဲ့များနှင့်ရှမ်းပြည်နယ်တွင် တိုက်ပွဲအချို့ဆက်ရှိနေဆဲဖြစ်ပြီး ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)နှင့်လည်းအပစ်အခတ်ရပ်စဲရေးမရရှိသေးခြင်းက ၂၀၁၄အတွက်နှစ်အဆက်ဆက် လက်ဆင့်ကမ်းပြဿနာအမွေဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်း၊ အရှေ့မြောက်ပိုင်းနှင့် အနောက်ပိုင်းရှိ တိုင်းရင်းသားဒေသအချို့တွင် လက်နက်ကိုင်တိုက်ပွဲများနှင့် လူမျိုးရေးပဋိပက္ခများအတွက် စိုးရိမ်ပူပန်မှုများရှိနေချိန်တွင် အင်အားကြီးပါတီများကလည်း ၂၀၁၅ ရွေးကောက်ပွဲအကြိုပြင်ဆင်မှုများကသက်ဝင်လှုပ်ရှားလာတော့မည်။

"ဒီအချိန်မှာ စီးပွားရေးမူဝါဒကို ချပြရတော့မယ့်အချိန်ဖြစ်နေပြီ။ အချိန်ကသိပ်မရှိတော့ဘူး။ ရှေ့နှစ်မှာ အာဆီယံလွတ်လပ်စွာကုန်သွယ်ရေးဇုန် (AFTA)ကလည်းလာတော့မယ်။ ရွေးကောက်ပွဲကလည်းလာတော့မယ်။ ဒီတော့ စီးပွားရေးမူဝါဒကိုရေးရမယ်။ လူပြိန်းကြိုက်နိုင်ငံရေးတွေ၊ ကြွေးကြော်သံတွေနဲ့သွားရမယ့်အချိန်မဟုတ်တော့ဘူး" ဟု ဥရောပသမဂ္ဂ၏ စီးပွားရေးဆိုင်ရာဥပဒေပညာရှင်တစ်ဦးဖြစ်သည့် ဦးမင်းတေဇာညွန့်တင်ကပြောသည်။

ယခုအချိန်သည်တိုင်းပြည်၏မဟာဗျူဟာတစ်ရပ်ကိုမည်သို့ပုံဖော်ဆောင်ရွက်မည်ဆိုသည်ကိုပြည်သူအားချပြစည်းရုံးခြင်းကိုနိုင်ငံရေးပါတီများအနေဖြင့်ဦးစားပေးလုပ်ဆောင်သင့်သည်ဟု ထောက်ပြပြောဆိုမှုများရှိနေသည်။

သက်တမ်းကုန်ရန်အချိန်တဖြည်းဖြည်းနီးလာပြီဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် အစိုးရသစ်အတွက်လည်း မီးကုန်ယမ်းကုန်အားထုတ်ရမည့်နှစ်လည်းဖြစ်သည်။

၂၀၁၄ခုနှစ်သည်မြန်မာနိုင်ငံရေးတွင် အရေးပါမည့်နှစ်တစ်နှစ်ဖြစ်သော်လည်းတိကျသည့်ပြုပြင်ပြောင်းလဲမှုများကိုအောင်မြင်စွာပြုလုပ်နိုင်ရေးသည် နိုင်ငံရေးခေါင်းဆောင်များ၏ အတ္တကင်းသောအမြော်အမြင်ရှိရှိဆွေးနွေးညှိနှိုင်းမှုများလိုအပ်ပြီးစေတနာကောင်းဖြင့် လုပ်ဆောင်မှုများအပေါ်တွင်သာ မူတည်နေသည်။

၂၀၁၄တွင်လုပ်ဆောင်နိုင်မှသာ ၂၀၁၅တွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲချောမွေ့စေမည်ဖြစ်သကဲ့သို့ ဒီမိုကရေစီအခြေခံကောင်းများကိုလည်းဖန်တီးပေးနိုင်မည်ဖြစ်သည်။

# စမတ်ကတ်ရှိမှသာ ပြည်ပတွင် သွားရောက်လုပ်ကိုင်ခွင့်ပြုမည်

**အေးမြတ်သူ**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၃၀**

ပြည်ပသို့အလုပ်ဖြင့် သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများ စမတ်ကတ်ပြုလုပ်ပြီးမှသာ သွားရောက်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်နွေဦးကပြောသည်။

ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများသည် မိမိအစီအစဉ်ဖြင့် ဖြစ်စေ၊ အေဂျင်စီမှ တစ်ဆင့်ဖြစ်စေ သွားရောက်လုပ်ကိုင်မည့်မြန်မာအလုပ်သမားများသည် သက်ဆိုင်ရာအလုပ်သမားဝန်ကြီးဌာနတွင် တရားဝင်လုပ်သားမှတ်ပုံတင်စမတ်ကတ်ပြုလုပ်ပြီးမှသာ သွားရောက်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။ အဆိုပါစမတ်ကတ်စစ်ဆေးမှုကိုလေဆိပ်များတွင်မကြာမီပြုလုပ်စစ်ဆေးတော့မည်ဖြစ်ပြီးစမတ်ကတ်မရှိသူများတွေ့ရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင်အိမ်အကူအလုပ်ဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားသည် စမတ်ကတ်အပြင် အိမ်အကူလုပ်ငန်းဖြင့် တက်ရောက်ထားသည့်သင်တန်းဆင်းလက်မှတ်များပါပါရှိရမည်ဖြစ်သည်။

"အေဂျင်စီနဲ့သွားတာမဟုတ်ရင် စာရင်းမရှိပါဘူး။ အခုကိုယ့်အစီအစဉ်နဲ့သွားတဲ့သူတွေရော၊ စမတ်ကတ်လုပ်ရတော့မယ်။ လေဆိပ်မှာကတည်းက တစ်ခါတည်းစစ်မှာ။ စစ်လို့မပြနိုင်ရင်တော့ အရေးယူမှာ"ဟု ညွှန်ကြားရေးမှူးဦးခင်နွေဦးကပြောသည်။

အလုပ်သမားဝန်ကြီးဌာနက တရားဝင်စေလွှတ်ခဲ့သည့် မြန်မာအလုပ်သမားဦးရေမှာ နှစ်ပေါင်း၂၀အတွင်း၁ဒသမ၉သန်းနီးပါးခန့်သာရှိပြီး လက်ရှိတွင် ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသော မြန်မာအလုပ်သမားသုံးသန်းနှင့်အထက်ရှိသည်။



တယ်လီကွန်းနယ်ပယ်က အောင်မြင်မှုတွေအတွက်
အူရီးဒူးနဲ့လက်တွဲဖို့ အဆင်သင့်ဖြစ်နေပြီဆိုရင်
မန္တလေးကအလုပ်အကိုင်ပြပွဲမှာ ဆုံတွေ့ကြစို့

ooredoo



အူရီးဒူးမြန်မာက ဝန်ထမ်းများအားလုံးကို တန်ဖိုးထားပါတယ်။ လစာကောင်းကောင်းနဲ့ အပိုဆုကြေးအပြင် စဉ်ဆက်မပြတ်တိုးတက်စေဖို့ လုပ်ငန်းခွင်သင်တန်းများလဲ ပို့ချပေးပါတယ်။ ခေတ်မီကျယ်ပြန့်တဲ့ ရုံးခန်းမှာ နိုင်ငံတကာမှ လုပ်ဖော်ကိုင်ဖက်များနဲ့ အတူ ပျော်ရွှင်တက်ကြွပြီး တိုးတက်ကောင်းမွန်တဲ့ လုပ်ငန်းခွင်အတွေ့အကြုံတွေကို ရရှိစေမှာပါ။

**ဒါ့ကြောင့်အူရီးဒူးမြန်မာက မန္တလေးမြို့မှ အောက်ပါရာထူးနဲ့ သင့်လျော်တဲ့သူများကို ရှာဖွေနေပါတယ်။**

- **Retail Store Supervisor & Executives**
- **B2B and Wholesale Account Manager & Executives**
- **Finance Managers**
- **HR Managers**
- **Facilities Managers**
- **Senior Sales Managers**
- **Trade Marketing Managers**
- **Direct Sales Channel Managers**
- **Mass-Market Channel Managers**
- **Marketing Specialist**
- **Lawyers**

ဆီဒိုးနားဟိုတယ် (Ballroom)၊မန္တလေး | ၂၀၁၄ ဇန်နဝါရီလ ၁၂ရက်နေ့ | နံနက် ၁၀နာရီမှ ညနေ ၄နာရီထိ

ကနဦးလူတွေ့မေးမြန်းမှုတွေအတွက် CV တွေကို **recruitme@myanmar.ooredoo.com** သို့ အမြန်ဆုံးပေးပို့လိုက်ပါနော်

Life
7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# တွက်ကိန်းမှားပြီး ရဲထဲဝင်ခဲ့သူ

**အောင်သစ်လွင်**



*လုံခြုံရေးတာဝန်ယူနေသည့် ရဲဝန်ထမ်းများ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဆယ်တန်းအောင်ခါစလူပျိုပေါက် အသက် (၁၇)နှစ်အရွယ်သန့်ဇင်က နိုင်ငံခြားစုံထောက်အက်ရှင်ဇာတ်ကားများကို အားကျကာ ရဲတပ်ဖွဲ့သို့ဝင်ရောက်ခွင့်ပေးရန် မိဘများအား တောင်းဆိုခဲ့သည်။

နိုင်ငံခြားအက်ရှင်ဇာတ်ကားများထဲ၌ စမတ်ကျသော မင်းသားများက ရာဇဝတ်မှုကျူးလွန်သူ လူဆိုးသရုပ်ဆောင်များကို ခေတ်မီလက်နက်များနှင့် တိုက်ခိုက်ကာ စနစ်တကျ ဖမ်းဆီးထိန်းသိမ်းနေပုံများက ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းရန် သန့်ဇင်အား စေ့ဆော်ခဲ့ခြင်းဖြစ်သည်။ ဥပမိရုပ်ကောင်းကောင်း၊ အရပ်မြင့်မြင့်နှင့် သန့်ဇင်တစ်ယောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့ယူနီဖောင်းကို ဝတ်ဆင်ကာ တိုင်းပြည်တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်တော့မည်ဟု စိတ်ပိုင်းဖြတ်၍ ၂၀၀၃ ခုနှစ် ဒီဇင်ဘာမှစ၍ ရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စတင်ဝင်ရောက်ပြီးနောက် ရမည်းသင်းအမှတ်(၁) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းတွင် ခြောက်လသင်တန်းတက်ခဲ့ပြီးတက်ကြွသော စိတ်ခွန်အားဖြင့် စတင်ခဲ့သော သန့်ဇင်၏ ခြေလှမ်းအစုံတို့သည် ယနေ့အချိန်တွင်တော့မြစ်ဝကျွန်းပေါ်ဒေသအတွင်းရှိမြို့နယ်တစ်ခု၏ တာဝန်ကျရာရဲစခန်းအတွင်းတွင် လေးကန်နှေးကွေးနေလေသည်။

“ရဲတပ်ဖွဲ့ထဲကို ဝင်လာခဲ့တာ ပြီးခဲ့တဲ့ဒီဇင်ဘာမှာ (၁၁)နှစ်ပြည့်ခဲ့ပြီ။ ကျွန်တော်ရူးသွပ်ခဲ့တဲ့ စမတ်ကျတဲ့ ရဲယူနီဖောင်းလည်း အခုအချိန်အထိ ကျွန်တော့်ဆီရောက်မလာခဲ့ဘူး။ ဌာနတစ်ခုမှာ (၁၁)နှစ်မြှုပ်နှံခဲ့တာ တပ်သားအဆင့်ထက်တစ်ဆင့်မြင့်တဲ့ ဒုတပ်ကြပ်ရာထူးနဲ့ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်နေရတယ်”ဟု ဒုတပ်ကြပ်သန့်ဇင်က ဆိုသည်။

တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော ၂၀၀၃ ခုနှစ်မှစတင်၍ အဝေးသင်တက္ကသိုလ် ပထမနှစ်ကို တက်ရောက်ခဲ့သော်လည်း ရသောလစာနှင့် ခွင့်ရက် အခက်အခဲကြောင့် ၂၀၁၃ ခုနှစ် ရောက်သည့်တိုင် တက္ကသိုလ်ပထမနှစ်ကို ဖြေဆိုအောင်နိုင်ခြင်း မရှိသေးကြောင်း ၎င်းကပြောသည်။

ရဲတပ်ဖွဲ့ဝင်များထဲတွင် ရာထူးကြီးကြီးရယူထားနိုင်သော ရဲအရာရှိအချို့မှ လွဲ၍တပ်သားအဆင့်မှသည် ၎င်းထက်အဆင့်မြင့်သော ဒုတပ်ကြပ်၊ တပ်ကြပ်နှင့် ဒုရဲအုပ်ရာထူးအဆင့်များအထိ မိမိအလုပ်အပေါ် မိမိဂုဏ်ယူပါရဲ့လားဆိုသည့် အမေးကို မဆိုင်းမတွဖြေဆိုကြသည်မှာ အနုတ်လက္ခဏာဆောင်သော အဖြေများပင်ဖြစ်သည်။

“ကျွန်တော်တို့ရလိုက်တာက နောင်တတွေပါ။ ကိုယ့်အလုပ်ကို တာဝန်ကျေချင်ပါတယ်။ ဒါပေမဲ့ ကိုယ်ရောက်နေတဲ့နေရာကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုမရှိတော့ဘူး။ ရဲတပ်ဖွဲ့အပေါ် ထားခဲ့တဲ့ သံယောဇဉ်နဲ့ မိသားစုသံယောဇဉ်သာ မရှိတော့ဘူးဆိုရင် ဒီလောကကနေ ထွက်ပြေးချင်ပြီ”ဟု ဒုတပ်ကြပ်သန့်ဇင်ကပြောသည်။

သန့်ဇင်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ ၈၀,၀၀၀ နီးပါးရှိသော တပ်ဖွဲ့ဝင်များကြား ဒုတပ်ကြပ်ရာထူးဖြင့် ရပ်တည်နေရသူတစ်ဦးဖြစ်ပြီး ၎င်းကဲ့သို့ပင် မှန်းချက်နှင့်နှမ်းထွက်ဆန့်ကျင်လွဲချော်နေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ တရားဥပဒေစိုးမိုးရေးဟူသော ဆိုင်းဘုတ်အောက်တွင် စားဝတ်နေရေးအတွက် လုံခြုံရေးစိတ်ချမှုမရှိဘဲ ပြားပြားဝပ်နေရသူများ မြောက်မြားစွာရှိနေသည်။

“ကျွန်တော်တို့ ကိုယ်တိုင် တရားဥပဒေစိုးမိုးရေးကို တာဝန်ယူထားရပေမယ့် ကျွန်တော်တို့အမှားအယွင်းတစ်ခုခုလုပ်မိရင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေကြီးနဲ့ အရေးယူခံရတယ်။ လူတိုင်းသိခဲ့တဲ့ နေပြည်တော် ဝဲကြီးဖြစ်စဉ်ကိုပဲကြည့်ပါ။ ကိုယ့်ကိုရိုက်သတ်လို့သေရင်တောင် လူတစ်ယောက်အနေနဲ့ ပြန်ခုခံခွင့်မရှိဘူး။ တုံ့ပြန်လိုက်တာနဲ့ အထက်က ညွှန်ကြားချက်ကို မလိုက်နာဘူးဆိုတာက အရင်ဆုံးကြားရတဲ့ သေမိန့်လိုပဲ”ဟု ရဲတပ်ဖွဲ့ဝင်များအား ရွာသားများက ပြန်လည်ဖမ်းဆီးရိုက်နှက်ခဲ့သည့် ဖြစ်စဉ်တွင် ပါဝင်ခဲ့သည် လယ်ဝေးမြို့ရဲစခန်းမှ ရဲတပ်သားတစ်ဦးကပြောသည်။

**စာမျက်နှာ (၇)သို့**




7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# မြန်မာစပါးကြီးမြွေ မိကျောင်း၏ သားကောင်ဖြစ်သွားသည့်ပုံ ဖေ့စ်ဘွတ်ခ်တွင်ရေပန်းစား

ခင်မေဇော်(ဝါရှင်တန်ဒီစီ)
ဝါရှင်တန်၊ ဒီဇင်ဘာ-၃၀

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အဲဗားဂလိတ်မြို့နယ်တွင်မြန်မာစပါးကြီးမြွေတစ်ကောင် မိကျောင်း၏ သားကောင်ဖြစ်နေသည့်ပုံကို အမျိုးသားဥယျာဉ် ဖေ့စ်ဘွတ်ခ်ဖော်ပြလိုက်သည်။


Everglades National Park Facebook

လဆန်းပိုင်းတွင်ဖြစ်ပွားခဲ့သော ယင်းအဖြစ်ကို မျက်မြင်တွေ့ခဲ့သည့် ဥယျာဉ်ဝန်ထမ်းတစ်ဦးဖြစ်သူ မစ္စတာစတိဗ်ဂရင်းက သူမြင်တွေ့ရပုံကို သတင်းပေးပို့ထားခြင်းဖြစ်သည်။

“ရှိုင်ရယ်အပင်တွေဘက်ကို သွားတော့ တွေ့လိုက်ရတာ။ မိကျောင်းက အရှိန်နဲ့ ခပ်ကြမ်းကြမ်းပဲ တံတားအောက်ကို ဦးတည်သွားနေတာကို ကျွန်တော်သတိထားမိတယ်” ဟုဆိုသည်။

မြန်မာ စပါးကြီးမြွေများသည် အမေရိကတိုက်တွင် မူလကမရှိခဲ့သော မြွေမျိုးဖြစ်ပြီး ၎င်းတို့ကို အိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးသူများက အရွယ်ကြီးမားလာပြီး မလိုလားတော့ချိန်တွင် တောတွင်းစွန့်ပစ်ခဲ့ရာက သောင်းချီ၍ တိုးပွားလာခဲ့သည်ဟုဆိုသည်။

မှတ်သုံးရာသီမျိုးရှိသည့် ဖလော်ရီဒါပြည်နယ်တွင် ယင်းစပါးကြီးမြွေများကို ဖမ်းယူစားသောက်သည့် သဘာဝသားရဲ တိရစ္ဆာန်လည်း မရှိသဖြင့် ပို၍ တိုးပွားလာနေပြီး ယင်းစပါးကြီးမြွေကြောင့် ဖလော်ရီဒါ သဘာဝတောတွင်းတွင်ဌာနေသတ္တဝါများ၏အရေအတွက်များစွာ လျော့နည်းလာရပြီး သဘာဝ ချိန်ခွင်လျှာမျှတမှုကို ထိခိုက်သည်ဟု ဆိုသည်။

နို့တိုက်သတ္တဝါများကြား ၂၀၀၉ ခုနှစ်တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့သော Distemper ရောဂါကြောင့် ဌာနေသတ္တဝါများ သေဆုံးမျိုးတုံးခြင်းဖြစ်ပြီး မြန်မာစပါးကြီးမြွေကြောင့်မဟုတ်ဟု ဆိုသူလည်းရှိသည်။

မည်သို့ဆိုစေ ဖလော်ရီဒါတွင် တောလိုက်မုဆိုးများနှင့် အဖွဲ့ဖွဲ့ပြီး Burmese Python ခေါ် မြန်မာစပါးကြီးမြွေကို ဖမ်းယူသတ်ဖြတ်မှုများ ပုံမှန်လုပ်လျက်ရှိသည်။ သို့သော်အရေအတွက်ကများပြားနေဆဲဖြစ်သည်။ အဲဗားဂရိတ်အမျိုးသားဥယျာဉ်၏ ဖေ့စ်ဘွတ်တွင် အဆိုပါပုံကို လူအများအပြားကစိတ်ဝင်တစားဝင်ရောက်ရေးသားကြပြီး ဖြန့်ဝေသူ ငါးရာကျော်သွားပြီဖြစ်သည်။






## ဟင်းနုနယ်သုပ်

သံဓာတ်အားကောင်းတဲ့ ဟင်းနုနယ်ရွက်ကလေးတွေကို ပရိုတင်းအပြည့်ပါတဲ့ အာလူးနဲ့သုပ်ထားတာဖြစ်ပါတယ်။ ပထမဆုံး ဟင်းနုနယ်ရွက်နုကလေးတွေကို ရေစင်အောင် အထပ်ထပ် ဆေးကြော၊ အကြောလေးတွေဖယ်ပြီး နွှင်ပါ။ ပြီးရင် ရေနွေးပွက်ပွက်ဆူမှာ သုံးမိနစ်လောက်ရေနွေးဖြောပါမယ်။

အာလူးကို အတုံးငယ်လေးတွေတုံးပြီး၊ ကျက်ရုံပဲ ဆီနဲ့လှိမ့်ပြီး ကြော်ပါမယ်။ အရေခွံတွေ ကျက်သွားအောင် မကြော်ပါဘူး။ မကြော်ခင်မှာ အရသာ နယ်ပါ။

ဟင်းနုနယ်၊ အာလူးတို့ကို ပန်းကန်ထဲထည့်၊ အရသာမှုန့်၊ မန်ကျည်းရေ၊ မဆလာ၊ ကြက်သွန်နီကြော်၊ ဆီချက်ပါရုံထည့်ပြီး သုပ်လို့ရပါပြီ။ အလေးစားတဲ့သူတွေကတော့ ငံပြာရည်လေး နည်းနည်း ထည့်ပေးပါ။







စာမျက်နှာ (၅)မှ

## တွက်ကိန်းမှားပြီး ရဲထဲဝင်ခဲ့သူ

ဦးသိန်းစိန်အစိုးရမတက်ခင် ယခင်စစ်အစိုးရ၏ နှစ်ပေါင်းများစွာ ဖိနှိပ်အုပ်ချုပ်ခဲ့သည့်စနစ်တစ်ခုအတွင်း သန်း ၆၀ သော ပြည်သူအများစုနှင့် အရေအတွက် ရှစ်သောင်းနီးပါးသာရှိသော ရဲတပ်ဖွဲ့များကြား လူလူချင်းထား အပ်သော တန်ဖိုးသတ်မှတ်စံနှုန်းများ ပျောက်ဆုံးခဲ့ရသည်။

နိုင်ငံတော်အကြီးအကဲဟူသည့် ပုဂ္ဂိုလ်မှစ၍ ပြည်သူနှင့် တိုက်ရိုက်ဆက်ဆံရသည့်အောက်ခြေရဲတပ်သားအထိ ပွင့်လင်းမြင်သာသော စကားတစ်ခွန်းမှ မပြောဘဲ သန်း ၆၀ သော ပြည်သူများကို ဆိုင်ရာယူနီဖောင်း၊ ဆိုင်ရာလက်နက်၊ ရာထူးအာဏာအရှိန်အဝါဖြင့် အသံတိတ်အုပ်ချုပ်ခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးဟူ၍ ပေါ်ပေါ်ထင်ထင်ကြွေးကြော်ခဲ့ကာ ဖိနှိပ်အုပ်ချုပ်ခဲ့သည့် ကာလ အလွန်အစိုးရသစ်လက်ထက်သို့ ရောက်ရှိသည့် အချိန်အခါတွင် သန်း ၆၀ သော ပြည်သူ၏အမြင်တွင် ရိုင်းစိုင်းယုတ်မာခဲ့သော စစ်အစိုးရ၏ အရိပ်သည် ဒီဘက်ခေတ်အစိုးရအပေါ်သို့ လွှမ်းသွားခဲ့သည်။

"နိုင်ငံရေးအပြောင်းအလဲဖြစ်သွားတဲ့နောက်မှာ အရင်အစိုးရရဲ့ အရိပ်ဆိုးကို ပြည်သူနဲ့ တိုက်ရိုက်ဆက်ဆံရတဲ့ အောက်ခြေရဲတပ်ဖွဲ့ဝင်တွေ အသိသာဆုံး ရင်ဆိုင်ရတာပါ။ ရဲတိုင်းမယုတ်မာ၊ မဆိုးသွမ်းပါဘူး။ ပြဿနာတစ်ခုခုဖြစ်ရင် အရပ်ဘက်ဥပဒေအောက်မှာရော၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအောက်မှာပါ ပြားပြားဝပ်နေရတုန်းပါ"ဟု နေပြည်တော်ရဲချုပ်ရုံးတွင် တာဝန် ထမ်းဆောင်နေသည့် အမည်မဖော်လိုသူ ရဲတပ်ကြပ်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်အင်အား ရှစ်သောင်းဝန်းကျင် ဆိုသည်မှာလည်း ပြည်သူသန်း ၆၀ အချိုးအစားနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းထက်ဝက်နီးပါး လျော့နည်းနေသေးကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှခင်းရဲတပ်ဖွဲ့မှ ဒုရဲမှူးကြီးဝင်းစိန်က ပြောသည်။

ဒေသတွင်းအိမ်နီးချင်းနိုင်ငံများတွင် နိုင်ငံတစ်နိုင်ငံ၌ ရဲတစ်ဦးလျှင် လူဦးရေ ၃၀၀ ခန့်သာ စောင့်ကြပ်တာဝန်ယူရသော်လည်း မြန်မာနိုင်ငံတွင်မူ လက်ရှိ ရဲအင်အားအရ ရဲတစ်ဦးလျှင် လူတစ်ထောင်နီးပါးတာဝန်ယူနေရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြုစုထားသော စာရင်းများအရ သိရသည်။

"ဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်တဲ့အခါမှာလည်း ရဲတပ်ဖွဲ့ဝင်အင်အားက လျော့နည်းပါတယ်။ ပြစ်မှုကျူးလွန်လို့ ထုတ်ပယ်အရေးယူလိုက်ရတဲ့ ရဲနဲ့ နောက်ထပ်ဝင်လာတဲ့ အင်အားအချိုးအစားမမျှတာကလည်း လက်ရှိရဲတပ်ဖွဲ့ဝင်တွေအတွက် ဖိအားတွေဖြစ်စေပါတယ်"ဟု နေပြည်တော် သတင်းတပ်ဖွဲ့မှ ရဲအရာရှိကြီးတစ်ဦးကပြောသည်။

အစိုးရသစ်လက်ထက်တွင် ရဲတပ်ဖွဲ့ဝင်များအား လစာတိုးပေးခြင်း၊နိုင်ငံတကာမှအထောက်အပံ့အကူအညီများဖြင့် လိုအပ်သော သင်တန်းများပို့ချခြင်းတို့ကို တိုးမြှင့်ခဲ့သော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း အဆိုပါ ရဲအရာရှိကြီးက ဝန်ခံပြောကြားသည်။

လေ့လာမှုအရ အိမ်နီးချင်းထိုင်းနိုင်ငံတွင် အောက်ခြေရဲတပ်သားတစ်ဦးရရှိသော လစာမှာ ထိုင်းဘတ်ငွေရှစ်ထောင်(မြန်မာငွေ နှစ်သိန်းလေးသောင်းခန့်)ရှိသော်လည်း မြန်မာနိုင်ငံတွင်မူ နောက်ဆုံးပေးအပ်သော လစာနှုန်းထားများအရ ရဲမှူးကြီးအဆင့်ရှိသူမှာ မြန်မာငွေ တစ်သိန်းရှစ်သောင်းသာရရှိနေသည်။ မြန်မာနိုင်ငံရှိ အောက်ခြေရဲတပ်ဖွဲ့ဝင်တစ်ဦးမှာမူ လစာအနေဖြင့် ငါးသောင်းငါးထောင်ကျပ်သာရရှိနေပြီး အပိုထောက်ပံ့ကြေးနှင့် ရိက္ခာထောက်ပံ့ကြေးပေါင်းမှသာ တစ်သိန်းဝန်းကျင်သာရရှိနေသည်။ ယင်းမှာ အိမ်နီးချင်းနိုင်ငံများရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဝင်များကြား အကောင်းဆုံးနှိုင်းယှဉ်စရာတစ်ခုဖြစ်နေသည်။

ယခင်အစိုးရလက်ထက်က ရဲတပ်ဖွဲ့သို့ အတင်းအကျပ် သွတ်သွင်းပြီးနုတ်ထွက်ခွင့်လည်း အလွယ်တကူမပေးခဲ့သည့် အခြေအနေမှသည် ယခုအစိုးရလက်ထက်တွင် လစာအပြင် အခြားအခွင့်အရေးများ တိုးမြှင့်ပေးအပ်ခဲ့သော်လည်း နေ့စဉ်နေ့တိုင်းနုတ်ထွက်ခွင့်တောင်းဆိုနေသော ရဲတပ်ဖွဲ့ဝင်များများပြားလျက်ရှိကြောင်း ရဲချုပ်ရုံးမှ သိရသည်။


"ကျွန်တော်ဆိုရင် ဒုရဲအုပ်ရာထူးနဲ့ နုတ်ထွက်စာတင်ခဲ့တာ။ လက်ရှိအလုပ်အကိုင်မရှိတော့ပေမယ့် ရလဒ်ကတော့ အရွယ်နဲ့ မမျှအောင် ထမ်းထားခဲ့ရတဲ့ ဝန်ထုပ်ဝန်ပိုးတွေ ပခုံးပေါ်က ပြုတ်ကျသွားသလို ခံစားလိုက်ရတယ်"ဟု ယခုနှစ် ဩဂုတ်လက ရဲတပ်ဖွဲ့မှနုတ်ထွက်ခွင့်ရခဲ့သည့် နေပြည်တော်ပုဗ္ဗသီရိမြို့နယ်တွင် နေထိုင်နေသူ ကိုသက်ပိုင်ဆိုသူက ပြောသည်။

ကိုသက်ပိုင်သည်လည်း ရာထူးနှင့် ရပိုင်ခွင့်ဆိုသည်ကို မမျှော်လင့်ဘဲ ဖခင်ဖြစ်သူ၏ ရဲတပ်ဖွဲ့ဝင်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်သောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ဆယ်နှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သော်လည်း နုတ်ထွက်ရန် အခွင့်အရေးရခဲ့သည့် အချိန်တွင် နွမ်းပါးသော ယူနီဖောင်းဝတ်ဘဝကို စွန့်လွှတ်ခဲ့သည်။

လူငယ်ဖြစ်စေ၊ လူကြီးဖြစ်စေ၊မိမိလုပ်ကိုင်ရပ်တည်နေသော အဖွဲ့အစည်းပေါ်တွင် ပျော်ရွှင်ဂုဏ်ယူနေရန် လိုအပ်ပြီး လုပ်ငန်းခွင်ပြဿနာများကြောင့် စိတ်ပိုင်းဆိုင်ရာအားနည်းမှုခံစားနေရခြင်းသည် လူတစ်ယောက်၏ ဘဝ(သို့) အဖွဲ့အစည်းတစ်ခုအတွက် အနုတ်လက္ခဏာဆောင်ကြောင်း စိတ်ပညာရှင်ဒေါက်တာမြင့်ဆွေက သုံးသပ်ပြောကြားသည်။ ထို့အပြင် လက်နက်ကိုင်ဆောင်ခွင့်ရထားသောအဖွဲ့အစည်းအနေဖြင့် လုပ်ငန်းခွင်အတွင်း ပိုမိုပျော်ရွှင်မှုရှိရန်လိုအပ်ပြီး စိတ်ပိုင်းရော၊ ရုပ်ပိုင်းဆိုင်ရာပါ ကျန်းမာကြံ့ခိုင်ရန် အလွန်အရေးပါကြောင်း ဒေါက်တာမြင့်ဆွေကပြောသည်။

ရဲတပ်ဖွဲ့သို့ဝင်ရောက်လာခဲ့ပုံချင်းမတူသော်လည်း ခံယူချက်တူစွာ သန့်ရှင်းသပ်ရပ်သော ရဲယူနီဖောင်းကို ဂုဏ်ယူဝင့်ကြွားစွာဝတ်ဆင်၍ ဘဝကိုရပ်တည်လိုသော ဒုတပ်ကြပ်သန့်ဇင်နှင့် ဒုရဲအုပ်သက်ပိုင်တို့နှစ်ဦးတွင် ရဲတပ်ဖွဲ့မှ နုတ်ထွက်ခွင့်ရရှိသွားသူ ဒုရဲအုပ်သက်ပိုင်က ဖိအားများဒဏ်မှ လွတ်မြောက်သွားပြီ ဖြစ်သော်လည်း ဒုတပ်ကြပ်သန့်ဇင်မှာမူ နယ်မြို့လေးတစ်မြို့ရှိ တာဝန်ကျရာ ရဲစခန်းအတွင်း၌ ရုန်းကန်ချီတက်နေရဆဲဖြစ်သည်။

"နှစ်စုံပဲရှိတဲ့ ယူနီဖောင်းကို အလှည့်ကျဝတ်ပြီး ကျွန်တော်ကတော့ ရဲတပ်ဖွဲ့ထဲမှာပဲရှိနေဦးမှာပါ"ဟု ဒုတပ်ကြပ် သန့်ဇင်က ၂၀၁၄ ခုနှစ်ပြက္ခဒိန်ကိုတစ်ရွက်ချင်းလှန်ကြည့်ရင်းပြောနေလေသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ၂၀၁၄ စီးပွားရေးအလားအလာ

■ အောင်သူရ၊ ပြည့်သိမ်း



*သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့်ဖွင့်ပွဲကျင်းပနေစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ၏ စီးပွားရေးကို ရိုက်ခတ်စေမည့် လုပ်ဆောင်ချက် ခြောက်ခုရှိသည်။ နိုင်ငံခြားဘဏ်များကို ၂၀၁၄နှစ်ဆန်းပိုင်းတွင်လုပ်ပိုင်ခွင့်ပြုရန် စီစဉ်ထားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှစ်ခုကိုတစ်ခုတည်းဖြစ်အောင်ပြန်လည်ပြဋ္ဌာန်းရန်ရှိခြင်း၊ အီးယူ-မြန်မာအလုပ်အဖွဲ့၏ သဘောတူညီချက်များ၊ ပို့ကုန်မြှင့်တင်ရေးမဟာဗျူဟာစတင်ခြင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူခြင်းနှင့်ထိုင်းနှင့်မလေးရှားနိုင်ငံတို့ရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ အခြေအနေများတို့ဖြစ်သည်။

အဆိုပါအချက်များသည် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းအတွက် အကောင်းဖြစ်လာနိုင်သလို ဆိုးကျိုးသက်ရောက်မှုလည်းရှိလာနိုင်သည်။

မြန်မာအစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်များကို ၂၀၁၄ခုနှစ်ပထမ၄လအတွင်းဝန်ဆောင်မှုအချို့ကို ခွင့်ပြုပေးနိုင်ရန် စီစဉ်လျက်ရှိသည်။ ပထမအဆင့်အနေဖြင့်အစိုးရက နိုင်ငံခြားဘဏ်များအား ပြည်တွင်းဘဏ်များနှင့် ပူးပေါင်းဖွင့်လှစ်ခွင့်ပြုရန် ဘဏ်ခွဲဖွင့်လှစ်ပေးရန်နှင့် ၁၀၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံခွင့်ပေးရန်တို့ဖြစ်သည်။ အဆိုပါအချက်သုံးချက်မှ နှစ်ချက်ခွင့်ပြုပေးရန်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးငါးဆယ်ကျော်ရှိသည်။

အဆိုပါအချက်သုံးချက်မှ နိုင်ငံခြားဘဏ်များအနေဖြင့်ပြည်တွင်းဘဏ်များနှင့် ပူးပေါင်းလုပ်ကိုင်လိုသော ဆန္ဒမရှိကြောင်းမြန်မာ့ရှေ့ဆောင်ဘဏ်မှ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်စိုးမင်းကဆိုသည်။

သို့သော် ဘဏ်ခွဲဖွင့်ခွင့်နှင့် ငွေချေးဝန်ဆောင်မှုများပေးလိုက်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လိုက်လာနိုင်သည်ဟုဦးကျော်စိုးမင်းကဆိုသည်။

သို့သော် ၂၀၁၄ခုနှစ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေနှင့် ပတ်သက်၍ "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုက ကိုကာကိုလာစီးပွားရေးပဲ သောက်ရင်တော့အဆာပြေသွားတယ်။ ဒါပေမဲ့ဗိုက်မဝဘူး အာဟာရမဖြစ်ဘူး"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်က သုံးသပ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရေးဆွဲပြဋ္ဌာန်းခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို တစ်ခုတည်းပေါင်းစပ်ရန်အတွက် ပြင်ဆင်ရေးဆွဲလျက်ရှိသည်။ထိုကဲ့သို့ ပေါင်းစပ်လိုက်သည့်ဥပဒေကို ၂၀၁၄ခုနှစ်ဇန်နဝါရီလတွင် ကျင်းပမည့် လွှတ်တော်၌တင်ပြနိုင်ရန် ရေးဆွဲလျက်ရှိသည်ဟုလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှတာဝန်ရှိသူကဆိုသည်။

"ရှိပြီးသား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေထဲကို မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေထည့်ပေးလိုက်ပြီး win-win ဖြစ်အောင်လုပ်ရင်တော့ ဘာပြဿနာမှ မရှိနိုင်ဘူး"ဟုမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဦးနှင်းဦးက သုံးသပ်သည်။

လက်ရှိနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် နိုင်ငံခြားသားများကို အခွန်ကင်းလွတ်ခွင့်ပေးထားပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် နိုင်ငံသားများအား အခွန်ကင်းလွတ်ခွင့်မပေးထားပေ။ ထို့ကြောင့် အဆိုပါဥပဒေနှစ်ရပ်ပေါင်းကာနိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များကို တန်းတူအခွင့်အရေးပေးလိုက်ပါက ပြည်တွင်းလုပ်ငန်းရှင်ကြီးများနှင့် မယှဉ်နိုင်သော လူငယ်စီးပွားရေးလုပ်ငန်းရှင်များအတွက် အခြေအနေပိုကောင်းလာနိုင်သည်ဟု စီးပွားရေးပညာရှင်များကသုံးသပ်ကြသည်။

နောက်အရေးပါသောသက်ရောက်မှုတစ်ခုမှာ ၂၀၁၃ နိုဝင်ဘာလအတွင်း အီးယူ-မြန်မာအလုပ်အဖွဲ့ ဆွေးနွေးပွဲများမှသဘောတူညီမှုများဖြစ်သည်။ အဆိုပါဆွေးနွေးပွဲများအရ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့်သတ္တုတူးဖော်ရေးလုပ်ငန်းတို့တွင် နက်နက်ရှိုင်းရှိုင်းပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးခဲ့ကြသည်။ အီးယူရင်းနှီးမြှုပ်နှံမှုဘဏ်နှင့်မြန်မာနိုင်ငံဗဟိုဘဏ်တို့သည် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြပြီး အီးယူရင်းနှီးမြှုပ်နှံမှုဘဏ်မှ ၂၀၁၄ခုနှစ်မှစတင်ကာ ချေးငွေထုတ်ချေးရန်သဘောတူညီခဲ့ကြသည်။

အဆိုပါသဘောတူညီချက်ကို အီးယူလွှတ်တော်မှအတည်ပြုပြီး အသေးစားနှင့်အလတ်စားလုပ်ငန်းရှင်များသို့ ပြည်တွင်းဘဏ်များမှတစ်ဆင့်ငွေထုတ်ချေးမည်ဖြစ်ပြီး နှစ်စဉ်ယူရိုသန်း ၃၀မှ ၁၀၀ကြားထုတ်ချေးနိုင်လိမ့်မည်ဖြစ်သည်။

သို့သော် အီးယူ-မြန်မာအလုပ်အဖွဲ့ဆွေးနွေးပွဲများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်ကရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် ၂၀၁၅ခုနှစ်တွင်ကျင်းပမည့်ရွေးကောက်ပွဲကိုလျစ်လျူမရှုရန်နှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးအရတာဝန်ယူမှုတစ်ခုတည်းနှင့် မြန်မာနိုင်ငံသို့မလာရန် နိုင်ငံရေးအရတာဝန်ယူမှုပါဆောင်ရွက်ရန်ပြောကြားခဲ့သည်။ ထိုပြောကြားချက်ကြောင့် ဥရောပမှရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် လက်တွန့်သွားခဲ့ကြောင်း အဆိုပါအစည်းအဝေးသို့တက်ရောက်ခဲ့သူပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့အပြင် ဥရောပသမဂ္ဂအောက်ရှိ ကုန်အမှတ်တံဆိပ်လေးသောင်းခန့်သည်မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်ရှိသော်လည်း ၎င်းတို့ကိုကာကွယ်ပေးနိုင်မည့်တိကျသည့် မူပိုင်ခွင့်မရှိသဖြင့်စောင့်ကြည့်နေဆဲဖြစ်သည်ဟုအီးယူမြန်မာရုံးခွဲ၏ မြန်မာနိုင်ငံရေးရာကျွမ်းကျင်မှုတာဝန်ခံဥပဒေပညာရှင်ဦးမင်းတေဇာညွန့်တင်က ပြောကြားသည်။

"Market တွေဖွင့်ပေမယ့် တိုးတက်အောင် လုပ်ဖို့မလွယ်သေးဘူး။ အီးယူတို့အမေရိကန်တို့ဈေးကွက်တွေပွင့်လာပေမယ့် စံချိန်စံညွှန်းသတ်မှတ်ချက်များကြောင့် ဈေးကွက်ရဖို့မလွယ်သေးဘူး"ဟု အီးယူမြန်မာအလုပ်အဖွဲ့တွင်ပါဝင်သူဦးနှင်းဦးကသုံးသပ်သည်။

ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့က လေ့လာထားသော (Doing Business 2014)အစီရင်ခံစာတွင် တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၁၈၉ နိုင်ငံ၌ မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် ခက်ခဲသောနိုင်ငံတစ်နိုင်ငံအဖြစ်သတ်မှတ်ခံရပြီး အဆင့် ၁၈၂တွင်တည်ရှိနေခြင်းမှာလည်းမြန်မာနိုင်ငံစီးပွားရေးအတွက် စိန်ခေါ်မှုတစ်ခုပင်ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတိုးတက်လာရန်အတွက် အစိုးရအနေဖြင့် အထူးစီးပွားရေးဇုန်သုံးခုတည်ဆောက်လျက်ရှိသည်။ ထိုအထူးစီးပွားဇုန် သုံးခုကို ၂၀၁၃ နိုဝင်ဘာ ၃၀ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းမှာမူ အကောင်အထည်မဖော်နိုင်သေးပေ။ အထူးသဖြင့် ထားဝယ်ရေနက်စီမံကိန်းမှာ ထိုင်းနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ကြန့်ကြာနေဦးမည်ဖြစ်သည်။

သို့သော်သီလဝါအထူးစီးပွားရေးဇုန်ဖွင့်လှစ်နိုင်ခြင်းမှာ မြန်မာနိုင်ငံသို့ အလုံးအရင်းဖြင့် ဝင်ရောက်ရန်ပြင်ဆင်နေသော ဂျပန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် တွန်းအားတစ်ခုဖြစ်ခဲ့သည်။

ထို့အပြင်စွမ်းအင်ကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတိုင်းတွင် တင်ဒါအောင်ထားသော လုပ်ငန်းများမှာ ၂၀၁၄ ခုနှစ်တွင်ဝင်ရောက်လုပ်ကိုင်လာမည်ဖြစ်သည်။ စွမ်းအင်ကဏ္ဍတွင် လုပ်ကွက် ၃၀ လေလံတင်ထားပြီး လေလံအောင်သည့်စာရင်းကိုဇန်နဝါရီတွင်ကြေညာမည်ဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍတွင်လေလံအောင်ထားသော အော်ပရေတာနှစ်ခုလည်း ၂၀၁၄ခုနှစ်အတွင်းတရားဝင်လုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် အခြားအရေးကြီးသောလုပ်ငန်းမှာပို့ကုန်လုပ်ငန်းဖြစ်သည်။ အစိုးရအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ပို့ကုန်လုပ်ငန်းမြှင့်တင်နိုင်ရန်အတွက် ပို့ကုန်မဟာဗျူဟာအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းမှ ဆန်၊ ပဲ၊ ရေထွက်ပစ္စည်းသစ်တောထွက်ပစ္စည်းအထည်ချုပ်လုပ်ငန်းနှင့် ရော်ဘာကုန်ပစ္စည်းများပိုမိုတင်ပို့နိုင်ရန် ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် ဆန်နှင့် အထည်ချုပ်လုပ်ငန်းများကောင်းမွန်လာနိုင်ပြီး အထူးသဖြင့် ဥရောပဈေးကွက်နှင့် ဂျပန်နိုင်ငံတို့ကိုတင်ပို့နိုင်သော အရည်အချင်းမြင့်ဆန်များမှ အရောင်းအဝယ်ကောင်းလာနိုင်သည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတိုးအောင်မြင့်ကပြောသည်။

"ဆန်အပါအဝင်လယ်ယာထွက်ကုန်တွေက အရင်လို့ ပိတ်လိုက်၊ဖွင့်လိုက်မလုပ်တော့တဲ့အခါကျတော့ ဈေးကွက်ရနေပြီး ဒီနှစ်မှာ ငွေလဲနှုန်းကလည်းမဆိုးတဲ့အတွက် လာမယ့်နှစ်လည်း လယ်ယာ ထွက်ကုန်ကတော့ အခြေအနေကောင်းဦးမှာပဲ။ တရုတ်နိုင်ငံကလည်းစီးပွားရေးကောင်းနေတဲ့အတွက် ပုံမှန်ထက်တော့ မကျသွားနိုင်ဘူး"ဟု မူဆယ်၊ နန့်ခမ်းကုန်သည် စက်မှုအသင်းမှ တစ်ဦးကပြောသည်။မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်တွင် အစည်းအဝေးကြီးလေးခုနှင့် ဆက်စပ်အစည်းအဝေးပေါင်းများစွာကို ပုံဂံနှင့်နေပြည်တော်တို့တွင် ကျင်းပမည်ဖြစ်သည်။

ထိုအစည်းအဝေးများမှာ ဇန်နဝါရီလတွင် ၃၆ကြိမ်၊ ဖေဖေဝါရီလတွင် ၁၁ကြိမ်၊ မတ်လတွင် အကြိမ် ၈၀၊ ဧပြီလတွင်အကြိမ် ၂၀၊ မေလတွင် ၁၃ကြိမ်၊ ဇွန်လတွင် ၁၂ကြိမ်၊ ဇူလိုင်လတွင် ၂၆ ကြိမ်၊ ဩဂုတ်လတွင် ၂၇ကြိမ်၊ စက်တင်ဘာလတွင် ၁၁ကြိမ်၊ အောက်တိုဘာလတွင် ၁၇ကြိမ်နှင့် ဒီဇင်ဘာလတွင် ၂၅ကြိမ်တို့တွင်ကျင်းပမည်ဖြစ်သည်။

သို့သော် မြန်မာနိုင်ငံသို့ အဓိက ငွေလွှဲပို့ပေးနေသော ရွှေ့ပြောင်းလုပ်သားများ၏ အခြေအနေမှာမူ ၂၀၁၄ခုနှစ်တွင်အလားအလာသိပ်မကောင်းပေ။ မြန်မာနိုင်ငံသား သုံးသန်းကျော်အလုပ်လုပ်ကိုင်နေသာ ထိုင်းနိုင်ငံရေးမငြိမ်မသက်မှုများကြောင့် ထိုင်းစီးပွားရေးလုပ်ငန်းမှာ ကျဆင်းလျက်ရှိပြီး အလုပ်သမားများမှာလည်း အချိန်ပိုမဆင်းရခြင်းအပါအဝင်လုပ်ခလစာများလည်းလျော့နည်းလာနေပြီ။

"တကယ်လို့ယင်လပ်အစိုးရသာပြုတ်ပြီးအခြားအဖွဲ့တက်လာမယ်ဆိုရင်မြန်မာလုပ်သားတွေအတွက် အခြေအနေပိုဆိုးသွားနိုင်တယ်"ဟု အလုပ်သမားအရေးဆောင်ရွက်နေသော အင်န်ဂျီအိုမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

မလေးရှားနိုင်ငံတွင်လည်း မြန်မာရွှေ့ပြောင်းလုပ်သားများမကြာခဏတိုက်ခိုက်ခံနေရသဖြင့် မြန်မာနိုင်ငံသားများမှာ ပြည်တော်ပြန်သူများ တစ်နေ့တခြားများပြားလျက်ရှိသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ၂၀၁၄ခုနှစ် စီးပွားရေးအခြေအနေမှာ ထင်သလောက်မတိုးတက်လာနိုင်ဟု ပညာရှင်များနှင့်လုပ်ငန်းရှင်များကခန့်မှန်းထားကြသည်။ သမ္မတဦးသိန်းစိန်အနေဖြင့် လက်ကျန်လ၃၀တွင် စီးပွားရေးတိုးတက်အောင် အဓိကဆောင်ရွက်မည်ဟု ၂၀၁၃နှစ်လယ်ပိုင်းမိန့်ခွန်းတွင်ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့မှာ စီးပွားရေးလုပ်ငန်းအတွက်လိုအပ်လျက်ရှိသောလျှပ်စစ်မီးအပါအဝင်အခြေခံအဆောက်အအုံတည်ဆောက်ရေးတို့၌ ကူညီမှုများပေးလျက်ရှိသည်။

နေထိုင်စားသောက်စရိတ်မြင့်တက်လာမှုကြောင့် လက်ရှိတွင် မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းမှာ ၇ရာခိုင်နှုန်းထိတက်လာသဖြင့် ထိုအခြေအနေကို သတိထားရန် ကမ္ဘာ့ဘဏ်က မကြာသေးမီက ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့အပြင်လုပ်ရမည့်လုပ်ငန်းများ များပြားသလောက်စွမ်းဆောင်မှုစွမ်းရေးပိုင်းကလိုက်မမီသေးပါ။ ထို့အတွက် ပြင်းထန်သော သက်ရောက်မှုများရှိနိုင်ပါသည်။ ငွေကြေးဖောင်းပွမှုများပြန်လည်မြင့်တက်လာခြင်း နိုင်ငံခြားငွေလဲနှုန်းမတည်ငြိမ်ခြင်းအပြင် အခြားငွေရေးကြေးရေးဆိုင်ရာ မတည်ငြိမ်မှုများဖြစ်ပေါ်လာနိုင်သည်ဟု ကမ္ဘာ့ဘဏ်၏ ၂၀၁၃-၁၄ဘဏ္ဍာရေးနှစ်အတွက် ကြားဖြတ်မဟာဗျူဟာမှတ်စုစာတမ်းတွင် သတိပေးထားသည်။

# Health

7 DAY NEWS JOURNAL

Vol.12, No.43 • JANUARY 1 , 2014


## မြန်မာနိုင်ငံတွင် မြွေဆိပ်ဖြေဆေး လုံလောက်မှုမရှိသေး

**ရဲနောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

မြန်မာနိုင်ငံတွင် မြွေကိုက်ခံရခြင်းနှင့်ပတ်သက်၍ ဆေးမြီးတိုများဖြင့်ကုသခြင်းအစားစနစ်ကျသောကုသမှုခံယူရန် ပညာပေးလုပ်ငန်းများ အောင်မြင်နေသော်လည်း မြွေဆိပ်ဖြေဆေး လုံလောက်စွာမထုတ်လုပ်နိုင်ခြင်းကြောင့် မြွေအန္တရာယ်အစိုးရိမ်ရဆုံး နိုင်ငံများတွင် တစ်ခုအပါအဝင် ဖြစ်နေဆဲဟု ထိုင်းအခြေစိုက် သတင်းမီဒီယာ IRIN က ရေးသားသည်။

ထိုင်းနှင့် မြန်မာနှစ်နိုင်ငံလုံးတွင် တစ်နှစ်လျှင် မြွေကိုက်ခံရသူပေါင်းတစ်သောင်းနှစ်ထောင်စီဖြင့် တူညီသောနှုန်းရှိသော်လည်း ထိုင်းနိုင်ငံတွင် လူဆယ်ဦးခန့်သာသေဆုံးပြီး မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်အနည်းငယ်အထိ လူငါးရာမှ တစ်ထောင်ကြား သေဆုံးလျက်ရှိသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်တစ်နှစ်လျှင် ပျမ်းမျှ မြွေပွေးအဆိပ်ဖြေဆေး ငါးသောင်းခန့်နှင့် မြွေဟောက် အဆိပ်ဖြေဆေးငါးထောင်ခန့် လိုအပ်နေသည်ဟုစက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးကဇူလိုင်၄ရက်တွင် ပြောကြားခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် တစ်နှစ်လျှင် မြွေဆိပ်ဖြေ ဆေးအလုံးရေ ရှစ်သောင်းခန့် လိုအပ်သော်လည်းစက်မှုဝန်ကြီးဌာနက အလုံးရေသုံးသောင်းခန့်သာထုတ်လုပ်ပေးနိုင်ပြီး ပြည်ပနိုင်ငံများမှ ဝယ်ယူအသုံးပြုနေရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းများအရ ၂၀၀၉ အထိနှစ်စဉ်မြွေကိုက်ခံရမှုကြောင့် သေဆုံးမှုသည် လူဦးရေငါးရာနှင့် တစ်ထောင်ကြား အထိရှိခဲ့ပြီး ၂၀၁၁ တွင်မှ ၂၅၃ ဦးအထိ လျော့ကျလာသည်ဟုဆိုသည်။

"ပြီးခဲ့တဲ့နှစ်တွေအထိ မြွေကိုက်ခံရတဲ့အရေအတွက်ကလျော့ကျမသွားပါဘူး။ ဒါပေမဲ့ သေဆုံးနှုန်းကတော့ တော်တော်လေးနည်းတယ်"ဟု စံပြဆေးရုံကြီးမှ အထူးကုဆရာဝန်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် မြွေဆိပ်ဖြေဆေးကို မြင်း၏သွေးဖြင့်အဓိကထားအသုံးပြု၍ ထုတ်လုပ်နေခြင်းဖြစ်ပြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)က ၂၀၁၀ ဇန်နဝါရီတွင်ကြက်ဥနှစ်ကို အသုံးပြု၍ မြွေပွေးအဆိပ် ချေဖျက်နိုင်သော မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်ခဲ့သည်။ မြွေကိုက်ခံရမှု စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကျော်သည် မြွေပွေး အကိုက်ခံရမှုများဖြစ်သည်။

မြွေဆိပ်ဖြေဆေးများကို ကျေးလက်ကျန်းမာရေးဆေးခန်းများအထိ ထားရှိပေးထားသော်လည်းအရေအတွက်နည်းပါးသဖြင့် လုံလောက်မှုမရှိကြောင်း မြွေကိုက်ခံရမှုကာကွယ်ရေးစီမံချက်မှ သိရသည်။

မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းအနောက်ပိုင်းဒေသများသည် မြန်မာနိုင်ငံတွင် မြွေကိုက်ခံရမှုအများဆုံးနေရာများဖြစ်ပြီး မကွေးတိုင်းအတွင်းရှိ မြွေများသည် အဆိပ်အပြင်းဆုံး ဖြစ်၍ သေဆုံးမှုနှုန်းလည်း အများဆုံးဖြစ်သည်။

## အာဆီယံစံချိန်မီ တိုင်းရင်းဆေးများ ထုတ်လုပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းသင့်ဟု ဒုသမ္မတပြော

**ရဲနောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

အာဆီယံစံချိန်စံညွှန်းနှင့်အညီ တိုင်းရင်းဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် (၁၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ၌ ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကပြောကြားသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအနေဖြင့် ၂၀၁၅ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဧရိယာထူထောင်ရေးသဘောတူညီချက်အရ တိုင်းရင်းဆေးဝါးများ၊ ကျန်းမာရေးဖြည့်စွက်စာများကို အာဆီယံနိုင်ငံများ၏ စည်းမျဉ်းနှင့်အညီ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်တွင်း၌ ဖြန့်ချိခြင်းများပြုလုပ်ရမည်ဖြစ်သည်။

"အာဆီယံစံချိန်စံညွှန်းနဲ့အညီစနစ်တကျထုတ်လုပ်တဲ့ မြန်မာ့တိုင်းရင်းဆေးဝါးတွေပေါ်ပေါက်ရေးအတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေအနေနဲ့ ဘေးထွက်ဆိုးကျိုးကင်းပြီး အာနိသင်ထက်မြက်တဲ့ ဆေးဝါးတွေ ထုတ်လုပ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာပါ"ဟု တိုင်းရင်းဆေးညီလာခံသို့တက်ရောက်လာသော ဖွဲ့ရတနာဆေးတိုက်ပိုင်ရှင်ဒေါ်ရင်ရင်တင့်ကပြောသည်။

ဒီဇင်ဘာ ၂၇မှ ၂၉ရက်အထိ နေပြည်တော်၌ ကျင်းပသော (၁၄)ကြိမ်မြောက်မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံကို မြန်မာတိုင်းရင်းဆေးလောကဘက်စုံ အဆင့်အတန်းမြင့်မားရေး၊ တိုင်းရင်းသားပညာအရည်အသွေးတိုးတက်ရေး၊ တိုင်းရင်းဆေးသမားတော်တို့၏ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး၊မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပိုမိုပေးနိုင်ရေးနှင့် အရည်အသွေးမြင့်တိုင်းရင်းဆေးဝါးထုတ်လုပ်နိုင်ရေးတို့အတွက် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

(၅) ကြိမ်မြောက်အာဆီယံနိုင်ငံများဆိုင်ရာ တိုင်းရင်းဆေးညီလာခံကို ၂၀၁၄ ဩဂုတ်လတွင် မန္တလေးမြို့၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။



*ဈေးကွက်ထဲတွင်ရောင်းချနေသည့် တိုင်းရင်းဆေးများ*

ဓာတ်ပုံ - ကျော်ဇင်သန်း

## မွေးကင်းစသေဆုံးနှုန်းကျဆင်းရေး ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရန် စိန်ခေါ်မှုများရှိနေသေး

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

ငါးနှစ်အောက်ကလေးနှင့် မွေးကင်းစကလေးသေဆုံးနှုန်း ကျဆင်းနေသော်လည်း ၂၀၁၅ ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရန် စိန်ခေါ်မှုများ ရှိနေသေးကြောင်း ကုလသမဂ္ဂ၏ထောင်စုနှစ်ပန်းတိုင်အစီရင်ခံစာတွင်ဖော်ပြထားသည်။

အထူးသဖြင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအား ကျေးလက်ဒေသများ၊ သွားလာရခက်ခဲပြီး ဝေးလံသည့်အရပ်ဒေသများနှင့် နယ်စပ်ဒေသများတွင် အပြည့်အဝမပေးနိုင်သေးခြင်းနှင့် ငွေကြေးချို့တဲ့သောမိသားစုများတွင် မှားယွင်းသည့်ကျန်းမာရေးဗဟုသုတများ ရှိနေခြင်းတို့ကလည်း မိခင်နှင့်ကလေးသေဆုံးမှုဖြစ်ပွားလာစေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းတွင် လွန်ခဲ့သည့် ဆယ်စုနှစ်ထက် ကလေးအသက်ရှင်နှုန်းပိုမိုမြင့်တက်လာပြီး ခန့်မှန်းစာရင်းများအရ ၂၀၁၁ ခုနှစ်တွင် ငါးနှစ်အောက်ကလေးသေဆုံးမှုသည်ကလေးအရှင်မွေးတစ်ထောင်တွင် ၆၂ ဦးဖြစ်ပြီး နို့စို့ကလေးသေဆုံးမှုသည် ကလေးအရှင်မွေးတစ်ထောင်တွင် ၄၈ ဦးဖြစ်ကြောင်း ထိုအစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၅ ထောင်စုနှစ်ရည်မှန်းချက်တွင် ငါးနှစ်အောက်ကလေးသေဆုံးနှုန်းကို အရှင်မွေးတစ်ထောင်တွင် ၃၆ ဦးသို့ကျဆင်းစေရန် ရည်မှန်းထားသည်။

ငါးနှစ်အောက်ကလေးသေဆုံးနှုန်းလျော့ချရာတွင် အဓိကပါဝင်သည့်ကလေးများ ကာကွယ်ဆေးထိုးလုပ်ငန်းများမှာ သတ်မှတ်ထားသည့်ရည်မှန်းချက်များပြည့်မီလုနီးပါးရှိသဖြင့် ကျေနပ်နိုင်ဖွယ်ရှိသော်လည်း ရောဂါဖြစ်ပွားနိုင်ခြေများသည့် နေရာများနှင့် သွားလာရေးခက်ခဲသော နေရာများတွင် အထူးအစီအစဉ်များဖြင့် ကာကွယ်ဆေးထိုး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုကြောင်းသိရသည်။




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ကလေးအသက်ခြောက်လကျော်အထိ နို့ချိုတိုက်ကျွေးခြင်းဖြင့် ဖွံ့ဖြိုးမှုရလဒ်ကောင်းများရှိလာနိုင်

**အေသင်၊ ဒီဇင်ဘာ-၂၇**

အသက်ခြောက်လသားကျော်သည်အထိ မိခင်နို့ရည်သောက်သုံးခွင့်ရသော ကလေးများ သည် ဉာဏ်ရည်ပိုင်းဆိုင်ရာ၊ ဘာသာစကားပိုင်းဆိုင်ရာနှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းများတွင် အကောင်းဆုံးရလဒ်များရရှိကြောင်း ဂရိပညာရှင်များလေ့လာတွေ့ရှိခဲ့သည်။



ဂရိနိုင်ငံ ခရိတီတက္ကသိုလ်မှ ဒေါက်တာလီဒါချက်ဇီနှင့်အဖွဲ့သည် မိခင်နှင့်ကလေး ၅၄၀ ဦးကို တစ်နှစ်ကျော်ကြာ သုတေသနပြုခဲ့သည်။ ၎င်းတို့အဖွဲ့သည် မိခင်များအနေဖြင့် ၎င်းတို့၏လသားကလေးငယ်များအား မည်မျှကြာနို့ချိုတိုက်ကျွေးခဲ့သည်ကို လေ့လာမေးမြန်းခဲ့ပြီး ကလေးများ အသက်တစ်နှစ်ခွဲရောက်ချိန်တွင် သုတေသနရလဒ်ကို ဖော်ပြခဲ့သည်။

သုတေသနပညာရှင်များသည် ကလေးများနို့စို့ခဲ့ရသည့်အချိန်ကာလအပြင် ၎င်းတို့၏ သိနားလည်မှုစွမ်းရည်၊ ဘာသာစကား ကျွမ်းကျင်မှုနှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုတို့ကိုလည်း လေ့လာခဲ့ကြသည်။ ကလေးများအနက် ၈၉ ရာခိုင်နှုန်းခန့်မှာ မိခင်နို့ရည်ကို သောက်သုံးခဲ့ရသည်။ ယင်းအနက် ၃၅ ရာခိုင်နှုန်းသာခြောက်လကျော်သည်အထိ နို့ရည်သောက်သုံးဖူးသူများဖြစ်သည်။

မိခင်နို့ရည်ကိုသောက်သုံးဖူးသောကလေးများသည် မိခင်နို့မသောက်ခဲ့ရသောကလေးငယ်များထက် ဉာဏ်ရည်၊ ဘာသာစကားနှင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းတွင် ပိုမိုသာလွန်သည်ကို သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။ ထို့ပြင် ခြောက်လကျော်ကြာအောင် မိခင်နို့ရည် သောက်ခွင့်ရသည့်ကလေးများသည် အခြားသောကလေးများထက်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်းတွင် ရလဒ်အမြင့်ဆုံး ဖြစ်နေခဲ့သည်။ ထို့ကြောင့် မိခင်များအနေဖြင့် ၎င်းတို့၏ကလေးငယ်များအား အချိန်ခြောက်လကျော်သည် အထိ နို့ချိုတိုက်ကျွေးသင့်ကြောင်း ဂရိ သုတေသနအဖွဲ့က အကြံပြုခဲ့သည်။

*—Ref: Ruters*

# အထွေထွေရောဂါကုဆရာဝန်များ လမ်းညွှန်စာအုပ် ဇန်နဝါရီလကုန်ထွက်မည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

မြန်မာနိုင်ငံ၏ ပထမဆုံး အထွေထွေရောဂါကုဆရာဝန်များ ဆေးကုသမှုလမ်းညွှန်စာအုပ် ဇန်နဝါရီလကုန်ခန့်တွင်ထွက်ရှိမည်ဖြစ်သည်။

“တစ်ဖွဲ့ချင်းစီကတော့ ရေးနေတယ်။ ဒီနှစ်ကုန်ထွက်ဖို့စီစဉ်ထားပေမယ့် နည်းနည်းနောက်ကျတယ်”ဟု အဆိုပါအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတင်အေးက ပြောသည်။

တစ်နိုင်ငံလုံးရှိ အထွေထွေရောဂါကုဆရာဝန်များ ဆေးကုသမှုပုံစံတူညီစေရန်အတွက် ဆေးကုသမှုလမ်းညွှန်ရေးဆွဲခြင်းဖြစ်ပြီး နေရာဒေသအလိုက် သင့်တော်ရာကုသမှုများဖြင့် ဆေးကုသနေခြင်းကို ထိန်းချုပ်နိုင်ရန်ဖြစ်ကြောင်းသိရသည်။

“ဥပမာ ဆီးချိုကုမယ်ဆိုရင် တစ်နိုင်ငံလုံးကဆရာဝန်တွေအားလုံး တူညီတဲ့ကုသမှုတွေနဲ့ပဲ ကုရမယ်။ အခုလို လူတစ်ဦးချင်းစီပေါ်မူတည်ပြီး ကုသနေတာမျိုး မဖြစ်အောင်ပါ”ဟု ဒေါက်တာတင်အေးက ပြောသည်။

ဆေးကုသမှုလမ်းညွှန်မရှိသောကြောင့် ဆေးကုသမှုမှားယွင်းမှုဆိုင်ရာတိုင်တန်းချက်များတွင် ပြင်ပပညာရှင်များခေါ်ယူစစ်ဆေးရပြီး ထိုကဲ့သို့လမ်းညွှန်မှုထွက်ရှိလာပါက လမ်းညွှန်စာအုပ်တွင်ပါဝင်သည့် အချက်အလက်များနှင့် ကုသခြင်းရှိ၊ မရှိပေါ်မူတည်၍ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ထိုလမ်းညွှန်စာအုပ်ရေးဆွဲမှုဆိုင်ရာ အသိပေးအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဇန်နဝါရီလအတွင်း ထွက်ရှိလာမည့် ပထမ မူကြမ်းကို တစ်နိုင်ငံလုံးရှိ အထွေထွေရောဂါကုဆရာဝန်များထံ ဖြန့်ဝေပြီးအကြံပေးချက်များလက်ခံ၍ အတည်ပြုရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ထိုလမ်းညွှန်ရေးဆွဲခြင်းကို ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုအထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကုဆရာဝန်များ ပူးပေါင်းရေးဆွဲနေကြသည်။



# Regional

7Day News Journal

Vol.12, No.43 • JANUARY 1 , 2014




အရာတော်မြို့နယ်ရှိ ကြက်ခြံကိုတွေ့ရစဉ်

ဓာတ်ပုံ - မျိုးမင်းဦး

## တပ်သိမ်းမြေ ပြန်လည်လုပ်ကိုင်ခွင့်ရရေး ဆန္ဒဖော်ထုတ်ခွင့်ရ

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၂၈**

အရာတော်မြို့နယ်တွင် တပ်ပိုင်မြေအဖြစ်သိမ်းဆည်းထားသောလယ်ယာမြေများ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးအတွက် ပထမဆုံး အကြိမ် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ကို ဒီဇင်ဘာ ၃၁ရက်တွင် သက်ဆိုင်ရာက ခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

စီတန်းလှည့်လည်ခွင့်ရပြီး ဆန္ဒဖော်ထုတ်ခွင့်ရရန် တပ်မြေအဖြစ်သိမ်းဆည်းခံရသော ဒေသခံများက ဒီဇင်ဘာ ၁၈ရက်တွင်အရာတော်မြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးသို့ လျှောက်ထားခဲ့ရာ ဒီဇင်ဘာလ ၁၉ရက် ရက်စွဲဖြင့် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ကို အရာတော်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ငြင်းပယ်ခဲ့ပြီး အယူခံလွှာ တင်သွင်းခဲ့သည်။ ထို့နောက် ဒီဇင်ဘာ ၂၅ ရက်အစား ဒီဇင်ဘာလ ၃၁ရက်တွင် အစီအစဉ်အတိုင်းပြုလုပ်ခွင့်ရကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့မှူးရုံးမှ အကြောင်းကြားချက်များအရသိရှိရသည်။

အရာတော်မြို့နယ်၊ ကံသာကျေးရွာအုပ်စု တော်လှကျေးရွာ၊ ရဲချင်းကျေးရွာအုပ်စု၊ ဝါးတန်းလေးကျေးရွာ၊ သစ်ကျင်းကြီးကျေးရွာအုပ်စု၊ ညောင်ဒူးကြီးကျေးရွာ၊ ငှက်ပျောခြံကျေးရွာတို့ရှိ တောင်သူများစိုက်ပျိုးလုပ်ကိုင်သောယာမြေကေ ၁၉၂၈ ကေအား ၁၉၉၁ ခုနှစ်က အမှတ် ၁၀စစ်အခြေခံလေ့ကျင့်ရေးတပ်၊ အမှတ်(၅၀၀၄) တင့်ကားတပ်၊ အမှတ် (၃၆၉) အမြောက်တပ်ရင်းတို့က လယ်ယာမြေများ သိမ်းဆည်းခဲ့သဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းဆုံးရှုံးခဲ့၍ တပ်ပိုင်အဆောက်အအုံများနှင့် လွတ်ကင်းသောလယ်ယာမြေများကို မူလပိုင်ရှင်များထံ ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

တပ်ပိုင်မြေများ ပြန်လည်လုပ်ကိုင်ခွင့်ရရှိရေးငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာတွင် တပ်သိမ်းမြေများပြန်လည်ရရှိရေး၊ နစ်နာကြေးများရရှိရေး၊ 'တောင်သူဆိုတာ ပြည့်ဝမ်းစာပဲ။ ကျေးဇူးရှင်တောင်သူများဘဝကိုမချိုးနှိမ်နဲ့' စသည့် စာသားပိုစတာများကိုင်ဆောင်မည်ဖြစ်ပြီး တပ်သိမ်းမြေများ အမြန်ဆုံးပြန်လည်ရရှိရေး၊ တောင်သူလယ်သမားအခွင့်အရေး အပြည့်အဝရရှိရေး၊ နစ်နာကြေးများရရှိရေး၊ လယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် လုပ်ကိုင်ခွင့်များရရှိရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေး စသည့် ကြွေးကြော်သံများ ကြွေးကြော်မည်ဖြစ်ကြောင်း လျှောက်ထားချက်များအရသိရှိရသည်။

## ဘင်္ဂလားဒေ့ရှ်မှ စားသုံးဆီဘူးများ မောင်တောနယ်စပ်သို့ တင်သွင်းရန် ခက်ခဲနေ

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ-၂၇**

အိန္ဒိယနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အခြေခံ စားသောက်ကုန်များ တင်ပို့မှု ရပ်ဆိုင်းလိုက်သည့် အတွက် မောင်တောနယ်စပ်မှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ ဆန်၊ ကြက်သွန်နှင့် အခြား အခြေခံစားသောက်ကုန်များ များစွာတင်ပို့နေရသော်လည်း ဘင်္ဂလားဒေ့ရှ်မှ စားသုံးဆီဘူးများ မောင်တာနယ်စပ်သို့တင်သွင်းရန် ခက်ခဲနေကြောင်း တစ်နိုင်တစ်ပိုင် ကုန်သွယ်သူများထံမှ သတင်းရရှိသည်။

"မြန်မာနိုင်ငံက ဆန်တွေ၊ ကြက်သွန်တွေ အများကြီးတင်သွင်းနေပေမယ့် သူတို့ဘက်က စားသုံးဆီဘူးတွေ တစ်ဘူးမှသယ်လာလို့မရဖြစ်နေပါတယ်။ အမှန်ဆိုရင် သယ်ခွင့်ပေးသင့်ပါတယ်။ အခုဆောင်းတွင်းကာလက ဘင်္ဂလားဒေ့ရှ်ကစားဆီဘူးတွေအသုံးများကြပါတယ်။ အခုတော့ မြန်မာနိုင်ငံက ပို့တဲ့ဟာတွေအကုန်လုံးယူပြီးတော့ သူတို့ဘက်က ပစ္စည်းကိုတော့ မြန်မာနိုင်ငံကို အပါမခံချင်ဘူးဖြစ်နေပါတယ်" ဟု တစ်နိုင်တစ်ပိုင်ကုန်သွယ်သူတစ်ဦးကပြောသည်။

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံချစ်ကြည်ရေးအတွက်တစ်ဖက်နှင့်တစ်ဖက် တစ်နိုင်တစ်ပိုင်ကုန်သွယ်သွားလာမှုကို နေ့ချင်းပြန်တစ်ရက်ဗီဇာဖြင့် ခွင့်ပြုထားပြီး နှစ်ဖက်လုံးမှ ကုန်သွယ်သူများ နေ့စဉ် ကူးသန်းသွားလာနေကြကာ ကုန်သွယ်သူများ သယ်ယူသည့်ပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က ကန့်ကွက်ခြင်း၊ သယ်ယူခွင့်မပြုခြင်းများ ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါအခက်အခဲများကို နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး အရာရှိများ အစည်းအဝေး၌ထည့်သွင်း ဆွေးနွေးပေးသင့်ကြောင်း ကုန်သွယ်သူများက ပြောသည်။




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ဘင်္ဂလားဒေ့ရှ် နိုင်ငံသားတစ်ဦး သစ်ခိုးထုတ်ရန်ဝင်ရောက်စဉ် လုံခြုံရေးတပ်ဖွဲ့က ပစ်ခတ်၍သေဆုံး

**မောင်ကံ**

**မောင်တော-ဒီဇင်ဘာ ၂၉**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင် အမှတ် (၄၄)နှင့် (၄၅) အနီးတွင် ဒီဇင်ဘာ ၂၅ ရက်က တရားမဝင်သစ် ခိုးထုတ်သူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုကြောင့် သေဆုံးသွားကြောင်း သတင်းရရှိသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ပဇားထုတ် Dainik coxsbazar News တွင် သေဆုံးသွားသူမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နတ်ကျောက်စေရီမြို့နယ်မှ မစ္စတာ ဂီယာအုံဒိန်ဆိုသူဖြစ်ပြီး မြန်မာနိုင်ငံထဲသို့ သစ်ခိုးထုတ်ရန် ဝင်ရောက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးသွားခြင်း ဖြစ်ကြောင်းဖော်ပြထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သေဆုံးမှုနှင့် ပတ်သက်၍ မောင်တောမြို့နယ်ရဲတပ်ဖွဲ့က ဟုတ်မှန်ကြောင်း အတည်ပြုပြောကြားသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် တစ်ဖက်နိုင်ငံမှ လူများ မြန်မာနယ်စပ်ဘက်သို့ဝင်ရောက်ကာ တရားမဝင်သစ်ခိုးထုတ်ခြင်း၊ တရားမဝင်ငါးဖမ်းဆီးခြင်း၊ နယ်စပ်ခြံစည်းရိုးများကို ဖောက်ထွင်းခြင်းများရှိနေပြီး အဆိုပါလုပ်ရပ်များကို ဟန့်တားပေးရန် နှစ်နိုင်ငံ နယ်စပ်လုံခြုံရေး အရာရှိများ အစည်းအဝေးတွင် မြန်မာဘက်က အစဉ်အမြဲတင်ပြဆွေးနွေးမှုများရှိနေကြောင်း သိရသည်။ မောင်တောနယ်စပ်ဒေသမှာ လုံခြုံရေးတင်းကျပ်ထားသည့် နယ်မြေဖြစ်ပြီး ညမထွက်ရအမိန့် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသည့်နယ်မြေတစ်ခုလည်း ဖြစ်သည်။

# မောင်တောနယ်စပ်တွင် အမျိုးဘာသာ စောင့်ရှောက်ရေး တရားပွဲပြုလုပ်

**မောင်ကံ**

**မောင်တော-ဒီဇင်ဘာ ၂၉**

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို)မှ သံဃာတော်များသည် ဒီဇင်ဘာ ၂၈ ရက်တွင် မောင်တောနယ်စပ်ဒေသ မြို့မကျောင်းတိုက်၌တရားပွဲကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သံဃာတော်များအား မောင်တောဒေသခံပြည်သူများက သွားရောက်ကြိုဆိုခြင်း၊ လမ်းတစ်လျှောက် ခရီးဦးကြိုဆိုခြင်းများကို ပြုလုပ်ခဲ့ကြသည်။ "တိုင်းရင်းသားလူနည်းစုနေထိုင်တဲ့ မောင်တောကို သံဃာတော်တွေ လာရောက်တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ နောက်ထပ်လည်း မကြာခဏကြွရောက်တရားဟောဖို့ ပြောချင်ပါတယ်"ဟု မြို့ခံ တစ်ဦးက ပြောကြားသည်။

သံဃာတော်များသည်မီးရှို့ခံကျေးရွာများဖြစ်သည့်ဇောခိကုန်း၊ ကင်းချောင်းကျေးရွာများသို့ သွားရောက်လေ့လာခဲ့ပြီး ညနေ ၄ နာရီတွင် မြို့မကျောင်းတိုက်ရှိ ကျောင်းကြီးပေါ်၌ တရားဟောကြားခဲ့သည်။ တရားပွဲသို့တရားနာပရိသတ်ပေါင်းထောင်ချီ၍ လာရောက် နာယူခဲ့ကြသည်။ မြို့ပေါ်ရပ်ကွက်များရှိဗုဒ္ဓဘာသာဝင်များ သာမက သုံးမိုင်၊ လေးမိုင်နှင့် မြို့အနီးအနားရှိ ကျေးရွာများမှ ဗုဒ္ဓဘာသာဝင်များပါ လာရောက် တရားနာယူခဲ့သည်။ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ (ဗဟို)မှ သံဃာတော်များသည် ဒီဇင်ဘာ ၂၉ ရက်တွင်မောင်တောနယ်စပ်မှ ပြန်လည် ထွက်ခွာသွားကြောင်း သတင်း ရရှိသည်။



မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းတစ်နေရာ

ဓာတ်ပုံ - မျိုးမင်းဦး

# ချင်းတွင်းရေကြောင်းသွားရေယာဉ် ခရီးစဉ်ဈေးနှုန်းများသတ်မှတ်

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၂၉**

ချင်းတွင်းရေကြောင်းသွား ခရီးသည်တင် အမြန်ရေယာဉ် အသင်း သုံးသင်းပူးပေါင်းပြေးဆွဲရေးကော်မတီလုပ်ငန်းညှိနှိုင်း ပုံမှန်အစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက်ကပြုလုပ်ခဲ့ပြီး ရေယာဉ်ခရီးစဉ် ဈေးနှုန်းများ သတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။

"ချင်းတွင်းရေကြောင်းမှာ သွားလာနေတဲ့ ခရီးသည်တင် အမြန်ရေယာဉ် သုံးသင်းပေါင်း ပြေးဆွဲရေးကော်မတီလက်အောက်မှာရှိတဲ့ရေယာဉ်အသင်းတွေအားလုံး မင်းကင်းကနေ မုံရွာကိုအစုန်ခရီးမှာလမ်းစီးခရီးသည်တွေအားလုံးကို သတ်မှတ်တဲ့နှုန်းထားနဲ့ ပြေးဆွဲဖို့ စီစဉ်ထားတယ်။ သတ်မှတ်နှုန်းထားထက်ပိုမိုကောက်ခံတဲ့ ရေယာဉ်တွေကို သတ်မှတ်ဒဏ်ကြေးအတိုင်း အပြစ်ပေးအရေးယူသွားမယ်"ဟု အစည်းအဝေးသို့တက်ရောက်ခဲ့သည့် သုံးသင်းပေါင်းရေယာဉ်အသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မင်းကင်း-မုံရွာခရီးစဉ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ ရေယာဉ်စီးခနှုန်းထားများအား မင်းကင်း-မုံရွာ (အစုန်) ရိုးရိုးတန်း-၃၀၀၀ ကျပ်၊ အထက်တန်း-၅၀၀၀ ကျပ်၊ သင်တော-မုံ ရွာ(အစုန်)ရိုးရိုးတန်း-၂၀၀၀ ကျပ်၊ မင်းကင်း-မောက္ကတော်(အစုန်)ရိုးရိုးတန်း-၁၀၀၀ ကျပ်၊ မင်းကင်း-သင်တော(အစုန်)ရိုးရိုးတန်း-၁၅၀၀ ကျပ်၊ မောက္ကတော်-သင်တော(အစုန်)ရိုးရိုးတန်း-၁၀၀၀ ကျပ်၊ မောက္ကတော်-မုံရွာ(အစုန်)ရိုးရိုးတန်း-၃၀၀၀ ကျပ် သတ်မှတ်လိုက်သည်။

နောင်ပိုအောင်-နမ့်တော ခရီးစဉ်အား ရေယာဉ်ဝင်၍ မရသော ကာလမှစ၍ ရပ်နားထားမည်ဖြစ်ပြီး ယင်းခရီးစဉ်ပြေးဆွဲသော ရေယာဉ်များသည် ဟုမ္မလင်းသို့ပုံမှန်အတိုင်းမုံရွာမှထွက်ခွာရမည်ဖြစ်သည်။ အစုန်ခရီးတွင် ဟုမ္မလင်းမှ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပြီး လမ်းခရီးညအိပ်ရပ်နားခြင်းမပြုရန်၊ ဟုမ္မလင်းမှ ထွက်ခွာသည့်နေ့တွင် ဖောင်းပြင်သို့ ညနေပိုင်းတွင် ရပ်နားရန် စသည့်အချက်များ ထည့်သွင်းဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

# ယခုနှစ်အတွင်း ပြည်ခရိုင်တွင် မီးလောင်မှု ၂၄ ကြိမ်ဖြစ်ပွား နှစ်ဦးသေဆုံးခဲ့

**ဇော်မင်းထိုက်**

**ပြည်၊ ဒီဇင်ဘာ ၂၉**

၂၀၁၃ ခုနှစ်အတွင်း ပြည်ခရိုင်တွင် မီးလောင်မှု ၂၄ ကြိမ်ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် ကလေးငယ်တစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့ကြောင်း ပြည်ခရိုင်မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

မီးလောင်မှုဖြစ်ပွားရာ ၂၄ ကြိမ်တွင် စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သိန်းတစ်ရာ့ရှစ်ဆယ်ကျော်ရှိပြီး ရှို့မီးသုံးကြိမ်၊ မီးဖိုမီးမှလောင်ကျွမ်းမှုရှစ်ကြိမ်ဖြစ်၍ ကျန်မီးလောင်ကျွမ်းမှုမှာ ပေါ့ဆမှုကြောင့် လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တွင် ပြည်မြို့နယ်မှာ မီးလောင်ကျွမ်းမှု အများဆုံးဖြစ်ပြီး သေဆုံးသူနှစ်ဦးရှိခဲ့သည်။

"မီးလောင်မှုမဖြစ်ပွားအောင်ကြိုတင်ကာကွယ်ခြင်းကအကောင်းဆုံးပါ။ ကျွန်တော်တို့အနေနဲ့ လိုအပ်တဲ့မီးဘေးကြိုတင် ကာကွယ်မှုတွေ စဉ်ဆက်မပြတ် လုပ်နေပါတယ်။ အသိပညာပေး ဟောပြောပွဲတွေလုပ်တယ်။ အလုပ်ရုံ၊ ဇာတ်ရုံအစရှိတာတွေ၊ တစ်အိမ်တက်ဆင်းမီးဘေးကြိုတင်ကာကွယ်မှုအတွက် လိုအပ်တဲ့ ပစ္စည်းတွေထားရှိဖို့ ဆောင်ရွက်တယ်။ အကယ်၍ မီးလောင်မှုဖြစ်ပွားခဲ့ရင်တော့ အဲဒီမှာရှိတဲ့ အဓိကတာဝန်ရှိသူကို ဥပဒေအရ အရေးယူပါတယ်" ဟု ပြည်ခရိုင်မီးသတ်ဦးစီးမှူး ဦးဝင်းညွန့်ကပြောကြားသည်။

ပြည်ခရိုင်အတွင်းတွင်ယခင်နှစ်က မီးလောင်မှု ၁၄ ကြိမ် သာရှိပြီး လူသေဆုံးမှုမရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မီးလောင်ကျွမ်းမှု ပိုမိုလာသော်လည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးငွေမှာ ယခင်နှစ်လောက် မများကြောင်း၊ ယခင်နှစ်က ကျပ်သိန်းပေါင်း နှစ်ရာကျော်ဖိုး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ပြည်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်ခုတွင် မီးသတ်ယာဉ်၊ ရေသယ်ယာဉ် စုစုပေါင်း ၈၄ စီးရှိပြီး အစိုးရမီးသတ်တပ်ဖွဲ့ အင်အား ၇၄ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၅၄၁၀ ဦးတို့က မီးဘေးအန္တရာယ်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝန်ထမ်းအလိုရှိသည်**

၁။ Site **အင်ဂျင်နီယာ(အကြီးတန်း)** M(2)Post
B.E(Civil) or A.G.T.I (Civil) လုပ်သက်အနည်းဆုံး (၄) နှစ်အထက်၊ နယ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ Site **အင်ဂျင်နီယာ(အငယ်တန်း)** M(3)Post
B.E(Civil) or A.G.T.I (Civil) လုပ်သက်အနည်းဆုံး (၁) နှစ်အထက်၊ နယ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

PYI HEIN KAUNG
CONSTRUCTION COMPANY
No.525,1st floor, Corner of 38th st &
Merchant Rd, Kyauktadar Township Yangon.
Ph: 01- 392065, 392066, 09-91049168,
09-33050675

# ၂၀၁၄ ဟောကိန်း

ပြည်သိမ်း

ကုန်လွန်ခဲ့ပြီဖြစ်သည့် ၂၀၁၃တွင် တိုင်းပြည်၏ ကံကြမ္မာကို နက္ခတ်ပညာရှင်များက နိုင်ငံရေး၊ စီးပွားရေးအဓိကနှစ်ပိုင်းခွဲကာ ဟောကိန်းထုတ်ခဲ့ကြသည်။

ရာခိုင်နှုန်းအားဖြင့် ပြောရန်ခက်ခဲသော်လည်း ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာဟောချက်အပါအဝင် ဟောကိန်းအချို့က တစ်ထပ်တည်းကျခဲ့သည်ဟုဆိုရမည်။

ယခုလည်း ၂၀၁၄အတွက်ပညာရှင်များကဟောကိန်းထုတ်ကြပြန်သည်။


၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံ၌ မင်းပြောင်းမင်းလွှဲဖြစ်မည့်နှစ်တစ်နှစ်ဖြစ်လာနိုင်သဖြင့် အစွမ်းထက်သောအစီအမံများဖြင့် တိုင်းပြည်၊ နိုင်ငံနှင့်အုပ်ချုပ်သူ အစိုးရအဖွဲ့၏ ကံဇာတာကိုမြှင့်တင်ကာကွယ်ပေးရန်လိုကြောင်း မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့အမှုဆောင်အရာရှိချုပ်ဦးဇေယျာကိုကဟောကိန်းထုတ်လိုက်သည်။

၂၀၁၄ခုနှစ်တွင် အစိုးရအဖွဲ့က ဖောင်းပွနေသောဝန်ကြီး၊ ဒုဝန်ကြီးများကိုဖယ်ရှားလိုက်ပြီး အစိုးရအဖွဲ့ကိုကျစ်လျစ်အောင်ဖွဲ့စည်းရန်ရှိနေသည်။

ယင်းကဲ့သို့လျှော့ချခြင်းဖြင့် အကြီးအကဲခေါင်းဆောင် ဖယ်ရှားရမည့်ဖြစ်စဉ်ကို လျော့နည်းသက်သာစေကြောင်း ဦးဇေယျာကိုက ဆိုသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာ ၂၀၁၄ခုနှစ်တွင်အမှန်တကယ်ဖြစ်လာမည်ဟု နက္ခတ်ဗေဒပညာရှင်များကဆိုသည်။

"ပြင်တာမှာနဝင်းခာတ်ပေါ်တဲ့နံပါတ် ၁၈က စပြင်မှာပါ"ဟုနက္ခတ်ဗေဒပညာရှင်ဆရာစံဇာဏီဘိုကဆိုသည်။



နိုင်ငံရေးပါတီများလည်း ထပ်တိုးပြီး ဧပြီလနောက်ပိုင်းမှစ၍ ရှိရင်းစွဲပါတီများ၏ စုစည်းမှုမှာ ပိုမိုအားကောင်းလာမည်ဟု ၎င်းကဆိုသည်။ ဒီမိုကရေစီအဖွဲ့အစည်းများပါ စုစည်းပေါင်းစပ်ဆောင်ရွက်မှုများကြောင့် နိုင်ငံရေးမှာရှေ့သို့ သွက်လက်စွာတိုးတက်လာမည်ဟုပြောသည်။

လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှုမှာလည်း အောင်မြင်မှုရမည်ဟု နက္ခတ်ဗေဒပညာရှင်နှစ်ဦးက ဆိုသည်။

သို့သော် ၂၀၁၄နှစ်စပိုင်းမှာပင်မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှတွင်လျှင်လှုပ်၍ဆူနာမီကဲ့သို့ သဘာဝဘေးအန္တရာယ်များကြုံတွေ့နိုင်သည်။ ဘင်္ဂလားပင်လယ်မှလည်း လေဖိအားနည်းရပ်ဝန်းများနှင့်မုန်တိုင်းများကြုံတွေ့ရနိုင်သည်။

မြန်မာနိုင်ငံအတွက် အဓိကအားထားရသည့် မိုးဦးကာလမိုးခေါင်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကြောင့် ဆန်စပါးနှင့် ရေရှားပါးမှုများကြုံတွေ့နိုင်ကြောင်း ဦးဇေယျာကိုကပြောကြားသည်။

မန္တလေး သင်္ကြန်စာတွင်လည်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် အပူချိန်မြင့်တက်လာပြီး မိုးဦးနောက်ကျခြင်း၊ မိုးရာသီကုန်ချိန်တွင် နောက်မိုးကောင်းပြီး အအေးပိုမိုပြင်းထန်မှုများကြုံတွေ့ရမည်ဖြစ်သည်။

၂၀၁၄ နှစ်ဦးပိုင်းတွင် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခများထပ်မံပေါ်ပေါက်လာနိုင်သဖြင့် အထူးသတိထားရန် လိုအပ်ကြောင်း နက္ခတ်ဗေဒပညာရှင်များက ဆိုသည်။ အလုပ်သမား၊ လယ်သမားဆန္ဒပြမှုများနှင့်ကြုံတွေ့နိုင်ပြီး ဆန္ဒပြမှုများမှာ မင်းမဲ့စရိုက်ဖြစ်လာနိုင်ကြောင်းလည်းပြောဆိုသည်။

ဧပြီလ သင်္ကြန်ပွဲ၌လည်း ခိုက်ရန်ဒေါသဖြစ်ပွားမှုများ ပေါ်ပေါက်ပြီး သွေးထွက်သံယိုမှုများရှိလာမည်။ သင်္ကြန်ရေကစားသူနှင့် လုံခြုံရေးတာဝန်ယူသူများကြား ပြဿနာများလည်း ကြီးထွားလာမည်ဟုဦးဇေယျာကိုကပြောကြားသည်။

တိုင်းပြည်၏ စီးပွားရေးမှာ ၂၀၁၄ ခုနှစ်တွင် ထူးခြားစွာကောင်းလာနိုင်စရာ မရှိကြောင်း ပညာရှင်နှစ်ဦးကဆိုသည်။ပြည်ပရင်းနှီးမြှုပ်နှံမှုကထင်သလောက်ဝင်မလာချိန်တွင် နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်လွန်ကဲစွာသုံးစွဲမှုပြဿနာမျိုးကို ရင်ဆိုင်ရမည်။ စီးပွားရေး၌ စိုးရိမ်စရာများစွာရှိနေသည်။

စီးပွားရေး၌ ဖွံ့ဖြိုးမှုအားနည်းနေသော်လည်း ၂၀၁၄နှစ်လယ်တွင် ကုန်စျေးနှုန်းများသိသိသာသာတက်လာမည်ဟုမန္တလေးမဟာသင်္ကြန်စာကဆိုသည်။ တွင်းထွက်ပစ္စည်းအမျိုးမျိုး၊ ဆန်စပါး၊ ပဲမျိုးစုံနှင့် သီးနှံများမှာယခုနှစ်တွင် ဈေးအနည်းငယ်သာ မြင့်တက်မည်ဟု ပါရှိသည်။

သို့သော် ပြည်တွင်းစီးပွားရေးလုပ်ငန်းများတွင် အလေးထားသည့်ရွှေဈေးမှာတဖြည်းဖြည်းမြင့်တက်လာမည်ဟုပညာရှင်များကပြောကြားသည်။ သို့သော် ၂၀၁၄ နှစ်လယ်ပိုင်းတွင် အတက်အကျမငြိမ်ဘဲ နှစ်ကုန်ပိုင်းတွင် ပြန်မြင့်တက်နိုင်သဖြင့် ခန့်မှန်းရခက်ခဲနေကြသည်။

လာမည့်နှစ်တွင် တိုင်းပြည်၏ ထိပ်ပိုင်းခေါင်းဆောင်များကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိကြောင်း စံဇာဏီဘိုကပြောကြားသည်။ နိုင်ငံရေးနယ်ပယ်တွင် လုပ်ကြံသတ်ဖြတ်မှုကြောင့် နှမြောတသဖြစ်စရာကြွေလွင့်ခြင်းမျိုးမရှိနိုင်ပေ။ သို့သော် စာပေအနုပညာနယ်ပယ်၌ ဆုံးရှုံးမှုများရှိနိုင်သည်။ ။


ပီတီပြည့်စုံ ကုမ္ပဏီလီမိတက်
PZ Manufacturing & Logistics
အမှတ်(၃၃)၊ ရွှေပီတောက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၉ ၄၂၁၀၄၁၄၆၃၊ ၀၉ ၇၃၁၄၀၃၁၂

(၁) Assistant Production Manager ကျား (၂) ဦး

- BE / B-Tech / A.G.T.I / B.Sc ဘွဲ့တစ်ခုခုရရှိထားပြီး စက်ရုံလုပ်ငန်း Manufacturing Field တွင် စီမံခန့်ခွဲထုတ်လုပ်နိုင်မှု အတွေ့အကြုံ အနည်းဆုံး(၅)နှစ်နှင့်အထက် ရှိရပါမည်၊
- အသက် (၃၀) မှ (၄၀) နှစ် အတွင်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်၊

(၂) Assistant Health and Safety Manager ကျား (၂) ဦး

- BE / B-Tech / A.G.T.I (Electrical) ဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်၊
- စက်မှုလုပ်ငန်းဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း (Industrial Safety Training) တက်ရောက်အောင်မြင်ပြီးသူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ ရှိသူများအား ဦးစားပေးမည်၊
- အသက် (၂၅-၃၅) နှစ်၊ ကျန်းမာရေးကောင်းမွန်ရမည်၊

(၃) Machine Operator ကျား (၆) ဦး

- G.T.C (သို့) B-Tech (သို့) A.G.T.I (Mechanical or Electrical) ဘွဲ့ ရရှိထားပြီး in-line filling machine & packaging machine များကို စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ပါသည်၊
- Fresh Graduate (သို့) လုပ်ငန်းအတွေ့အကြုံမရှိသေးသောသူများအား အစမ်းခန့်(၃)လကာလတွင် လက်တွေ့သင်ကြားပေးမည်ဖြစ်ပါသည်၊
- အသက် (၂၀) မှ (၃၀) အတွင်းဖြစ်ပြီး ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်၊

(၄) Human Resources Assistant ကျား/မ (၂) ဦး

- တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရ၍ HRနှင့်ပက်သက်သော Diploma တစ်ခုခုရရှိပြီးသူ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ ရှိသူများအား ဦးစားပေးမည်၊

အမှတ်စဉ်အားလုံးအတွက် ရန်ကုန်စက်မှုဇုန် မင်္ဂလာဒုံမြို့နယ်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်၊
လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ပုံစံအပြည့်အစုံကို (၁၅.၁.၁၄) ရက်နေ့နောက်ဆုံးထား၍ အထက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်၊



(၂၅)နှစ်မြောက် ငွေရတု ရက်မြတ်မင်္ဂလာဆုတောင်းလွှာ

လေးစားချစ်ခင်တန်ဖိုးထားရပါသော ကျေးဇူးရှင်
ဖေဖေဦးမောင်မောင်စံနှင့် မေမေဒေါ်ဝိဝိ (မြသော်တာစာပေ) တို့၏
(၃၀-၁၂-၂၀၁၃) ရက်တွင် ကျရောက်သည့် (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည်
ရတုများစွာတိုင်အောင် ခိုင်မြဲသောသစ္စာတရား နွေးထွေးသောမေတ္တာများဖြင့်
မြတ်နိုးတန်ဖိုးထားရပါသော မိသားစုနှင့်အတူ မင်္ဂလာနေ့ရက်ပေါင်းများစွာ
လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် . . .

သားကြီး - မောင်ရဲမင်းဖြိုး (ဓေတ္တာ စက်ဘူ)
သမီးငယ် - မချောနန္ဒီစံ (ကွန်ပျူတာတက္ကသိုလ်)



UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-24333 , 09-6504900

7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# သမနှင့်ခြ ပြဿနာ

မိုးညို၊ အေးမြတ်သူ၊
ဇော်မျိုးလှိုင်၊ အိမွန်ကျော်

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်ရာတွင် သမဝါယမစနစ်မှာ ထိရောက်ကြောင်း နိုင်ငံတော်သမ္မတက မကြာခဏပြောလေ့ရှိသော်လည်း အရိုးစွဲနေသည့် အကျင့်ပျက်ခြစားမှုများအကြား သမဝါယမစနစ် ပြန်လည်ဦးမော့ရန် မဖြစ်နိုင်သေးကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။

နောင်လာမည့် လေး၊ ငါးနှစ်အတွင်း သမဝါယမစနစ် အောင်မြင်လာပါက ပြည်သူများမှာ ငွေလုံးဝချေးစရာမလိုဘဲ မိမိကိုယ်ပိုင်ငွေဖြင့် အလုပ်လုပ်လာနိုင်သည်အထိ အဆိုပါစနစ် အောင်မြင်ရန် အစိုးရက မျှော်လင့်ထားပြီး အောက်ခြေအသင်းငယ်များတွင် ဖြစ်ပေါ်နေသည့် ငွေကြေးအလွဲသုံးစားမှုများကိုမူ အစိုးရက လျစ်လျူရှုထားဆဲဖြစ်သည်။

အစိုးရ၏ ဆင်းရဲမွဲတေမှုစီမံချက်တွင် သမဝါယမစနစ်အပေါ် တည်ကြက်ထားသော်လည်း အသင်းဝင်ဖြစ်မှသာ ငွေထုတ်ချေးမည်ဆိုခြင်းကြောင့် အသင်းမဝင်ထားဘဲ အမှန်တကယ် ငွေကြေးအရင်းအနှီးလိုအပ်သူများမှာ ယင်းကန့်သတ်ချက်ကြောင့် အကျုံးဝင်ရန် အခက်အခဲရှိနေသည်။

သမစနစ်ကို အစိုးရက ပြန်လည်ထူထောင်ရန် ကြိုးပမ်းရာတွင် အောက်ခြေရှိ သမအသင်းဥက္ကဋ္ဌများ၊ အကြီးအကဲများ၏ အကျင့်ပျက်ခြစားမှုများကို မဖြေရှင်းနိုင်ပါက ယခုလုပ်ဆောင်နေသည့် သမစနစ်မှာလည်း အောင်မြင်ဦးမည်မဟုတ်ကြောင်း စီးပွားရေးပညာရှင်ဦးလှမောင်က ပြောကြားသည်။

"ငွေစုငွေချေး အပိုင်းမှာလည်း သိရသလောက် ဥက္ကဋ္ဌနဲ့ ပါဝင်ပတ်သက်သူတွေကို ချေးနေတာ" ဟု ကျွန်းလယ်သမအသင်းမှ အသင်းသားတစ်ဦးက ဝေဖန်ပြောဆိုသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှစစ်အစိုးရလက်ထက်အထိ သမဝါယမစနစ် အားနည်းခဲ့သည့်အတွက် သမရုံးများတွင် လုပ်ငန်းလည်ပတ်မှုမရှိဘဲ လူနေထိုင်ခြင်း၊ ဈေးဆိုင်များငှားရမ်းခြင်း၊ ပစ္စည်းသိုလှောင်သည့် ဂိုဒေါင်များကို လက်သိပ်ထိုးရောင်းချခဲ့ခြင်းစသည်ဖြင့် သမစနစ်မှာ လက်ရှိအချိန်ထိ ရေတိမ်နစ်ခဲ့ရကြောင်း သမအသင်းဝင် တချို့က ထောက်ပြပြောဆိုကြသည်။

"သမဝါယမက တဖြည်းဖြည်းမှေးမှိန်လာတယ်။ ကြိုက်တဲ့နေရာမှာကြည့် ဆိုင်းဘုတ်ကအစ မှေးမှိန်လာတယ်" ဟု စမ်းချောင်းမြို့နယ် သမဝါယမ အသင်းသားဖြစ်သူ ကိုတင်ထက်ကိုက ပြောသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် စတင်ပြီး သမဝါယမဝန်ကြီးဌာနက ငွေကျပ်သိန်းပေါင်း တစ်သိန်းကျော် ကျေးလက်ဒေသများကို ထုတ်ချေးခဲ့ကြောင်း အစိုးရက ထုတ်ပြန်ခဲ့သည်။ ပြီးခဲ့သည့် လွှတ်တော်တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ချေးငွေများကို အသင်းသားများအား ချေးရာတွင် အတိုးနှုန်းတစ်ရာခိုင်နှုန်းဖြင့်သာ ချေးမည်ဟု ပြောကြားခဲ့သော်လည်း ပြင်ပတွင် အတိုးနှုန်း နှစ်ရာခိုင်နှုန်းဖြင့်သာ ချေးငှားနေသည်ဟု ကြားသိရကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။

သို့သော် ဒီဇင်ဘာ နောက်ဆုံးပတ်က ပုသိမ်မြို့၌ ကျင်းပခဲ့သော ကျေးလက်ဒေသလူမှုဖွံ့ဖြိုးရေးပွဲတွင်မူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမ္မတ၏ ညွှန်ကြားချက်ကြောင့် အတိုးနှုန်းကို တစ်ရာခိုင်နှုန်းအထိ လျှော့ချချေးမည်ဟု ပြောကြားခဲ့ပြန်သည်။

"အခု ဝန်ကြီးပြောသွားတဲ့ အတိုင်းဆို တစ်ရာခိုင်နှုန်းလို့ သိရတယ်။ အသင်းဥက္ကဋ္ဌပြောတော့ ဒီနှစ်အတိုးနှုန်းက အရင်တိုင်းလို့ ပြောတယ်။ ဘယ်ဟာကို ယုံကြည်ရမှာလဲ" ဟု ရောဝတီတိုင်း မြောင်းမြခရိုင်မှ လယ် ၁၀ ဧက ပိုင်ဆိုင်သူ လယ်သမားတစ်ဦးက ပြောကြားသည်။

သမဝါယမဝန်ကြီးဌာန၏ အစီအစဉ်အရ ယခုနှစ်တွင် တစ်နိုင်ငံလုံး၌ ချေးငွေတိုးမြှင့်ချေးပေးရန် ရည်ရွယ်ထားပြီး အတိုးနှုန်းကိုလည်း လျှော့ချမည်ဟု ပြောကြားထားသည်။ သို့သော် အမှန်တကယ် ချေးယူမည့်သူများမှာ ချေးငွေတိုးမြှင့်ရရှိမည်ဟုသာ သိထားပြီး အတိုးနှုန်းလျှော့ချမည်ကို အများစုက သိရှိထားခြင်း မရှိပေ။

ထို့အပြင် ယခင်က လယ်သမားတစ်ဦးလျှင် တစ်နှစ်တစ်ကြိမ်သာ ငွေချေးပေးမည်ဟု ဆိုသော်လည်း ယခုစနစ်သစ်တွင် ခြောက်လတစ်ကြိမ် ငွေချေးခွင့်ရရှိမည်ဖြစ်သည်။ ယခင်က ချေးငွေကို လယ်ဧကပေါ်မူတည်ပြီး ထုတ်ချေးခဲ့သော်လည်း ယခုအခါ လယ်သမားတစ်ဦးချင်းသာ ချေးတော့မည်ဖြစ်သည်။

ချေးငွေစနစ်ပုံစံ ပြောင်းလဲလိုက်သော်လည်း အသင်းတစ်သင်းချင်းစီတွင် အသင်းသားအဖြစ် ဝင်ရောက်ရန် စိစစ်ရွေးချယ်မှုများရှိခြင်း၊ ချေးငွေရရှိမှု၊ အလှည့်ကျစနစ်တွင် အားနည်းချက်များရှိခြင်းတို့ကြောင့် လယ်သမားများတွင် အခက်အခဲအချို့ ရှိနေသည်။

"လက်တွန်းထွန်စက် ဝယ်ချင်တယ်။ ဘယ်ကိုစာရင်းပေးရမလဲ။ ဘယ်သူတွေ ရနေတာလဲ မသိရဘူး။ သမ္မတလာတုန်း အရောင်းပြခန်းတွေ လာဖွင့်တယ်။ နောက်အဲဒါတွေ ဘယ်မှာသွားဝယ်ရမှန်း မသိဘူး" ဟု မြောင်းမြခရိုင် သမဝါယမ အသင်းသား တစ်ဦးက ပြောသည်။

ရန်ကုန်မြို့ရှိ အချို့သော မြို့နယ်များရှိ သမဝါယမအသင်းအများစုတွင် ငွေစုငွေချေးလုပ်ငန်း လုပ်ကိုင်ခြင်းများကို ရပ်ဆိုင်းထားခြင်းပင်ရှိနေသည်ဟု ယင်းမြို့နယ်ခံများထံမှ သိရသည်။

လက်ရှိ အချိန်အထိ အချို့ ငွေစုငွေချေးလုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းမှာ အစိုးရထံမှ ယခုနှစ်ရရှိမည့် ချေးငွေမရရှိသေးခြင်းနှင့် အသင်းသားနှင့် ဥက္ကဋ္ဌများကြား ငွေရေးကြေးရေးပြဿနာကြောင့် အမှုအခင်းများ ရင်ဆိုင်နေရဆဲခြင်းတို့ကြောင့်ဖြစ်ကြောင်း ဒဂုံမြို့သစ်မြောက်ပိုင်းရပ်ကွက် သမဝါယမရောင်းဝယ်ရေးလီမိတက်မှ အသင်းသား စာရင်းစစ်တစ်ဦးက ပြောသည်။

အစိုးရက သမဝါယမစနစ်အတွက် အရေးကြီးသည့် ချေးငွေအများစုကို ယခုနှစ်တွင် တရုတ်နိုင်ငံမှ ဒေါ်လာသန်းခုနစ်ရာ ချေးရန် စီစဉ်ထားပြီး ကနဦးရရှိထားသည့် သန်းတစ်ရာကို ကျေးလက်ဒေသ အများစုအတွက် စတင်ထုတ်ချေးနေပြီဖြစ်သည်။

ယင်းကဲ့သို့ တရုတ်နိုင်ငံမှ ချေးငွေယူရာတွင် အတိုးနှုန်းမှာ လေးရာခိုင်နှုန်းဖြစ်သောကြောင့် နိုင်ငံတကာအတိုးနှုန်းများနှင့်ယှဉ်ပါက များစွာကြီးမြင့်နေသဖြင့် လွှတ်တော်ကိုယ်စားလှယ်အချို့က ကန့်ကွက်ဝေဖန်ခဲ့ကြသည်။

"အစိုးရက သမစနစ်ကို ဘယ်လိုပဲပြင်ပြင် သမဝါယမက အခုဆို ဆိုင်းဘုတ်ပဲရှိတယ်။ အသက်မဝင်သေးဘူး။ ဖယ်မပေးနိုင်ဘူးဆိုပြီး နေရာယူထားတဲ့ အရင်လူတွေက အများကြီးပဲ" ဟု ဦးဖုန်းမြင့်အောင်က လက်ရှိ သမဝါယမစနစ်ကို ဝေဖန်ပြောကြားသည်။

ရန်ကုန်မြို့မှ ရပ်ကွက်အများစုတွင် သမဝါယမငွေချေးစနစ် ပီပီပြင်ပြင်အကောင်အထည်မဖော်နိုင်သောကြောင့် ပြည်သူအများစုမှာ ငွေကြေး အရင်းအနှီးလိုအပ်ပါက ပုဂ္ဂလိက ငွေချေးလုပ်ငန်းများ၌သာ အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေကြရဆဲဖြစ်သည်။

အစိုးရက ငွေထုတ်ချေးရာတွင် ငွေကြေးမသမာမှု၊ လိမ်လည်မှုတို့မရှိစေရန် ချေးသူများအား လူငါးဦးတစ်ဖွဲ့ဖြင့် ဝိုင်းကြီးချုပ် ပုံစံဖြင့် ငွေထုတ်ချေးလျက်ရှိသည်။ ထိုသို့ ဝိုင်းကြီးချုပ်စနစ်ဖြင့် ထိန်းချုပ်ထားသည့်အတွက် ငွေချေးယူသူ အများစုသည် ရပ်ကွက်အတွင်းရှိ ငွေတိုးချေးစားသူများထံ ချေးယူပြီး ပြန်ဆပ်ရ၍ ကြွေးပူနှင့် ထပ်တိုးရပြန်သည်။

"သူတို့ကို ဘယ်လိုပဲ ချေးချေး နောက်ဆုံးရပ်ကွက်ထဲက ငွေတိုးချေးစားတဲ့သူတွေဆီကပဲ ပြန်ချေးရတယ်။ ဟိုကိုဆပ်ရမယ့် အချိန်ရောက်တော့ ရပ်ကွက်က ငွေတိုးချေးသူတွေဆီပဲ သွားပြန်ပြီး ထပ်ချေးရတာပဲ" ဟု သုံးခွမြို့နယ်မှ ငွေတိုးချေးစားသူ ဦးနိုင်လင်းဦးက ပြောသည်။

ထို့အပြင် အချို့သော ငွေထုတ်ချေးသူများသည် ဝိုင်းကြီးချုပ်စနစ်အရ ငါးယောက်တစ်ဖွဲ့ အမည်ခံထားသော်လည်း တစ်ဦးတည်းကပင် ချေးငွေများကို လိမ်လည်ထုတ်ယူလျက်ရှိနေကြောင်း ၎င်းက ဆိုသည်။

ထို့ကြောင့် သမဝါယမဝန်ကြီးဌာနမှ ယခုနှစ်တွင် ချေးငွေနှုန်းထား တိုးမြှင့်မည်ဆိုသောကြောင့် အထက်ပါ ပြဿနာများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း သမဝါယမအသင်းသားအချို့က ခန့်မှန်းပြောဆိုကြသည်။

ကျေးလက်မှမြို့ပြအထိ သမအသင်းငယ်ပေါင်း တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိန်းဂဏန်းအတိအကျမသိရှိရသေးသော်လည်း အသင်းတစ်သင်းလျှင် အသင်းဝင် ၂၀ မှ ၂၅ ဦးအထိ အသင်းငယ်ပေါင်းများစွာဖြင့် ဖွဲ့စည်းထားကြသည်။ ဧရာဝတီတိုင်းဒေသကြီးတစ်ခုထဲတွင်ပင် အသင်းပေါင်း ၂၀၀၀ ကျော်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ပုသိမ်မြို့တွင် ပြုလုပ်သော လူမှုစီးပွားမြှင့်တင်ရေး အခမ်းအနား၌ ထည့်သွင်းပြောကြားဖူးသည်။

နိုင်ငံတွင် ဆင်းရဲသူဦးရေမြင့်တက်လာခြင်းကို ထွက်ပေါက်တစ်ခုအဖြစ် သမဝါယမငွေချေးစနစ်ဖြင့် ကုစားရန် ကြိုးပမ်းခြင်းသည် အစိုးရက အောက်ခြေအထိ မဖြေရှင်းနိုင်သရွေ့ အောင်မြင်ရန် အခက်အခဲများ ရှိနေဦးမည်ဖြစ်သည်။ ။



ဓာတ်ပုံ - နိုင်ငံတော်သမ္မတရုံး

*နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်ခဲ့စဉ်*

# Education

7 DAY NEWS JOURNAL

Vol.12, No.43 • JANUARY 1 , 2014


# တိုင်းရင်းသားဘာသာစကားသင်ကြားမှုဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ–၂၈**

နိုင်ငံတကာ ပညာရှင်များနှင့် တိုင်းရင်းသား ပညာရှင်များပါဝင်မည့် တိုင်းရင်းသားဘာသာစကား သင်ကြားမှုဆိုင်ရာ ဆွေးနွေးပွဲကို လာမည့်နှစ် ဇန်နဝါရီလကုန်တွင် ကျင်းပသွားရန် စီစဉ်နေကြောင်း နိုင်ငံလုံးဆိုင်ရာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကွန်ရက် NNER မှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား သင်ကြားခွင့်ကို ၁၉၆၂ ခုနှစ်မှ စတင်၍ တားမြစ်ထားပြီး ဦးသိန်းစိန်အစိုးရလက်ထက်၌ ပညာရေးမူဝါဒအပြောင်းအလဲအချို့ ဖြစ်ပေါ်နေသော်လည်း အဆိုပါမူဝါဒမှာ အခိုင်အမာ ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။

တိုင်းပြည်အတွင်း ဘာသာစကားစုံလင်မှုသည် ကောင်းမွန်သော စရိုက်လက္ခဏာအဖြစ် ရှုမြင်ပြီး နိုင်ငံသားအားလုံးသည် ကွဲပြားခြားနားသော ဘာသာစကားများကိုစောင့်ရှောက်ရန် တာဝန်ရှိကြောင်း နိုင်ငံလုံးဆိုင်ရာ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကွန်ရက်က ဆိုသည်။

တိုင်းရင်းသား ဘာသာစကားသင်ကြားမှုဆိုင်ရာ ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ ရက်တို့တွင် နှစ်ရက်ကြာကျင်းပရန် စီစဉ်သတ်မှတ်ထားပြီး တိုင်းရင်းသား ပညာရှင်များနှင့် နိုင်ငံတကာ ပညာရှင်များကို ဖိတ်ကြားဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲ၌ တိုင်းရင်းသား ဘာသာစကားများနှင့် ပတ်သက်သော သင်ရိုးညွှန်းတမ်း၊ သင်ကြားနည်းစနစ်၊ မူဝါဒနှင့် ဘာသာစကားရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဝိုင်းဝန်းစုပေါင်း ဆွေးနွေးအဖြေရှာသွားမည် ဖြစ်သည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစကားသင်ကြားခွင့်ပြုမည်ဖြစ်ကြောင်းကြေညာထားသော်လည်း လက်ရှိအချိန်ထိ တိကျသေချာသော မူဝါဒနှင့်ဆောင်ရွက်ချက်များ ထွက်ပေါ်လာခြင်း မရှိသေးပေ။

# ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်များ ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် ဆွေးနွေး

**နေလင်းထွန်း**

**ရန်ကုန်၊ဒီဇင်ဘာ– ၂၈**

တက္ကသိုလ်များကို ဘက်စုံပညာသင်ကြားသော တက္ကသိုလ် (Com-prehensive University) အဖြစ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် သင့်၊ မသင့်ကို ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပညာရှင်များဆွေးနွေးလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။



*နည်းပညာတက္ကသိုလ်(ထားဝယ်)ကိုမြင်ရစဉ်*

ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်များကို အုပ်စုလေးစုခွဲခြား၍ အုပ်စုအလိုက်တက္ကသိုလ်များကို ပြန်လည်စိစစ်ပြီး စနစ်ပြောင်းလဲဖွဲ့စည်းနိုင်သော တက္ကသိုလ်များကို ပြောင်းလဲဖွဲ့စည်းကာ ကျန်တက္ကသိုလ်များကိုလက်ရှိစနစ်အတိုင်းထားရှိရန် စီစဉ်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များကိုပညာရပ်နယ်ပယ်အထူးပြုသင်ကြားသည့် တက္ကသိုလ်များအုပ်စု၊ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိတက္ကသိုလ်များကို သာသနာရေး၊ မူဝါဒနှင့် သဘောတရားဆိုင်ရာလေ့ကျင့်သည့် သင်တန်းဌာနများအုပ်စု၊ ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်များကို ကာကွယ်ရေးဆိုင်ရာ တက္ကသိုလ်များအုပ်စုနှင့်ပညာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ယဉ်ကျေးမှုဝန်ကြီးဌာန၊အားကစားဝန်ကြီးဌာန၊နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်များကိုဝိဇ္ဇာသိပ္ပံ၊ စီးပွားရေး၊ ပညာရေး၊ ဘာသာစကား၊ စိုက်ပျိုးမွေးမြူရေး၊ သစ်တောစသည့် တက္ကသိုလ်များ အုပ်စုဟူ၍ ခွဲခြားသတ်မှတ်ထားခြင်းဖြစ်သည်။

ဘက်စုံပညာသင်ကြားသော တက္ကသိုလ်စနစ်ပြောင်းလဲဖွင့်လှစ်နိုင်ခြင်းမရှိသေးသော တက္ကသိုလ်များကို လိုအပ်ချက်များတဖြည်းဖြည်းဖြည့်ဆည်းပေးခြင်း၊ ချိတ်ဆက်အားပေးခြင်းဖြင့် ဘက်စုံပညာသင်ကြားသော တက္ကသိုလ်များအဖြစ်ပြောင်းလဲရန်စီစဉ်ထားပြီး အသစ်ဖွင့်လှစ်မည့်တက္ကသိုလ်များကို ဘက်စုံပညာသင်ကြားသောတက္ကသိုလ်အဖြစ် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

တော်လှန်ရေးကောင်စီလက်ထက်က ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့ရှိ အသက်မွေးဝမ်းကျောင်းပညာဘာသာရပ်များကို အင်စတီကျူ့ဒ်များအနေဖြင့် ခွဲထုတ်၍ သီးခြားတက္ကသိုလ်များအဖြစ် တည်ထောင်ခဲ့သည်။

# ၂၀၁၄ – ၂၀၁၅ အတွက် Prospect Burma ပညာသင်ဆု လျှောက်လွှာခေါ်ယူ

**နေလင်းထွန်း**

**ရန်ကုန်၊ဒီဇင်ဘာ– ၂၈**

Prospect Burma ပညာသင်ဆုအတွက် ဘာသာရပ်အသစ်များတိုးမြှင့်ပေးမည်ဖြစ်ပြီးလျှောက်လွှာများကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလကုန်နောက်ဆုံးပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ်အတွက် ဦးစားပေးဘာသာရပ်များအနေဖြင့် အုပ်ချုပ်ရေး၊ အများပြည်သူဆိုင်ရာစီမံခန့်ခွဲမှု၊ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် ဥပဒေဘာသာရပ်များကို ရွေးချယ်မည်ဖြစ်ပြီး စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်၊ ပြည်သူ့ကျန်းမာရေး၊ သူနာပြု၊ လူ့အခွင့်အရေးနှင့် လူမှုရေးလုပ်ငန်းဘာသာရပ်များကိုလည်းထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

Prospect Burma ပညာသင်ဆုကို နိုင်ငံတကာမှ မြန်မာကျောင်းသားများ လျှောက်ထားနိုင်မည်ဖြစ်သော်လည်း ပြည်တွင်း၌နေထိုင်လျှောက်ထားသူများကို ဦးစားပေးမည်ဖြစ်ကာ ပညာရေးမှတ်တမ်းကောင်း၊ ငွေကြေးချို့တဲ့မှုနှင့် ပညာသင်ယူပြီးဆုံးပါက တိုင်းပြည်ဒီမိုကရေစီစနစ်တည်ဆောက်မှုတွင် ပါဝင်မည့်သူများအား ရွေးချယ်မည်ဖြစ်သည်။

အဆိုပါပညာသင်ဆုအစီအစဉ်သည် ကျောင်းလခ၊ သင်ကြားရေးပစ္စည်းနှင့်အစားအသောက်၊ နေထိုင်မှုတို့ကိုသာထောက်ပံ့မည်ဖြစ်ပြီး လေယာဉ်ခ၊ ကျန်းမာရေးအာမခံ စသည့်ကုန်ကျငွေများ ထောက်ပံ့မည်မဟုတ်ကြောင်း သတိပေးထားသည်။

Prospect Burma သည်ဒေါ်အောင်ဆန်းစုကြည်မေတ္တာရပ်ခံထားသည့် ပညာသင်ဆုအစီအစဉ်တစ်ခုဖြစ်ပြီး နိုင်ငံတကာတက္ကသိုလ်များတွင် ပညာသင်ယူခွင့်အတွက် www.prospectburma.org တွင်လေ့လာနိုင်သည်။




7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

## ဂျပန်နိုင်ငံတွင် တစ်လပညာသင်ယူနိုင်မည့် ဂျပန်စကားပြောပြိုင်ပွဲ မန္တလေး၌ ကျင်းပမည်

**နေလင်းထွန်း**

**ရန်ကုန်၊ဒီဇင်ဘာ- ၂၈**

ဂျပန်နိုင်ငံတွင်တစ်လသွားရောက်ပညာသင်ရန် အခွင့်အလမ်းရရှိမည့် ဂျပန်စကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီလ ၂၃ရက်၌ မန္တလေးမြို့၊ မန္တလေး-စစ်ကိုင်းလမ်းခွဲရှိ နားမကြားသော ကလေးများကျောင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဂျပန်စကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသူသည် ဂျပန်နိုင်ငံသို့ ပညာသင်သွားရောက်ခွင့်၊ ဒုတိယဆုရရှိသူသည် Samsung Galaxy S4 ဟန်းဆက်နှင့် တတိယဆုရရှိသူသည် ဒစ်ဂျစ်တယ်ကင်မရာတို့ ချီးမြှင့်ရရှိမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူ အသက် ၁၈နှစ်ပြည့်ပြီး JLPT N3နှင့်အထက် ရရှိထားသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဂျပန်ဘာသာဌာနတွင် ဇန်နဝါရီ ၂၅ရက် နောက်ဆုံး လျှောက်ထားနိုင်မည်ဖြစ်သည်။

## မြန်မာ့ပညာရေး စိန်ခေါ်မှု အများအပြားရှိနေဟု ပညာရေးမြှင့်တင်မှု အကြံပေးအဖွဲ့ တာဝန်ရှိသူပြော

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် အတိတ်က လွဲမှားမှုများကြောင့် စိန်ခေါ်မှုအများအပြား ကြုံတွေ့နေရပြီး သမ္မတဦးသိန်းစိန်အစိုးရက ပညာရေးအခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ကော်မတီအကြံပေးအဖွဲ့ တာဝန်ရှိသူကပြောကြားသည်။

တော်လှန်ရေးကောင်စီလက်ထက်တွင် မူဝါဒသဘောထားကြေညာချက် (၁၇) ချက်ကို ထုတ်ပြန်ကြေညာလိုက်ပြီးနောက် တက္ကသိုလ်များ၌ သိပ္ပံဘာသာရပ်များကို ဦးစားပေးရွေးချယ်သူများပြားလာခဲ့ကြောင်း ၎င်းကဆိုသည်။

"စိန်ခေါ်မှုတွေတော့ အများကြီးပါပဲ။ တော်လှန်ရေးကောင်စီတက်ပြီးတော့ မူဝါဒသဘောထားကြေညာချက် ၁၇ ချက်ထဲမှာ သိပ္ပံကိုဦးစားပေးမယ်ဆိုတဲ့ စကားလုံးပါတယ်။ အဲဒီအတွက် ဘယ်မိဘပဲဖြစ်ဖြစ် ကိုယ်သားသမီးကို နိုင်ငံတော်က ဦးစားပေးတဲ့ ပညာရပ်နဲ့ ကျောင်းကိုပဲ လှေလာစေလိုတဲ့ စိတ်ကြောင့် သူလည်း သိပ္ပံ၊ ကိုယ်လည်း သိပ္ပံ အားလုံးသိတဲ့အတိုင်းပဲ အားလုံးသိပ္ပံဖြစ်လာတဲ့သဘောရှိပါတယ်" ပညာရေးအကြံပေးအဖွဲ့မှ တာဝန်ရှိသူကပြောသည်။



*အခြေခံပညာမူလတန်းကျောင်းတွင် မြင်ရသော ကျောင်းသား၊ကျောင်းသူများနှင့် ဆရာမတစ်ဦး*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာ့ပညာရေးသမိုင်းတွင် ကြီးမားသော ပြောင်းလဲမှုဖြစ်ခဲ့သည့် ပညာရပ်အားလုံးသင်ကြားပို့ချနေသော တက္ကသိုလ်များကို ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များအဖြစ် ခွဲခြားသတ်မှတ်ခဲ့ခြင်းက ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်များကို ဦးစားပေးရွေးချယ်တက်ရောက်မှု လျော့ကျလာခဲ့ကြောင်း ၎င်းကထောက်ပြသည်။

"မိမိကိုယ်တိုင် ဆောင်ရွက်နေတဲ့တက္ကသိုလ်ကိုမိမိသားသမီးတွေ မလာရေး၊ တခြားအသက်မွေးဝမ်းကျောင်း အင်စတီကျူဒ်၌တွေကို သွားနိုင်ရေး ကြိုးစားခဲ့ရပါတယ်။ ဒါအားလုံးအသိပဲဖြစ်ပါတယ်။ ဒီထဲက ဆရာ၊ ဆရာမတွေလည်း ကျွန်တော့်လိုပဲ ဖြစ်ပါလိမ့်မယ်။ ငါကတော့ သမိုင်းမို့လို့ ငါ့သားလေး၊ သမီးလေး သမိုင်းဘာသာယူရမယ်ဆိုတာ မရှိလောက်ပါဘူး။ နိုင်ငံတော်က အခုလုပ်နေတာကလည်း အဲ့ဒီပြဿနာတွေကို ဖြေရှင်းဖို့ ဖြစ်ပါတယ်" ဟု အထက်ပါတာဝန်ရှိသူက ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ၌ ပြုလုပ်သော အမျိုးသားပညာရေးဥပဒေနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲတွင် တက်ရောက်လာသူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့ခြင်း ဖြစ်သည်။

Private High School
MEIKTILA




1995 တွင်စတင်တည်ထောင်သည်

ဦးစိန်ဝင်း (B.Sc, Dip.Ed)

နှင့်

ဒေါ်ကြည်ကြည်မြင့် (B.Ed, M.Ed)

ဦးစီးသော

သမာဒိ

ကိုယ်ပိုင်အထက်တန်းကျောင်း

ကိုယ်ပိုင်အထက်တန်းကျောင်းသည် ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်အတွက်ကြိုတင် ကျောင်းအပ် လက်ခံလျက်ရှိပါသည်။ သမာဓိ ထူးချွန်စာသင်ဝိုင်း နှင့် အဆင့်မြင့် ဘော်ဒါ တွင် Library, Language Lab, Computer room, Science Lab, E-Library တို့နှင့်အတူ ကျောင်းသား ၁၅ ယောက်လျှင်ဆရာ ၁ ဦးနှုန်းဖြင့် တစ်ခန်းတွင် ကျောင်းသား ဦးရေ အယောက် ၃၀ နှုန်းကန့်သတ်၍ အဆင့်မြင့်သင်ကြားနည်းဖြင့် ပြုစုပျိုးထောင်ပေးလျက် ရှိပါသည်။

ပညာသင်ဆု နှင့် ပညာဒါန

၁ - သမာဓိကိုယ်ပိုင် အထက်တန်း ကျောင်းတွင် ပညာသင် ယူနေကြသောကျောင်း သားကျောင်းသူ များအနက် ထူးချွန် သူများကို သမာဓိ ပညာသင်ဆုများ ချီးမြှင့်မည်။

၂ - နဝမတန်းဖြေဆိုထားသော မည်သည့် ကျောင်းသား\ ကျောင်းသူ မဆို တက္ကသိုလ်ဝင်တန်း သမာဓိ ပညာသင်ဆု စာမေးပွဲကို ဖြေဆိုနိုင်ရန် (၂၆.၂.၂၀၁၄) နောက်ဆုံးထား၍ လျှောက်ထားနိုင် ပါသည်။

၃ - တက္ကသိုလ်ဝင်တန်း တက်ရောက်ရန် ထူးချွန်၍ အခက်အခဲရှိသော ကျောင်းသားကျောင်းသူများကို သမာဓိ ပညာဒါန ချီးမြှင့်ရန်၊ အတန်းအစဉ် အဆက် ရရှိခဲ့ ဘူးသော ထူးချွန်လက်မှတ်များ နှင့်အတူ (၂၈.၂.၂၀၁၄) နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်ဆွေးနွေး လျှောက်ထားနိုင်ပါသည်။

၄ - ကျောင်းသားသစ်များကိုအတန်းစုံ အတွက် စမ်းသပ်စာမေးပွဲ ဖြင့် လက်ခံပါမည်။

၅ - (၂၀၁၄-၂၀၁၅)ပညာသင်နှစ်အတွက် ကြိုအပ်လက်ခံပါပြီ။ လူဦးရေ ကန့်သတ်ထားသည်။

၆ - ကျောင်းကား စီစဉ်ပေးသည်။

THAMARDI Private High School MEIKTILA

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်အမှတ် ကက-၁၀/၂၃/၀၄၈
သမာဓိ ကိုယ်ပိုင်အထက်တန်းကျောင်း
အမှတ် (၂၈၈)၊ ပြည်သာယာ ၅ လမ်း၊ မိတ္ထီလာမြို့။
ဖုန်း ၀၆၄-၃၅၁၂၃၊ ၃၅၃၂၁၊ ၀၉-၂၂၀၀၅၀၀၊
၀၉-၂၂၀၀၀၃၀၊ ၀၉-၃၃၁၂၉၆၆၆

THAMARDI (Private High School)
Like us on facebook



# တရားဝင်စာရင်းအရ နှစ် ၂၀ ကျော်အတွင်း ပြည်ပသို့ သွားရောက်အလုပ်လုပ်သူ ၁ ဒသမ ၉ သန်းခန့်သာရှိ

**အေးမြတ်သူ**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

ပြည်ပသို့စေလွှတ်ခဲ့သည့် မြန်မာအလုပ်သမား အရေအတွက်မှာ တရားဝင်စာရင်းအရနှစ်ပေါင်း ၂၀ ကျော်အတွင်း ၁ ဒသမ ၉ သန်းခန့်သာရှိကြောင်း အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်စေလွှတ်ထားသည့်ပြည်ပရောက် မြန်မာအလုပ်သမားဦးရေမှာ ပြီးခဲ့သည့် ၁၉၉၀ မှ ၂၀၁၃ ခုနှစ်ကုန်ပိုင်းထိ ဆယ့်ရှစ်သိန်းရှစ်သောင်းကျော်သာ တရားဝင်စာရင်းလက်ခံရရှိထားကြောင်း သတင်းရရှိသည်။ အဆိုပါစာရင်းတွင် ပါဝင်သောအလုပ်သမားအရေအတွက်သည် အေဂျင်စီများမှ တစ်ဆင့်ချိတ်ဆက်ကာ ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများဖြစ်ပြီး မိမိအစီအစဉ်ဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်သူအရေအတွက်စာရင်းပါဝင်ခြင်းမရှိပေ။

မြန်မာအလုပ်သမားများ သွားရောက်လုပ်ကိုင်သော နိုင်ငံပေါင်း ၁၁ နိုင်ငံရှိသည့်အနက် အများဆုံးသွားရောက်လုပ်ကိုင်သော နိုင်ငံမှာမလေးရှားနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးသွားရောက်ကြသည့် နိုင်ငံမှာ ထိုင်းနိုင်ငံဖြစ်သည်။



*မလေးရှားရောက် မြန်မာအလုပ်သမားများအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင် တွေ့ရစဉ်* ဓာတ်ပုံ-အောင်သူရ

ဝန်ကြီးဌာနကထုတ်ပြန်သည့် စာရင်းအရ လက်ရှိမလေးရှားနိုင်ငံတွင်မြန်မာအလုပ်သမား ၉၉,၃၃၆ ဦးရှိပြီး ထိုင်းနိုင်ငံတွင် ၈၁,၂၃၄ ဦးရှိသည်။ ထို့အပြင်စင်ကာပူတွင် ၁၁,၉၅၄ ဦး၊ ကိုရီးယားတွင် ၁၄,၄၀၈ ဦး၊ ယူအေအီးနိုင်ငံတွင် ၆၉၃ ဦးနှင့် ဂျပန်နိုင်ငံတွင် ၅၅၅ ဦးသာ တရားဝင်စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။ထိုင်းတွင်မြန်မာအလုပ်သမားစုစုပေါင်း သုံးသန်းဝန်းကျင်နှင့် မလေးရှားတွင် ငါးသိန်းဝန်းကျင်ရှိကြောင်း အလုပ်သမားအရေးဆောင်ရွက်နေသူများက ပြောသည်။

ထို့အပြင်လက်ရှိမြန်မာအစိုးရအနေဖြင့် ဂျပန်နိုင်ငံသို့ မြန်မာအလုပ်သမားများစေလွှတ်လျက်ရှိသော်လည်း မြန်မာအစိုးရနှင့် တရားဝင် MOUလက်မှတ်ရေးထိုးထားသည့် ဂျပန်ရှိ နာမည်ကြီးအလုပ်အကိုင်အေဂျင်စီဖြစ်သော (JITCO)နှင့် လုပ်သားစေလွှတ်မှုမျိုးဆောင်ရွက်ခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

"သူတို့ဘက်နဲ့က MOU ထိုးထားပေမယ့် လုပ်သားတော့ မစေလွှတ်ရသေးဘူး။ သူတို့ကို အန်တီတို့က အလုပ်ခေါ်စာတွေ စစ်ဆေးဖို့ပြောတယ်။ သူတို့ဘက်က အဲဒါနဲ့ ပတ်သက်ပြီး ဘာမှမလုပ်ပေးနိုင်ပါဘူးလို့ပြောလို့ဆွေးနွေးတုန်းပဲရှိသေးတယ်။ ဒါပေမယ့် ဂျပန်ကိုတော့ အေဂျင်စီကနေ လုပ်သားစေလွှတ်နေတယ်။ အန်တီတို့နဲ့ MOUထိုးထားတဲ့ JITCOနဲ့သာ လုပ်သားမလွှတ်သေးတာ"ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်နွေဦးက ပြောသည်။

---

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းအလိုရှိသည်။
အမျိုးသမီးယာဉ်မောင်းကျွမ်းကျင်(၁)ဦး
ဖုန်း-၀၉ ၄၉၇၇၀၉၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရောင်းမောင်းဝန်ထမ်း (၂)ဦး
အရောင်းဝန်ထမ်း (၅)ဦး
နေရေး၊ စားရေးစီစဉ်ပေးမည်။
ဖုန်း-၀၉ ၅၁၀ ၂၁၉၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

သန့်ရှင်းရေးဝန်ထမ်း ကျား (၁) ဦး
အသက် (၂၅-၃၅) နှစ်ကြား။
အင်္ဂလိပ်စကားအသင့်အတင်ပြောဆိုနိုင်ရမည်။ လစာရှစ်သောင်း။
ဖုန်း-၀၉ ၇၃၀၅၈၅၇၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဘဏ္ဍာရေးမှူး ကျား/မ (၁) ဦး
အဆောင်မှူး ကျား/မ (၂) ဦး
ရုံးဝန်ထမ်း ကျား/မ (၁) ဦး
ဥယျာဉ်မှူး ကျား (၁) ဦး
သန့်ရှင်းရေး မ (၁) ဦး
ဖုန်း-၀၉ ၄၂၁၀၄၉၀၇၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အထွေထွေပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းအတွက် အရောင်း/ဝယ် တာဝန်ခံ အလိုရှိသည်။ ၁၀ တန်း အောင်/ဘွဲ့ရ။ နယ်စားသောက်/နေရာစီစဉ်ပေးသည်။
ဖုန်း-၀၉ ၄၂၀ ၂၅၂၁၃၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား/မ (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁၀) ဦး
ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၃) ဦး
အမှတ် (၄၅)၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေ။
ဖုန်း-၀၉ ၇၃၀ ၂၇၇၃၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ညှပ်ကျွမ်းကျင် ကျား (၂) ဦး
လျှော်+ညှပ်ကျွမ်းကျင် မ (၃) ဦး
အမှတ် (၁၂၀)၊ အခန်း(၉)၊ ပထမထပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ သုခမှတ်တိုင်အနီး။ ဖုန်း-၀၉ ၇၃၀၁၇၁၈၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Cashier | ကျား (၅) ဦး |
| Waiter | ကျား (၅) ဦး |
| ဓားကိုင် | ကျား (၃) ဦး |
| အကြော်ဆရာ | ကျား (၃) ဦး |
| ဂိတ်ကြေးကောက်ဝန်ထမ်း | ကျား (၅) ဦး |
| ညစောင့် | ကျား (၃) ဦး |
| သန့်ရှင်းရေးဝန်ထမ်း | ကျား (၃) ဦး |

ဖုန်း-၀၉ ၃၁ ၂၇၆၃၅၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီး အရောင်းဝန်ထမ်း (၂) ဦး
နံနက် ၉ မှ ည ၉နာရီ။
လစာ-ခြောက်သောင်း။
ဖုန်း-၀၉ ၃၁၅၄၄၅၃၁

--------------------------------

**ဂရင်းလိ(ဖ်)ဖြန့်ချိရေး**

အရောင်းကြီးကြပ်ရေးမှူး
ကျား (၁) ဦး မ(၂) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း
ကျား (၅) ဦး မ (၅) ဦး
အရောင်းဝန်ထမ်း
ကျား (၅) ဦး မ(၅) ဦး
အရောင်းအကူဝန်ထမ်း
ကျား (၃) ဦး မ (၃) ဦး
ဖုန်း-၀၉ ၅၀၁၆၃၂၈

--------------------------------

**အမြန်အလိုရှိသည်**

စက်ချုပ်ကျွမ်းကျင် မ (၁) ဦး
စီးကွင့် မ (၁) ဦး
နန်းထိပ်တင်ဖက်ရှင်
သံလမ်း၊ လှိုင်မြို့နယ်။
ဖုန်း-၀၉ ၅၀၀၉၃၃၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing F (5) Posts
(Furniture & Curtain)
ဘွဲ့ရ၊ အသက် ၂၇ နှစ်အောက်၊ အတွေ့အကြုံရှိသူ၊ (လစာ+ %)
ဖုန်း-၀၉ ၄၃ ၂၀၅၀၁၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စာပို့ဝန်ထမ်းအလိုရှိသည်။ (၁၀)တန်းအဆင့်၊ ကျန်းမာရေးကောင်းမွန်ရမည်။ အမှန်တကယ် အလုပ်လုပ်လိုသူများသာ လျှောက်ရန်။
ဖုန်း-၀၉-၄၅၀၀ ၂၀ ၂၀၄

--------------------------------

**အလိုရှိသည်**

ဗီဒီယိုဇာတ်ကားနှင့် တေးသီချင်း VCD တို့ ရိုက်ကူးရန်အတွက် သရုပ်ဆောင် သစ်ကျား (၁၀) ဦး၊ မ (၁၀) ဦး။
ဖုန်း-၀၁ ၂၂၇၁၉၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

လက်ချုပ် မ (၁) ဦး
စီးကွမ့်စ် မ (၁) ဦး
အမှတ် (၇၃)၊ ရောဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉ ၅၁၅၄၉၈၅

--------------------------------

**အလိုရှိသည်**

မော်လမြိုင်မြို့ပေါ်ရှိ အလှပြင်ဆိုင်အတွက် (ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ လျှော်၊ ဆေးဆိုး၊ ပေါင်းတင်)၊ ဘက်စုံကျွမ်းကျင် မ (၂) ဦး အလိုရှိသည်။
ဖုန်း-၀၉ ၇၃၇၉၀၀၃၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Assistant Auditor M/F (5) Posts
Admin Staff F (2) Posts
ကျွမ်းကျင်ယာဉ်မောင်း M (2) Posts
31/12/ 2013 မတိုင်မီလျှောက်ထားရန်။
ဖုန်း-၀၁ ၆၅၇၈၃၀

--------------------------------

**အလိုရှိပါသည်**

ဘက်စုံကျွမ်းကျင်၊ ဥယျာဉ်စိုက်ပျိုးဝန်ထမ်း (ကျား)၊ ကိုယ်တိုင် ဦးဆောင်စိုက်ပျိုးနိုင်သူ၊ မင်္ဂလာဒုံ/မှော်ဘီတွင် လုပ်ရမည်။ ကျွမ်းကျင်မှုအလိုက် အခြေခံလစာ၊ ရေ၊ ထင်း၊ မီး၊ နေစရာအဆင်သင့်။
ဖုန်း-၀၁ ၅၃၈၀ ၂၀၊ ၀၉ ၅၀၅၀၀၅၈

--------------------------------

**အလိုရှိပါသည်**

အရောင်းမြှင့်တင်နိုင်သော (ဆေး) အရောင်းဝန်ထမ်း (Sales and Marketing) (ကျား) ဘွဲ့ရစရာမလိုပါ။ အဝေးသင်မဖြစ်ရပါ။ အသက်မကန့်သတ်ပါ။ ရပိုင်ခွင့်အနည်းဆုံး လေးမျိုးရှိပါသည်။
ဖုန်း-၀၁ ၅၃၈၀ ၂၀၊ ၀၉ ၅၀၅၀၀၅၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ညှပ်ကျွမ်းကျင် ကျား (၂) ဦး
လျှော်+ညှပ်ကျွမ်းကျင် မ (၃) ဦး
အမှတ် (၁၂၀)၊ အခန်း(၉)၊ ပထမထပ်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ သုခမှတ်တိုင်အနီး။
ဖုန်း-၀၉ ၇၃၀၁၇၁၈၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Receptionist F (2) Posts
Supervisor F (2) Posts
No(660-A),Myakanthar (1) Street, Kamaryut Township.

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing F (5) Posts
(Furniture & Curtain)
ဘွဲ့ရ၊ အသက် ၂၇ နှစ်အောက်၊ အတွေ့အကြုံရှိသူ၊ (လစာ+ %)
ဖုန်း-၀၉ ၄၃ ၂၀၅၀၁၈

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

Auto-Cad ကျွမ်းကျင်သူများ အလိုရှိသည်။ လစာ+ဘောနပ်ကောင်းကောင်းပေးမည်။ ဖုန်း-၀၉ ၂၅၀၂၁၄၇၄၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အရောင်းစာရေးဝန်ထမ်းအမြန်အလိုရှိသည်။ ရုပ်ရည်အသင့်တင်ရှိပြီး Cosmetics ပစ္စည်းများ ရောင်းချမှုစိတ်ဝင်စားသူဖြစ်ရမည်။ အကျင့်စာရိတ္တ ကောင်းမွန်သူဖြစ်ရမည်။ ဖုန်း-၀၉ ၇၃၁၅၈၇၄၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီး စက်ချုပ်ကျွမ်းကျင် အလိုရှိသည်။
အမှတ်(၂၀၅)၊ ၅ လွှာ၊ လမ်း ၄၀၊ (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉ ၅၀၄၃၁၇၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အင်ဂျင်နီယာ (Cilvil,Mechnical)
ကျား/မ (၃) ဦး
အလူမီနီယမ်/စတီး/လျှပ်စစ်ကျွမ်းကျင် ကျား (၃) ဦး
အထွေထွေလုပ်သား/ကျွမ်းကျင်လုပ်သား ကျား (၂၀) ဦး
ဖုန်း-၀၁ ၅၄၃၈၁၆

--------------------------------

**အလိုရှိသည်**

အထွေထွေရောဂါကုဆရာဝန်တစ်ဦး အလိုရှိသည်။ ကော့သောင်းမြို့(မလိဝန်း)တွင် တာဝန်ထမ်းဆောင်ရန်။ အကျိုးအမြတ် ၇၅ ရာခိုင်နှုန်းခံစားခွင့်ပေးမည်။
ဖုန်း-၀၉ ၂၅၀၄၇၁၄၃၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Marketing Staff M (2) Posts
Admin Staff F (2) Posts
NO(54) 1st Floor, Lan Thit Street (Maw Tin Street), Lanmadaw Tsp, Yangon.
PH:01 2300807

--------------------------------

**ငှားရမ်းနိုင်သည်**

အကြီးတန်းလိုင်စင်အင်ဂျင်နီယာ ငှားရမ်းနိုင်သည်။
ဖုန်း-၀၉ ၂၃၀၅၈၄၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆံပင်ကျွမ်းကျင် မ (၁) ဦး
လက်သည်းကျွမ်းကျင် မ (၁) ဦး
Spaကျွမ်းကျင် မ (၁) ဦး
AnnaBella Beauty Spa
ဖုန်း-၀၉ ၄၂၀၀၉၇၂၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

| | |
|---|---|
| Receptionist | M (3) F (2) |
| Technician(Air-con/Electrical) | M (3) |
| Housekeeping | M (3) F (3) |
| Waiter/Waitress | M/F (2) |
| Secutity | M (2)/ F (2) |
| Driver | M (2) |

PH: 01 525001

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၂) ဦးအလိုရှိသည်။
ရန်ကုန်မြို့တွင်းမောင်းရန် ၁၄ ပေဒိုင်နာ။
ဖုန်း-၀၉ ၄၂၁၁၉၀၀၀

--------------------------------

**အလိုရှိသည်**

မော်လမြိုင်မြို့ပေါ်ရှိ အလှပြင်ဆိုင်အတွက် (ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ လျှော်၊ ဆေးဆိုး၊ ပေါင်းတင်)၊ ဘက်စုံကျွမ်းကျင် မ (၂) ဦး အလိုရှိသည်။
ဖုန်း-၀၉ ၇၃၇၉၀၀၃၃

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Designer M/F (3) Posts
Accountant F (1) Post
စာရင်းကိုင်ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။
ဖုန်း-၀၉ ၈၆ ၂၁ ၂၈၃

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ၂၀၁၂ အနုတ် ၄၄ ညီမျှခြင်း ၆၉ ကျွန်းဆွယ်ပွဲကျောင်းသားအရေးတော်ပုံ

**သင်းရီ**




၂၂. ၁၂. ၁၃နေ့ ညနေပိုင်းက မိမိတို့နိုင်ငံတွင် လက်ခံကျင်းပခဲ့သော အရှေ့တောင်အာရှအားကစားပွဲတော်ကြီး ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ယနေ့နှင့်ဆိုလျှင်ရက်သတ္တတစ်ပတ်ပင်ကျော်ခဲ့ပြီဖြစ်၏။ သို့သော် အားကစားပွဲတော်ပိတ်ပွဲကြီးက မျက်စိထဲက မထွက်နိုင်ခဲ့သေး။ စွဲထင်၍ပင်ကျန်နေဆဲရှိသည်။

ထိုနေ့ကရုပ်မြင်သံကြားမှန်ပြင်ရှေ့သို့အစောကြီးကတည်းကပင် စိတ်စောစွာသွားထိုင်စောင့်ကြည့်နေမိသည်။ ဖွင့်ပွဲတုန်းကလည်း ထိုနည်းလည်းကောင်း။ ဝီရိယ ကောင်းစွာနှင့်ပင် အချိန်ခပ်စောစောကတည်းက ရုပ်မြင်သံကြားရှေ့ထိုင်ကာ အစအဆုံးကြည့်နေခဲ့မိသေး၏။ ဝီရိယကောင်းရကျိုးဖြင့် နပ်ခဲ့လေ၏ဟု ပြောချင်သည်။

ဖွင့်ပွဲပိတ်ပွဲ နှစ်ခုလုံး ခမ်းနားလှပလိုက်ပုံကဖြင့် "အဲ့ဒါ မြန်မာကွ" ဟုစိတ်ထဲမှာ အကြိမ်ကြိမ်ပြောမိသည်ထိဖြစ်သည်။

အမှန်အတိုင်းပြောရလျှင်မူမိမိတို့နိုင်ငံထဲတွင်ကျင်းပခဲ့ကြသည့် ပျော်ပွဲ ရွှင်ပွဲ၊ ဆိုကရေးတီးပွဲ၊ အားကစားပွဲ၊ ဘာပွဲ ညာပွဲတွေနှင့် ပတ်သက်၍ ကျွန်တော့်နှလုံးသားကသေနေတာကြာခဲ့ပြီ။ အာဏာရှင်တို့ လုပ်ချင်တာတွေ စိတ်ရှိတိုင်းလုပ်နိုင်ဖို့ဆင်ကိုယ်ထည်လောက်အပုပ်အပွတွေကို ဖုံးပစ်နေသည့် အာရုံပြောင်း ဆိတ်သားရေချပ်တွေလို့ပဲမြင်သည်။ ထို့ကြောင့် အာဏာရှင်တွေ ဖန်ဆင်းသည့် လုပ်ပွဲမှန်သမျှကို ကျောခိုင်းထားခဲ့သည်။

သို့သော် ယခု နှစ်ပေါင်း ၄၄ နှစ်ကြာသည့်အခါတွင်မှ အိမ်ရှင်နိုင်ငံအဖြစ် ပြန်လည်ကျင်းပခွင့်ရသည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲကိုမူ စိတ်ပါလက်ပါနှင့်ပင် အစောကတည်းက စောင့်ကြိုမျှော်လင့်နေမိပြန်၏။ အကြောင်းရှိ၍ ပြောင်းခဲ့သည့်စိတ်ပါခင်ဗျ ဟု ဆိုချင်သည်။

အရှေ့တောင်အာရှ အားကစားပွဲ (SEA GAMES) ကို လက်ခံကျင်းပခွင့်ရှိခြင်း၊ မရှိခြင်း ဆိုသည်ကလည်း မိမိတို့ နိုင်ငံ၏နိုင်ငံရေးအခြေအနေများပေါ်တွင်လုံးဝမှီတည်နေသည်ဖြစ်၏။ အိမ်သာမှ ညှော်လာသည် ဆိုသလို ယခုအခါ နိုင်ငံရေးရာသီဥတုက သာတောင့်သာယာလေးရှိလာခဲ့ပြီမို့ သည်လိုအားကစားပွဲတော်ကြီးမျိုးကိုကျင်းပခွင့်ရရှိလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လည်း လွန်ခဲ့သည့် ၄၄ နှစ်ဆိုသည်ကို ပြန်ငဲ့ကြည့်တော့ စစ်ရိပ်တိမ်မှောင်တွေ ဖုံးနေခဲ့တာ အထင်းသားမြင်နေရဆဲရှိနေသေးသည်။ ပြန်တွေးလို့ သိပ်မကြာလှသေး ထင်ရသော်မင့် ရာစုနှစ်ဝက်နီးပါးပင်ရှိခဲ့ပြီ။

သည်အခါတုန်းကဆီအက်ပ်ဂိမ်း(SEAP GAMES)ဟုခေါ်ခဲ့ကြသော အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံကနှစ်ကြိမ်တိုင်လက်ခံကျင်းပ ခွင့်ရရှိခဲ့ဖူးသည်။ ပထမအကြိမ်အဖြစ်နှင့်က စစ်အာဏာမသိမ်းမီ ၁၉၆၁ ခုနှစ် ပါလီမန် ဒီမိုကရေစီခေတ်တုန်းကဖြစ်လျက် ဒုတိယအကြိမ်အဖြစ်နှင့်ဗိုလ်ချုပ်နေဝင်း စစ်အစိုးရလက်ထက် ၁၉၆၉ ခုနှစ်တွင်ဖြစ်၏။

ထိုအရှေ့တောင်အာရှကျွန်းစွယ်အားကစားပွဲတော် (SEAP GAMES)ကို နောက်ဆုံးလက်ခံကျင်းပခွင့်ရရှိခဲ့သည့် ၁၉၆၉ ခုနှစ်ဟူသော ထိုအတိတ်မှပုံရိပ်တွေကမူ စစ်အာဏာရှင်ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့်ကျောင်းသားတို့၏ သမိုင်းနှင့်ဆက်နွှယ်နေခဲ့သေးသည်ဖြစ်၍ ခုထိပင်မမေ့တဲ့နိုင်အောင်ရှိနေမိဆဲဖြစ်ရသည်။

သည်တုန်းကအရှေ့တောင်အာရှကျွန်းဆွယ်အားကစားပွဲကနေပြည်တော်ဆိုတာ မပေါ်သေးသည့်အခါပေမို့ မြို့တော်ရန်ကုန်မှာပဲ ကျင်းပခဲ့သည်။ အားကစားသမားတွေ တည်းခိုနေထိုင်ဖို့အားကစားရွာကိုလည်း လှိုင်တက္ကသိုလ်ဝင်းထဲမှာနေရာချစီစဉ်ထားလျက်အားကစားပွဲတချို့ကိုလည်း တက္ကသိုလ်ဝင်းထဲမှ အဆောက်အအုံတွေမှာပင် စီစဉ်ထားခဲ့သည်။ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်အဆောက်အအုံကြီးထဲမှာက ဂျူဒိုပြိုင်ပွဲ၊ သမိုင်းဝင်းထဲက စီးပွားရေးတက္ကသိုလ် မေခဆောင် ရှေ့မှာကဘောက်ဆင်ပြိုင်ပွဲ၊ စသည်ဖြင့် . . .

အဲ့သည်ကျောင်းဝင်းထဲကဘောက်ဆင် ပြိုင်ပွဲဝင်ခွင့် လက်မှတ်ရဖို့ ကြိုးစားကြရင်းမှ ပင်လက်မှတ်မရသည့် ကျောင်းသားတွေနှင့် လုံခြုံရေးတာဝန်ယူသူတို့ ငြိကြသည်မှ ပြဿနာက စတော့သည်။

တကယ်တော့လည်း ဘောက်ဆင်ပြိုင်ပွဲ ဝင်ခွင့်လက်မှတ်ရခြင်း မရခြင်းဆိုသည်က သည်လောက်ကြီးဖြစ်ရလောက်သည့် ကိစ္စ မဟုတ်ပေမင့် မကျေမလည်ဖြစ်၍ ဆူကြပူကြသည့် ကျောင်းသားတွေကို မေခဆောင်ထဲအထိ လုံထိန်းတွေကဝင်ရိုက်သည့်လုပ်ရပ်ကပြဿနာကိုကြီးထွားသွားစေခဲ့သည့်လက်ငင်းအကြောင်းတရားဖြစ်လျက် အာဏာသိမ်းစစ်အစိုးရအပေါ် ကျောင်းသားထုကလက်မခံနိုင်ခြင်းကသာ အဓိက အကြောင်းရင်းခံဖြစ်လေ၏။

သည်အခါက တိုင်းပြည်ကိုအုပ်ချုပ်နေသည့် ဗိုလ်ချုပ်နေဝင်း၏ အာဏာသိမ်းစစ်ကောင်စီ ဆိုသည်ကလည်း အာဏာသိမ်းပြီးစသုံးလကျော် အကြာဖြစ်သော ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်တွင်ပင်လက်နက်ဆို၍အပ်တို တစ်ချောင်းကိုင်မထားသည့်တက္ကသိုလ်ကျောင်းသားတွေကို "ခားခားချင်း တုတ်တုတ်ချင်း" ဆိုသည့် စိန်ခေါ်ချက်ဖြင့် ရန်ကုန်တက္ကသိုလ်ကြီးထဲတွင်ပင် သွေးချောင်းစီးပစ်သတ်ခဲ့ကာကျောင်းသားသမဂ္ဂအဆောက်အအုံကြီးကို "သူပုန်သူကန်တွေခိုအောင်းရာ" ဟုသတ်မှတ်ဖြိုချပစ်ခဲ့သည့် သွေးစွန်းပြီးစ စစ်အာဏာရှင် အစိုးရဖြစ်၏။ ထို့ကြောင့်ပင်ကျောင်းသားတွေနှင့် စစ်အစိုးရတို့ကြားမှရန်ငြိုးရန်စက ခုနစ်နှစ်အကြာဖြစ်သော ၁၉၆၉ ခုနှစ်တိုင် ကမ္ဘာမကျေဆဲရှိသည်။ တကယ်တော့လည်း ၁၉၆၂ခုနှစ်ဇူလိုင်၇ရက်ဆိုသည်က တွေးမိတိုင်းကျောင်းသားတွေရင်ထဲ တနုံ့နုံ့ဖြစ်ရသည့်နေ့စွဲသာဖြစ်၏။

သည့်သို့သောအခြေအနေမျိုးမှာပင်ကျောင်းဝင်းထဲ၌ စစ်အစိုးရကဝင်ရောက်ကျင်းပသောအရှေ့ တောင်အာရှကျွန်းဆွယ်ပွဲ၏ ဘောက်ဆင်ပွဲဝင်ခွင့်လက်မှတ်မရခြင်းဆိုသည်ကပြောပလောက်သည့်အဖြစ်မဟုတ်သည့်တိုင် ကျောင်းသားတွေကလည်း စစ်အစိုးရအပေါ် မကျေနပ်ရင်းစွဲ ဖြင့် မကျေမနပ်ဖြစ်ကြ၊ စစ်အစိုးရကလည်း ကျောင်းသားဆိုသည်ကို မုန်းရင်းစွဲဖြင့်မုန်း။ ထိုနှစ်ခုတိုက်ဆိုင်ကာလုံထိန်းရဲကမေခဆောင်ထဲမှ ကျောင်းသားတွေကို ဝင်ရိုက်ရာမှ စတင်လျက်စစ်အစိုးရကိုဆန့်ကျင်သော"ကျွန်းဆွယ်ပွဲ အရေးအခင်း" ဆိုသည့်သမိုင်းဝင် ကျောင်းသား အရေးအခင်းကြီး တစ်ခုဖြစ်ပေါ်လာခဲ့တော့ခြင်းဖြစ်၏။ စစ်အစိုးရကိုဆန့်ကျင်သည့် ထိုအရေးအခင်းသည် ၁၉၆၂ဆဲဗင်းဂျူလိုင် အရေးအခင်းပြီးနောက်ပိုင်းတွင် အကြီးမားဆုံးသော ကျောင်းသားလှုပ်ရှားမှုကြီးတစ်ခုလည်းဖြစ်၏။

ကျောင်းသားတို့ စိတ်တွင်မူ အားကစားပွဲကို ဆန့်ကျင်သည်မဟုတ်။ ဒီမိုကရေစီအစိုးရလက်ထဲမှအာဏာကို သေနတ်အားကိုးဖြင့်သိမ်းယူလျက် ထိုမတရားမှုကိုလက်မခံ ဆန့်ကျင်သော ကျောင်းသားများ ကိုသတ်သည့်စစ် အစိုးရကို ဆန့်ကျင်ကြခြင်းဖြစ်သည်။

သို့နှင့် သမိုင်းကျောင်းဆောင်ဝင်းထဲမှနေ၍ စစ်အစိုးရကိုဆန့်ကျင်မှုစတင်ခဲ့သော စီးပွားရေးတက္ကသိုလ် ကျောင်းသားများထံသို့ ပင်မတက္ကသိုလ်ဝင်းထဲမှ ချက်ချင်းဆိုသလိုပင် ရောက်လာခဲ့ကြသောကိုအောင်သန်း(သဲကုန်း) ကိုစန်းလှိုင် (မုံရွာ) ကိုလှကျော်(လူငယ်ဖန်တီးရှင်လှကျော်နေ)ကိုချစ်ခင်(မုံရွာ)ကိုသိန်းဝင်း(သဲကုန်း) စသည့် ကျောင်းသားခေါင်းဆောင်များ ပူးပေါင်းမိသွားကာမေခဆောင်နှင့်မလိခဆောင်နှစ်ခုအကြားမှ အင်းစိန်လမ်းမကြီးပေါ်ရှိ ဘာဒါမှတ်တိုင်ဆီဖောက်ထွက်လျက်အင်းစိန်လမ်းမကြီးအတိုင်း ပင်မတက္ကသိုလ်ကြီးဆီ ချီတက်ကြရင်း စစ်အစိုးရဆန့်ကျင်သော ကြွေးကြော်သံတွေ ကြွေးကြော်လျက်ပင်မတက္ကသိုလ်ဝင်းကြီးအတွင်းမှ ကျောင်းသားများနှင့် ပေါင်းစည်းရန် ချီတက်လာနိုင်ခဲ့ကြသည်။

သို့သော် သမိုင်းဝင်းထဲမှကျောင်းသားများနှင့် ပင်မတက္ကသိုလ်ဝင်းထဲမှ ကျောင်းသားများပူးပေါင်းမိသွားမည်ကို မလိုလားသည့် စစ်အာဏာပိုင်များက လှိုင်ရဲစခန်းရှေ့မှနေ၍ လက်နက်ကိုင်စစ်သားများနှင့် ပိတ်ဆို့ထားလိုက်ကြသည်။

သို့သော်ကျောင်းသားများကလူစုမခွဲကြဘဲ ထိုနေရာတွင်ပင် အထိုင်ချကာ ကျောင်းသားခေါင်းဆောင်တွေဖြစ်ကြသည့်ကိုအောင်သန်း၊ ကိုစန်းလှိုင်၊ ကိုလှကျော်တို့က ကျောင်းသားတွေနှင့်ပူးပေါင်းလာကြသော ပြည်သူများနှင့် ကျောင်းသားများကို စစ်အစိုးရဆန့်ကျင်ရေးတရားများ တစ်လှည့်စီဟောပြောကြရင်းနှင့် မိုးစင်စင်လင်းခဲ့သည်။ မိုးလင်းသည့်တိုင်လူစုခွဲမသွားကြသည့် ကျောင်းသားများကို နံနက် ၈ နာရီခန့်လောက်အရောက်တွင် စစ်တပ်နှင့် ရဲကဝိုင်းဝန်းပိတ်ဆို့ဖမ်းဆီးကြသည်မှ လူစုကွဲကာပင်မတက္ကသိုလ်ကြီးထဲတွင် ခေါင်းဆောင်မှု တာဝန်ယူနေကြသည့် ကိုစိန်လှိုင် (ပခုက္ကူ) ကိုခင်မောင်ဌေး(ရန်ကုန်)တို့ ကျောင်းသားအုပ်စုများနှင့် အပြေးအလွှားပင်ပေါင်းစည်းမိသွားကြသည်။

ထိုသို့ပေါင်းစည်းမိကြပြီးကာမှ တက္ကသိုလ်ဝင်းကြီးထဲမှ ပြည်လမ်းပေါ်သို့ထွက်ကာ အသံလွှင့်ရုံရှေ့မှသည် ကြံတောသုသာန်ကိုဖြတ်လျက်ကြည့်မြင်တိုင် ဘက်ဆီ ဆန္ဒပြကျောင်းသားများမြို့လုံးအနှံ့ ချီတက်ခဲ့ကြတော့သည်။

**စာမျက်နှာ(၁၉) သို့**

စာမျက်နှာ(၁၈)မှ

## ၂၀၁၂ အနှစ် ၄၄ ညီမျှခြင်း ၆၉ ကျွန်းဆွယ်ပွဲ ကျောင်းသားအရေးတော်ပုံ

အားကစားပွဲကို ဆန့်ကျင်သည်မဟုတ်ဘဲ အာဏာသိမ်းစစ်အစိုးရကိုဆန့်ကျင်သည့် ကျောင်းသားလှုပ်ရှားမှုကြောင့် ထိုအခါက အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပွဲကြီး ပျက်မသွားခဲ့သော်လည်း တက္ကသိုလ်ဝင်းထဲတွင် ကျင်းပသည့် ဂျူဒို၊ ဘောက်ဆင်အစရှိသည့် အားကစားပွဲတွေတော့ ဆက်လက် မကျင်းပနိုင်ခဲ့တော့။ အားကစားပွဲတော်လက်ခံကျင်းပခဲ့သည့် အစိုးရလည်း နာမည်ပျက်ခဲ့ရတော့သည်။

အားကစားပွဲ အပြီးတွင်မူ ကျောင်းသားကျောင်းသူ အတော်များများမှာလည်း စစ်အစိုးရ၏ ဖမ်းဆီးအကျဉ်းချခံခဲ့ကြရသည်။ အချို့လည်းစစ်အုပ်စုကိုလက်နက်ကိုင်တိုက်ပွဲဝင်ရန် ပဲခူးရိုးမပေါ်တွင် အခြေခိုင်လျက်ရှိနေသေးသော ဗမာပြည်ကွန်မြူနစ်ပါတီသို့ရောက်ရှိသွားခဲ့ကြတော့သည်။

ဤသည်ပင်မြန်မာနိုင်ငံတွင် ၁၉၆၉ ခုနှစ်က နောက်ဆုံး အဖြစ်လက်ခံကျင်းပခွင့်ရခဲ့သည့် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲနှင့် တစ်ဆက်တစ်စပ်တည်းပေါ်ပေါက်ခဲ့သော ကျောင်းသားလှုပ်ရှားမှုမြင်ကွင်းပုံရိပ်များနှင့် ထိုပွဲ၏အကျိုးဆက်များပင်ဖြစ်တော့၏။

ထိုကတည်းမှစ၍ မိမိလည်း စစ်အုပ်စုက ဦးစီးကျင်းပသည့် အားကစားပွဲ ဘာပွဲညာပွဲ ပွဲမှန်သမျှကိုကျောခိုင်းလိုက်မိတော့ခြင်းဖြစ်၏ဟု ဆိုရပါမည်။

ထို ၁၉၆၉ ခုနှစ် နောက်တောက်လျှောက်လည်းစစ်အုပ်စုက နိုင်ငံကိုလက်နက် အားကိုးဖြင့် အနိုင်ကျင့်အုပ်ချုပ်လာခဲ့သည်မှာ ၂၀၁၀ရွေးကောက်ပွဲမတိုင်မီကာလအထိဟု ဆိုရမည်ဖြစ်၏။

ထို့အတူ ကျောင်းသားများကလည်း ထိုစစ်အစိုးရကို ၆၉-၇၄-၇၅-၇၆-၁၉၈၈ အရေးတော်ပုံကြီးအထိ။ ထိုမှတစ်ဆင့် အပြီးမသတ်နိုင်သေးသောတိုက်ပွဲအဆင့်ဆင့်ကို အလံမလဲစတမ်းတိုက်ပွဲဝင်လာခဲ့ကြသည်မှာ ၂၀၁၀ ထိ။

ထိုသို့အဆက်မပြတ်တိုက်ပွဲဝင်လာခဲ့ကြသော ကျောင်းသားတိုက်ပွဲများ၏ ဂုဏ်ရောင်ပြောင်မှု အကျိုးဆက်အဖြစ်ယခုအခါတွင်မူ ဘောင်းဘီချွတ် ဖားတစ်ပိုင်းငါးတစ်ပိုင်း အစိုးရဟုဆိုဦးတော့ ဒီမိုကရေစီအနံ့ အသက်မျှလောက်ကို ရှူရှိုက်ခွင့်ရလာသည့် အချိန်သို့ရောက်ရှိလာခဲ့ပြီဖြစ်၏။

ထိုအခြေအနေများကြောင့်လည်း အာရှကရော ကမ္ဘာကပါ မြန်မာကို ဆေးဖော်ကြောဖက်လုပ်လာသည့်အခြေအနေအဖြစ်သည်နှစ်တွင် အရှေ့တောင်အာရှကျွန်းဆွယ်ပွဲကို လက်ခံကျင်းပခွင့် ရရှိလာခဲ့ခြင်းဖြစ်၏။

ထို့ကြောင့်လည်းမိမိအနေနှင့်တော့ဖြင့် အရှေ့တောင်အာရှအားကစားပွဲတော်ကိုမြန်မာနိုင်ငံတွင် ယခုနှစ်လက်ခံကျင်းပခွင့်ရတော့မည်ဆိုကတည်းက ၁၉၆၉ ကျွန်းဆွယ်ပွဲကို သတိရမိရသည်။ ထို ၁၉၆၉ ကျွန်းဆွယ်ပွဲနှင့်အတူ ခွဲခြားမရနိုင်ခဲ့သည့် ကျောင်းသားများ၏ "ကျွန်းဆွယ်ပွဲ အရေးအခင်းကြီး" ကိုလည်း သတိတရ ရှိမိရသည်။

ကျောင်းသားများကို ၁၉၆၂ ဆဲဗင်းဂျူလိုင်တွင် စစ်အာဏာရှင်က သွေးထွက်သံယိုသတ်ဖြတ်ရက်စက်ခဲ့အပြီး ခုနစ်နှစ်နီးပါးကြာမျှ အရှိန်တန့်သွားခဲ့ရသော ကျောင်းသားများ၏ စစ်အာဏာရှင်ဆန့်ကျင်ရေးစိတ်ဓာတ်ကို ထိုကျွန်းဆွယ်ပွဲအရေးအခင်းကြီးက ပြန်လည်အားကောင်းစေဖို့ သွေးသစ်လောင်းပေးခဲ့ခြင်းကိုလည်း သတိတရရှိမိသည်။

၁၉၆၉ မှ ၄၄ နှစ်အကြာဖြစ်သည့် ယခုအခါ ၂၀၁၂ တွင်မှ ပြန်လည်ကျင်းပခွင့်ရရှိလာခဲ့သည့် ဤအရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးကိုလည်း နိုင်ငံရေးရာသီဥတု မိုးကောင်းကင်က စစ်တိမ်တောင် အရိပ်မည်းများမှ လွတ်စပြုပြီမို့စိတ်ဝင်စားချင်စိတ်ကလေး ရှိလာခဲ့မိရသည်။

သည်လိုနှင့် အားကစားပွဲတော်ဖွင့်ပွဲကို ရုပ်မြင်သံကြားရှေ့တွင်ထိုင်ကာ ကြည့်မိပြီဆိုတော့ ဖွင့်ပွဲ အနုပညာတင်ဆက်မှုတွေက ကျွန်တော့်ကို ကောင်းစွာဖမ်းစားထားလိုက်တော့သည်။ စောင့်ထိုင်ကြည့်ရကျိုး နပ်လိုက်တာဟုလည်း တွေးမိရသည်။ တို့မြန်မာတွေဟာ အနုပညာရော အားကစားမှာပါ အညံ့တွေမဟုတ်ဟု လက်မထောင်ချင်မိသည်။ စစ်အာဏာရှင်၏လောင်းရိပ်သာမရှိခဲ့လျှင် ဟုတွေးမိတော့ လွန်ခဲ့သည့်ရာစုနှစ်ဝက်မျှလောက် ကာလကြီးကိုလည်း နှမြောမိရသည်။

ဖားတစ်ပိုင်းငါးတစ်ပိုင်းဘဝမှလွတ်မြောက်ကာ ဒီမိုကရေစီစစ်စစ်အောက်တွင် ခုထက်မကတိုးတက်ပွင့်လန်းလာနိုင်မည့်မြန်မာ့အားကစားနှင့် အနုပညာတွေကို မျှော်လင့်ရင်းမှလည်း ကြည်နူးနေမိရပါသေးတော့သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 109,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 367,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 395,000 |
| Galaxy Note II | 470,000 |
| Galaxy Tab3 7" | 309,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 450,000 |
| Xperia J | 177,000 |
| Xperia P | 265,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 915,000 |
| iPhone 5s(16GB) | 805,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 99,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 144,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 116,000 |
| G 610c (CDMA) | 159,000 |
| Y 300c (CDMA) | 102,000 |

ဒီဇင်ဘာ(၂၈) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51-4900 | 680,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 380,000 |
| LG (LED) | 32LN5120 | 268,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 335,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 248,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 195,000 |
| Panasonic | 72B2 | 205,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၈)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၀၆၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၇၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၂၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၃၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm)အပါး | ၁ ပေ | ၄၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1''-1½'') | ၁ ပိဿာ | ၁,၅၅၀ |
| အိမ်ရိုက်သံ (2''-4'') | ၁ ပိဿာ | ၁,၂၅၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၂၈)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၂၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၂၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၄၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဒီဇင်ဘာ(၂၈)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jau (1) | 815 | 920 | 940 | 960 |
| Jau (2) | 815 | 920 | 940 | 960 |
| Jau (3) | 815 | 920 | 940 | 960 |
| Jau (4) | 815 | 920 | 940 | 960 |
| Jau (5) | 815 | 920 | 940 | 960 |
| Jau (6) | 815 | 920 | 940 | 960 |
| Jau (7) | 815 | 920 | 940 | 960 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Asus** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, 14" | 491,000 |
| Intel Core i3 1.8 GHz, 4GB DDR3, 500 GB HDD, 15.6" | 510,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, HD,14" | 618,000 |
| Intel Core i7 2.0 GHz, 4 GB DDR3, 750 GB HDD ,15.6" | 973,000 |
| **Lenovo** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, 14" | 491,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, HD,13.3" | 677,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 756,000 |
| Intel Core i7 2.3 GHz, 4 GB DDR3, 500 GB HDD ,14" | 815,000 |
| **Acer** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 457,000 |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD,14" | 585,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 620,000 |
| Intel Core i7 1.8 GHz, 4GB DDR3,1TB HDD, 15.6" | 786,000 |

7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# မြန်မာသစ်တောများအတွက် ကုထုံးသစ်

**အိဖြူမွန်**

မြန်မာ့သမိုင်းတစ်လျှောက် သစ်ထုတ်လုပ်ရေးသည် တိုင်းပြည်၏ ဝင်ငွေအများဆုံးရှာပေးသည့် ပို့ကုန်စာရင်းတွင် အဆင့်တစ်မှ လေးအတွင်း အမြဲချိတ်ခဲ့သည်။ မြန်မာ့သစ်ထုတ်လုပ်ရေး သမိုင်းတွင် ၂၀၁၄ မတ်လ ၃၁ ရက်မှာ မှတ်တိုင်သစ်စိုက်ထူမည့်နေ့ ဖြစ်သည်။ သစ်အလုံးလိုက်တင်ပို့မှုကို အစိုးရက ၂၀၁၄ မတ်လ ၃၁ ရက်မှစ၍ ရပ်နားတော့မည်ဖြစ်သောကြောင့်ပင်။

သမိုင်းအဆက်ဆက်သစ်အမိကတင်ပို့ခဲ့သော နိုင်ငံတွင် သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းခြင်းကြောင့် ရရှိလာမည့် အကျိုးအမြတ်နှင့် နောက်ဆက်တွဲ ပေါ်ပေါက်လာမည့် ပြဿနာများက ဘာဖြစ်မည်လဲဆိုသည်က စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ယခင်က သစ်ထုတ်လုပ်မှုနှင့် တွင်းထွက်သယံဇာတများအပေါ် တိုင်းပြည်စီးပွားရေးကို အခြေခံရသောကြောင့်ပတ်ဝန်းကျင်ပျက်စီးမှုများနှင့် သစ်တောပြုန်းတီးမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုပြဿနာများကို ဖြေရှင်းရန် သစ်အလုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းခြင်းမှာ အစိုးရသစ်အတွက်ပထမခြေလှမ်းဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက 7Day News ဂျာနယ်နှင့် မေလတွင် သီးသန့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

သစ်အလုံးလိုက် တင်ပို့မှုမရပ်ဆိုင်းမီကတည်းက မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ နိုင်ငံ၏ ၄၅ ရာခိုင်နှုန်းခန့်ကျန်ရှိသည်ဟု ထုတ်ပြန်ထားသော်လည်း အမှန်တကယ် သစ်တောထူထပ်သည့် နိုင်ငံ၏ ဧရိယာမှာ ၁၉ ရာခိုင်နှုန်းခန့်သာ ကျန်ရှိသည်။ ဧရိယာစတုရန်းမိုင်ဖြင့်တွက်ချက်ပါက ငါးသောင်းကျော်သာရှိသည်။ထို့ကြောင့် သစ်အလုံးလိုက်တင်ပို့မှုမှာမြန်မာ့သစ်တောများ ပြုန်းတီးနေမှု အဖြေရှာရန်၊ ကာကွယ်ရန် ဆေးတစ်လုံးဖြစ်သည်။

"အစိုးရအနေနဲ့ ပိုက်ဆံများများရနိုင်မယ်။ ကုန်ချောထုတ်လုပ်မှုကို အားပေးမယ်။ နောက်အခြားတစ်ဖက်ကလည်း သစ်တောဖုံးလွှမ်းမှုပမာဏကိုအခြေခံပြီး သင့်တော်တဲ့သစ် ထုတ်လုပ်ရင် သစ်တောပြုန်းတီးမှုကို သက်သာလာနိုင်တယ်။ ချက်ချင်းဟုန်းခနဲတော့ တောတွေကောင်းလာမှာတော့ မဟုတ်ဘူး။ နှစ်တွေ အများကြီး စောင့်ရမယ်။ သစ်တောပြုန်းတီးရတာ သစ်ခုတ်တာ တစ်ခုတည်းကြောင့်မဟုတ်ဘူးဆိုတာအားလုံးသတိချပ်ဖို့လည်း လိုပါတယ်" ဟု လူထုအခြေပြု အစုအဖွဲ့ပိုင်သစ်တောတည်ထောင်မှုများလုပ်ကိုင်ပေးလျက်ရှိသည့် သစ်တောကျွမ်းကျင်သူ ဒေါက်တာမောင်မောင်သန်းက ပြောသည်။



*ပြည်ပသို့ သစ်တင်ပို့ရန်ပြင်ဆင်နေကြစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လက်ရှိမြန်မာ့သစ်ထုတ်လုပ်ရေးတွင် ဆင်အကောင်ရေ၅၀၀၀ ခန့် အသုံးပြုနေပြီး ဆင်အကောင်ရေ ထက်ဝက်ကျော်သည် ပုဂ္ဂလိကဆင်ပိုင်ရှင်များထံမှ အစိုးရက ငှားရမ်းထားခြင်းဖြစ်သည်။ သစ်ဆွဲဆင်အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သည့်အပြင် ဆင်ပိုင်ရှင်များက အသုံးပြုရန်မလိုသည့် ဆင်များကို ရောင်းချရန် စီစဉ်နေသောကြောင့် ပုံမှန်ထိန်းသိမ်းစောင့်ရှောက်သူမရှိဘဲ ဆင်များ ဒုက္ခရောက်နိုင်ကြောင်း ဆင်ပိုင်ရှင်များနှင့် သားရဲတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်သူများက အယ်ဂျားဇီးယားသတင်းဌာနနှင့် အင်တာဗျူးတွင် ပြောသည်။

သစ်အလုံးလိုက်တင်ပို့မှုရပ်ဆိုင်းခြင်းကြောင့် ပြည်တွင်းတွင် မလွဲမသွေရင်ဆိုင်ရမည်မှာ သစ်ထုတ်လုပ်သည့် ကုမ္ပဏီများတွင် သစ်ဆွဲဆင်ကောင်ရေ လျှော့ချမှုများ ရှိလာမည်ဖြစ်သည်။ သစ်ဆွဲဆင် အကောင်ရေ လျှော့ချမှုကြောင့် သစ်ဆွဲဆင်အလုပ်သမားများနှင့်လုပ်သားများအလုပ်လက်မဲ့ပြဿနာကို ရင်ဆိုင်ရမည်ဖြစ်သည်။

ပြည်ပသို့ သစ်အလုံးလိုက် အမိက တင်ပို့သည့် မြန်မာ့သစ်လုပ်ငန်းတွင် လက်ရှိဝန်ထမ်း နှစ်သောင်းခွဲနှင့် ပင်စင်ဝန်ထမ်းတစ်သောင်းခွဲခန့် ရှိသည်။ တစ်နှစ်လျှင် ဝန်ထမ်းလစာများအတွက် ကျပ် ခုနစ်ဘီလီယံကုန်ကျသည်။ မြန်မာ့ သစ်လုပ်ငန်းသည် ပြည်တွင်းကုမ္ပဏီများနှင့် သစ်ထုတ်လုပ်မှုကို ဖက်စပ်လုပ်ဆောင်ပြီး ပြည်ပသို့ အမိကသစ်တင်ပို့သည့် အစိုးရအဖွဲ့အစည်းဖြစ်သည်။ အပြောင်းလဲဖြစ်ပါက အမိကခံစားရမည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အစိုးရက ၎င်းတာဝန်ယူလုပ်ကိုင်နေသော သစ်တင်ပို့ခြင်းလုပ်ငန်းကို အများပိုင်ကုမ္ပဏီ ပြုလုပ်ရန် ယခုအခါ စဉ်းစားနေသည်။

ပြည်ပသို့ သစ်တင်ပို့ရောင်းချမှုမှ နှစ်စဉ်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀၀ ရရှိမှုတွင် အမေရိကန်ဒေါ်လာသန်း၅၄၀သည် သစ်လုံးတင်ပို့ခြင်းမှရရှိသည့် ဝင်ငွေဖြစ်သည်။ သစ်အချောထည် တင်ပို့မှုမှ နှစ်စဉ် ၁၀ ရာခိုင်နှုန်းခန့်သာ ဝင်ငွေရှိသောကြောင့် သစ်အလုံးလိုက်တင်ပို့မှုမှ ရရှိသည့်ဝင်ငွေ လျော့ကျသွားမည်ဖြစ်ပြီး သစ်အချောထည်တင်ပို့မှုမှ ဝင်ငွေတိုးအောင် ကြိုးစားရမည်ဖြစ်သည်။

အကြောင်းမှာ ကမ္ဘာ့သစ်ဈေးကွက်တွင် တန်ဖိုးမြင့် ကျွန်းသစ်သစ်အချောထည်ခွဲသားများ တင်ပို့ရောင်းချရာတွင် မြန်မာနိုင်ငံအပါအဝင် အခြား နိုင်ငံများသည် တရုတ်နိုင်ငံမှ ဈေးပေါပေါနှင့် ရောင်းချသည့် သစ်ဈေးကွက်ကို မယှဉ်ပြိုင်နိုင်ပေ။ မြန်မာနိုင်ငံ၏ ကျွန်းသစ်နှင့် အခြားသစ်မာများသည် တရုတ်-မြန်မာနယ်စပ်များမှ တစ်ဆင့် သစ်ခိုးထုတ်မှုများရှိနေသောကြောင့် ယခုအခါ ကမ္ဘာ့နိုင်ငံများကပင် တရုတ်နိုင်ငံ သစ်များကို ဝယ်ယူနေသည့် ဥရောပနိုင်ငံများအဖွဲ့ (အီးယူ)ကို ဖိအားပေးနေသည်။

သစ်ခိုးခုတ်မှု ကာကွယ်တားဆီးရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်ပြည်ထဲရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး သစ်တောလုံခြုံရေးတပ်ဖွဲ့ ယခုနှစ်တွင် ဖွဲ့စည်းခဲ့သော်လည်း တိုင်းရင်းသားဒေသများတွင် သစ်ခိုးထုတ်မှုပြဿနာသည်သယံဇာတခွဲဝေသုံးစွဲရေးပြဿနာဖြစ်သော ကြောင့် နိုင်ငံရေးအရ အချိန်ယူ ဖြေရှင်းရမည်ဖြစ်သည်။

ထို့ကြောင့် သစ်အလုံးလိုက်တင်ပို့မှုရပ်ဆိုင်းမည့် အမိန့်အာဏာသည် တိုင်းရင်းသား လက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးမဖော်နိုင်သေးသရွေ့ပြည်ထောင်စုအစိုးရ၏ ဥပဒေလွှမ်းမိုးမှုမရှိသောနေရာများတွင် သစ်ခိုးထုတ်မှုများ ဆက်လက်တည်ရှိနေဦးမည်ဟု သဘာဝပတ်ဝန်းကျင်လေ့လာစောင့်ကြည့်သူများနှင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းရှင်များက ပြောသည်။

"ဝန်ကြီးဌာနက ဖွဲ့လိုက်တဲ့အဖွဲ့က ဥပဒေလွှမ်းမိုးမှုရှိတဲ့ ဒေသတွေမှာ ရှိနေတဲ့ သစ်ခိုးထုတ်မှုတွေကိုနှိမ်နင်းနိုင်ပေမယ့်နယ်စပ်တွေမှာဖြစ်နေတဲ့ သစ်ခိုးထုတ်မှုတွေကိုတော့ တားဆီးနိုင်ဖို့ခဲယဉ်းပါတယ်။ ဒါဟာ နိုင်ငံရေးအရဖြေရှင်းရမယ့်ပြဿနာဖြစ်နေတယ်" ဟု မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ သစ်လုပ်ငန်းရှင် ဦးဘာဘာချိုက ပြောသည်။

တရုတ်နိုင်ငံသို့ ခိုးထုတ်နေသည့် သစ်ပြဿနာကို မတားဆီးပါက ပြည်ပသို့ သစ်အချောထည်တင်ပို့သော စက်ရုံများအတွက် ထိခိုက်မှု များစွာရှိမည်ဟု ဥရောပဈေးကွက်သို့ အချောထည်သစ်များ တင်ပို့နေသည့် လင်းဝင်းကုမ္ပဏီမှပိုင်ရှင် ဦးမင်းသိန်းက ပြောသည်။ အကြောင်းမှာ တရုတ်က မှောင်ခိုသစ်များ ဝယ်ပြီး ပြည်ပသို့ ဈေးသက်သာစွာ ပို့မည်ဖြစ်၍ တရားဝင် တင်ပို့သော မြန်မာသစ်အချောထည် ကုမ္ပဏီများ ယှဉ်မရောင်းနိုင်သောကြောင့်ဖြစ်သည်။

လက်ရှိပြည်တွင်းတွင် သစ်အလုံးလိုက်တင်ပို့နေသည့် ကုမ္ပဏီကြီးချင့် ကုမ္ပဏီငယ် စုစုပေါင်း ၅၀ ကျော် ရှိသည့်အနက် ထက်ဝက်ခန့်သည် အလုံးလိုက် သစ်တင်ပို့မှုလုပ်ငန်းမှ အချောထည်တင်ပို့သည့်လုပ်ငန်းများဘက်သို့ ကူးပြောင်းကြမည်ဖြစ်သည်။ ထို့ကြောင့် အချောထည်သစ် တင်ပို့သော ဈေးကွက်သည်ကြီးမားလာမည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်သည့်ဥပဒေအရယခင်က မြန်မာသစ်အလုံးကို ကုန်ကြမ်းအဖြစ် ဝယ်ယူသည့် ပြည်ပသစ်လုပ်ငန်းရှင်များလည်းဈေးကွက်ဝင်ရောက်လာမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်ချက်အရ သစ်အချောထည်ထုတ်လုပ်တင်ပို့သည့် ဈေးကွက်တွင် ကိုရီးယား၊ အိန္ဒိယ၊ စင်ကာပူနိုင်ငံတို့မှကုမ္ပဏီလေးခုပြည်တွင်းတွင် မှတ်ပုံတင်ပြီးဖြစ်သည်။

ပြည်တွင်း ရောက်ရှိလာသော သစ်အချောထည်ထုတ်လုပ်သည့်ပြည်ပကုမ္ပဏီများကိုလည်း နိုင်ငံသားလုပ်ငန်းရှင်များက ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုကောက်ခံနေသော အခွန်စနစ်များကို ပြောင်းလဲခြင်းမရှိပါက ပြည်တွင်းကုမ္ပဏီများကို ထိခိုက်နိုင်ဖွယ်ရှိသည်ဟု သစ်လုပ်ငန်းရှင်တို့က ပြောသည်။

ဥရောပသစ်ဈေးကွက်တွင် ကျွန်းသစ်ကို ဥယျာဉ်ခြံမြေပြုလုပ်ခြင်းနှင့် ဇိမ်ခံရွက်လှေပြုလုပ်ခြင်းတို့တွင် အမိက အသုံးပြုသည်။ သစ်မာဈေးနှုန်းသည်ဥရောပသစ်ဈေးကွက်တွင် အခြားသစ်မာအစားထိုးသစ်များနှင့် နှိုင်းယှဉ်ပါက ကြီးမြင့်သောကြောင့် ဥရောပဈေးကွက်ကိုထိုးဖောက်နိုင်ခြင်းမရှိချေ။

သစ်အလုံးလိုက်ရပ်ဆိုင်းပြီးနောက်တွင် အဆိုပါပြဿနာများကို ရင်ဆိုင်ရသော်လည်း ယခင်ထက် သစ်များ ဈေးကောင်းရလာနိုင်သည်ဟု စီးပွားရေးလုပ်ငန်းရှင်တို့က ပြောသည်။ ထို့အပြင် မြန်မာ သစ်လုပ်ငန်းမှ အချောထည်သစ် ပြုလုပ်ရန် အကန့်အသတ်ဖြင့် ကုန်ကြမ်းဝယ်ခွင့်ပြုရာမှ ၂၀၁၄ ခုနှစ်တွင် ကုန်ကြမ်းရရှိမှုများလာမည်ဖြစ်သည်။

"သစ်အချောထည်တင်ပို့မှုကို အားပေးမယ်ဆိုတော့ လုပ်နေကိုင်နေတဲ့သူတွေအတွက် အရမ်းကောင်းပါတယ်။ အရင်က ဒေါ်လာ တစ်သိန်းရလာတာကနေ သုံးသိန်းလောက် ရလာမယ်ထင်ပါတယ်" ဟု လင်းဝင်းကုမ္ပဏီမှ ဦးမင်းသိန်းက ပြောသည်။

အချောထည် ပျဉ်းကတိုး၊ အင်၊ ကညင်များကို ပို့ကုန်အချောထည်ပစ္စည်းများထုတ်လုပ်၍ အာရှဈေးကွက်ကို ထိုးဖောက်ရန် ကြိုးစားခြင်းသည် လွယ်ကူမည်ဟု သစ်အချောထည်ပစ္စည်းများကို တင်ပို့သည့်မြန်မာအက်စ်ကုမ္ပဏီပိုင်ရှင်က ပြောသည်။

သစ်အလုံးလိုက် တင်ပို့မှုမရပ်ဆိုင်းမီ ၂ နှစ်ခန့် (၂၀၁၂-၂၀၁၃) တွင် အစိုးရက နှစ်စဉ်သစ်ထုတ်လုပ်မှုကို ပျမ်းမျှ ၃၅ ရာခိုင်နှုန်းနှင့် ၄၀ ရာခိုင်နှုန်းအကြား လျှော့ချထုတ်လုပ်ခဲ့သည်။ သစ်အလုံးလိုက် တင်ပို့မှု ၂၀၁၄ ရပ်ဆိုင်းမည့် အစိုးရ၏ အဆုံးအဖြတ်ကို အပြုသဘောဆောင်သော သဘာဝပတ်ဝန်းကျင်လှုပ်ရှားသူများက ကြိုဆိုသည်။

လက်ရှိဥရောပနိုင်ငံများတွင် ရောင်းချနေသောမြန်မာသစ်များသည် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ ထုတ်လုပ်ထားသော၊ လူမှုအကျိုးစီးပွား ငဲ့ကွက်၍ ထုတ်လုပ်ထားသောသစ်ပစ္စည်းများဖြစ်ရေး သတ်မှတ်ချက်သည်သစ်လုပ်ငန်းရှင်များအတွက် စိန်ခေါ်မှုများစွာထဲက တစ်ခုဖြစ်သည်။ **စာမျက်နှာ(၂၅) သို့**

Technology

7 DAY NEWS JOURNAL

Vol.12, No.43 • JANUARY 1 , 2014

# မြန်မာမိုဘိုင်းပိုက်ဆံဝန်ဆောင်မှု အသုံးပြုရန် ငွေစာရင်းဖွင့်နိုင်ပြီဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ဒီဇင်ဘာ ၂၉**

မြန်မာမိုဘိုင်းပိုက်ဆံ ဝန်ဆောင်မှုကို အသုံးပြုရန်အတွက်အကောင့် (ငွေစာရင်း) ဖွင့်လှစ်ထားနိုင်ပြီဖြစ်သော်လည်း ငွေဖြည့်သွင်းရန်အတွက် သက်ဆိုင်ရာကိုယ်စားလှယ်များနေရာချထားမှုမပြုလုပ်ရသေးခြင်းကြောင့် မိုဘိုင်းဖုန်းအတွင်း ငွေဖြည့်၍ မရနိုင်သေးကြောင်း သတင်းရရှိသည်။



Myanmar Mobile Money (MMM) အမည်ရှိ မိုဘိုင်းပိုက်ဆံမှာ မိုဘိုင်းဖုန်းမှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ငွေကြေးလွှဲပြောင်းပေးချေနိုင်သော ဝန်ဆောင်မှုဖြစ်ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်ရာ ထိုမိုဘိုင်းပိုက်ဆံအတွက် အကောင့်သာ စတင်ဖွင့်လှစ်နိုင်ဦးမည်ဖြစ်ကြောင်း Myanmar Mobile Money ဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုတော့ အကောင့်ဖွင့်ပြီးသုံးတဲ့သူတွေလည်း ရှိပြီး အေးဂျင့်(ကိုယ်စားလှယ်)တွေနဲ့လည်း စပြီးတော့ စမ်းသပ်လည်ပတ်နေပြီ။ ဒါပေမဲ့နေရာတွေကတော့အတိအကျ မချရသေးဘူး။ လောလောဆယ်တော့ အကောင့်ဖွင့်ထားလို့ပဲ ရဦးမယ်" ဟု ၎င်းကပြောသည်။

အဆိုပါ Myanmar Mobile Money ဝန်ဆောင်မှုအတွက် ဇဟိုဘဏ်မှ ဒီဇင်ဘာလအတွင်းက ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာမိုဘိုင်းပိုက်ဆံဝန်ဆောင်မှုအတွက် ကိုယ်စားလှယ်များထံတွင် မိုဘိုင်းဖုန်းအတွင်းငွေဖြည့်သုံးစွဲနိုင်မည်ဖြစ်ပါက တရားဝင်ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပြီး လက်ရှိတွင် အကောင့်ဖွင့်ထားလိုသူများ အနေဖြင့် ပုံစံသုံးမျိုးဖြင့် ဖွင့်လှစ်ထားနိုင်ပြီ ဖြစ်သည်ဟု ဆိုသည်။

GSM နှင့် WCDMA ဖုန်းများအတွက် USSD, SMS စနစ်နှင့် Application ဆွဲ၍ အကောင့်ဖွင့်လှစ်နိုင်ပြီး CDMA ဖုန်းများအတွက် SMS နှင့် Application ဆွဲ၍သာ အကောင့်ဖွင့်လှစ်နိုင်ရာ Application ကို www.myanmarmobilemoney.com.mm တွင် ဝင်ရောက် ဒေါင်းလုတ်ရယူ၍ အကောင့်ဖွင့်နိုင်ခြင်း ဖြစ်သည်။

လက်ရှိတွင် *666# သို့ ဖုန်းခေါ်ဆိုပြီး အကောင့်ဖွင့်လှစ်မှုကို အများဆုံးအသုံးပြုနေကြပြီး မြန်မာမိုဘိုင်းပိုက်ဆံဝန်ဆောင်မှုကို ၎င်း၏ဝက်ဘ်ဆိုက်တွင် အသုံးပြုပုံများ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ ထိုဝန်ဆောင်မှုကို အသုံးပြုလိုသူများအနေဖြင့် အကောင့်ဖွင့်လှစ်ခြင်းနှင့် အသုံးပြုမှုအဆင့်ဆင့်ကို နားမလည်မှုများရှိနေခြင်းကြောင့် အကောင့်ဖွင့်လှစ်အသုံးပြုရန် ခက်ခဲနေသေးကြောင်း စုံစမ်းသိရသည်။

# ဆီးဂိမ်းနေပြည်တော်နှင့် မန္တလေးအားကစားကွင်းများတွင် အင်တာနက်သုံးရန်စက်တပ်ဆင်မှုကျပ်သိန်း ၂,၀၀၀ ကုန်ဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၉**

ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် နေပြည်တော်ရှိ အင်တာနက်ဝန်ဆောင်မှုပေးသည့်နေရာများတွင် မူလခန့်မှန်းအသုံးပြုမှုထက် တစ်ဆခန့်စက်ပစ္စည်းပိုမိုတိုးမြှင့်တပ်ဆင်ခဲ့ပြီး စက်ပစ္စည်းတပ်ဆင်မှုကြောင့်ကျပ်သိန်း ၂၀၀၀ ဝန်းကျင်ကုန်ကျခဲ့ကြောင်း ရွှေသံလွင်ကုမ္ပဏီမှ သတင်းရရှိသည်။

အင်တာနက်ဝန်ဆောင်မှုများပေးရန် ရွှေသံလွင်ကုမ္ပဏီ က နေပြည်တော်နှင့် မန္တလေးမြို့ရှိ အားကစားကွင်းများတွင် လိုအပ်သည့် စက်ပစ္စည်းတပ်ဆင်ခြင်းများကို တာဝန်ယူခဲ့ရာခန့်မှန်းအသုံးပြုရန်အတွက် ဆောင်ရွက်ထားသည့်ဦးရေထက်ပိုမိုများပြားခဲ့ခြင်းကြောင့် အားကစားပြိုင်ပွဲကာလအတွင်း စက်ပစ္စည်းထပ်မံတပ်ဆင်မှုများ ပြုလုပ်ခဲ့ရပြီး စုစုပေါင်းကျပ်သိန်း ၂,၀၀၀ခန့်မှန်းကုန်ကျခဲ့ကြောင်း ရွှေသံလွင်ကုမ္ပဏီမှ MultiplayService ဌာနအထွေထွေမန်နေဂျာကပြောသည်။

"စက်ပစ္စည်းပိုင်းရော၊ အော်ပရေးရှင်းပိုင်း၊ ပြုပြင်ထိန်းသိမ်းရေးပိုင်းရော အားကစားပွဲပြီးတဲ့အထိဆိုရင် ခန့်မှန်းသိန်း ၂,၀၀၀ လောက်ကုန်ကျတယ်။ သုံးတဲ့ User ကလည်းမှန်းထားတာထက် တော်တော်များတယ်။ ခန့်မှန်းထားတာထက် တစ်ဆလောက် ပိုများတယ်" ဟု ၎င်းကပြောသည်။

အားကစားကွင်း အင်တာနက်အသုံးပြုသူများတွင် Android ပစ္စည်းအသုံးပြုသူများထက် iOS ပစ္စည်းအသုံးပြုသူများ သုံးပုံတစ်ပုံခန့်ရှိဟုဆိုသည်။

အင်တာနက်ဝန်ဆောင်မှုပေးရန် ရန်ကုန်နှင့် ငွေဆောင်မြို့များအတွက် Redlink ကုမ္ပဏီက စက်ပစ္စည်းပိုင်းဆိုင်ရာ တပ်ဆင်မှုအပိုင်းကို တာဝန်ယူခဲ့ပြီး ကျပ်သိန်း ၅,၀၀၀ ခန့်ကုန်ကျခဲ့ကြောင်း အဆိုပါကုမ္ပဏီမှ သတင်းရရှိသည်။

အဆိုပါကုမ္ပဏီများမှ စက်ပစ္စည်းဆိုင်ရာအင်တာနက်ဝန်ဆောင်မှုများပေးခဲ့သော်လည်း အားကစားကွင်းများတွင် လိုင်းကျဆင်းခြင်း၊ WiFi မမိခြင်းများ ဖြစ်ပေါ်ခဲ့ပြီး သုံးစွဲရာတွင် အဆင်မပြေကြောင်း အားကစားသတင်းထောက်များကပြောသည်။

# မိုဘိုင်းဆက်သွယ်ရေး ဈေးကွက်များဖွင့်လှစ်မည့် ရွေ့ပြောင်းအစီအစဉ်ကို တရုတ်ခွင့်ပြု

**ဘေဂျင်း၊ ဒီဇင်ဘာ-၂၇**

တရုတ်နိုင်ငံ၏ အဓိကဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီသုံးခုနှင့်အတူ ပုဂ္ဂလိကကုမ္ပဏီများ ကိုယ်ပိုင်တံဆိပ်မိုဘိုင်းဝန်ဆောင်မှုပေးနိုင်ရေး ရွေ့ပြောင်းအစီအစဉ်တစ်ရပ်ကို တရုတ်နိုင်ငံကခွင့်ပြုလိုက်ပြီး တရုတ်နိုင်ငံ၏ ကမ္ဘာ့အကြီးဆုံးမိုဘိုင်းဖုန်းဈေးကွက်တွင် ယှဉ်ပြိုင်မှုကိုအရှိန်မြှင့်တင်လိုက်သည်။

မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကိုပြန်ရောင်းရန် ပုဂ္ဂလိကကုမ္ပဏီ ၁၁ ခုကို အာဏာပိုင်များက ခွင့်ပြုလိုက်ကြောင်း တရုတ်နိုင်ငံ၏ စက်မှုနှင့်သတင်းနည်းပညာဝန်ကြီးဌာန (MIIT) ၏ ဒီဇင်ဘာ ၂၆ ရက်ကထုတ်ပြန်သော ဝက်ဘ်ဆိုက်ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံပိုင် ချိုင်းနားမိုဘိုင်းကုမ္ပဏီ၊ ချိုင်းနားတယ်လီကွန်းကုမ္ပဏီနှင့် ချိုင်းနားယူနီကွန်ဟောင်ကောင်ကုမ္ပဏီတို့ သိမ်းပိုက်နေရာယူထားသည့်ဈေးကွက်အတွင်းယှဉ်ပြိုင်မှုကိုမြှင့်တင်ကာ ပုဂ္ဂလိကကုမ္ပဏီများကိုလျှော့ဈေး (သို့မဟုတ်) ပိုဆွဲဆောင်မှုရှိသော အပေးအယူများ ကမ်းလှမ်းခွင့်ပြုလိုက်ပြီဖြစ်သည်။

ယင်းအစီအစဉ်အရ ကိုယ်ပိုင်မိုဘိုင်းကွန်ရက်ရှိသည့် ကုမ္ပဏီကြီးများထံမှ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို ပုဂ္ဂလိကကုမ္ပဏီများပမာဏများများ ဝယ်ယူ၍ အသုံးပြုသူများကို ရောင်းချနိုင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

Apple ကုမ္ပဏီနှင့် i Phone များရောင်းချရန် များမကြာမီက သဘောတူညီထားသောချိုင်းနားမိုဘိုင်းကုမ္ပဏီမှာ တရုတ်နိုင်ငံမိုဘိုင်းဖုန်းဈေးကွက်ကို သိမ်းပိုက်ထားပြီး အသုံးပြုသူပေါင်းသန်း ၇၆၀ ရှိသည်။ ချိုင်းနားယူနီကွန်နှင့် ချိုင်းနားတယ်လီကွန်းကုမ္ပဏီတို့မှာ အသုံးပြုသူသန်း ၂၈၀ နှင့် ၁၈၅ သန်းစီအသီးသီးရှိနေသည်။

ယင်းခွင့်ပြုလိုက်သော အချက်အလက်များတွင် ဈေးကွက်ကြီးကြပ်မှုဝန်ဆောင်မှုစရိတ်နှင့် အရည်အသွေး၊ သုံးစွဲသူ အခွင့်အရေးများနှင့် သတင်းအချက်အလက်ကာကွယ်ရေးဆိုင်ရာဥပဒေများပါဝင်ကြောင်း MIITကပြောသည်။ ယင်းအစီအစဉ်က ကွန်ရက်တည်ထောင်ထားသည့် ကုမ္ပဏီများအပေါ် မည်သို့အကျိုးသက်ရောက်စေမည်ဆိုသည်ကိုမူ MIIT ကဖော်ပြထားခြင်းမရှိပေ။

*—Ref: Reuters*









# ၂၀၁၄ ပထမသုံးလအတွင်း ဆမ်ဆောင်းကုမ္ပဏီ စမတ်ဖုန်း Galaxy S5 ထုတ်မည်

**ဆန်ဖရန်စစ္စကို၊ ဒီဇင်ဘာ-၂၉**

တောင်ကိုရီးယားနိုင်ငံအခြေစိုက် ဆမ်ဆောင်းကုမ္ပဏီက Galaxy Note 4 နှင့် Galaxy S5 တို့ကို ၂၀၁၄ ခုနှစ် ပထမသုံးလပတ်အတွင်း ရောင်းချသွားမည်ဖြစ်ပြီး ယင်းပစ္စည်းနှစ်မျိုးမှာ ဆင်တူသော သွင်ပြင်လက္ခဏာများနှင့် လုပ်ဆောင်နိုင်စွမ်းများပါရှိကြောင်း သတင်းဌာနများစွာ၏ နောက်ဆုံးသတင်းများအရ သိရသည်။

Galaxy S5 နှင့် Galaxy Note 4 တို့တွင် ကင်မရာ 16MP ပါရှိမည်ဟု လေ့လာသူများက မျှော်လင့်ထားသည်။ ယင်းပစ္စည်းနှစ်မျိုးလုံးတွင် ကြိုးမဲ့အားသွင်းစနစ်လည်း ပါဝင်မည်ဟု သတင်းများက ဖော်ပြထားသည်။ ပြိုင်ဘက် Apple ကုမ္ပဏီက ကြိုးမဲ့အားသွင်းစနစ် ထည့်သွင်းအသုံးပြုသွားမည်ဟုသတင်းများထွက်ပေါ်နေသောကြောင့်ဆမ်ဆောင်းကလည်းယင်းစနစ်ကို ထည့်သွင်းအသုံးပြုနိုင်သည်။

ဆမ်ဆောင်းကုမ္ပဏီက Galaxy S4 ကို ၂၀၁၃ ခုနှစ်မတ်လအတွင်းက စတင်ရောင်းချခဲ့သောကြောင့် ယခု Galaxy S5 ကို ၂၀၁၄ ခုနှစ် မတ်လအတွင်း စတင်ရောင်း ချဖွယ်ရှိကြောင်း သတင်းများက ဖော်ပြသည်။ Galaxy S5၏ ပရိုဆက်ဆာမှာ 64Bitရှိမည်ဟု လေ့လာသူများက ပြောကြားထားပြီး သတင်းပေါက်ကြားမှုများ ရှိနေသော်လည်း 64Bit ရှိသောပရိုဆက်ဆာကို အသုံးပြုနိုင်သည့် Andriod စနစ် Operating System မရှိသေးသဖြင့် ဆမ်ဆောင်းကုမ္ပဏီက ဂူးဂဲလ်ကုမ္ပဏီကို Operating System အသစ်ရေးဆွဲခိုင်းရန် လိုအပ်မည်ဖြစ်သည်။ Galaxy S5 ၏ မျက်နှာပြင်အကျယ်မှာ ၅ ဒသမ ၂၅ လက်မရှိမည်ဖြစ်ကာ ဖုန်းကိုယ်ထည်မှာအားလုံးသတ္တု အမျိုးအစားဖြစ်မည်ဟု သတင်းများက ဖော်ပြသည်။ ယင်းစမတ်ဖုန်းကို ရေစိုခံစနစ်ဖြင့် ထုတ်လုပ်မည်ဟုလည်း အခြားသော သတင်းတစ်ရပ်က ဖော်ပြသည်။

ဆမ်ဆောင်းကုမ္ပဏီက Galaxy S5 စမတ်ဖုန်းကို Simကတ်ပါဝင်ပြီး တန်ဖိုးစတာလင်ပေါင် ၆၀၀ ဖြင့် ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများကဖော်ပြသည်။ *—Ref: Technews*

# အိန္ဒိယစာသင်ကျောင်းများအတွက်ဂူးဂဲလ်ကုမ္ပဏီက Chromebook ကွန်ပျူတာများ အခမဲ့ပေး



*ဂူးဂဲလ်၏ Chromebook အား အာရှကျောင်းသားများ အသုံးပြုနေပုံ*

engadget.com

**ဟိုက်ဒရာဘက်၊ ဒီဇင်ဘာ-၂၇**

ဂူးဂဲလ်ကုမ္ပဏီကထုတ်လုပ်ထားသည့် Chromebook လက်ပ်တော့ကွန်ပျူတာများကို စာသင်ကျောင်းများတွင် အသုံးပြုမှုလူကြိုက်များလာစေရန် ဂူးဂဲလ်ကုမ္ပဏီက အိန္ဒိယနိုင်ငံ အန်ဒရာပရာဒက်ရှ်ပြည်နယ် စာသင်ကျောင်း ၄ ကျောင်းသို့ ယင်းကွန်ပျူတာများ အခမဲ့စတင်ပေးအပ်သွားမည်ဖြစ်သည်။

စမတ်ဖုန်းများနှင့် သင်ပုန်းကွန်ပျူတာများအတွက် ကမ္ဘာ့လူကြိုက် အများဆုံးဆော့ဖ်ဝဲကို ထုတ်လုပ်ထားသည့် အင်တာနက်ဝန်ဆောင်မှုပေးသည့် ဂူးဂဲလ်ကုမ္ပဏီက စာသင်ကျောင်းတစ်ကျောင်းစီအတွက် Chromebook ကွန်ပျူတာ ၂၅ လုံးစီစတင်အသုံးပြုနိုင်ရန်နှင့် ဆရာ၊ ဆရာမများ၊ သင်ကြားပို့ချသူများကို လိုအပ်သောဆော့ဖ်ဝဲ Application အသုံးပြုမှုများလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

"ဆော့ဖ်ဝဲတွေ၊ Application တွေအသုံးပြုပြီးတော့ စာသင်ကျောင်းကသင်ကြားပို့ချသူတွေက အဓိကဘာသာရပ်တွေကိုသင်ပေးပါမယ်။ အပြန်အလှန်လေ့လာသင်ယူမှုကြောင့် ကျောင်းသားတွေပိုပြီးနားလည်မယ်။ အဲဒီဘာသာရပ်တွေကို စိတ်ဝင်စားလိမ့်မယ်လို့ထင်ပါတယ်"ဟု အိန္ဒိယနိုင်ငံသတင်းနှင့် နည်းပညာဝန်ကြီးပွန်နာလာလက်ခ်ရှမီးကပြောသည်။

Chromebook ကွန်ပျူတာများအသုံးပြုရန် အင်တာနက်ဆက်သွယ်မှုလိုအပ်ပြီး အသုံးပြုသူများဖွင့်ထားသောဖိုင်များကဲ့သို့ချက်အလက်အများစုကို အင်တာနက်နှင့်ချိတ်ဆက်ထားသောသိုလှောင်မှုကွန်ရက်တွင် သိမ်းဆည်းထားသည်။ အိန္ဒိယဈေးကွက်အတွက် အထူးထုတ်လုပ်ထားသည့် Chromebook ကွန်ပျူတာမော်ဒယ်တစ်မျိုးကို ဆမ်ဆောင်းကုမ္ပဏီက ယခုလစောစောပိုင်းတွင် စတင်ရောင်းချခဲ့သည်။ စာသင်ကျောင်းများသည် Chromebook ကွန်ပျူတာများအတွက် လူကြိုက်အများဆုံး ဈေးကွက်အစိတ်အပိုင်းများတွင်ပါဝင်သည်။

ဂူးဂဲလ်ကုမ္ပဏီက ယခုအစီအစဉ်ကို အမေရိကန်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ရှိ စာသင်ကျောင်းပေါင်း ၃,၀၀၀ ခန့်တွင်ပြုလုပ်နေကြောင်း ယင်းအစီအစဉ်ကိုတိုက်ရိုက်သိကျွမ်းသည့် ဂူးဂဲလ်အမှုဆောင်အရာရှိတစ်ဦးကပြောသည်။ ယင်းအစီအစဉ်ကို ဂူးဂဲလ်ကုမ္ပဏီကမကြေညာသေးသည့်အတွက် နာမည်ဖော်ပြခြင်းမပြုရန် ယင်းအရာရှိကတောင်းဆိုခဲ့သည်။အိန္ဒိယနိုင်ငံ အန်ဒရာပရာဒက်ရှ်ပြည်နယ်သတင်းနှင့်နည်းပညာဌာနနှင့်ပူးပေါင်းကာ ယင်းအစီအစဉ်ကို ဂူးဂဲလ်ကလာမည့်လတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစိုးရထိပ်တန်းအရာရှိတစ်ဦးကပြောသည်။


*—Ref: Times of India*



7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ဒီမိုကရေစီစနစ်ဖျက်သိမ်းရေး ဒို့အရေး ဒို့အရေး

မြေမှုန်လွင်




**ထိုင်း** နိုင်ငံတွင်ဆန္ဒပြသည်ဆိုသည့် သတင်းသည် ကျွန်တော့်အတွက်တော့ မထူးဆန်းလှ။ ရှပ်နီများ အကြီးအကျယ် ဆန္ဒပြနေသည့်အချိန်တွင် ကိုယ်တွေ့ ပင်ကြုံခဲ့ဖူးသေးသည်။ ကားတာယာတွေမီးရှို့ကြ၊ ကားတွေ ဖျက်ဆီးကြနှင့် အတော်လေးကြမ်းကြသည်။ သို့သော်ဆန္ဒပြခြင်းသည်သက်သက်၊ စီးပွားရေးသည်သက်သက်ဖြစ်ကာ စီးပွားရေးယန္တရားကြီး ရပ်သွားသည်ဟူ၍မရှိခဲ့။ စစ်တပ်ကလည်း အကြိမ်ကြိမ်အာဏာ သိမ်းခဲ့သော်လည်း မြန်မာပြည်ကဲ့ သို့မဟုတ်။ အချိန်တန်တော့ အာဏာကိုပြန်အပ်ကာ စစ်တန်းလျားများသို့ အမှန်တကယ်ပြန်သွားသည့်စစ်တပ်မျိုးဖြစ်သည်။ ထို့ကြောင့်လည်း ပြည်သူအများ၏လေးစားချစ်ခင်ခြင်းခံရသည့် တပ်မတော်အဖြစ် နာမည်ကောင်းရရှိခြင်းဖြစ်သည်။

ယခုလည်း ထိုင်းနိုင်ငံတွင် လက်ရှိဝန်ကြီးချုပ်ဖြစ်သူ ယင်လပ်ကိုဆန္ဒပြကြရာအစပိုင်းတွင်တော့ ကျွန်တော့်အနေဖြင့်များစွာစိတ်ဝင်စားခြင်းမရှိပေ။ ကျွန်တော်နားလည်ထားသည်မှာ ထိုင်းနိုင်ငံတွင်အခြေခံအားဖြင့် ရှပ်နီနှင့်ရှပ်ဝါဆိုသည့်အဓိကအင်အားစုနှစ်စုရှိလေသည်။ ယေဘုယျဆိုသော် ရှပ်ဝါများသည် ဘုရင်အမာခံများဖြစ်သလို မြို့နေ လူလတ်တန်းစားများနှင့် အထက်တန်းလွှာများကိုကိုယ်စားပြုသည်။ ရှပ်နီများသည်လက်ရှိဝန်ကြီးချုပ် ယင်လပ်အစ်ကိုဖြစ်သူသက်ဆင်၏အမာခံများဖြစ်ကာလယ်သမားများနှင့် အခြေခံလူတန်းစားများကို ကိုယ်စားပြုသည့် အဖွဲ့ဖြစ်လေသည်။ အခုလည်း လက်ရှိဝန်ကြီးချုပ်ကို အစ်ကိုဖြစ်သူ၏အရိပ်များရှိနေဆဲဖြစ်သည်ဟုယူဆကာ အပြုတ်နှံလိုသည့်ရှပ်ဝါများကဦးဆောင် ဆန္ဒဖော်ထုတ်နေကြခြင်းဖြစ်သည်။

သို့သော်တဖြည်းဖြည်းအရှိန်မြင့်လာကာ ပါလီမန်ကို ဖျက်သိမ်းလိုရသည့် အဆင့် ရောက်သွားသည့်အခါတွင် ထိုင်းနိုင်ငံရေး၏ လက်ရှိအနေအထားများကို ပြန်လည်စိတ်ဝင်စားလာမိသည်။

ဆန္ဒပြသူများ၏ တောင်းဆိုမှုများကိုကြားသိရသည့်အခါတွင်တော့စိတ်ဝင်စားသည်ထက်ပိုကာ မျက်လုံးပြူးမိလေသည်။ ယင်လပ်ကို ဝန်ကြီးချုပ်ရာထူးမှ ဆင်းရန်တောင်းဆိုသည်ကို နားလည်ပါသည်။ သို့သော် တောင်းဆိုသူများသည် ရွေးကောက်ပွဲထပ်မလုပ်ရန်နှင့် ဒီမိုကရေစီစနစ်ကို ယာယီရုပ်သိမ်းပေးပါဆိုသည့် အခါနည်းနည်းတော့ ရှုပ်ထွေးသွားပါတော့သည်။

ဒီမိုကရေစီဆိုသည့်အသံကို မြန်မာနိုင်ငံတွင် လူကြားသူကြားထဲပြောရဲသည်မှာ ကြာသေးလှသည်မဟုတ်။ ဒီမိုကရေစီရဖို့ အတွက်နှင့် ခန္ဓာပျက်သွားသူများ၊ ဘဝပျက်သွားသူများလည်းမနည်းမနော။ ယခုအခါအတိုက်အခံများ၊ အာဏာပိုင်များ တစီစီနှင့်တက်ညီလက်ညီ ဒီမိုကရေစီနေသည့်အချိန်တွင် အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖျက်သိမ်းရန် ရွေးကောက်ပွဲမလုပ်ဘဲ ဆန္ဒပြသူများအလိုရှိသော အဖွဲ့အစည်းတစ်ခုထံ အာဏာအပ်နှင်းရန်တောင်းဆိုလိုက်သည့် အခါ. . .

ယခုလာမည့် ၂၀၁၄ သည် မြန်မာနိုင်ငံအတွက်များစွာ အရေးပါသည်။ သမိုင်းဝင်မည့် နှစ်တစ်နှစ်ပင်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဘာသာရေးပြဿနာများ၊ တရားဥပဒေစိုးမိုးရေး ပြဿနာများ၊ အခြေခံအလုပ်သမားပြဿနာများ၊ လယ်ယာမြေပြဿနာများ၊ စစ်တပ်၏အခန်း ကဏ္ဍများအပြင် အာဆီယံဥက္ကဋ္ဌ ဆိုသည့် တစ်ကြိမ်တစ်ခါမျှ ထမ်းဆောင်ဖူးခြင်းမရှိသေးသည့် အသစ်စက်စက် ပါကင်ရာထူးကြီးလည်းရှိသေး၏။ ထိုထဲတွင် အဆိုးဆုံးမှာ ယခုအချိန်အထိ အကောင်အထည်မဖော် နိုင်သေးသည့် နောက်ကွယ်ကကြိုးကိုင်သူကြီးဆိုသည့်ပြဿနာကြီးပင်။

ထိုကဲ့သို့ပေါင်းလန်နေသည့် ပြဿနာများကြားဝယ် ထူးဆန်းသည့်လေသံတချို့လည်းကြားလာရသည်။ ဂျာနယ်တစ်စောင်၏ အင်တာဗျူးတစ်ခုတွင် "ယခင်တပ်မတော်အစိုးရလက်ထက်တွင် ထိုကဲ့သို့အဓိကရုဏ်းများ ဖြစ်နိုင်မည်မဟုတ်ဘဲ သေနတ်ဖြင့် နှိမ်နင်းတားဆီးနိုင်မည်ဟုဆိုလေသည်" (ဘာသာရေးအဓိကရုဏ်းများကို ရည်ရွယ်သည်။) ထိုကဲ့သို့လူသိရှင်ကြားစစ်အစိုးရကို တမ်းတသူများပေါ်လာသကဲ့သို့ပင် ဒီမိုကရေစီလမ်းပေါ်မှဆင်းကာ အာဏာရှင်စနစ်သို့ ပြန်လည်သွားချင် နေကြသည့်အင်အားစုများရှိနေသည်မှာ မငြင်းနိုင်ပေ။ ထို့အပြင် စစ်အစိုးရ၏ လက်ကိုင်တုတ်များ လက်မရွံ့များကလည်း နယ်ပယ်အသီးသီးတွင် ဒုနှင့်ဒေး။ ထိုလူများစုပေါင်းပြီး လမ်းပေါ်ထွက်မလာပါဘူးဟုပြောနိုင်မည်လား။ ထိုင်းနိုင်ငံကဲ့သို့ ဒီမိုကရေစီယာယီရုပ်သိမ်းပေးရန်တောင်းဆိုမလာနိုင်ဘူးဟု မည်သူပြောမည်နည်း။

ဒီမိုကရေစီရရှိဖို့အတွက် စွန့်လွှတ်အနစ်နာခံရသူများရှိသလို ဒီမိုကရေစီစနစ်သို့ ပြောင်းလိုက်ခြင်းကြောင့် ယခင်လောက်မျိုမဆို့ရတော့ဘဲ အခွင့်အရေးများလက်လွှတ်ဆုံးရှုံးခဲ့ရသူများလည်း ရှိနေမှာအမှန်ပင်။ ထိုမျိုမဆို့ရသူများသည် လက်ရှိအချိန်တွင် ယခင်ကလောက်ပါဝါမျိုးမရှိသော်ငြားလည်း ငွေကြေးအင်အားနှင့် ပါဝါအကြွင်းအကျန်များတော့ ရှိနေဦးမည်သာဖြစ်သည်။ ထိုသူများက သူတို့လက်ထက်တွင်မော်၍ ပင်မကြည့်ဝံ့ခဲ့သူများ ကောင်းစားနေသည်ကိုလည်းစိတ်အတွင်းကျိတ်၍များစွာ မခံချိမခံသာဖြစ်နေမည်သာ။

ထိုအချိန်မှာပဲ အတိုက်အခံအင်အားစုဘက်မှလည်း ရွေးကောက်ပွဲကိုသပိတ်မှောက်ဖို့လေသံများစတင်ကြားလာရပြန်သည်။ ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်ကို စုပေါင်းကာ အခွင့်အခါကောင်းယူ၍ မြန်မာပြည်တွင် ထိုင်းနိုင်ငံကဲ့သို့ ဆန္ဒပြပွဲများ ဖြစ်ပေါ်လာမှာစိုးရိမ်မိသည်။

ထိုင်းစစ်တပ်က တိုင်းပြည်ချောက်ထဲ ကျလုကျခင်ဖြစ်၍ ကယ်ပါက အချိန်ဘာမှမကြာ။ မြန်မာစစ်တပ် ကယ်လိုက်လျှင်တော့ဘာဖြစ်သွားမလဲဆိုတာတစ်တိုင်းပြည်လုံးခါးကော့အောင် နားလည်ခဲ့ကြပါပြီ။

ဖြစ်နိုင်လျှင်တော့ အခုလိုအချိန်မျိုးတွင် အတိုက်အခံ၊ လွှတ်တော်နှင့်အာဏာလက်ကိုင်ရှိသူများကျောချင်းကပ်ကာ စည်းစည်းလုံးလုံးနှင့်လုပ်သင့်လုပ်ထိုက်သည်များကိုခပ်သွက်သွက်လုပ်သွားစေချင်သည်။ မဟုတ်လျှင်ဟိုမရောက်ဒီမရောက်အင်အားစုများကကြားဝင်ဖျက်ဆီးရန် အရန်သင့်ချောင်းနေကြသည်။ ထိုင်းနိုင်ငံကို အတုယူကာ မြန်မာနိုင်ငံတွင်လည်း

"ဒီမိုကရေစီစနစ်ဖျက်သိမ်းရေး ဒို့အရေး ဒို့အရေး" ဆိုသည့် ဆန္ဒပြတောင်းဆိုသံများကိုတော့ မကြားလိုပေ။ ။

7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# မင်းဒင်ရဲ့သက်ခိုင်(၂)

■ မင်းဒင်



(ယခင်အပတ်မှအဆက် . . . )

**အက်ဒမန်ပင်လယ်ဓားပြရာမန်** အရွယ်နှင့်မလိုက်အောင်စိတ်မြန်လက်မြန်ရှိလှသော ကိုသက်ခိုင်သည် ကျွန်တော့်ကို ကားရှိရာသို့ တွန်းပို့ရင်း သူကိုယ်တိုင်လည်း ကားပေါ်သို့ ခပ်သွက်သွက်တက်ကာကျွန်တော့်ဆိုင်တည်ရှိရာဆွန်နီရန်လမ်းသွယ်မှသည်ကျောက်ဖားလမ်းမကြီးဆီသို့ ဦးတည်မောင်းနှင်လိုက်သည်။ အချိန်ကားနံနက် ၉နာရီဝန်းကျင်ခန့်ရှိပြီဖြစ်၍ကျောက်ဖားလမ်းမပေါ်မှာ ကားတွေကျပ်ညပ်နေသည်။ ကျွန်တော်လေ့လာမိသလောက်ဖူးခက်မှာ ကားလမ်းတွေဂျမ်းဖြစ်တာ ၂ နှစ်ခန့်သာရှိသေးသည်။အောင်မြင်နေသော ခရီးသွားလုပ်ငန်း၏ နောက်ဆက်တွဲအကျိုးရလဒ်အဖြစ် ဖူးခက်မှာပြည်တွင်းပြည်ပမှလာရောက်အခြေစိုက်သူများပြားလာခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ဖူးခက်နေရာအနှံ့မှာ ကားလမ်းတွေချဲ့နေသည်။ ခေတ်မီခုံးကျော်တံတားတွေ၊ ကားအသွားအလာရှုပ်ထွေးလွန်းသည့် လမ်းဆုံမီးပွိုင့်တို့တွင် ခေတ်မီမြေပေါ်မြေအောက်ကားလမ်းတွေနေ့မအားညမအား ဆောက်လုပ်လျက်ရှိသည်။

ကျောက်ဖားလမ်းမကြီးမှသည်ရော်ဘာတောခပ်အုပ်အုပ်ရှိသောလမ်းသွယ်တစ်ခုကို ဖြတ်ကာ(ချာလူဝမ်ဖရော့ကက်)လမ်းမကြီးပေါ်သို့ရောက်လာသည်။ ကိုသက်ခိုင်သည် ဖူးခက်တစ်မြို့လုံးကိုလမ်းသွယ်လမ်းမြောင်၊ ချောင်ကြိုချောင်ကြားပါမကျန်အကျွမ်းတဝင်ဖြစ်နေသည်ကို ကျွန်တော်အံ့သြမိသည်။ ကျွန်တော်ဆိုခဲ့ပြီးသည့်အတိုင်း ဖူးခက်မြို့သည် နေ့ချင်းညချင်းအရှိန်အဟုန်ပြင်းစွာစည်ပင်ဖွံ့ဖြိုးလာနေသောမြို့ဖြစ်သည်ကားမှန်ပါ၏။ သို့သော် ခေတ်မီမြို့ကွက်ရိုက်ကာ စနစ်တကျတည်ဆောက်ထားသောမြို့မူမဟုတ်။

ရေလုပ်ငန်း၊ ငွေဖြူကျောက်မိုင်းနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းတို့လုပ်ကိုင်သောကျွန်းရွာကြီးတစ်ခုအနေအထားမှသည်ကမ္ဘာကျော်ခရီးသွားမြို့အဖြစ် လွန်ခဲ့သော နှစ် ၂၀ကျော်ကမှအသွင်ပြောင်းလာခြင်းဖြစ်ရာ လမ်းကြီးလမ်းငယ်အသွယ်သွယ်မှာ စိတ်ထင်သလိုတောင်ရောက်မြောက်ရောက်ဖောက်လုပ်ထားခြင်းဖြစ်၍ တော်ရုံလူအဖို့အဆိုပါလမ်းတို့ကို မှတ်မိရန်ခက်ခဲလှသည်။

မြို့အဝင် ဆာရက်ဆင်တံတားကြီးရှိရာသို့ ဦးတည်မောင်းနှင်နေရာမှ စင်ထန်းမီးပွိုင့်အရောက်တွင် ခုံးကျော်တံတားအသစ်ကြီးတည်ဆောက်နေသဖြင့် ကားလမ်းပိတ်ဆို့နေလေရာမီးပွိုင့်မှ မီးစိမ်းသည်အထိ အချိန်အတော်ကြာစောင့်ရသည်။(မှတ်ချက်။ ထိုင်းတို့သည် Central ဟူသောစကားလုံးကို ‘စင်ထန်း’ဟု တညီတညွတ်တည်းအသံထွက်ကြသည်။) ထိုစဉ် ကိုသက်ခိုင်ထံမှ စကားသံထွက်လာသည်။

“အင်း ခင်ဗျားပြောမှ ရာမန့်အကြောင်း ကျွန်တော်စဉ်းစားမိတယ်။ ရာမန့်ကို လူရှိန်မယ်ဆိုလည်း ရှိန်လောက်တယ်ဗျ”

ဖူးခက်မြို့မနှင့်မြို့အဝင်ဆာရက်ဆင်တံတားမှာကီလိုမီတာငါးဆယ်နီးပါးရှိရာ တစ်နာရီနီးပါးမောင်းနှင်ရမည်ဖြစ်၍ လမ်းတစ်လျှောက် မပျင်းမရိခရီးနှင်နိုင်ရန်စကားစရပြီဖြစ်၍ ကျွန်တော်ဝမ်းသာသွားသည်။

“လုပ်စမ်းပါဦးဗျ။ ခင်ဗျားက ရာမန့်အကြောင်း နှိုက်နှိုက်ချွတ်ချွတ်သိတယ်ထင်တယ်”

“ဒီလိုဗျ၊ ဖြစ်ချင်တော့ ကျွန်တော်ထိုင်းဘက်ကိုရောက်ခါစ ရနောင်းဈေးနားမှာအိမ်ငှားနေတော့ တိုက်တိုက်ဆိုင်ဆိုင် ရာမန်က ကျွန်တော့်အိမ်ဘေးကတိုက်ခန်းလေးမှာ လက်ဖက်ရည်ဆိုင်ဖွင့်ထားတယ်။ ဒါကြောင့် သူနဲ့ ကျွန်တော်အဆမတန်ရင်းနှီးသွားရာက သူ့အကြောင်းပြည့်ပြည့်စုံစုံသိနေတာဆိုပါတော့။ တကယ်ဆို ရာမန်ဟာ ပင်လယ်ဓားပြလို့တောင်ဆိုနိုင်တယ်။ ကဗျာဆန်ဆန်ပြောရရင်အက်ဒမန်ပင်လယ်ဓားပြရာမန်ပေါ့”

“ဗျာ ရာမန်က ပင်လယ်ဓားပြ၊ ဟုတ်လား။ ခင်ဗျားကလဲ နောက်နေပြန်ပါပြီ”

“ဟ ဘာနောက်စရာရှိတုံး။ ရာမန်ရဲ့ပင်လယ်ဓားပြဇာတ်လမ်းကိုကျွန်တော်ပြောပြမယ်။ ခင်ဗျားနားထောင်ကြည့်။ ဇာတ်လမ်းဆုံးမှရာမန်ဟာ ပင်လယ်ဓားပြဟုတ်၊ မဟုတ် ခင်ဗျားဆုံးဖြတ် ပေါ့ဗျာ”

ဤသို့လျှင်ရာမန်၏အကူအညီတောင်းခံမှုကြောင့်ဖူးခက်မြို့မှ ဖူးဖက်မြို့အဝင်ဆာရက်ဆင်တံတားကြီးရှိ ရဲဂိတ်သို့သွားရာလမ်းတစ်လျှောက် ကိုသက်ခိုင်တစ်ယောက်ကားမောင်းရင်း အပျင်းပြေပြောခဲ့သော ရနောင်းမြို့မှရာမန်၏ ပင်လယ်ဓားပြဇာတ်လမ်းမှာ အောက်ပါအတိုင်းဖြစ်လေ၏။

“ဒီလိုဗျ။ အမှန်တော့ ရာမန်ဟာ ရနောင်းဆိပ်ကမ်းဘက်ကို ငယ်ငယ်ကတည်းကရောက်နေခဲ့တာလို့ဆိုတယ်။ ဘယ်လောက်တောင်ငယ်သလဲဆိုရင် ရနောင်းကို ပထမဆုံးအကြိမ်သူရောက်တုန်းက သူ့အသက်ဟာဆယ့်လေးနှစ်ပဲရှိသေးသတဲ့ဗျာ။ ဟုတ်တယ်။ ခင်ဗျားသိထားတဲ့ ရာမန်၊ ရနောင်းမှာ အနှစ် ၂၀ကျော်နေခဲ့တယ်ဆိုတာ တစ်ဆက်တည်းနေခဲ့တဲ့အချိန်ကိုပြောတာ။ အမှန်က ၁၄နှစ်သားကတည်းက ရနောင်းကို ရောက်နေတာ။ ပြန်လိုက်သွားလိုက်ဆိုပါတော့။ ဒါပေမဲ့ပထမအကြိမ်မှာတော့ ရနောင်းကနေ မန္တလေးကို သုံးနှစ်ကျော်မှပြန်နိုင်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ရာမန်ဟာ ရနောင်းထောင်မှာပင်လယ်ဓားပြမှုနဲ့ ထောင်ကျနေခဲ့လို့ပဲဗျာ။ ဟုတ်တယ်။ ခင်ဗျားမအံ့သြနဲ့။ ရာမန်ဟာ အသက်(၁၄)နှစ်မို့ ကလေးသူငယ်ဥပဒေအရ ပြစ်ဒဏ်လျှော့ပေါ့လို့ ခြောက်နှစ်ပဲကျတာ။ နောက်ပိုင်းထိုင်းဘုရင့်သမီးတော်ရဲ့ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့ရဲ့အကူအညီကြောင့် သုံးနှစ်ပဲထောင်ထဲမှာနေခဲ့ရတယ်။ သူ့အမှုတွဲ ၁၅ယောက်ကတော့ ထောင်ဒဏ်အနှစ် ၂၀ကျော်အထိ ကျကြတယ်။ ကျမှာပေါ့ဗျ။ ကျူးလွန်တဲ့ အပြစ်တွေကလည်း ငါးဖမ်းစက်လှေတစ်စီးလုံးမှာရှိသမျှလှေ ထိုးသားတွေကို သတ်ဖြတ်၊ ရေထဲကန်ချ၊ လုယက်ဖျက်ဆီးမီးလောင်တိုက်သွင်းပြီး ကျွန်းတစ်ကျွန်းပေါ်ကို စွန့်ပစ်ထားခဲ့တဲ့အမှုကိုး။

“ဖြစ်ချင်တော့ ၁၄နှစ်သားရာမန်ဟာ ရနောင်းရောက်စမှာ မအူမလည်နဲ့ ငါးဖမ်းလှေပေါ်ရောင်းစားခံရတဲ့ဘဝကို ရောက်ရာက ဒီဇာတ်လမ်းကိုကြုံရ၊ ဒီပြစ်မှုကို ကျူးလွန်တဲ့စာရင်းထဲမှာပါရတာပဲ။ ကလေးမို့ဘာမှ သိနားလည်ပုံမရ၊ တကယ်တမ်းလည်း သူကိုယ်တိုင်ဒီလိုရက်စက်တဲ့ပြစ်မှုကြီးကို ကိုယ်ထိလက်ရောက်ပါဝင်ကျူးလွန်ခဲ့ပုံမရပါဘူး။ ရာမန်လိုက်သွားတဲ့ငါးဖမ်းစက်လှေရဲ့ နာမည်က ဗမာလိုပြောရရင်‘နဖူးစာ’တဲ့ဗျ။ ဖြစ်ချင်တော့ အဲဒီငါးဖမ်းစက်လှေရဲ့ပွဲနင်းဟာ နာမည်ကျော်ထိုင်းလူမျိုးလူဆိုးဗိုလ်စာရင်းဝင်နေသဗျာ။ ထူးခြားချက်ကတော့ အဲဒီလူကို ရနောင်းတစ်မြို့လုံးက လွိုင်ဆော့ဖ်(အလောင်းတစ်ရာပြည့်အောင် သတ်ခဲ့သူ)လို့ ခေါ်ကြသတဲ့။ လွိုင်ဆော့ဖ်ရဲ့ ဇနီးအသိုင်းအဝိုင်းဟာ ရနောင်းမြို့က မျက်နှာကြီးအသိုင်းအဝိုင်းမို့ လွိုင်ဆော့ဖ်တစ်ယောက် သူ့မိန်းမမျက်နှာနဲ့ထင်တိုင်းကြဲနိုင်ခဲ့တယ်ဆိုပါတော့။ ဒါပေမယ့်လွိုင်ဆော့ဖ်က လူဆိုးလူလည်လို့ဆိုရမယ်။ သူက ဗမာလှေသားတွေကိုချည်းသီးသန့်မွေးထားပြီး လိုသမျှငွေကြေးထုတ်ပေးတယ်။ ငွေရတဲ့ အလုပ်မှန်သမျှအကုန်လုပ်တယ်။ ဗမာဘက်ကမ်း ကော့သောင်းကငါးခိုးရောင်းမယ့်သူ၊ သစ်ခိုးရောင်းမယ့်သူ၊ သတ္တုခိုးရောင်းမယ့်သူတွေကိုသူ့လှေသား ဗမာတွေကိုငွေထုတ်ပေးပြီး တရားမဝင်ဝယ်ခိုင်းတဲ့အလုပ်တွေလည်း ပါတာပေါ့ဗျာ။

“လွိုင်ဆော့ဖ်လုပ်နေတဲ့ အလုပ်တော်တော်များများဟာ ဥပဒေနဲ့ မလွတ်ကင်းတာကြောင့် တချို့ကိစ္စတွေမှာ ပြိုင်ဘက်ကို အပြတ်ရှင်းရတာ၊ နှုတ်ပိတ်တဲ့သဘော ပင်လယ်ပြင်မှာ လူသတ်ပြီး အလောင်းကို ရေထဲမှာလက်စဖျောက်ရတာတွေလည်းအများကြီးရှိသတဲ့။ သူဟာ နဖူးစာစက်လှေရဲ့စက်ခန်းပေါင်းမိုးပေါ်မှာ စက်သေနတ်ကြီးတစ်လက်တင်နိုင်တဲ့ သုံးချောင်းထောက်ဒေါက်တစ်ခုတင်ပြီးမြန်မာ့ရေတပ်ကတန်ကေးလှေတွေကို ခံပစ်ဖူးသတဲ့ဗျာ။ ဗမာရေတပ်တန်ကေးစက်လှေဆိုတာ ဒီလိုဗျ။ ဗမာရေတပ်ဟာ ထိုင်းတန်ကေးငါးဖမ်းစက်လေတွေကိုဖမ်းပြီးရေတပ်သုံးစက်လှေအဖြစ် အသွင်ပြောင်းသုံးခဲ့ကြလို့ဗျ။ ထိုင်းငါးဖမ်းစက်လှေပုံစံဖြစ်နေတာကြောင့် ငါးခိုးဖမ်းတဲ့ထိုင်းလှေတွေကို အကြောင်ရိုက်ပြီး ဖမ်းနိုင်တာပေါ့ဗျာ။ ဒီလိုနဲ့လွိုင်ဆော့ဖ်ဟာ(အလောင်းတစ်ရာဗိုလ်)ဆိုတဲ့နာမည်တစ်လုံးရလာတာဆိုပါတော့။ ဒါပေမဲ့ လွိုင်ဆော့ဖ်ရဲ့ နာမည်ခံမှုလအလုပ်ကတော့ ငါးဖမ်းစက်လှေပွဲနင်းကြီးပါပဲ”

“တစ်နေ့တော့ လွိုင်ဆော့ဖ်နဲ့ ဗမာလှေသားအဖွဲ့ဟာ သူ့စက်လှေနဲ့ ထိုင်းမြန်မာနယ်နိမိတ်ချင်းထိစပ်နေတဲ့ အက်ဒမန်ပင်လယ်ထဲကို ငါးဖမ်းထွက်ခဲ့ကြရောဆိုပါတော့။ အမှန်တော့ဗျာ ထိုင်းငါးဖမ်းစက်လှေတော်တော်များများအက်ဒမန်ပင်လယ်ထဲကိုငါးဖမ်းထွက်တယ်ဆိုတာ ဗမာပြည်ရေပိုင်နက်ထဲက ငါးတွေကိုတရားမဝင်ခိုးဖမ်းဖို့ထွက်ခဲ့ကြတာပါပဲ။ ဟုတ်တယ်လေ။ ထိုင်းပင်လယ်ပြင်မှာ ငါးဖမ်းမိတဲ့နှုန်းနဲ့ ဗမာရေပိုင်နက်မှာငါးဖမ်းမိတဲ့နှုန်းဟာ အဆမတန်ကွာခြားတယ်ဆိုပဲ။ တချို့အပြောအဆိုအရ ထိုင်းပင်လယ်ပြင်မှာ ငါးတောင်မရှိတော့ဘူးဆိုတယ်။ ဒါလည်း သိပ်သဘာဝကျတယ်။ ထိုင်းငါးဖမ်းစက်လှေတွေက ခေတ်မီငါးဖမ်းစနစ်တွေ၊ ငါးဖမ်းကိရိယာတွေကို အသုံးပြုတာကြောင့် ထိုင်းပင်လယ်ပြင်မှာ ငါးမျိုးတုံးကုန်ပြီ။ ဘာနည်းပညာမှမရှိတဲ့ဗမာပြည်ရေပိုင်နက်မှာငါးတွေရှိနေသေးတဲ့သဘောပါပဲ။ ဒီတော့ထိုင်းငါးဖမ်းစက်လှေတွေက ဗမာ့ပင်လယ်ပြင်မှာ ဘယ်နေရာမှာ၊ ဘယ်နှနာရီငါးဖမ်းဖို့အတွက် ဘယ်လောက် ပေးရမတုံးဆိုပြီး ဗမာရေတပ်ကို လှမ်းညှိကြတာပေါ့။

“ခင်ဗျားသိတဲ့အတိုင်းပေါ့ဗျာ။ ဗမာ့ရေတပ်မတော်ကလည်း ဘာသားနဲ့ ထုထားတာမို့တုံး။ ခေတ်ဆိုး၊ ခေတ်ပျက်ကြီးထဲမှာဆိုတော့ ပိုဆိုးသပေါ့။ ခင်ဗျားမှတ်မိလား။ ကျွန်တော်တို့ စခန်းခွဲ(၁)ရဲ့ဘက်မှာ ဆုံခဲ့တဲ့ဗိုလ်မှူးမျိုးဆွေနဲ့ တပ်ကြပ်ကြီးထွန်းထွန်းဦးတို့ဟာ ဒီကော့သောင်း၊ ရနောင်း၊ ထိုင်း-မြန်မာနယ်စပ်ပင်လယ်ပြင်မှာ ထိုင်းငါးဖမ်းစက်လှေတစ်စီးကို အပျောက်ရှင်းတဲ့အမှုနဲ့ ထောင်ကျလာကြတာလေ။ ကြုံတုန်းပြောရဦးမယ်။ ထိုင်းငါးဖမ်းစက်လှေတွေမှာ အခုသုံးနေကြတဲ့ ခေတ်မီငါးဖမ်းနည်းစနစ်တွေ၊ ငါးဖမ်းကိရိယာတွေဟာ တော်တော်အံ့သြဖို့ကောင်းတယ်ဗျ။ ကျွန်တော်လည်း အစက ဒီလောက်အဆင့်မြင့်မှန်းမသိပါဘူး။ လွန်ခဲ့တဲ့ခုနစ်နှစ်လောက်တုန်းက ကျွန်တော်နဲ့ဖူးဆက်မှာဆုံပြီး ရင်းနှီးခဲ့တဲ့ ဂျပန်တရုတ်ကပြားမစ္စတာဝူးဆိုတဲ့ သဘော်အရောင်းကိုယ်စားလှယ်တစ်ယောက် ကျွန်တော့်ကိုရှင်းပြဖူးလို့သိနေတာဗျ။

စာမျက်နှာ(၃၂)သို့

7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ဒေါင်းရောင်နေ မှေးသကို အခိုက်တွင်မှ

မောင်သာချို

(တစ်)

ဒေါင်းရောင်နေ
မှေးသကို အခိုက်တွင်မှ
ခေါင်းဆောင်တွေ
ရှေးနဂိုမလိုက်ပြန်တော့
အရေးထိုထို၌
အခိုက်အခွင့်မဟန်
အိုကွယ်
ခွေးလိုကိုက်ချင်တဲ့
စရိုက်အကျင့်တန်

ကဗျာ့ပါရဂူငြိမ်းချမ်းရေး ဖခင်ကြီး အမျိုးသားစာဆိုတော်ကြီး သခင်ကိုယ်တော်မှိုင်း၏ မဟာလေးချိုးကြီးတစ်ပုဒ်ထဲမှ ကောက်နုတ်ဖော်ပြလိုက်သည့် စာသားအချို့ပင်ဖြစ်ပါသည်။

နိုင်ငံ့ခေါင်းဆောင်တို့ နာယကဂုဏ်ခြောက်ပါးမင်းကျင့်တရားဆယ်ပါး၊ အပရိဟာနိယတရားခုနစ်ပါးစသည့် ရှေးရှေးကထုံးတမ်းစဉ်လာများအတိုင်း မကျင့်ကြံ၊ မကြံကြတော့ဘဲ တစ်ဦးနှင့် တစ်ဦးခွေးကဲ့သို့ မာန်ဖီကာ တိုက်ချင်ခိုက်ချင်၊ ကိုက်ချင်ခဲချင်လာကြသဖြင့် တိုင်းမှုပြည်မှုအနာဂတ်ကို ဆစ်ထုသည့်လုပ်ငန်းများတွင်သိပ်ဟန်မကျလာရာကဒေါင်း၏ အရောင်အဝါများ မှေးမှိန်လာရပါပြီဟု ရေးဖွဲ့လိုက်ခြင်းပင်ဖြစ်ပါသည်။

ဒေါင်းဆိုသည်မှာ မြန်မာ၏ သင်္ကေတပေပဲပေ့ါ။ ဒေါင်းရောင်မှေးပြီဆိုခြင်းမှာ မြန်မာတို့၏ အရောင်အဝါအရှိန်အစော်မှေးပြီဟု ဆိုလိုခြင်းပေပဲပေ့ါ။ ကမ္ဘာကစော်ကား။ အိမ်နားနီးချင်းတွေက မတော်မတရား။ ပြည်သူလူထုမှာ ဘာမှ အပြစ်မရှိ။ တာဝန်ရှိသူကခေတ်အဆက်ဆက်စီမံခန့်ခွဲခဲ့ကြသည့် အစိုးရဆိုသည့် လူပုဂ္ဂိုလ်များ။




(နှစ်)

အမေရိကန်နိုင်ငံသား တစ်ယောက်ကို စော်ကားခြင်းသည် အမေရိကန်ပြည်ထောင်စုကို စော်ကားခြင်းပင်ဖြစ်ပါသည်တဲ့။ သြော် . . . အမေရိကန်နိုင်ငံသားတစ်ယောက် ဖြစ်ရတာ လုံခြုံစိတ်ချလိုက်တာ။ နိုင်ငံတော်နဲ့ နိုင်ငံသားက တစ်သားတည်း။

မြန်မာနိုင်ငံအတွင်းသို့ အရိုးကောက်သည့် အဖွဲ့တွေ မကြာခဏလာတတ်ကြပါသည်။ စစ်အတွင်းက မြန်မာ့မြေပေါ်၌ကျဆုံးခဲ့ကြသည့် သူတို့နိုင်ငံတော်သားများ၏ အရိုးများကို ရှာဖွေစုဆောင်းကောက်ယူဖို့ ရောက်လာကြသည့်သူများ။ အင်္ဂလိပ်တွေ၊ အမေရိကန်တွေ၊ ဂျပန်တွေ။

အမေရိကန်လိုနိုင်ငံကတော့ စစ်အတွင်းက ကြွင်းကျန်ခဲ့သည့်၊ ပျက်သွားသည့် လေယာဉ်ပျံများ၊ ဝှက်ထားသည့် လေယာဉ်ပျံများကအစ ပြန်ရှာဖို့ဟုဆိုကာ ကျွန်တော်တို့နိုင်ငံသို့လာရောက်တတ်ကြပါလေသည်။

သြော် . . . လူအရှင်မဟုတ်။လူသေတွေ့ အရိုးတွေ။ လေယာဉ်အကောင်းတွေ မဟုတ်၊ အဟောင်းတွေ၊ အပျက်တွေ။ ကိုယ့်နိုင်ငံတွင်းကအရင်းအမြစ်တွေကို ကိုယ်က တန်ဖိုးလေတော့ ကမ္ဘာကလည်းအလေးထားရပေပြီပေါ့။ မထိရဲ မတို့ရဲ မစော်ကားရဲ။

(သုံး)

၂၀၁၃ ခုနှစ်အတွင်းမှာ ပြင်ပကမ္ဘာရောက် မြန်မာနိုင်ငံသားများနှင့် ပတ်သက်၍ စိတ်မကောင်းစရာတွေကို တော်တော်များများကလေးကြုံကြရပါသည်။

အနီးဆုံးဖြစ်ရပ်တစ်ခုအဖြစ် ဒီဇင်ဘာ ၂၃ ရက်က အဖြစ်ကိုကြည့်။ မလေးရှားနိုင်ငံဆာရာဝပ်ပြည်နယ်က အဖြစ်အပျက်။ မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံသားတစ်ယောက်စီ၊ နှစ်ယောက်စတို့ ဈေးဝယ်ရင်းနှင့် စကားများကာ ရန်ဖြစ်သည်။ မြန်မာက ကိုယ့်အဆောင်ကိုယ်ပြန်လာကာပြဿနာပြီးပြီဟု ထင်ခဲ့သည်။ သို့သော်ပြဿနာကမပြီး။ အင်ဒိုနီးရှားနိုင်ငံသားတွေက အုံနှင့်ကျင်းနှင့်ရောက်လာကြကာ မြန်မာတွေကိုဝိုင်းဝန်းဆိုပိတ်ထားလာသဖြင့် သင်္ဘောကျင်းဂိုဒေါင်ကြီးတစ်ခုထဲသို့ ထွက်ပြေးပုန်းအောင်းနေခဲ့ကြရပေရာ မြန်မာ ၉၇ ဦးပိတ်မိနေခဲ့ကြသည်ဟုဆိုပါသည်။ အလုပ်သွားဖို့ကိုအသာထား၍ အစားအသောက်ကိုမှ ထွက်မဝယ်စားရဲကြပါလေတော့။

၂၀၁၃ ခုနှစ်ထဲ၌ပင် မလေးရှားနိုင်ငံဆာလာရန်းပြည်နယ်ထဲ၌မလေးတို့ကမြန်မာတို့အပေါ် အကြမ်းဖက်ရန် ပြုလာခဲ့ကြလေရာ MAI လေကြောင်းနှင့် ပထမအကြိမ်၁၆၇ဦး၊ဒုတိယ၆၇ဦးစသည်စသည်ဖြင့် ဆရာတော် ဒေါက်တာ ရှင်ဉာဏိသရလိုပုဂ္ဂိုလ်များက ကိုယ့်သားသမီးကို ကိုယ့်ရင်ခွင်တွင်းသို့ဆွဲသွင်းခဲ့ရာဒီဇင်ဘာ ၂၆ ရက်အထိ အမျိုးသား ၅၆၇၉ ဦး၊အမျိုးသမီး ၁၂၀၁ ဦးစုစုပေါင်း ၆၈၈၀ ဦးပြန်လည်ခေါ်ဆောင်လာခဲ့ကြပြီးဖြစ်သည်ကို အများအသိပင်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်ထဲမှာပင် မလေးရှားနိုင်ငံ ပီနန်ကျွန်းတစ်ဖက်ကမ်းရှိ တမန်ပဲလန်ဇီးမြို့နယ် ဘာတာဝတ်ဒ်မြို့၌ မြန်မာများကို ရဲကလိုက်ဖမ်းစဉ် ရှစ်ထပ်တိုက်ပေါ်ကနေ ခုန်ချထွက်ပြေးသူ မြန်မာတစ်ဦးအသက်ဆုံးသည့် သတင်းကို စာဖတ်သူတို့ ဖတ်မိကြလိမ့်မည်ဟုထင်ပါသည်။

မြန်မာ အလုပ်သမကလေးကို အုပ်စုဖွဲ့ မုဒိမ်းကျင့်ကာ ရက်ရက်စက်စက်သတ်ဖြတ်ပြီးနောက် အလောင်းကို တည်းခိုနေထိုင်ရာ အဆောင်အနီး၌ လာရောက်စွန့်ပစ်သွားသည့် သတင်း၊ မြန်မာအလုပ်သမားလူငယ်တစ်ယောက်ကို ဆိုင်ကယ်ဖြင့် လိုက်လာကာ ရိုက်နှက်သတ်ဖြတ်သွားသည့် သတင်းစသည်စသည်တို့ကိုလည်း ၂၀၁၃ ခုနှစ်၏ စာမျက်နှာတွေပေါ်မှာ ကျွန်တော်တို့ ဖတ်ခဲ့ကြရပြီးဖြစ်ပါသည်။

ပြင်ပကမ္ဘာရောက် မြန်မာနိုင်ငံသားတို့အပေါ် ကျူးလွန်သည့်ရာဇဝတ်မှုများကိုသက်ဆိုင်ရာနိုင်ငံရှိ အစိုးရများက ဖော်ထုတ်ကာတရားခံကိုထိထိရောက်ရောက်အရေးယူခဲ့ပါလားဆိုသည်မှာအမေးထိုက်ဆုံးမေးခွန်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်အစိုးရအနေနှင့်လည်း ပြင်ပကမ္ဘာရှိ ကိုယ့်နိုင်ငံသားတို့ဘက်ကမားမားမတ်မတ်ရပ်တည်ကာ ကာကွယ်ခြင်း၊ တောင်းဆိုခြင်း၊ တုံ့ပြန်ခြင်းစသည်တို့ကို ပြတ်ပြတ်သားသား လုပ်နိုင်ခဲ့ပါ၏၊ လုပ်ရဲပါ၏ဆိုသည်မှာလည်း အရေးပါသော မေးခွန်းပင်ဖြစ်ပါသည်။

ကိုယ့် အားနည်းချက်နှင့် ကိုယ် အားပျော့နေသော အိမ်ထောင်ဦးစီးတစ်ယောက်၏ အိမ်က အိမ်သူအိမ်သားများကို ပတ်ဝန်းကျင်က လူမလေး၊ ခွေးမခန့် လုပ်မြဲလုပ်တတ်ကြသည်မှာ သိပ်တော့မဆန်းလှသော ကိစ္စပင်ဖြစ်ပါသည်။ သူတစ်ပါးရပ်ရွာရောက် ကျွန်တော်တို့သွေးသားတွေ အမြီးကုပ်၊ နားရွက်ကုပ်ပြီး နေလာခဲ့ကြရသည်မှာ သိပ်တော့အကြာကြီး မဟုတ်။ ၁၉၆၂ ခုနှစ်ကနေ ယခုအထိတိုင်အောင်ပါပဲဟု ဆိုထည့်လိုက်ချင်ပါသည်။

(လေး)

၂၀၁၃ခုနှစ်သည်ပြင်ပကမ္ဘာ၌ မြန်မာနိုင်ငံသားတို့ ညှိုးငယ်ခဲ့ကြရသော နှစ်ဖြစ်ပါသည်။ ခေါင်းဆောင်တွေ ရှေးနဂိုမလိုက်ဘဲ ခွေးလိုကိုက်ကြသဖြင့် ဒေါင်းရောင်တွေ မှေးကြရသော နှစ်။

ဖွဲ့စည်းပုံကောင်းကောင်း၊ အစိုးရကောင်းကောင်း၊ အုပ်ချုပ်ပုံ ကောင်းကောင်းဖြင့် ဖုန်တထောင်းထောင်းထဲ မြင်းကောင်းဖြတ်ပြေးသလို သည်နိုင်ငံကို တောင့်တင်းအောင် မဆောင်ရွက်နိုင်သရွေ့ အချင်းချင်းကိုက်နေသရွေ့ ဒေါင်းရောင်က မှေးမြဲမှေးကာ ကျွန်တော်တို့ အစော်ကားခံနေကြရဦးမည်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံသား တစ်ယောက်ကိုထိပါးခြင်းသည်မြန်မာနိုင်ငံကို ထိပါးခြင်းဖြစ်သည်ဟုဆိုသည့် အနေအထားမျိုးကို ရောက်ရန် ၂၀၁၄ ခုနှစ်ကစလို့ တည်ဆောက်ကြစေလိုကြောင်း ဆန္ဒပြုရပါသည်။ ။

---

စာမျက်နှာ(၂၀)မှ

## မြန်မာသစ်တောများအတွက် ကုထုံးသစ်

ဥရောပသစ်ဈေးကွက်တွင် မြန်မာသစ်များ ကျင့်ဝတ်သိက္ခာနှင့်အညီ ရောင်းချရေးအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် တရားဥပဒေနှင့်အညီ ထုတ်လုပ်သည့်သစ်ဖြစ်ကြောင်း ထောက်ခံချက်ပေးသည့်နိုင်ငံများအဖွဲ့ဝင်ရန် ၂၀၁၃ ခုနှစ်နိုဝင်ဘာလတွင် ပေးပို့ခဲ့သည်။

ဥရောပ ဈေးကွက်တွင် မြန်မာသစ်အချောထည်များ ဈေးကောင်းရရှိခြင်းအတွက် ထိုအဖွဲ့သို့ ဝင်ရောက်ရမည်ဖြစ်သည်။ အဆိုပါအဖွဲ့ကို အတိုကောက် ဖလပ်ဟုခေါ်သည်။ သစ်တောထွက်ပစ္စည်းများကို တရားဥပဒေနှင့်အညီထုတ်ယူသုံးစွဲခြင်းဟုခေါ်သည်။

ဖလပ်အဖွဲ့ဝင်ဖြစ်သောအခါသစ်တင်ပို့မှုများ လူမှုပတ်ဝန်းကျင်နှင့်အညီဖြစ်လာမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကောင်းမွန်သည့်စနစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ် သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းခြင်းကလည်း သစ်တောပြုန်းတီးခြင်းကို အထိုက်အလျောက်လျော့ပါးနိုင်မည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူ ပြည်တွင်းလူမှုအဖွဲ့အစည်း ECODEV မှ ဦးဝင်းမျိုးသူက ပြောသည်။

ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းသော်လည်း သစ်အချောထည်များ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းသုံးစွဲမှုက ဆက်လက်ရှိနေမည်ဖြစ်သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ထုတ်လုပ်ခဲ့သည့် ကျွန်းသစ်တန် တစ်သိန်းရှစ်သောင်းနှင့် ခုနစ်သိန်းကျော်ကို ထုတ်ယူမည်ဖြစ်သည်။ ထိုပမာဏကို အခြေခံပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၃၅ မှ ၄၀ ရာခိုင်နှုန်းကြားလျှော့ချ ထုတ်လုပ်သွားမည်ဖြစ်သည်။

ထို့နည်းအတိုင်း ၂၀၁၅-၂၀၁၆ မှ စတင်၍ သစ်တောဖုံးလွှမ်းမှုကို အခြေခံတွက်ထုတ်ယူသော (AAC) စံနှုန်းကို မီမည်ဖြစ်သည်။

သစ်တော ဖုံးလွှမ်းမှုကို အခြေခံပြီး တွက်ထုတ်ယူသော (AAC) စံနှုန်းအတိုင်းဖြစ်လာပါက အာဏာရှင်အစိုးရအဆက်ဆက်တွင် ပရမ်းပတာဖြစ်ခဲ့သည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်ပြန်လည်အသက်ဝင်လာမည်ဖြစ်သည်။

၂ နှစ်အတွင်း ထိုအခြေအနေအရောက်လှမ်းနိုင်ခဲ့လျှင် မြန်မာသစ်တောများအတွက် ကုထုံးမှန်သွားပြီဟု ဆိုရပေမည်။ ။

7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဉက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ဉာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဇွဲမာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင်၊ |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day Newsဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# စီးပွားရေးမြို့တော်လော၊ ကျူးမြို့တော်လော

**မြင့်မိုရ်ဆွေ**




၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရလက်ထက်က ရန်ကုန်မြို့ကို သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခဲ့ရာမှာ "ဒါသင့်မြို့တော် သန့်ရှင်းမှုဖြင့် ကူညီပါ" ဆိုတဲ့ ဆောင်ပုဒ်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီဆောင်ပုဒ်က တိုတိုနဲ့ ထိထိမိမိရှိလှတဲ့အတွက် ယနေ့ ထက်တိုင်အောင် သမိုင်းကို သိမီခဲ့ကြတဲ့ ပုဂ္ဂိုလ်များအားလုံးရဲ့ ရင်ထဲမှာ စွဲပြီး နှုတ်ဖျားက အလွတ်ရနေကြတုန်းပါပဲ။ ယနေ့ မျက်မှောက်ခေတ်ကာလမှာ ရန်ကုန်မြို့ကြီးရဲ့ အခြေအနေကို အမှန်အတိုင်း ထင်ဟပ်တဲ့ အလားတူ ဆောင်ပုဒ် ကောင်းကောင်းတစ်ပုဒ် ရေးသားဖော်ပြပါဆိုရင် "ဒါကျူးမြို့တော်-ထိပ်တိုက်တွေ့မှုရှောင်ပါ" လို့ရေးရမလိုဖြစ်နေပါပြီ။

မြန်မာနိုင်ငံရဲ့ ငွေကြေးဖောင်းပွမှုနှုန်းဟာ ၂၀၁၂-၁၃ မှာ ၂ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၁၃-၁၄ မှာ ၇ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း ကမ္ဘာ့ဘဏ်ရဲ့ နှစ်လယ်အစီရင်ခံစာအရ သိရှိရပါတယ်။ ရန်ကုန်မြို့ရဲ့ ကျူးကျော်တိုးပွားနှုန်းဟာ ကိန်းဂဏန်း အတိအကျမရှိပေမယ့် ငွေကြေးဖောင်းပွမှုနှုန်းထက်များစွာ သာလွန်မှာ သေချာပါတယ်။ ဘာကြောင့်လဲဆိုတော့ ငွေစက္ကူအသစ်များကို စက်နဲ့ရိုက်ထုတ်သလို တစ်လအတွင်း ကျူးကျော်တဲအိမ်များတိုးပွားမှုဟာ တချို့နေရာမှာ အလုံး ၁၀၀၀ ခန့်ရှိနေကြောင်းနဲ့ တချို့နေရာမှာ နှစ်ရက်အတွင်း အလုံး ၂၀၀ ခန့်အထိ စံချိန်တင် တိုးပွားနေကြောင်း ကြားသိနေရပါတယ်။ ဒီလိုတိုးပွားမှုနှုန်းဟာ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်း အမြင့်မားဆုံးစံချိန်သစ်အဖြစ် မှတ်တမ်းတင်ရမှာ ဖြစ် ပါတယ်။

ကျူးကျော်သူများကို ဖွံ့ဖြိုးဆဲနိုင်ငံများမှာ အမျိုးအစားလေးမျိုး ခွဲခြားလေ့ရှိကြပါတယ်။ ပထမအမျိုးအစားက အစစ်အမှန်ကျူး (Real squatter) ဖြစ်ပြီး ဒုတိယအမျိုးအစားက ကျူးမြေကို အရင်ရောက်ရှိပြီး နောင်မှရောက်ရှိသူတွေကို ပြန်ငှားစားတဲ့ အိမ်ငှားကျူး (Landlord squatter) ဖြစ်ပါတယ်။ တတိယအမျိုးအစားက စီးပွားဖြစ်ကျူး (Professional squatter) ဖြစ်ပြီး စတုတ္ထအမျိုးအစားက မင်းမဲ့စရိုက်ကျူး (Anarchistic squatter) ဖြစ်ပါတယ်။

ပထမအမျိုးအစားက မြို့ပြဒေသရှိ အလွန်ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေနဲ့ အလုပ်အကိုင်ကို အကြောင်းပြုပြီး ကျေးလက်မှ မြို့ပြသို့ ပြောင်းရွှေ့ခိုဝင်လာသူတွေ ပါဝင်ပါတယ်။ နေရေးဒုက္ခကို အမှန်တကယ်ခံစားနေကြရသူတွေကလည်း တစ်နေရာမှာ ကျူးလိုက်၊ အခွင့်အရေးယူလိုက်၊ နောက်တစ်နေရာမှာ ပြန်ဝင်လိုက်နဲ့ စီးပွားရေးအလုပ်တစ်ခုလို သဘောထားလုပ်ကိုင်နေသူတွေပါပဲ။ အိမ်ရာရှိပြီးသားသူတွေကပါ ရောနှောပါဝင်လေ့ရှိပါတယ်။ အဆိုးရွားဆုံးအမျိုးအစားကတော့ စတုတ္ထအမျိုးအစားဖြစ်ပြီး ကင်ဆာရောဂါနဲ့နှိုင်းယှဉ်ပြောရရင် နောက်ဆုံးအဆင့် "ဥပဒေဓာတ်ရောင်ခြည်" မှအပအခြားနည်းနဲ့ ကုစားဖြေရှင်းပေးဖို့ မလွယ်ကူတဲ့သူတွေဖြစ်ပါတယ်။

ရန်ကုန်မြို့မှာရှိတဲ့ ကျူးကျော်နေထိုင်သူတွေမှာ အရင်က ပထမအမျိုးအစားကျူးများသာ အများစုဖြစ်နေရာက ၂၀၁၃ နှစ်ဆန်းကစပြီး စတုတ္ထအမျိုးအစား မင်းမဲ့စရိုက်ကျူးတွေနေရာ အနှံ့မှာ အလုံးအရင်းနဲ့ မင်းမူလာတာတွေ့ရပါတယ်။ အမှတ်တရနောက်ကြောင်းပြန်ကောက်ရရင် ၂၀၁၃ ဇန်နဝါရီ ၃၁ ရက်မှာ လှိုင်သာယာမြို့နယ်၊ အမှတ် (၅) ရပ်ကွက်အတွင်း ပြောင်ပြောင်တင်းတင်း အစုလိုက်အပြုံလိုက် ဝါးလုံးတွေကို မော်တော်ကားနဲ့ သယ်ဆောင်လာပြီး အိမ်ရာတွေဆောက်လုပ်ကျူးကျော်တဲ့သူတွေဟာ တရားဥပဒေအရ အရေးယူ ဟန့်တားတဲ့ ဝန်ထမ်းများကို ကိုယ်ထိလက်ရောက် ရိုက်နှက်မောင်းထုတ်ခဲ့ကြပါတယ်။ အဲဒီအချိန်ကစပြီး ရန်ကုန်မြို့မှာ "မင်းမဲ့စရိုက်ကျူး" အမျိုးအစားကို စတင်မွေးဖွားခဲ့တာဖြစ်ပါတယ်။

၂၀၁၃ နိုဝင်ဘာလမှာတော့ ပန်းလှိုင်မြစ်မှာ သောင်ထွန်းလာတဲ့နေရာတွေနဲ့ တံတားကားလမ်းဘေးနေရာတွေမှာ အလုံးအရင်းနဲ့ ပြောင်ပြောင်တင်းတင်း ကျူးကျော်သူတွေ ထပ်မံပေါ်ပေါက်လာပြီး တစ်လတာအချိန်ကာလအတွင်း တဲအလုံးပေါင်း ၁၀၀၀ ကျော် ဆောက်လုပ်ခဲ့ကြောင်း သိရှိရပြန်ပါတယ်။ နောက်တစ်ခါ ၂၀၁၃ ခုနှစ် ခရစ္စမတ်နေ့ကို ကြိုဆိုသောအားဖြင့် လှိုင်သာယာမြို့နယ် ၁၅ ရပ်ကွက် ရွှေလင်ပန်းချောင်းရဲ့ တောင်ဘက်ခြမ်း အစိုးရမြေပေါ်မှာ ဒီဇင်ဘာ ၂၃ ရက်မှစပြီး နှစ်ရက်အတွင်း အလုံး ၂၀၀ ခန့် ကျူးကျော်ခဲ့ကြပြန်ပါတယ်။

ဒီဇင်ဘာ ၂၅ ရက်မှာ အဲဒီကျူးကျော်တဲတွေကို ဆက်လက်မဆောက်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်ရဲတပ်ဖွဲ့တို့ ဦးဆောင်ပြီး အင်အား ၅၀ ခန့်နဲ့ သွားရောက်တားမြစ်ခဲ့ကြောင်း သိရှိရပါတယ်။ တားမြစ်နေတဲ့ကြားထဲမှာပဲ ထပ်မံဆောက်လုပ်ထားတဲ့ တဲတွေကို ဖျက်သိမ်းဖို့ အသိပေးပြီး အခြေအနေအရပ်ရပ်ကို ၂၆. ၁၂. ၂၀၁၃ နေ့မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရထံ တင်ပြကြောင်း သိရှိရပါတယ်။ ကျူးကျော်သူတွေကလည်း တုတ်၊ ဓားများနဲ့ ကျူးကျော်တဲတွေ ဆောက်လုပ်နေတဲ့ လမ်းဝင်ပေါက်မှာ လုံခြုံရေးရယူထားကြတယ်လို့ ဆိုပါတယ်။ ဒီဇင်ဘာ ၂၆ ရက် ညနေမှာတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အတိအကျ မရသေးလို့ ဝင်ရောက်ဖျက်သိမ်းပြီး ဖမ်းဆီးအရေးယူမှုများ ရပ်ဆိုင်းထားကြောင်းနဲ့ ဥပဒေအရ တရားစွဲဆိုအရေးယူမယ်လို့သာ တာဝန်ရှိသူအချို့က ပြောကြားကြောင်း ကြားသိရပြန်ပါတယ်။ (အဲဒါကို ထိပ်တိုက်တွေ့ဆုံမှုမပြုတာလို့ အချို့က ပြောကြပါတယ်)

**စာမျက်နှာ(၃၂) သို့**

# Business

7 DAY NEWS JOURNAL

Vol.12, No.43 • JANUARY 1 , 2014





ရောင်းရန်မဟုတ်ကြောင်း စာကပ်ထားသည့်ကျောက္ကာလမ်းပေါ်မှ မြေကွက်တစ်ခု ဓာတ်ပုံ - မျိုးမင်းဦး

# မုံရွာအိမ်ခြံမြေဈေးများ နှစ်ဆခန့်တက်

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၂၉**

၂၀၁၃ နှစ်ဆန်းတွင်အရောင်းအဝယ်အေးစက်ခဲ့သည့် မုံရွာမြေဈေးကွက်သည် နှစ်ကုန်ပိုင်းတွင် ဝယ်လိုအားမြင့်တက်လာခဲ့ခြင်းကြောင့် အိမ်ခြံမြေဈေးနှစ်ဆခန့် မြင့်တက်လာခဲ့ကြောင်း မုံရွာမြို့ ဒေသခံအိမ်ခြံမြေအကျိုးဆောင်များက ဆိုသည်။

"နှစ်ဆန်းပိုင်းတုန်းကအေးစက်နေတဲ့ အိမ်ခြံမြေဈေးက နှစ်ကုန်မှာတော့ ခပ်န္ဓေးနွေးပဲ။အရောင်းအဝယ်တော့ဖြစ်ပါတယ်။ ရောင်းသူနည်းပြီး ဝယ်လိုအားများလာတယ်။ လမ်းမကြီးတန်းတွေမှာ ရောင်းမယ်သူမရှိတော့ဘူး။ နှစ်ကုန်ရက်ပိုင်းမှာ ရွှေဈေးတွေဆက်တိုက်ကျလာတဲ့အတွက် အိမ်ခြံမြေဝယ်ယူစုဆောင်းသူတွေပိုများလာတယ်"ဟု မုံရွာမြို့ ဝါရင့်အိမ်ခြံမြေအကျိုးဆောင်ကိုဇော်ကပြောကြားသည်။

မုံရွာမြို့သည်စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရုံးစိုက်ရာမြို့ကြီးဖြစ်၍ မြေယာဝယ်ယူစုဆောင်းသူများကြောင့် ဝယ်လိုအားမြင့်တက်လာခြင်း ဖြစ်သည်။ မုံရွာမြို့ပေါ်တွင် အဓိကလမ်းမကြီးများဖြစ်သည့် ဗိုလ်ချုပ်လမ်းမကြီးဘေးဝဲယာမြို့လယ်ရပ်ကွက်များတွင် မျက်နှာစာတစ်ပေ ပတ်လည် ကျပ်သိန်း ၁၀၀မှ သိန်း ၁၅၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

မုံရွာမြို့အဝင် ညောင်ပင်ဇောက်ကွေ့အနီးဗိုလ်ချုပ်လမ်းမကြီးတွင် မျက်နှာစာတစ်ပေ ကျပ်သိန်း ၃၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ မုံရွာမြို့မြောက်ဘက်မြို့သစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီးဘေးတွင် ပေ ၈၀ ပတ်လည်မြေကွက်တစ်ကွက်လျှင်ကျပ်သိန်း ၁၀၀၀မှ ၁၅၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

မုံရွာမြို့ပေါ်ရပ်ကွက်များဖြစ်သည့် အလယ်ရပ်၊ ဆူးလေကုန်း၊ အောင်မင်္ဂလာ၊ ဘုရားကြီးရုံးကြီး၊ ဒေါနခြံစသည့် ရပ်ကွက်များတွင် နေရာအကျယ်အဝန်းအပေါ်မူတည်၍ မျက်နှာစာတစ်ပေပတ်လည်ကျပ်သိန်း၃၀မှကျပ်သိန်း ၁၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယာဉ်အသွားအလာစည်ကားသည့် ကျောက္ကာလမ်းမကြီးပေါ်တွင် မျက်နှာစာတစ်ပေလျှင် ကျပ်သိန်း ၅၀မှ ကျပ်သိန်း ၁၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်။

ပုဂ္ဂလိကမီနီဘဏ်များ၊စတိုးဆိုင်များ၊ ကလေးကစားကွင်းများနှင့် စားသောက်ဆိုင်များ ငှားရမ်းဖွင့်လှစ်သူပိုမိုများပြားလာသည့်နောက်ပိုင်း အိမ်ခြံမြေရောင်းချသူနည်းပါးလာခြင်းဖြစ်ကြောင်း မုံရွာဒေသခံအိမ်ခြံမြေအကျိုးဆောင်များက သုံးသပ်ပြောကြားသည်။

အစိုးရသစ်လက်ထက်မှစတင်၍ မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီက မုံရွာမြို့ပေါ်ရပ်ကွက်များရှိလမ်းများကို ကိုယ့်အားကိုယ့်ကိုးစနစ်ဖြင့် တစ်နှစ်လျှင် လမ်း ၅၀ စီမံချက်ဖြင့် ကျောက်ချောကတ္တရာလမ်းများ တိုးချဲ့ဖောက်လုပ်ခဲ့သည့်နောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်လမ်းဘေးဝဲယာနေအိမ်များသည် ၂၀၁၃ ခုနှစ်အတွင်း ဝယ်လိုအားအများဆုံးဖြစ်သည်ဟု အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

"မြို့သစ်ရပ်ကွက်တွေရော၊ စက်မှုဇုန်မှာပါကတ္တရာလမ်းတွေဖောက်ထားတော့ အရင်တုန်းကအရောင်းအဝယ်မဖြစ်ခဲ့တဲ့နေရာ


စာမျက်နှာ ၂၈ ››


## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၈၄ | ၉၉၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၁ | ၇၈၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၄၃ | ၁၃၆၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၃၅ | ၃၀. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၃ ဒီဇင်ဘာ ၂၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၆၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၇၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၅. ၁၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၆၈၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၉၂၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၈၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၃. ၇၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၈၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၈၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၂,၁၃၁. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၇၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄. ၃၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၁၂၇၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၂၆၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၇၀၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၅၉၇၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၁၂. ၉၀ |
| ရေနံစိမ်း | စည် | ၁၁၀. ၄၁ |
| ငွေ | အောင်စ | ၂၀. ၀၁ |
| ကြေးနီ | ပေါင် | ၃. ၄၃ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဒီဇင်ဘာ ၂၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ပြည်ပရင်းနှီးမြှုပ်နှံမှု ဝင်သင့်သလောက်မဝင်ကြောင်း ဝေဖန်ချက်များ မမှန်ဟု တာဝန်ရှိသူပြော

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၈**

မြန်မာနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိသော်လည်း ရင်းနှီးမြှုပ်နှံမှုများ ဝင်သင့်သလောက်မဝင်ကြောင်း၊ သုံးသပ်ဝေဖန်မှုများမှာ လုံးဝမှန်ကန်မှုမရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရာတွင် ဥပဒေများပြင်ဆင်ပြဋ္ဌာန်းရန် အချိန်ယူရခြင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် အခြေခံအဆောက်အအုံများ အဆင်သင့်မဖြစ်ခြင်းစသည့် အခက်အခဲများ ရှိနေသော်လည်း အစိုးရသစ်စတင်တာဝန်ယူခဲ့သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်များနှင့် နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုပမာဏမှာ လေးဆခန့်မြင့်တက်လာကြောင်း ၎င်းကပြောသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏအမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံဝင်ရောက်ခဲ့သော်လည်း အထက်ချီဖွေရေအားလျှပ်စစ်လုပ်ငန်းမှာ ကန်ဒေါ်လာ ၄ ဒသမ ၃ ဘီလီယံရှိပြီး အခြားကဏ္ဍများ၏ ရင်းနှီးမြှုပ်နှံမှုမှာ သန်း ၃၀၀ သာရှိသဖြင့် အားကောင်းသည်ဟု မဆိုနိုင်ကြောင်း ၎င်းကရှင်းပြသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင်မူ ကန်ဒေါ်လာ ၁ ဒသမ ၄၁၉ ဘီလီယံဖိုး ကဏ္ဍအစုံတွင် ရင်းနှီးမြှုပ်နှံသည်။ ယခုဘဏ္ဍာရေးနှစ်ကုန်အထိ ၂ ဒသမ ၅ ဘီလီယံတွင် နိုဝင်ဘာ ဝင်ရောက်ထားသည့်အပြင် ရင်းနှီးမြှုပ်နှံမှုများစွာ ဝင်ရောက်ရန်လည်း ကျန်ရှိနေသေးကြောင်းလည်း သတင်းရရှိသည်။

"Telenor နဲ့ Oredoo တို့လို Project ကြီးကိုပါ ဒီနှစ်ထဲမှာ ခွင့်ပြုဖြစ်ရင် နောက်ထပ် တစ်ဘီလီယံထပ်တက်သွားဦးမှာဆိုတော့ ဒါကြောင့် ဒီနှစ်ရင်းနှီးမြှုပ်နှံမှုပမာဏကေ စုစုပေါင်း ၃ ဒသမ ၅ ဘီလီယံလောက် အနည်းဆုံးရှိနိုင်တဲ့အတွက် ဝင်သင့်သလောက် မဝင်ဘူးဆိုတာကို ရာနှုန်းပြည့် လက်မခံလိုပါဘူး။ ဝင်သင့်သလောက်ဝင်နေတယ်လို့ပဲ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်" ဟု ဦးအောင်နိုင်ဦးက ပြောသည်။ ယခုဘဏ္ဍာနှစ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၃ ဘီလီယံရှိမည်ဟု အစိုးရက မျှော်မှန်းထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိသော်လည်း လျှပ်စစ်မီးအခက်အခဲ၊ မြေဈေးကြီးမြင့်မှု၊ ကျွမ်းကျင်လုပ်သား ရှားပါးမှုနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများမှာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အမှန်တကယ် အကာအကွယ်ပေးထားခြင်း ရှိ၊ မရှိ စသည့်ကိစ္စရပ်များ ရှိနေခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စဉ်းစားစရာများ ဖြစ်ပေါ်နေကြောင်း ယခင်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းက ပြောသည်။

---

စာမျက်နှာ ၂၇ မှ

## မုံရွာအိမ်ခြံမြေဈေးများ နှစ်ဆခန့်တက်

တွေမှာ လမ်းကြောင့် အရောင်းအဝယ်ပိုဖြစ်လာတယ်။ လမ်းမကောင်းခင်တုန်းက သိန်းတစ်ရာဝန်းကျင်ပဲရတဲ့မြေကွက်တွေက အခုဆို သိန်း ၃၀၀ ကနေ သိန်း ၅၀၀ ဝန်းကျင်အထိ ဈေးတက်သွားတယ်။ မြို့ပေါ်မှာ ရောမြို့သစ်မှာပါမြေဝယ်သူတွေကြောင့် မြေဈေးက နှစ်ဆန်းပိုင်းကထက် နှစ်ဆနီးပါးတက်သွားပြီ" ဟု မုံရွာမြို့ဝါရင့်အိမ်ခြံမြေအကျိုးဆောင် ဦးအုန်း(မြကျွန်းသာ)ကပြောကြားခဲ့သည်။

မုံရွာစက်မှုဇုန်ရပ်ကွက်အေးရိပ်သာလမ်းဘေးဝဲယာပေ (၈၀×၆၀)မြေတစ်ကွက်လျှင် ကျပ်သိန်း ၅၀၀မှ သိန်း ၇၀၀ ဝန်းကျင်၊ အတွင်းပိုင်းရှိ ပေ (၈၀×၆၀)မြေကွက်တစ်ကွက်လျှင် နေရာဒေသအလိုက် ကျပ်သိန်း ၁၀၀မှ ကျပ်သိန်း ၄၀၀၊ တိုင်းရင်းသားဆေးရုံလမ်း၊ မဟာဗန္ဓုလလမ်းဘေးတွင် ကျပ်သိန်း ၅၀၀ မှကျပ်သိန်း ၈၀၀ ဝန်းကျင်အထိ ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

မုံရွာတက္ကသိုလ်အနီးတစ်ဝိုက်တွင် စားသောက်ဆိုင်များ၊ ကလေးကစားကွင်းများနှင့် ဘော်ဒါဆောင်များတိုးချဲ့ဖွင့်လှစ်ခဲ့သည့်နောက်ပိုင်း ၂၀၁၃ နှစ်ဆန်းပိုင်းကာလတွင် ကျပ်သိန်း ၂၀၀ ဝန်းကျင်ရှိ အိမ်ခြံမြေတစ်ကွက်လျှင် ၂၀၁၃ နှစ်ကုန်ရက်ပိုင်းအတွင်း ကျပ်သိန်း ၃၀၀ မှ ၅၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်လာကြောင်း မုံရွာတက္ကသိုလ်အနီး အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။ မုံရွာစီးပွားရေးတက္ကသိုလ်မြောက်ဘက်မျက်နှာချင်းဆိုင်ရှိ စံပယ်လမ်းဘေးတွင် ပေ(၈၀×၅၀)၊ မြေတစ်ကွက်လျှင် ကျပ်သိန်း ၃၀၀ ဝန်းကျင်၊ နှင်းဆီလမ်းဘေးပေ (၈၀×၅၀) မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၂၅၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရှိရသည်။

တိုင်းဒေသကြီးလွှတ်တော်အိမ်ရာအဆောက်အအုံများတိုးချဲ့ဆောက်လုပ်သည့်နောက်ပိုင်း မြို့သစ်ရပ်ကွက်နှင့် အိုးဘိုထောင်ရပ်ကွက်များအတွင်း လူနေအိမ်များတိုးချဲ့လာပြီး ယခင်နှစ်က ပေ (၈၀)ပတ်လည်အိမ်ခြံ မြေတစ်ကွက်လျှင်ကျပ်သိန်း ၂၀၀ဝန်းကျင်ရှိခဲ့ရာမှ ၂၀၁၃ နှစ်တွင် ကျပ်သိန်း ၃၀၀ မှ ကျပ်သိန်း ၅၀၀ အထိနေရာဒေသအလိုက် အရောင်းအဝယ် ပိုသွက်လာသည်။ မုံရွာမြို့ဒေါနခြံရပ်ကွက်အတွင်း အဆင့်မြင့်အိမ်ရာစီမံကိန်းအကောင်အထည်ဖော်တည်ဆောက်ရန် ပထမအကြိမ်မြောက်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014





UESLEI MARCELINO/AFP

# ဘရာဇီးနိုင်ငံရောက် ကျူးဘားဆရာဝန်များ

ကြည်နေဝင်းမင်း

သူတို့ ပထမဆုံးအကြိမ် ရောက်ရှိလာခဲ့စဉ်က ကွန်မြူနစ်နိုင်ငံ၏ ကျွန်များဟု ခေါ်ဝေါ်ခံရပြီး အနှောင့်အယှက်ပြု ခံခဲ့ရသည်။ သို့သော် ဘရာဇီးနိုင်ငံ၏ အဆင်းရဲဆုံးဒေသများတွင် ကျူးဘားနိုင်ငံမှ ဆရာဝန် ၅,၄၀၀ ရောက်ရှိလာခြင်းကို ဘုရားသခင်၏ကိုယ်စားလှယ်များလို ကြိုဆိုခဲ့ကြသည်။

အမျိုးသားကျန်းမာရေးစနစ်ဟာကွက်များကို နိုင်ငံခြားမှ ဆရာဝန်များ အဓိကအားဖြင့် ကျူးဘားနိုင်ငံမှ ဆရာဝန်များဖြင့် ဖြည့်ဆည်းရေးအစီအစဉ်မှာ သမ္မတဒီလ်မာရူးဆက်ဖ်တစ်ယောက်လာမည့်နှစ်ရွေးကောက်ပွဲတွင် ဒုတိယသက်တမ်း ထပ်မံအုပ်ချုပ်ခွင့်ရရေး မျှော်မှန်းနေချိန်တွင် မဲရရှိနိုင်သော အကြောင်းအရာတစ်ခုဖြစ်နိုင်ပါသည်။

အကျင့်ပျက်ခြစားမှု၊ ညံ့ဖျင်းသော အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်၊ ပညာရေး၊ ကျန်းမာရေးစနစ် ညံ့ဖျင်းမှုများကြောင့် ဇွန်လအတွင်းက ဘရာဇီးနိုင်ငံတွင် ကြီးမားသော လူထုဆန္ဒပြပွဲများဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ကျူးဘားခေါင်းဆောင်ဟောင်း ဖီဒယ်လ်ကက်စထရို စတင်ခဲ့သော နိုင်ငံခြားသို့ ဆရာဝန်တင်ပို့သော အစီအစဉ်ကို အသုံးချရန် မစ္စစ်ဒီလ်မာရူးဆက်ဖ်အတွက် ဦးစားပေးစရာဖြစ်လာသည်။

သီတင်းပတ်အနည်းငယ်အတွင်းမှာပင် 'More Doctors' ဟုခေါ်သော နိုင်ငံခြားဆရာဝန်များ ပိုမိုငှားရမ်းရေးအစီအစဉ်ကို မစ္စစ်ဒီလ်မာရူးဆက်ဖ်က စတင်ခဲ့သည်။ ဘရာဇီးနိုင်ငံမှ ဆရာဝန်များ သွားရောက်ကုသရန် စိတ်မဝင်စားသော ဆင်းရဲပြီး ဝေးလံခေါင်ဖျားဒေသများ၌ ခန့်ထားရန် ကျူးဘားနိုင်ငံမှ ဆရာဝန်များ ထောင်နှင့်ချီ၍ခေါ်ယူရေး သုံးနှစ်ကန်ထရိုက်စာချုပ်ကို ဘရာဇီးအစိုးရက လက်မှတ်ရေးထိုးခဲ့သည်။

နိုင်ငံခြားငွေများ ကျပ်တည်းနေသော ကျူးဘားနိုင်ငံအတွက် တစ်နှစ်လျှင် ကန်ဒေါ်လာ ၂၂၅ သန်း ဝင်ငွေရရှိစေမည့် သဘောတူညီချက်အရ ကျူးဘားဆရာဝန်များကို ဘရာဇီးနိုင်ငံတစ်ဝန်း မြို့ကြီးများ၏ ဆင်းရဲသားရပ်ကွက်များရှိ ကျန်းမာရေးဌာနများတွင် ခန့်ထားခဲ့သည်။ နိုင်ငံအရှေ့မြောက်ပိုင်း မိုးခေါင်ရေရှားဒေသ၊ ဌာနေဆရာဝန်မရှိသော ကျေးရွာများတွင်လည်း ကျူးဘားဆရာဝန်များကို ထားရှိခဲ့သည်။ ဘာဟီယာပြည်နယ်တွင် ဝန်ထမ်းမရှိသော ကျေးလက်ကျန်းမာရေးဌာနများကို ပြန်လည်ဖွင့်လှစ်လိုက်သည်။

ဘာဟီယာပြည်နယ်အတွင်းပိုင်းရှိ ကန္တာရပင်များဝန်းရံနေပြီး ဆိတ်များ၊ အစာရေစာ ဝဝလင်လင်မရှိသော နွားများဖြင့် ပြည့်နေသော ကျေးရွာငယ်လေး ဂျီကွတ်တီယာတွင် နေထိုင်သူများမှာ ဆရာဝန်နှင့်တွေ့ရန် ဖုန်ထူသော လမ်းများကို မိုင်ပေါင်း ၃၀ ခရီးနှင်ရန် မလိုတော့ပေ။

“ဒါဟာ ဘုရားသခင်လက်ဆောင်ပါပဲ”ဟု ရင်ဘတ်အောင့်ဝေဒနာကို ဆရာဝန်မလေး ဒါနီယာလယ်လ်ဗီရိုက ကြည့်ရှုကုသပေးပြီးနောက်တွင် ယာလုပ်သား ဘစ်စပိုပါရဲရာက ပြောပါသည်။ မစ္စစ်ဒါနီယာမှာ ကျူးဘားနိုင်ငံ ဆန်တာကလာရာဒေသမှ ဖြစ်သည်။ “သူ ဒီမှာနေတာ လူတိုင်းကပျော်နေကြတယ်။ သူ့ကိုအခြားနေရာကို ပို့လိုက်မှာ ကြောက်နေကြတယ်”ဟု ဘစ်စပိုပါရဲရာက ပြောသည်။

သက်ကြီး ရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် မိသားစုကျန်းမာရေးဌာနတွင် ဒေါက်တာဒါနီယာအယ်လ်ဗီရိုနှင့် ပြသရန် စောင့်ဆိုင်းနေကြသည်။ ၎င်းမှာ အခြားကျူးဘားဆရာဝန်များစွာကဲ့သို့ပင် ကြိုတင်ကာကွယ်ရေး ဆေးပညာကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည်။ “ကျွန်မစာအုပ်ထဲမှာပဲ လေ့လာဖူးတဲ့ ရောဂါတွေ ဒီမှာရှိတာတွေ့ရတယ်။ ဥပမာ အနာကြီးရောဂါလိုမျိုး။ ကျူးဘားနိုင်ငံမှာ မရှိတော့ဘူး”ဟု ဒေါက်တာဒါနီဖာက စပိန်နှင့် ပေါ်တူဂီစကားများကိုညှပ်၍ ပြောပြသည်။

ကျူးဘားနိုင်ငံသည် အယူဝါဒရေးရာ အကြောင်းပြချက်များဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီရန် ဆယ်စုနှစ်ပေါင်းများစွာတိုင် ဆရာဝန်များကို နိုင်ငံရပ်ခြားသို့ ပို့ခဲ့သည်။ စစ်အေးခေတ် ကျားကွက်ပေါ်မှနေ၍ တော်လှန်ရေးခြေလျင်တပ်သားများအဖြစ် ဖီဒယ်လ်ကက်စထရို ဆရာဝန်များ ပို့လွှတ်ခဲ့သော နိုင်ငံများတွင် အယ်လ်ဂျီးရီးယား၊ အီသီယိုးပီးယားမှနေ၍ အန်ဂိုလာနှင့် နီကာရာဂွါနိုင်ငံများအထိ ပါဝင်သည်။

ဆိုဗီယက်ယူနီယံပြိုကွဲသွားပြီးနောက် စီးပွားရေးအကျပ်အတည်းနှင့်ကြုံတွေ့ခဲ့ရစဉ် မကြာမီက ကွယ်လွန်သွားသော ဗင်နီဇွဲလားခေါင်းဆောင် ဟူဂိုချားဗက်ဇ်နှင့် ၂၀၀၀ ပြည့်နှစ်တွင် ဆရာဝန်များနှင့် ရေနံလဲလှယ်ရေးအစီအစဉ်ကို တီထွင်ခဲ့သည်။ အဆိုပါအစီအစဉ်အရ ကျူးဘားဆရာဝန်ပေါင်း ၃၀,၀၀၀ ကျော် ဗင်နီဇွဲလား မြို့တော်ကာရာကတ်စ်နှင့် အခြားမြို့ကြီးများရှိ ဆင်းရဲသားရပ်ကွက်များတွင် အလုပ်လုပ်ခဲ့ကြသည်။ ယင်းအစီအစဉ်ကြောင့်ပင် ဗင်နီဇွဲလားလူထုကြားတွင် ချားဗက်ဇ်အတွက် နိုင်ငံရေးအရ လိုလားမှုများစွာရရှိခဲ့ပြီး ကျူးဘားနိုင်ငံသို့လည်း ဦးစားပေးရေနံတင်ပို့မှုများဖြင့် ပြန်လည်ပေးချေခဲ့သည်။

ရရှိသောဝင်ငွေအများစုမှာ ကျူးဘားအစိုးရထံ ရောက်ရှိသွားသော်ငြားလည်း ကျူးဘားဆရာဝန်များမှာ မိမိနိုင်ငံတွင်ရသောဝင်ငွေထက် ပိုမိုရရှိကြသောကြောင့် နိုင်ငံခြားသွားရသည်ကို ပျော်ရွှင်ကြသည်။ ကျူးဘားနိုင်ငံမှာဆိုလျှင် ဆရာဝန်များ၏လစာမှာ အများဆုံး ကန်ဒေါ်လာ ၅၀ ခန့်သာ ရရှိကြသည်။ “ကျွန်တော်တို့လစာ အများကြီးမရပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ဒီကိုငွေကြေးအတွက်လာရောက်ကြတာမဟုတ်ဘူး။ ဆင်းရဲတဲ့ ကျွန်တော်တို့နိုင်ငံကို ကူညီဖို့ ကျွန်တော်တို့ ဒီမှာရှိနေကြတာပါ” ဟု ဘရာဇီးနိုင်ငံ၏ မြို့တော်ဘရာစီးလီးယားရှိ အကြီးမားဆုံးပုံကျဆင်းရဲသားရပ်ကွက် ကျန်းမာရေးဌာနတွင် အလုပ်လုပ်နေသော ဒေါက်တာလီဆက်ဘရောင်းက ပြောသည်။ ကျူးဘားဆရာဝန် ၁၂ ဦး ရောက်ရှိလာ၍ ဝန်ပိနေသော မြို့နယ်ဆေးရုံမှာ အနည်းငယ်အသက်ရှူချောင်လာခဲ့သည်။ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ယုံကြည်မှုလည်း တိုးတက်လာသည်ဟု ဘရာဇီးနိုင်ငံသား သူနာပြုတာနီယားရီဘာရိုမန်ဒွန်ချာကပြောသည်။ “အစိုးရက တစ်ခုခုတော့ လုပ်ပေးတယ်လို့ လူတွေက မြင်လာကြတယ်”ဟု ၎င်းကဆက်လက်ပြောသည်။

ဘရာဇီးနိုင်ငံမှ ဆရာဝန်များက ကနဦးတွင် နိုင်ငံခြားလုပ်ဖော်ကိုင်ဖက်များ ရောက်ရှိလာခြင်းကို ရပ်တန့်ရန် ကြိုးစားခဲ့ကြသည်။ ၎င်းတို့၏လုပ်ငန်းအကျိုးစီးပွားနှင့် ဆေးပညာအဆင့်အတန်းကို ထိခိုက်စေသည်ဟု ရှုမြင်ကြသည်။ ဘရာဇီးနိုင်ငံမြောက်ပိုင်း ဖော်တာလီဇာလေဆိပ်တွင် ကျူးဘားဆရာဝန်များ ရောက်လာစဉ်က ဒေါသထွက်နေသော ဘရာဇီးဆရာဝန်များက ‘ကျွန်တွေ’ဟု အော်ဟစ်ခဲ့ကြသည်။ သို့သော် ဒေသခံဆရာဝန်များ မရရှိနိုင်သော နေရာများတွင် နိုင်ငံခြားသားများအား ငှားရမ်းခြင်းကို ဘရာဇီးနိုင်ငံသားများက လိုလားကြောင်း လူထုစစ်တမ်းများကပြသနေ၍ ဘရာဇီးဆရာဝန်များ၏ ဝေဖန်မှုများ လေသံလျှော့လာရသည်။


အစီအစဉ်စတင်လိုက်သည်မှာ လေးလသာရှိသေးသော်လည်း 'More Doctors'အစီအစဉ်မှာ သမ္မတဒီလ်မာရူးဆက်ဖ်အတွက် နိုင်ငံရေးချီးကျူးထောပနာများ ရရှိနေပြီဖြစ်သည်။ ဇွန်လကန့်ကွက်ဆန္ဒပြမှုများအပေါ် အလျင်အမြန်တုံ့ပြန်ခဲ့သော နမူနာအဖြစ် ယင်းအစီအစဉ်ကို မစ္စစ်ရူးဆက်ဖ်က ညွှန်ပြနိုင်သည်။ သို့သော် အချို့ကလည်း အခွန်ထမ်းများ၏ငွေများ အသုံးပြုသော အစီအစဉ်ဖြင့် မစ္စစ်ရူးဆက်ဖ် ပြန်လည်ရွေးကောက်ခံရရေး ကျူးဘားဆရာဝန်များက လုပ်ဆောင်ပေးသွားလိမ့်မည်ဟု ညည်းတွားပြောဆိုသည်။

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင်မူ ကျူးဘားဆရာဝန်များမှာ ဒေသခံများ၏နှလုံးသားကို ဆုပ်ကိုင်နိုင်ခဲ့သလို မစ္စစ်ရူးဆက်ဖ်အတွက်လည်း မဲများရရှိနေသည်။ “သူတို့က နှိမ့်နှိမ့်ချချနဲ့ မျက်လုံးကိုကြည့်ပြီး စကားပြောတယ်။ ဒါမျိုး ဘရာဇီးဆရာဝန်တွေ မလုပ်ကြဘူး”ဟု ဘာဟီယာပြည်နယ် ရီမန်ဆိုမြို့ ကျန်းမာရေးဌာနတွင် အသက်ကြီးနေပြီဖြစ်သော ဖခင်ကို လာပြသည့် အန်ဂျလိုရီကာဒိုက ပြောသည်။ “ဘရာဇီးနိုင်ငံမှာ ဒီလိုလူတွေကို ကြင်နာမှုမျိုးလိုအပ်နေတယ်။ ငါ သမ္မတရူးဆက်ဖ်ကိုပဲ မဲပေးမယ်ဆိုတာ သေချာတယ်”ဟု ရီကာဒိုက ပြောသည်။

*—Ref: Reuters*

7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014


# 7DAY BOOK REVIEW



## အရှင်ဇနကာဘိဝံသ၏ ဘာသာအမြင်၊ သာသနာအမြင်

### အရှင်သံဝရာလင်္ကာရ (ဓမ္မပီယဆရာတော်)

**စိတ်ကောင်းရှိဖို့ ပထမ** ဟူသည့် စကားကို မိန့်ကြားခဲ့သော မြန်မာနိုင်ငံဗုဒ္ဓသာသနာတွင် ပရိယတ္တိစာပေ၌ နေတစ်ဆူ၊ လတစ်စင်းနှယ် ထင်ရှားခဲ့သည့် တောင်မြို့ အမရပူရမဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ ရေးသားပြုစုခဲ့သောကျမ်းစာအုပ်များထဲမှ အဆီအနှစ်များကို စစ်ထုတ်၍ ဓမ္မပိယဆရာတော် အရှင်သံဝရာလင်္ကာရပြုစုရေးသားသည့် စာအုပ်ဖြစ်သည်။ အရှင်ဇနကာဘိဝံသဆရာတော်သည် လွတ်လပ်ရေးရပြီး ပထမဆုံးအကြိမ် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခံရသော ဆရာတော်ကြီးတစ်ပါးဖြစ်ရုံမျှမက ဗုဒ္ဓဘာသာအဓွန့်ရှည်ရေးအတွက် ကျမ်းမြတ်ပေါင်း ၆၃ ကျမ်းပြုစုခဲ့သည့် သံဃာတော်မြတ်တစ်ပါးလည်းဖြစ်သည်။ ထိုကျမ်းမြတ်များထဲမှ တရားအဆီအနှစ်များကို တစ်အုပ်တည်းဖြင့် ခြုံငုံသိရှိနိုင်သောစာအုပ်ဖြစ်သည်။ စာအုပ်တစ်နေရာတွင် "ယနေ့အချိန်အခါသည် တည်ငြိမ်သောအခါမဟုတ်။ ကမ္ဘာအရပ်ရပ်၌ပင် အပြောင်းအလဲများ၍ လှုပ်ရှားနေသော အချိန်အခါဖြစ်၏။ ဤအချိန်အခါ၌ဗုဒ္ဓဘာသာဝင် လူ၊ ရှင်အားလုံးပင် မိမိတို့၏သာသနာရေးကိစ္စများကို ဗုဒ္ဓအလိုတော်နှင့်ကိုက်ညီအောင် ပြုပြင်နိုင်မှသာ ကြာရှည်စွာ တည်တံ့သော ဘာသာ၊ သာသနာဖြစ်ပါလိမ့်မည်။ ဗုဒ္ဓအလိုတော် နှင့်လည်းမကိုက်၊ ခေတ်နှင့်လည်း မလိုက်သောကိစ္စများကို အယူသီးကာ မပြုမပြင်နိုင်ပါလျှင် ဘာသာရေး ကိုးကွယ်သူတွေပါ ကမ္ဘာတွင် မဆိုထားဘိ မြန်မာပြည်တွင်သော်မှ အောက်ကျနောက်ကျဖြစ်ရပါလိမ့်မည်' ဟုဖော်ပြထားသည်။ လင်းလွန်းခင်စာပေက တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## နိုင်ငံရေးအတွေးအခေါ် သမိုင်း

### ဒေါက်တာကျော်ဝင်း သမိုင်းပါမောက္ခ (ငြိမ်း)

၁၉၄၇-အခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးစုများအရေး နှစ်တွဲ၊ မြန်မာ့နိုင်ငံရေး (၁၉၅၈- ၆၂) တတိယတွဲ ပြုစုခဲ့သည့် အငြိမ်းစားသမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်းရေးသားပြုစုသော နိုင်ငံရေး အယူဝါဒနှင့် အတွေးအခေါ် စာအုပ်ဖြစ်သည်။ ယခုစာအုပ် ပြုစုရန်အတွက် စာရေးသူဒေါက်တာကျော်ဝင်းသည် အင်္ဂလိပ်ဘာသာဖြင့် ပြုစုရေးသားထားသော နိုင်ငံရေးကျမ်း ၁၄ အုပ်ကို အမှီသဟဲပြုကာ ယင်းတို့အထဲမှ ကောက်နုတ်ရေးသားပြုစုထား ခြင်းဖြစ်သည်။

စာအုပ်တွင် မိတ်ဆက်အဖြစ် နိုင်ငံရေးအတွေးအခေါ် များ၏ သဘောသဘာဝ၊ ခေတ်ဟောင်း နိုင်ငံရေးအတွေးအခေါ်၊ ရောမ နိုင်ငံရေးအတွေးအခေါ်၊ ခေတ်လယ်နိုင်ငံရေးအတွေးအခေါ်၊ ခေတ်သစ်နိုင်ငံရေးအတွေးအခေါ် များပေါ် ပေါက်လာခြင်း၊ အင်္ဂလိပ်အတွေးအခေါ် ရှင်များ၊ ပြင်သစ်အတွေးအခေါ် ရှင်များ၊ ဖက်ဆစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အမျိုးသားရေးဝါဒ၊ စသည်ဖြင့် အခန်းများ ခွဲခြားသတ်မှတ်ပြီး ဖော်ပြထားသည်။ စာအုပ်တစ်နေရာတွင် "တတိယအမျိုးအစားဖြစ်သော အမျိုးသားရေးဝါဒသည် ဘာသာရေးအပေါ် တွင် အခြေခံသည်။ ဘာသာရေးဆိုင်ရာ အမျိုးသားရေးဝါဒက လူမျိုးတစ်မျိုး၏အခြေခံသည် လူအများ၏ဘာသာရေးယုံကြည်မှုပင်ဖြစ်သည်ဟု ခံယူသည်။ ဘာသာရေးသည် လူမျိုးသွေးစည်းညီညွတ်မှုတွင် အခြေခံအချက်ဖြစ်သည်ဟု မကြာခဏဆိုသော်လည်း အချို့သောအချိန်အခါတွင် ဘာသာရေးသည် အမျိုးသားရေးဝါဒအတွက် အဓိကလှုံ့ဆော်အားပေးခဲ့သည်" ဟုပါရှိသည်။ ခေတ်ပြတိုက်စာပေက တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## သိုးမွေးထိုးတဲ့အလေ့အထ ဘယ်အချိန်တည်းကရှိခဲ့တာလဲ

သိုးမွေးထိုးခြင်းဟူသည် ချည်ခင် (သို့မဟုတ်) သိုးမွေးကို ချည်ထိုးအပ်တစ်ချောင်း၊ နှစ်ချောင်း (သို့မဟုတ်) ထို့ထက် ပိုမိုအသုံးပြုကာ ချိတ်ဆက်ရစ်ပတ်ပြီး အဝတ်အထည်၊ ဦးထုပ် စသည်ဖြင့် အသုံးအဆောင်ပစ္စည်းများ ပုံဖော်ပြုလုပ်ခြင်းဖြစ်သည်။ သိုးမွေးထိုးခြင်း၏ အစောဆုံးအရာအဖြစ် ခြေအိတ်ထိုးခြင်းဖြင့် စတင်ခဲ့ပြီး စျေးကွက်တွင် ရောင်းချသည်အထိဖြစ်လာကာ အေဒီ ၃ မှ ၅ ရာစုကာလက ရောမ-အီဂျစ်ခြေစွပ်များရှိခဲ့သည်ဟုဆိုသည်။ သိုးမွေးထိုးခြင်း၏ရာဇဝင်ကို ပြန်ကြည့်လျှင် အီဂျစ်နိုင်ငံ၌ အစောဆုံး စတင်ခဲ့ဖွယ်ရှိပြီး ၁၁ နှင့် ၁၄ ရာစုနှစ်များက ရောင်စုံသိုးမွေးစများ၊ အဖြူရောင်ချည်သား ခြေအိတ်များရှိခဲ့သည့် အထောက်အထားများလည်းရှိသည်။ ဥရောပတွင်မူ စပိန်ခရစ်ယာန် မိသားစုများအတွက် သိုးမွေးအသုံးအဆောင်များ ပြုလုပ်ပေးခြင်းမှစတင်ခဲ့သည်ဟုဆိုသည်။ ထို့နောက် နှစ်ကာလရွေ့လျားလာပြီးနောက် သိုးမွေးထိုးသည့် အလေ့အထများလည်း ကျယ်ပြန့်လာကာ တစ်နိုင်တစ်ပိုင်သိုးမွေးထိုးကြရာမှ စက်ပစ္စည်းအသုံးပြုပြီး ပြုလုပ်လာခဲ့ကြသည်။

*—Ref: Wikipedia*

# တစ်ပတ်တာကံကြမ္မာ

ဇန်နဝါရီ ၁ ရက် မှ ၇ ရက်အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ပြဿနာနှစ်မျိုးဖြေရှင်းရမည်။ ငွေဝင်လမ်းသုံးမျိုးဖြင့် ငွေဝင်လိမ့်မည်။ ၅၂၈-၁၅၀၀မေတ္တာအထူးကောင်းသည်။ ရင်းနှီးသူများနှင့် စကားများရတတ်သည်။ ရသင့်လျက် ကြန့်ကြာနေသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ အကြံသစ်များ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်အောင်မြင်မည်။ ပြဿနာအခက်အခဲ များ ဖြေရှင်းအောင်မြင်မည်။ မိမိကျန်းမာရေး၊ အိမ်သူအိမ်သားများ၏ ကျန်းမာရေးအညံ့ရှိသည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ထူးခြားသည့် အပြောင်းအလဲများတစ်မျိုးပြီး တစ်မျိုးဖြစ်လာမည်။ ဘဝတိုးတက်မည်။ ရည်မှန်းချက်အောင်မြင်မည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ အလုပ်သစ်၊ စီးပွားသစ်များဆောင်ရွက်နိုင်မည်။ ပညာအတတ်နှင့် ပတ်သက်၍ အကျိုးရှိမည်။ လုပ်ငန်းခွင်မှ သူများအဖို့ အပြောင်းအလဲရုတ်ခြည်းပေါ်မည်။ မိမိမသွားလိုသော၊ မပြောင်းလိုသော အပြောင်းအရွှေ့မျိုးဖြစ်မည်။ ငြင်းပယ်ခြင်း မပြုပါနှင့်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အလိုရှိရာ ပြည့်စုံမည်။ ရည်ရွယ်ထားသည်များ အောင်မြင်မည်။ အထူးကောင်းသော ကာလဖြစ်သည်။ ရပ်တန့်မည်ဟု စီစဉ်ထားသော ကိစ္စများမရပ်တန့်ဘဲ ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ထူးခြားသော အကျိုးဆက်ရရှိမည်။ ရည်ရွယ်ချက်တစ်ခုထားပြီး စုဆောင်းထားသည့်ငွေကို အခြားတစ်ဖက်၌ သုံးစွဲမည်။ ငွေကြေးမြှုပ်နှံမည်။ မြှုပ်နှံသည့်ငွေမှ အကျိုးအမြတ်ကောင်းစွာရမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ပိတ်ဆို့နေသည့် လမ်းကြောင်းများ၊ ခက်ခဲနေသည့် ကိစ္စများပြေလည်အောင်ဖြေရှင်းနိုင်သည့်ကာလ ဖြစ်သည်။ အပျိုကြီး၊ လူပျိုကြီးများ၊ ဘုန်းကြီးကျောင်း၊ ရိပ်သာတွင် ကျင်းပသည့် အလှူ မင်္ဂလာဆောင်သို့ သွားရင်းအောင်သွယ်ကောင်းနှင့် တွေ့ကာ မေတ္တာရေးစန်းပွင့်လိမ့်မည်။ ပေါ့ပေါ့ဆဆလုပ်ခဲ့၍ မပြေမလည်ဖြစ်နေသည့် ကိစ္စများကို ပြေလည်အောင်ဆောင်ရွက်နိုင်မည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ကံအဟုန်၊ အောင်မြင်မှုအခြေအနေအလွန်မြင့်သော ကာလဖြစ်သည်။ အချိန်မဆွဲနှင့်။ အရာရာကို ချက်ချင်းလက်ငင်းဆောင်ရွက်ပါ။ သွက်သွက်လက်လက်နှင့် ထိထိမိမိလုပ်ကိုင်လေ ဘဝတိုးတက်လေဖြစ်မည်။ ငွေရေး၊ ကြေးရေးကိစ္စများ မြှုပ်နှံခြင်း၊ မြုပ်နေသည်ငွေများ ပြန်ဖော်ခြင်းပြုရန် သင့်သည်။ လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ ရှိသူတိုးတက်မည်။ ဥစ္စာစီးပွားတိုးတက်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရွေးချယ်ရန် လမ်းကြောင်းနှစ်ခုကြုံက လမ်းသစ်ကို ဦးစားပေး၍ ရွေးချယ်ပါ။ မေ့မေ့လျော့လျော့ဖြစ်နေသည်များ အစမှပြန်ကောက်၍ ပြောဆိုလုပ်ကိုင်ရခြင်းကြုံမည်။ မမျှော်လင့်ဘဲ ခရီးသွားရမည်။ မချစ်သင့်သူကို ချစ်မိခြင်း၊ သံယောဇဉ်မထားသင့်သူကို ထားမိခြင်းကြောင့် စိတ်သောကရောက်ရမည်။ အမြဲတစေမိမိအပေါ် အနိုင်ယူဒုက္ခပေးနေသူများအပေါ် မိမိက ပြန်လည်စိုးမိုးနိုင်ခြင်းကြုံမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စကားရှုပ်သော သူများနှင့် တွေ့ရတတ်သည်။ ပြဿနာများတစ်မျိုးပြီး တစ်မျိုးထိပ်တိုက်ရင်ဆိုင်ရမည်။ အပျက်အစီး၊ အပျောက်အရှုများမည်။ အရာရာကိုယ်တိုင်ဆောင်ရွက်လေ အကျိုးရှိလေဖြစ်မည်။ အတူတွဲလုပ်သော အုပ်စုဟောင်းနှင့် လမ်းခွဲရမည်။ လူသစ်များနှင့် ပေါင်းစည်းရမည်။ မိတ်ဆွေအကြီးအကဲ ထံမှ အထောက်အကူရမည်။ ယှဉ်ပြိုင်အောင်မြင်မည်။ အလုပ်တိုးတက်မှုရှိမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဝေးကွာနေသူများနှင့် ပြန်လည်ဆုံစည်းမည်။ တစ်စစီပြန့်ကျဲနေသည်များကို ပြန်လည်စုဆောင်းရရှိနိုင်သည်။ အတိုက်အခံများကို ကျော်လွှား၍ အောင်မြင်ခြင်းကို ရရှိမည်။ အတူတွဲ၍ ပေါင်းသင်းနေသူများက မိမိအား ဒုက္ခပေးမည်။ အပေါင်းအသင်း(သို့မဟုတ်) မေတ္တာရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဘဝနစ်နာမှုဖြစ်ပေါ်စေမည့် အန္တရာယ်စက်ကွင်းအတွင်း တစ်စစသက်ဆင်းနေသည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အခက်အခဲပြဿနာများ မည်မျှရှိစေအားလုံးကို ကျော်ဖြတ်နိုင်မည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ မချရ။ မှားယွင်းသော ရွေးချယ်မှု၊ အကျိုးမရှိသော ဆုံးဖြတ်ချက်များ ချမှတ်တတ်သည်။ သူတစ်ပါး မသိအောင် လုပ်ထားသည့်ကိစ္စများ လူသိထင်ရှားဖြစ်တတ်သည်။ ရှိရင်းစွဲအနေအထားကို ထိန်း၍ပေါ်လာသည့် ပြဿနာများချက်ချင်းဖြေရှင်းခြင်းဖြင့် ပေါ်လာသည့် ပြဿနာများပြေလည်သွားမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အန္တရာယ်များ၊ အနှောင့်အယှက်များ ဝန်းရံနေသည်။ ရှေ့ကို ကြိုတင်တွက်ဆ၍ မရ။ အမှောင်ထုတွင်းမမြင်၊ စမ်းတဝါးဝါးသွားရသော ကိန်းမျိုးဆိုက်နေသည်။ ကြိုတင်တွက်ဆမထားသည့် မျှော်လင့်မထားသည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းရမည်။ အမှန်တကယ်အကျိုးရှိမည့်အရာအားမလုပ်ဘဲခက်ခဲသည့် ကိစ္စ ပြဿနာများကို ဦးတည်လုပ်ကိုင်ခြင်းမျိုးကြုံမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ရှုပ်ရှုပ်ထွေးထွေးပြဿနာများ တစ်မျိုးပြီး တစ်မျိုးဖြေရှင်းရမည်။ မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်ပေါ်လာသည့် ပြဿနာများကို ရင်ဆိုင်ရမည့်ကာလဖြစ်သည်။ ခွေးကိုက်ခံရတတ်သည်။ သို့တည်းမဟုတ်က အိမ်မှခွေးသူတစ်ပါးကို ကိုက်၍ ပြဿနာဖြေရှင်းရတတ်သည်။ အစွယ်ရှိ၊ အဆိပ်ရှိ သတ္တဝါများ၏ အန္တရာယ်သတိရှိရမည်။ ထိုးနေကျဆေးမဟုတ်ဘဲ မထိုးရ။ ပျို့ရွယ်သူများ မေတ္တာရေးတွင်အညံ့ရှိသည်။




### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ငွေကုန်ရန်ကိန်းများတစ်မျိုးပြီး တစ်မျိုးပေါ်မည်။ မသုံးမဖြစ်သုံးရကိန်းကြုံတတ်သည်။ မိမိလုပ်လိုသည်ဖြစ်စေ၊ မလုပ်လိုသည်ဖြစ်စေ ဇွတ်လုပ်ရသော ကိန်းမျိုးကြုံမည်။ ကိုယ့်ကိစ္စမဟုတ်ဘဲ အများကိစ္စများကိုလည်း အချိန်ပေးဆောင်ရွက်ရမည်။ ငွေကြေးကို ရင်းပြီးလုပ်သောလုပ်ငန်းများမှ အကျိုးမရှိ။ အတတ်ပညာ၊ ဖန်တီးမှု၊ အနုပညာ၊ လက်မှုရေးရာနှင့်ပတ်သက်သည်များမှ အကျိုးအမြတ်ကောင်းစွာရရှိမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၆၅)



## အလျားလိုက်

၄။ ရခိုင်ပြည်နယ်တွင် အားနည်းနေသောအရာ
၇။ ကမ္ဘာ့ဖလားတွင် ပါဝင်ရန် မမျှော်လင့်သူ
၈။ တရားစီရင်ရေးခြစားမှုတစ်ခု
၉။ အတုအယောင်လိုအပ်ချက်
၁၁။ တောင်သူလယ်သမားများ ကြုံရတတ်သော အန္တရာယ်တစ်ခု
၁၂။ ပြည်သူ့ချန်ပီယံအသင်း ကြယ်ပွင့်

## ဒေါင်လိုက်

၁။ အင်္ဂလန်နိုင်ငံ အရှေ့ဘက်ခြမ်းရှိဒေသတစ်ခု
၂။ အထည်ချုပ်အော်ဒါများ ပြောင်းရွှေ့သွားသောနိုင်ငံ
၃။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝင်ရောက်နေသောအရာ
၅။ အစာအဆိပ်သင့်နိုင်သော ဆိုင်များ
၆။ အီမီနမ်ဖျော်ဖြေမည့်ပွဲ
၁၀။ စစ်ရှောင်ဒုက္ခသည်များကို ခေါ်သောအတိုကောက်


**Smart Dictionary ကံထူးသူ**

၁။ ဦးမြတ်ခင်၊ ၅/ကလဝ(နိုင်)၀၀၆၄၈၉
၁၀/၁၂ ပုလဲလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်း။

**ကျန်အဖြေမှန်သူများ**

၂။ ဆုမြတ်ရွှေရည်၊ ၁၂/ဗတထ(နိုင်)၁၇၆၀၈၈
၃။ စမ်းစမ်းအေး၊ ၁၂/လမန(နိုင်)၁၂၀၂၂၄
၄။ သန်းထွဋ်၊ ၁၂/အစန(နိုင်)၁၈၂၉၇၀
၅။ ဇင်မင်းထွန်း၊ ၁၂/လမန(နိုင်)၁၅၃၅၁၆
၆။ ဒေါ်ရွှေခရေပူး၊
၇။ မိုးအောင်ထွန်း၊ ၁၂/ဒဂမ(နိုင်)၀၃၀၄၄၅

**ပဟေဠိ အမှတ်စဉ်(၂၆၆)အဖြေမှန်**




**အမည်** ............................ **မှတ်ပုံတင်အမှတ်** ............................
**နေရပ်လိပ်စာ** ............................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၃-၁-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုထူးသူ

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

## Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**Annawa Engineering**

**Car Wash & Car Spa**

Car wash, Engine cleaning, Head Light Restoration, အတွင်းခန်းအခြောက်လျှော်ခြင်း၊ စက်ပေါ်လစ်တိုက်ခြင်းတို့ကို ပြုလုပ်ပေးနေပါသည်။

ဖုန်း-၀၉-၇၃၀၁၁၅၈၅

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ ထောင့်ကွက်၊ ပေ(၆၀×၈၀)၊ ခြံဝင်းအတွင်း တောင်မြေကြီးဖို့ပြီး၊ သိန်း(၁,၀၀၀)။

ဖုန်း-၀၉-၇၃၁၇၀၃၆၄

**ရောင်းမည်**

၁၀ မိုင်၊ လေဆိပ်လမ်းသွယ်(၃)၊ ပေ(၄၀×၁၀၀)၊ အစဉ်အဆက်စာချုပ်၊ လေဆိပ်လမ်း Million Coins ဘေးလမ်းမှလည်း ဝင်နိုင်၊ ပြည်လမ်းမမှလည်းဝင်နိုင်။ သိန်း(၅၀၀၀)

ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**

အမှတ်(၁၈)၊ ၁၀၆ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ပေ(၂၅×၅၅)၊ နှစ်ထပ်ခွဲလုံးချင်းတိုက်။ သိန်း (၅၇၀၀)ညှိနှိုင်း။

ဖုန်း-၀၉ ၅၀၁၁၃၅၉

**သင်ကြားပေးသည်**

၉၊ ၁၀ တန်း (ဘောဂဗေဒ သီးသန့်) စာသင်သက် ၁၃ နှစ်ကျော်အတွေ့အကြုံရှိ Eco,MPA,DBL,DCS ဆရာမှ တစ်ဦး ချင်း/ အဖွဲ့လိုက်သင်သည်။

ဖုန်း-၀၉ ၄၂၁၀၀၈၃၉၁

**သင်ကြားပေးသည်**

Pre SAT,SAT,Pre-IGCSE,Int'l School (Sec-1 to Sec-4)နှင့် အခြေခံပညာ အထက်တန်း ကျောင်းသား/သူများအတွက် အင်္ဂလိပ်စာဘာသာရပ်ကို အိမ်ဝိုင်းများသင်ကြားပေးပါသည်။

ဖုန်း-၀၉ ၄၂၂၄၆၈၃၁၈

**သင်ကြားပေးပါသည်**

၁၀ တန်း Special Guide (ဘာသာစုံ)/ (တွက်စာသီးသန့်)၊ အိမ်လိုက်သင်ပေးသည်။ Repeater အဖွဲ့လိုက်သင်ပေးသည်။

ဖုန်း- ၀၉ ၄၂၀၀၈၁၂၄၇

**ရောင်းမည်**

ရန်ကင်းမြို့နယ်၊ ၁၃ ရပ်ကွက်၊ သစ္စာလမ်းသွယ်၊ ပေ (၃၅×၅၅)၊ 1BR၊ ဘိုးဘွားပိုင်မြေ။

ဖုန်း-၀၉ ၄၅၀၀၄၄၁၈၂

**ရောင်းမည်**

2/RC လုံးချင်းတိုက်သစ်၊ ပေ (၂၀×၆၀) အမှတ် (၆၁၀/ခ)၊ ဝေဇယန္တာ ၁၃ လမ်း၊ ခေါ်ဈေး(၁၁၀၀) သိန်း။

ဖုန်း-၀၉ ၇၃၀၁၆၀၉၂

**ရောင်းမည်**

မှော်ဘီမြို့၊ ဝါးနက်ချောင်း ကျေးရွာ၊ ကျောက်ပြားစက်ရုံအနီး၊ မြေ လေးဧက၊ သိန်း (၁၅၀၀)၊ ညှိနှိုင်း။

ဖုန်း-၀၉ ၅၃၂၂၁၆၆

**ဝန်ဆောင်မှု**

**Horoscoper**

လောကီကိစ္စမျိုးစုံနှင့် အိုးအိမ်ခြံ၊ တိုက်၊ ကားအရောင်းအဝယ်များအတွက် အစွမ်းထက်ဂမ္ဘီရယတြာများဖြင့် အောင်မြင်အောင်ဆောင်ရွက်ပေးပါသည်။

ဖုန်း-၀၉ ၄၃၀၃၂၁၁၉

**ရောင်းမည်**

တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ ဗဟန်း (1500 sqft,1MBR,2SR ပြင်ဆင်ပြီး၊ 3AC) ရောင်း-3000L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

တ/ဥက္ကလာ သံသုမာလမ်းသွယ်ပေါ်၊ ပေ (၂၀×၆၀)၊ ဂရန်၊ ရေမီးပါ၊ 750L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

တ/ဥက္ကလာ၊ သံသုမာလမ်း၊ ကျောကပ် (၁၂½×၅၅)၊ မြေညီတိုက်ခန်း-550L။ ပထပ်အလယ် (၁၂½×၅၅)၊ 350L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

တ/ဥက္ကလာ သုမင်္ဂလာကျောကပ် ပေ (၄၀×၆၀)၊ ခြံ၊ ဂရန်ရှိ၊ 2000L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

မ/ဒဂုံ၊ ကျန်စစ်သားလမ်းမ ပေ (၁၃၅×၆၀)၊ 2RC၊ ဂရန်အမည်ပေါက်၊ ရောင်းဈေး-5500L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

ရန်ကင်း၊ ပါရမီရိပ်သာ၊ ပေ (၅၃×၇၀)၊ 1RC,ဂရန်၊ ရောင်းဈေး-5500L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**အာရုံကြောအားဆေး**

အာရုံကြောအားနည်းခြင်း၊ လေငန်း၊ လေဖြတ်၊ ထုံကျဉ်၊ ဒူးနာ၊ ခါးနာ၊ အကြောတက်ညောင်းညာ၊ ရုံးဝန်ထမ်းများအတွက် "ခြူးရာဇာ"အမှတ်တံဆိပ် အာရုံကြောအားဆေး။

ဖုန်း-၀၉ ၂၄၅၀၀၇၂

**ရွှေအိမ်စံ(အိတ်ဆိုင်)**

နိုင်ငံခြားသေတ္တာ၊ တွန်းလှည်း၊ ကျောပိုးအိတ်၊ ခရီးဆောင်အိတ်၊ ဘေးလွယ်အိတ်၊ ရုံးသုံးဖိုင်အိတ်၊ ကျားလက်ကိုင်အိတ်၊ အမျိုးမျိုးအရောင်းဆိုင်။

ဖုန်း-၀၉ ၅၀၉၆၂၀၇

**ခာတ်ပုံပညာအခြေခံသင်တန်း**

ခာတ်ပုံပညာအခြေခံကို ဖလင်ကင်မရာမှစ၍ ဒီဂျစ်တယ်ကင်မရာအထိသင်ပေးသည်။ ရက်တိုသင်တန်းဖြစ်ပါသည်။ လူပုံ၊ ရှုခင်း၊ လိုင်စင်စသော ခာတ်ပုံပညာရပ်များသင်ကြားပေးပါသည်။

ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ရောင်းမည်**

သုဝဏ္ဏ၊ VIP II ပေ (၇၀×၁၀၀)၊ 2RC, 3MBR,ဂရန်၊ ရောင်းဈေး-7500L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

တ/ဥ၊ (၇)ရပ်ကွက်၊ ပင်းယလမ်း၊ ပေ (၄၀×၆၀)၊ ဂရန်အမည်ပေါက်၊ ရောင်းဈေး-1500L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ရောင်းမည်**

၆ မိုင်၊ ဓမ္မာရုံလမ်း၊ ပေ (၉၄×၈၀)၊ ဘိုးဘွားပိုင်အမည်ပေါက်။ ရောင်းဈေး-7000L။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

**ဝန်ဆောင်မှု**

အထွေထွေပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း (အိမ်ဆောက် ပစ္စည်းများ) သဲ၊ ကျောက်စရစ်၊ အုတ်မျိုးစုံ ရောင်းဝယ်သည်။

ဖုန်း-၀၉ ၄၂၀၂၅၂၁၃၃

**ရောင်းမည်**

Samsung Galaxy core.Dous 99% new version.GSM/WCDMA. ဈေးနှုန်း-၂၁၀၀၀၀ိ/

ဖုန်း-၀၉ ၄၅၀၀၄၄၁၈၂

**ရောင်းမည်**

Belta (114),ISUZU Box 11'(120)
SUZUkI (53),Hiject (55)
Venefty Box Truck (85).

PH:09 8570600

**ရောင်းမည်**

1.5Probox (95),Lancer (98)
1.5 Wing Road (115).Wing Road (Shan)
Ayy.Passo (70).MDY.TXG.Package (98)

PH:09 450015788

**အထူးစာကျက်ဝိုင်း**

တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူများအတွက် အထူးအနီးကပ်စာကျက်ဝိုင်း။

ဖုန်း-၀၉ ၄၂၁၀၂၈၈၃၀

**Dr. မြသန္တာ**

English စကားပြော(မူ/လယ်/ထက်) Grammar, Essay, Letter ၊ ဓာတုဗေဒ သီးသန့်ဝိုင်းများကို အဖွဲ့လိုက်၊ တစ်ဦးချင်း သင်ကြားပေးသည်။

ဖုန်း-၀၉-၅၀၈၂၇၈၅

**Study Guide**

၇၊ ၈၊ ၉၊ ၁၀တန်း ကျောင်းသားများကို ဘာသာစုံ Guide ပြုလုပ်ပေးသည်။

ဖုန်း-၀၉-၄၉၃၀၄၀၉၁

**Teacher U Kyaw Min Aung**

English (4-Skills), English 4 JOB.
ADD:4/12 AUNGMINGALAR 1(ST) STREET,WARD (4),MAYANGONE.

PH: 09-43120092

**ကံကြမ္မာဖတ်သူ**

သင့်ဘဝ၏ ကံကြမ္မာ အခက်အခဲ အကျပ်အတည်း အားလုံးတို့ကို အောင်မြင်အောင် ဂမ္ဘီရ အထူးယတြာများဖြင့် ဆောင်ရွက်ပေးနေပါသည်။

ဖုန်း-၀၉ ၄၃၀၃၂၁၁၉

**သင်ကြားပေးသည်(ကွန်ပျူတာ)**

ကွန်ပျူတာကို အခြေခံမှစ၍ စနစ်တကျ တတ်မြောက်ချင်သူများအတွက် Basic, Adv Internet,Adv Exl,DTP,Graphic, MYOB သင်တန်းများကို သင်ကြားပေးလျက်ရှိသည်။

ဖုန်း-၀၉ ၄၃၀၆၃၈၃၇

**"မြန်မာ့မြေ"**

"မြန်မာ့မြေ" အိမ်ခြံမြေမှ လူကြီးမင်းတို့၏ အိမ်ခြံမြေနှင့် ကွန်ဒို/တိုက်ခန်းများအား အတိုးနှုန်းအဆင်ပြေစွာဖြင့် ဆောင်ရွက်ပေးပါမည်။

ဖုန်း- ၀၉ ၇၃၁၄၇၇၉၃

**တည်ဆောက်ပေးမည်**

"Triple B"Construction Group အဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းအမျိုးမျိုးအား PAE ဖြင့် တည်ဆောက်ပေးပါသည်။

ဖုန်း-၀၉ ၄၄၈၀၀၃၂၂၄

**ရောင်းမည်**

မ/ဒဂုံ ၃၂ ရပ်ကွက်၊ ဦးကြင်ဥလမ်းသွယ် ပေ (၂၀×၆၀)၊ အိမ်၊ ရောင်းဈေး-380L။ ပေ (၂၀×၆၀) ခြံ-380L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

**ရောင်းမည်**

မ/ဒဂုံ ၃၀ ရပ်ကွက်၊ ဦးဝိစာရလမ်းမကြီးအနီးယုဇနလမ်းကျယ် အသွယ်လမ်း/ ဂုတ်ခြံ၊ ပေ (၄၀×၆၀)၊ ရောင်းဈေး-1100L။

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

စာမျက်နှာ(၂၄)မှ

## မင်းဒင်ရဲ့သက်ခိုင်(၂)

“ခုခေတ်ကာလငါးဖမ်းတယ်ဆိုတာကျွန်တော်တို့ထင်နေသလိုစက်လှေတစ်စီးနဲ့ ဟိုဟိုဒီဒီလျှောက်မောင်းပြီးငါးရှိမယ်ထင်တဲ့နေရာကိုငါးဖမ်းပိုက်လိုက်ချပြီးဖမ်းနေကြတာမဟုတ်တော့ဘူး။ ဘယ်နေရာမှာ ဘယ်ငါးအုပ်တန်ချိန်ဘယ်လောက်ရှိတယ်ဆိုတဲ့သတင်းအချက်အလက်နဲ့ ကိရိယာကို နည်းပညာအဖွဲ့တွေဆီကနေဝယ်ကြရတာတဲ့ဗျာ။ အဲဒီလိုအချက်အလက်နဲ့ ကိရိယာရောင်းစားနေတဲ့ကုမ္ပဏီတွေလည်းဒုနဲ့ဒေးရှိနေပြီတဲ့ဗျ။ ဒါတင်ဘယ်ကဦးမလဲ။ ဘယ်ငါးအမျိုးအစားတွေတစ်နေရာတည်းကို စုပြုံရောက်လာအောင်ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းပညာကိုလည်းဝယ်ကြရတာပဲခင်ဗျာ။ ဥပမာဆိုပါတော့ ကင်းမွန်လို့ခေါ်တဲ့ ပြည်ကြီးငါးတွေ တစ်နေရာတည်းကိုစုပြုံရောက်လာစေချင်ရင် ငါးဖမ်းလှေရဲ့ အောက်ခြေပင်လယ်ရေထဲမှာ မီးလုံးတစ်မျိုးထွန်းထားရသတဲ့။ အဲဒီမီးရောင်ကို ကင်းမွန်တွေမြင်ရင်တစ်နေရာတည်းကို စုပြုံတိုးလာကြရောတဲ့။ ကျွန်တော်ခန့်မှန်းမိသလောက် တချို့ပိုးဖလံတွေ မီးရောင်ရှိရာကို တိုးဝင်လာကြတဲ့သဘောပါပဲ။ နောက်ထပ်ကျွန်တော်နာမည်မမှတ်မိတဲ့ ငါးတစ်မျိုးရှိသေးတယ်။ အဲဒီငါးမျိုးကျတော့ ငါးဖမ်းစက်လှေထဲကနေ စီဒီပြားတစ်ချပ်ဖွင့်ပြီး ပင်လယ်ရေအောက်မှာအသံလှိုင်းတစ်မျိုးဖြစ်ပေါ်စေသတဲ့။ အဲဒီအသံလှိုင်းတုန်ခါသံကြောင့် အဲဒီငါးတွေဟာတစ်နေရာတည်းကို စုပြုံရောက်လာပြန်ရောတဲ့ဗျာ။ ခင်ဗျားကြားဖူးမလားပဲ။ ငှက်သိုက်လို့ခေါ်တဲ့ငှက်အန်ဖတ်တွေအန်ထုတ်တတ်တဲ့ဇီဝဖိုးငှက်တွေကို စီဒီပြားတစ်ချပ်ဖွင့်ပြီး ငှက်တွေအများကြီးစုဝေးလာအောင် မြှူဆွယ်တဲ့နည်းလမ်းရှိသေးတယ်ဗျ။ အေးပေါ့ဗျာ။ ဒီခေတ်ကာလမှာငှက်သိုက်ကိုပင်လယ်ထဲက ကျောက်ဆောင်ကြီးတွေပေါ်မှာ လိုက်ရှာစရာမလိုဘဲ ပင်လယ်ကမ်းခြေက အိမ်အိုဟောင်းကြီးတွေဆီလာပြီး အသိုက်ဖွဲ့အောင် မျှားခေါ်နိုင်ပြီဆိုပါစို့။ ဆိုနာလို့ခေါ်တဲ့ ကိရိယာတစ်မျိုးကလည်း ပင်လယ်ရေအောက်မှာရှိတဲ့ငါးအုပ်တွေကိုကီလိုမီတာအတော်လှမ်းလှမ်းကနေကြည့်နိုင်သိနိုင်တယ်ဆိုသဗျ။

“ကျွန်တော်တော့ မစ္စတာဝူးရဲ့ခေတ်မီငါးဖမ်းနည်းနိဿရည်းတွေကိုနားထောင်ရင်းတစ်ချိန်မှာကုလားနဲ့ငါး အရုပ်ရေးကြည့်ရမယ်ဆိုတဲ့ အတိတ်လိုလို၊ တဘောင်လိုလိုစကားကိုပြေးသတိရမိတော့တာပါပဲ။ ကုလားတော့ မပြောတတ်ဘူးဗျာ။ ငါးကတော့ ဒီနည်းတွေနဲ့သာ ဖမ်းနေရင်မကြာခင်မျိုးတုံးပျောက်ကွယ်တော့မှာအမှန်ပဲ။ ကုလားကုလားဆိုလို့ရိုင်းတယ်မထင်နဲ့ဗျာ။ နှုတ်ကျိုးနေလို့ပါ။ ဒီဘက်က အိန္ဒိယသွေးပါတဲ့ဗမာတော်တော်များများဟာ ကုလားခေါ်ရင်မကြိုက်ကြတာကျွန်တော်သတိပြုမိပါတယ်။ ခက်နေတာက အိန္ဒိယလူမျိုးနဲ့ငါးအရုပ်ရေးကြည့်ရမယ်လို့ပြောပြန်ရင်လည်း မူလတဘောင်နဲ့ လွဲရုံမကအသံကာရန်ပါမညီပြန်ဘူး။ငါးဖမ်းနည်းဘက် ချော်တောင်ေါ့သွားတာနဲ့ လှိုင်ဆော့ဖ်ပင်လယ်ဓားပြဇာတ်လမ်းတောင်ဘယ်ရောက်သွားပါလိမ့်။ ဪ . . သူတို့ငါးဖမ်းထွက်လာကြတယ်။ ကံဆိုးချင်တော့ အဲဒီရက်ပိုင်းတွေကဗမာရေတပ်နဲ့ ညှိရတာအဆင်မပြေဘူးဆိုပဲ။ ဒါနဲ့လှိုင်ဆော့ဖ်လည်း ထုံးစံအတိုင်းဗမာ့ပင်လယ်ပြင်ထဲကိုဗမာရေတပ်ရဲ့ခွင့်ပြုချက်မရဘဲနေ့ဘက်မှာထိုင်းဘက်၊ ညဘက်မှာဗမာရေပိုင်နက်ထဲတရားမဝင် ဝင်ပြီးငါးခိုးဖမ်းကြရောဆိုပါတော့ဗျာ။ ညှိနှိုင်းလို့မရပဲခိုးဝင်ဖမ်းရတာဆိုတော့ ကျီးလန့်စာစားရင်တထိတ်ထိတ်နဲ့ပေါ့ဗျာ”

“ဒီလိုနဲ့ တစ်နေ့သောရက်၊ တစ်ခုသောညမှာတော့သူတို့ဗမာရေပိုင်နက်ထဲမှာ ငါးဖမ်းပိုက်တွေချပြီး ငါးခိုးဖမ်းနေကြတုန်းမြန်းဆိုဗမာဘက်ခြမ်းပင်လယ်ပြင်ဆီကနေ သူတို့သင်္ဘောရှိရာကို မီးနီဖွင့်ပြီး အရှိန်နဲ့ခုတ်မောင်းလာနေတဲ့စက်လှေတစ်စီးကိုညအမှောင်မှာစက်လှေမီးရောင်နဲ့လှမ်းမြင်လိုက်ကြရသတဲ့ဗျ။ မီးနီဖွင့်ပြီးမောင်းတယ်ဆိုတာဗမာ့ရေတပ်ကတိုက်ရေယာဉ်တွေ လုပ်လေ့လုပ်ထရှိတာမို့ ဗမာရေတပ်ကသူတို့စက်လှေကိုလိုက်ဖမ်းပဟာဆိုပြီးအလန့်တကြားနဲ့ ငါးဖမ်းပိုက်ကြိုးတွေကိုကမန်းကတန်းဖြတ်၊ စက်လှေကိုစက်ကုန်ဖွင့် မောင်းပြေးကြရောပေါ့။ ငါးဖမ်းပိုက်ကြိုးတွေကိုကြောက်လန့်တကြားဖြတ်ပစ်လိုက်ရတာကြောင့် ထိုင်းဘတ်သိန်းချီပြီး ဆုံးရှုံးရသတဲ့။လှိုင်ဆော့ဖ်က လူလည်ဆိုတော့ စက်လှေကိုမောင်းပြေးနေရင်းနောက်ကလိုက်လာတဲ့စက်လှေကိုအကဲခတ်ပြန်တော့ မီးနီဟာတစ်ချက်တစ်ချက်ပြန်ပြန်စိမ်းသွားသတဲ့ဗျ။ ဒီမှာတင် လှိုင်ဆော့ဖ်က သံသယနည်းနည်းရှိလာလို့စက်လှေကိုအရှိန်လျှော့ပြီး သေချာအောင်စောင့်ကြည့်လိုက်တော့နောက်ကလိုက်လာတဲ့စက်လှေဟာဗမာရေတပ်က စက်လှေမဟုတ်ဘဲ သူတို့လိုထိုင်းငါးဖမ်းလှေပဲဖြစ်နေသတဲ့ဗျ။ အမှန်တော့ အဲဒီစက်လှေဟာငါးဖမ်းထွက်လာတဲ့လှေတော့မဟုတ်ဘူး။ ဗမာပိုင် မြိတ်ကျွန်းစုတစ်ဝိုက်ကနေ ပုစွန်တွေကိုထိုင်းဘက်ကမ်းဆီကယ်ရီသယ်လာတဲ့လှေတဲ့ဗျ။

“ဒီမှာတင် လှိုင်ဆော့ဖ်ဟာငါးဖမ်းရတာက အဆင်မပြေရတဲ့အထဲ ဗမာရေပြင်ထဲကိုခိုးဝင်တဲ့စက်လှေချင်းအတူတူသူလိုလူမျိုးကို အလန့်တကြားဖြစ်အောင်၊ ဘတ်သန်းချီတန်တဲ့ သူ့ငါးဖမ်းပိုက်တွေဆုံးအောင်လုပ်ရပ့ါမလားဆိုတဲ့ အကြောင်းပြချက်နဲ့လူမိုက်ဇာတိပြတော့တာပါပဲဗျာ။ ပဲ့နင်းလှိုင်ဆော့ဖ်ဟာ သူ့နောက်ကလိုက်လာတဲ့ငါးဖမ်းစက်လှေကိုစောင့်နေလိုက်တယ်။ သူ့လှေသားတွေကိုလည်း အသင့်အနေအထားရှိနေကြဖို့ အမိန့်ပေးလိုက်တယ်။ နောက်ဆုံးအတိုချုပ်ရရင်လှိုင်ဆော့ဖ်နဲ့ သူ့ဗမာလှေသားအုပ်စုဟာ ပုစွန်ဖမ်းတဲ့စက်လှေပေါ်ကို အတင်းတက်ပြီး စီးနင်းပါတော့တယ်။ ဂျစ်ကန်ကန်၊ ကလန်ကဆန်လုပ်တဲ့ ပုစွန်ဖမ်းစက်လှေက လှေသားတွေကို လက်စတုံးသတ်တယ်။ အလောင်းတွေကိုရေထဲကန်ချတယ်။ တိုးလျှိုးတောင်းပန်တဲ့ လှေသားတချို့ကိုတော့ ငါးထည့်တဲ့ လေးဂါလန်ဝင် ပလတ်စတစ်ပုံးတစ်လုံးစီဝေပေးပြီး ရေထဲကန်ချတယ်။ ကီလိုချိန်ထောင်ချီတဲ့ ပုစွန်တွေကို သိမ်းယူတယ်။ နောက်ဆုံးအဲဒီစက်လှေကို မီးတင်ရှို့ပြီး ထိုင်းမြန်မာရေပြင်နယ်နိမိတ်နားက ကျွန်းတစ်ကျွန်းမှာကျောက်ဆောင်နဲ့ထိုးခွဲပစ်လိုက်ရောတဲ့ဗျာ။ အေးလေ။ အဲဒါ ပင်လယ်ဓားပြပေါ့။ ဟုတ်တယ်။ အဲဒီစက်လှေမှာ ခင်ဗျားဘိုင်ကြီးလို့ခေါ်နေတဲ့ ရာမန်ပါတယ်။ ၁၄နှစ်သားအက်ဒမန်ပင်လယ်ဓားပြရာမန်ပေါ့”

(ဆက်လက်ဖော်ပြပါမည်)

စာမျက်နှာ(၂၆)မှ

## စီးပွားရေး မြို့တော်လော၊ ကျူးမြို့တော်လော

စာရေးသူဟာ ဥပဒေပညာရှင်မဟုတ်ပါဘူး။ ဒါပေမဲ့ အစိုးရမြေပေါ် ဝင်ရောက်ကျူးကျော်သူတွေကို အရေးယူရာမှာ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့တဲ့ဥပဒေများကို လက်လှမ်းမီသမျှ လေ့လာကြည့်ရာမှာ ဥပဒေ သုံးမျိုးရှိကြောင်း တွေ့ရှိရပါတယ်။

(က)အောက်မြန်မာနိုင်ငံမြို့နှင့်ရွာမြေ အက်ဥပဒေပုဒ်မ ၂၁(၁)၊ ၂၁(၂)၊ ၂၁(၃)

(ခ)အောက်မြန်မာနိုင်ငံမြေနှင့်အခွန်အက်ဥပဒေပုဒ်မ ၅၂(၂)

(ဂ) ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇

အထက်ပါသုံးမျိုးမှာ ပထမဆုံးတစ်မျိုးက နို့တစ်ထုတ်ပြန်ပြီးနို့တစ်ရက်လွန်တာနဲ့ ဝရမ်းထုတ်ဖမ်းဆီးခြင်း၊ အိမ်ကို ဖျက်ဆီးခြင်းပြုနိုင်ပါတယ်။ လုပ်ပိုင်ခွင့်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာရှိပါတယ်။ အမြန်ဆုံး အကျိုးသက်ရောက်မှုရှိတဲ့နည်းလမ်းလည်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတရားမမှုနဲ့ စွဲတာဖြစ်လို့ အချိန်ကြာမြင့်မှာဖြစ်ကြောင်း သိရပါတယ်။ တတိယနည်းလမ်းက ရာဇဝတ်မကင်းသော ကျော်နင်းမှုအဖြစ် အရေးယူခြင်းဖြစ်ပါတယ်။ မိသားစုအားလုံးကို တရားစွဲဆိုရမှာဖြစ်ပြီး ရဲလုပ်ထုံးလုပ်နည်း၊ တရားရုံး လုပ်ထုံးလုပ်နည်း အရအနည်းဆုံး အချိန်ကာလနှစ် လသုံးလတန်သည် ကြာမြင့်နိုင်ပါတယ်။ ကျူးကျော်သူတွေကိုအရေးယူရာမှာ တရားမကြောင်း အရစွဲစွဲ၊ ရာဇဝတ်ကြောင်း အရစွဲစွဲ၊ ပထမဆုံးနည်းလမ်းလိုတော့ လုံးဝမမြန်ပါဘူး။ စီမံခန့်ခွဲရေး နည်းလမ်းအရဖြစ်ပြီး တရားမစွဲဘဲ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်တဲ့နည်းလမ်းဖြစ်လို့ “မင်းမဲ့စရိုက်ကျူး”များအတွက် အထူးသင့်လျော်ဆုံးလို့ ထင်မြင်မိပါတယ်။

အကယ်၍ အထိရောက်ဆုံးနည်းလမ်းကို မကျင့်သုံးတော့ဘူးဆိုရင် “မင်းမဲ့စရိုက်ကျူး” တွေဟာပိုမိုပြီး တိုးပွားလာမှာ စိုးရိမ်မိပါတယ်။ နောက်ပြီး အစိုးရမြေတွေရှိပါလျက် အမှုတွေတန်းလန်းနဲ့ဘာစီမံကိန်းမျှ လုပ်လို့မရတော့မှာကိုလည်း အလွန်စိုးရိမ်မိပါတယ်။ စာရေးသူတွေးမိတဲ့အချက်တစ်ချက်က ဆီးဂိမ်းကြီးပြီးတာနဲ့ပတ်ဆောင်ဟွာနဲ့ Head to Head (ထိပ်တိုက်တွေ့မှု) ဆိုတဲ့ စကားတွေကို လုံးဝမကြားချင်လောက်အောင် ခံစားရတဲ့အထဲမှာ ရန်ကုန်တိုင်းဒေသကြီးက တာဝန်ရှိသူတွေပါပါဝင်ပြီး တရားစွဲမယ်ဆိုတဲ့ နည်းလမ်းကိုသာ ဆုပ်ကိုင်နေပြီလားလို့ တွေးမိပြန်ပါတယ်။ အမှုဖွင့်တရားစွဲရင် အမှုတွေကများ၊ စွဲဆိုရမယ့်တရားခံအမည်ကိုဖော်ထုတ်ဖို့လည်း မလွယ်၊ တရားရုံးမှာ ရှေ့နေတွေနဲ့ လူတွေစုဝေးပြီး “တစ်ပူပေါ် နှစ်ပူဆင့်” ဆိုသလိုထိန်းရသိမ်းရခက်မယ့် အနေအထားတွေဖြစ်ပေါ်လာနိုင်ပါတယ်။ အထူးသတိထားဖို့ အချက်တစ်ရပ်ကလည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရွေးကောက်ပွဲနီးလာပြီဆိုရင် ကျူးတွေဆီက မဲလိုချင်လို့ အချို့အတိုက်အခံပါတီတွေက ကျူးတွေကို မြှောက်ပေးလေ့ရှိကြပါတယ်။

အာဏာရပါတီက လူကြီးတွေကလည်း သူတို့ပါတီမဲရှုံးမှာစိုးလို့ ကျူးတွေကို သိပ်ပြီးထိထိရောက်ရောက် အရေးယူလေ့မရှိတော့ပါဘူး။ အဲဒီလိုအခြေအနေနဲ့ အချိန်အခါဟာ ကျူးတွေအတွက် မင်္ဂလာအခါတော်ဖြစ်တာမို့ “ကျူးတို့ရဲ့မာယာ” ကို အထူးသတိပြုစောင့်ကြည့်ကြဖို့လည်း လိုအပ်ပါတယ်။ ရွေးကောက်ပွဲအသစ်ကျင်းပမယ့် ၂၀၁၅ ကလည်း တဖြည်းဖြည်းနီးလာပါပြီ။

ဒဂုံဆိပ်ကမ်းမြို့နယ် ၆၇ ရပ်ကွက်မှာ ကျူးတွေပြန်ဆောက်ထားတာ စုစုပေါင်းနေအိမ်အလုံး ၃၀၀ ခန့်အထိ ရှိနေတယ်လို့ သိရပါတယ်။ အဲဒီမှာ ထရန်စဖော်မာတည်ဆောက်မယ့်မြေလည်းပါဝင်တယ်လို့ သိရပါတယ်။ ရန်ကုန်-ညောင်တုန်း လမ်းမကြီးလက်ဝဲဘက် လှိုင်သာယာစက်မှုဇုန်တစ်လျှောက် ကျူးကျော်အိမ်ရာတွေများစွာ တည်ရှိနေရုံမျှမက လှိုင်သာယာမြို့ စက်မှုဇုန် (၁)(၂)(၃)(၄) နဲ့ ရွှေလင်ပန်းစက်မှုဇုန်မှာလမ်းဘေးက စက်ရုံတွေနဲ့ အုတ်ခြံစည်းရိုးတွေကို နောက်ကျောပေးပြီး ကျူးကျော်တဲတွေ ဆောက်ထားတာကို အခုအချိန်အထိ အရေးယူမယ့်သူ မရှိပါဘူး။ အမှန်ကလက်ရှိကို မဖျက်နိုင်သည့်တိုင်အောင် နောက်ထပ်တိုး၍ တိုး၍ဝင်မလာအောင် ကာကွယ်ထိန်းသိမ်းနိုင်ဖို့တော့ အားထည့်ကြစေချင်ပါတယ်။ မီးဘေးအန္တရာယ်ကိုနွေရာသီမှာ အကြီးအကျယ်ကြုံတွေ့နိုင်ပါတယ်။ စက်မှုဇုန်ရေမြောင်းထဲကို အညစ်အကြေးတွေစွန့်ကြတော့ နိုင်ငံခြားသားတွေကအထင်အမြင်သေးပြီး နှာခေါင်းရှုံ့နေကြမှာ အမှန်ပါပဲ။

အမှန်တော့ ဥပဒေအရ အရေးယူမှုဟာ စည်းမဲ့ကမ်းမဲ့ “မင်းမဲ့စရိုက်ဆန်” တဲ့ ကျူးတွေရဲ့ လုပ်ရပ်ကို ထိထိရောက်ရောက်ဟန့်တားဖို့ ဦးတည်ဆောင်ရွက်တာဖြစ်ပြီး ရေတိုရေရှည်မှာ အိမ်ရာမဲ့ပြည်သူတိုင်း အမိုးအကာရရှိရေးကို နည်းဗျူဟာအမျိုးမျိုး ချမှတ်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အခုအချိန်အထိ သမ္မတကြီးအကြိမ်ကြိမ်ပြောတဲ့တန်ဖိုးနည်းအိမ်ရာဆိုတာလည်း မှုးလို့တောင် ရှူစရာမရှိဖြစ်နေပါတယ်။ အထူးသဖြင့် လှိုင်သာယာလို နေရာမျိုးမှာအရစ်ကျရောင်းချပေးမယ့်တန်ဖိုးနည်းအိမ်ရာသာမက အငှားအိမ်ရာတွေပါ အမြန်ဆုံးဆောက်လုပ်ပေးစေချင်ပါတယ်။ ဘယ်နေရာမှာဖြစ်ဖြစ် မြို့ခံအိမ်ရာမဲ့တွေကိုသာ အဓိကဦးစားပေးမယ့် စီမံကိန်းဖြစ်ကြောင်းသိရင် ဝင်ရောက်ကျူးကျော်မှုတွေကိုလည်းပြည်သူအချင်းချင်း ထိန်းကျောင်းဟန့်တားပေးကြမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျူးကျော်သူတွေကို ဖယ်ရှားပြီး မြေကွက်ပြန်လည်ချထားပေးရင် ခေတ်အဆက်ဆက် အနိမ့်ဆုံးစံအဖြစ်ထားရှိတဲ့ ၂၀ ပေ × ၆၀ ပေ အကျယ်ထက် လုံးဝမလျော့သင့်ပါဘူး။ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မှာ ချထားပေးတဲ့ ၁၀ ပေ × ၆၀ ပေ၊ ၂၀ ပေ × ၃၀ ပေ မြေကွက်တွေကြောင့် လက်ရှိအစိုးရလက်ထက်မှာ စံနှုန်းကို ဖျက်ပြီး ပေးတယ်ဆိုတဲ့ သမိုင်းမှတ်တမ်းကြီး မကျန်ရစ်ခဲ့စေချင်ပါဘူး။

တချို့က တန်ဖိုးနည်းအိမ်ရာတွေဆောက်ဖို့ပြည်ထောင်စုအစိုးရမှာ ငွေလိုနေတယ်လို့ ပြောကြပါတယ်။ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှာလည်း လိုငွေပြနေလို့ အခက်ကြုံနေပြီဆိုတဲ့ ဝေဖန်မှုတွေ ရှိနေပါတယ်။ အဲဒီလိုဖြစ်နေတာ မှန်ရင် မြို့သစ်က စုဆောင်းငွေ အသင့်အတင့်ရှိတဲ့ မိသားစုတွေထံက ကြိုပွဲငှဲယူပြီး အရစ်ကျငွေသွင်းစနစ်နဲ့ ဆောက်ပေးဖို့အကြံပေးချင်ပါတယ်။ ၁၉၉၈ ခုနှစ်က လှိုင်သာယာမြို့ ကျန်စစ်သားအိမ်ရာနဲ့ ဗိုလ်အောင်ကျော်အိမ်ရာကို အဲဒီလိုကြိုပွဲငှဲစနစ်နဲ့အခန်းထောင်ချီပြီး ဆောက်လုပ်ခဲ့တာ လေ့လာတွေ့ရှိနိုင်ပါတယ်။ ဝင်ငွေ အလယ်အလတ်ရှိသူတွေအတွက် အိမ်ရာတွေ တိုးလာရင်လည်း အိမ်ခန်းဈေးနဲ့ ငှားရမ်းခနှုန်းထားတွေ အထိုက်အလျောက်ကျဆင်းလာမှာ အလွန်သေချာလှပါတယ်။

ဥပဒေပိုင်းက ဆောင်ရွက်မှုအားနည်း၊ ဖြည့်ဆည်းမှု (supply) အပိုင်းကလည်း လုံးဝအားကိုးလို့မရ၊ မြို့မြေကိုလည်း မတိုးချဲ့နိုင်၊ ညှပ်ပူးညှပ်ပိတ်ဖြစ်နေတဲ့ အခြေအနေမှာ ရှိစုမဲ့စု လက်ကျန်မြေကွက်တွေအတွင်း ပြောင်ပြောင်တင်းတင်းတိုးဝင်လာတဲ့ ကျူးတွေကို ထိုင်ကြည့်ပြီး “ဒါ ကျူးမြို့တော်-ထိပ်တိုက်တွေ့မှုရှောင်ပါ” လို့ ဆောင်ပုဒ်မရေးလိုပါဘူးခင်ဗျာ။

Environment

7DAY NEWS JOURNAL

Vol.12, No.43 • JANUARY 1 , 2014

# ရိဒ်ရေကန် ထိန်းသိမ်းရေး ဒေသခံများအား လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ထောက်ပံ့ရန်လို

**အိဖြူမွန်**

**ရန်ကုန်၊ဒီဇင်ဘာ- ၂၈**

ချင်းပြည်နယ်ရှိ ရိဒ်ရေကန်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျေးရွာဒေသခံများအား လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာ လုပ်ငန်းများ ကူညီထောက်ပံ့ပေးရန်များစွာ လိုအပ်ကြောင်း ချင်းတောင်ဒေသ သဘာဝသယံဇာတစောင့်ကြည့်ရေးအဖွဲ့ကထုတ်ပြန်သည်။

ချင်းတောင်ဒေသ သဘာဝသယံဇာတစောင့်ကြည့်ရေးအဖွဲ့က ရိဒ်ရေကန် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားရေးနှင့် ပတ်သက်၍ တစ်နှစ်ခန့် လေ့လာစောင့်ကြည့်ပြီးနောက် ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

“ရိဒ်ရေကန်ကို ထိန်းသိမ်းဖို့အတွက် ဒေသခံတွေကိုပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးတွေ အများကြီး လုပ်ရမယ်။ ဒေသခံတွေက ဆင်းရဲတော့ သဘာဝအခြေပြုပြီး စီးပွားရေးလုပ်ကြတယ်။ ထိန်းထိန်းသိမ်းသိမ်းဖြစ်ဖို့ လူမှုစီးပွားရေး အကူအညီတွေပေးဖို့လိုအပ်တယ်”ဟု ချင်းတောင်ဒေသသဘာဝသယံဇာတစောင့်ကြည့်ရေးအဖွဲ့မှ ကိုလျှန်တွောင်ကပြောသည်။



*လှပသော ရိဒ်ရေကန်ကို အဝေးမှမြင်ရစဉ်*

ဓာတ်ပုံ- Prapart Sudhipongpracha

ရိဒ်ရေကန်အနီးရှိ တောင်ပေါ်ဒေသများတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများလျှော့ပါးရေးအတွက် အခြေခိုင်မည့်လူမှုစီးပွားရေးလုပ်ငန်းများ စတင်ထူထောင်ပေးခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများအကောင်အထည်ဖော်ပြီး ဒေသခံများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းများလုပ်ကိုင်သင့်သည်ဟု ကိုလျှန်တွောင်ကပြောသည်။

ချင်းတောင်ဒေသ သဘာဝသယံဇာတစောင့်ကြည့်ရေးအဖွဲ့ကဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ချင်းပြည်နယ်တွင် ဖော်ဆောင်မည့် မြွေတောင်၊ ဖားတောင်စီမံကိန်း၊ ကုလားတန်ဘက်စုံ စီမံကိန်းများကို နိုင်ငံတကာစံချိန် စံညွှန်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ဆောင်ခြင်းရှိ၊ မရှိ လေ့လာစောင့်ကြည့်သည့်အဖွဲ့ဖြစ်သည်။

# ဘဲခေါင်းပန်းရောင်ငှက်ကို BANCA က ထပ်မံရှာဖွေမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၂၀**

မျိုးသုဉ်းပျောက်ကွယ်လုနီးဖြစ်နေသည့် ဘဲခေါင်းပန်းရောင် ငှက်ကို ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ကာကွယ်ရေးအသင်း (BANCA) က သုတေသနထပ်မံပြုလုပ်မည်ဟု သတင်းရရှိသည်။

ဘဲခေါင်းပန်းရောင်ငှက်ကို မြန်မာနိုင်ငံတွင် တွေ့ရှိသည်ဟု ဆိုကာလွန်ခဲ့သည့် ၂၀၀၆ ခုနှစ်ကတည်းက ချင်းတွင်း၊ ထမံသီတစ်လျှောက် သုတေသနပြုလေ့လာရန် ဆုငွေထုတ်ရှာဖွေခဲ့သော်လည်း ယင်းငှက်ကို ရှာဖွေမတွေ့ရှိခဲ့သည့်အတွက် ထပ်မံသုတေသနပြုလုပ်မည်ဟု BANCA ဥက္ကဋ္ဌ ဒေါ်စောမွန်သိမ့်က ပြောသည်။

“ဘဲခေါင်းပန်းရောင်ငှက်ကို တချို့နေရာတွေမှာ တွေ့တယ်ဆိုပြီး ပြောတာရှိတယ်။ ဒါပေမဲ့ သွားကြည့်တော့ ရှာလို့မရဘူး။ အဲဒါကို ထပ်ပြီး ဆာဗေးလုပ်ဖို့တော့ အစီအစဉ်ရှိတယ်။ ရှာတွေ့တယ်ဆိုရင် ဆုငွေကျပ် ၁၀ သိန်းပေးမယ်” ဟု ၎င်းကပြောသည်။



ဓာတ်ပုံ- cryptomundo.com

ဘဲခေါင်းပန်းရောင်ငှက် သုတေသနပြုမှုသည် ယခင်စီမံချက်ပြီးဆုံးခဲ့သည့်အတွက် ထပ်မံသုတေသနပြုလုပ်ရန် စီမံချက် တစ်ခုလျှောက်ထားပြီး ဆက်လက်လုပ်သွားမည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်ငှက်မျိုးစိတ် တစ်ရာကျော်ရှင်သန်ကျက်စားပြီး ရှားပါးစာရင်းဝင် မျိုးသုဉ်းလုနီးပါး ငှက်မျိုးစိတ် တစ်ရာ့သုံးဆယ်ကျော်ရှိကြောင်း သိရသည်။

# ရခိုင်ကမ်းရိုးတန်းတွင် ရှားပါးပင်လယ်လိပ်စာရင်းကောက်ယူ

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ- ၂၈**

ရခိုင်ကမ်းရိုးတန်းတွင် ရှင်သန်ကျက်စားသည့် ရှားပါးပင်လယ်လိပ်ကောင်ရေစာရင်းကို ဒေသခံများနှင့် ပူးပေါင်း၍ စတင်ကောက်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

ရှားပါးပင်လယ်လိပ်စာရင်းကောက်ယူခြင်းကို ရခိုင်ကမ်းရိုးတန်းလူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများ ပြန်လည်တည်ဆောက်ရေး စီမံကိန်းအဖွဲ့ (CLEARR)မှဒေသခံများအား သင်တန်းပေး၍ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း စီမံကိန်းမန်နေဂျာ ဦးဝင်းမောင်က ပြောသည်။

“လိပ်တွေ အများဆုံးတက်တာကတော့ ဇန်နဝါရီကနေစပြီး တက်တယ်။ အဲဒါတွေကို စာရင်းကောက်ပြီး ထိန်းသိမ်းသွားမယ်။ ကောင်ရေ အတိအကျ စာရင်းကောက်တာကတော့ တောက်လျှောက်လုပ်သွားရမှာ”ဟု ဦးဝင်းမောင်ကပြောသည်။

ရှားပါးလိပ်များဖြစ်သည့် လိပ်စွန်၊ လိပ်စောင်းလျှား၊ လိပ်ခွေး၊ ပြင်သာလိပ်၊ လိပ်လောင်းတို့နေထိုင်ကျက်စားပြီး ယခုအခါတွင် လူများဖမ်းဆီးစားသောက်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ငါးဖမ်းပိုက်များနှင့် ငြိတွယ်ခြင်းနှင့် ကျက်စားဥချနေရာများ ပျက်စီးကျဉ်းမြောင်းလာခြင်းကြောင့် မျိုးသုဉ်းလုနီး အန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အတွက်ကောင်ရေအတိအကျ သိရှိစေရန် စာရင်းကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လိပ်မျိုးစိတ်ပေါင်း ၃၂ မျိုးရှိပြီး ကုန်းလိပ်လေးမျိုး၊ ကုန်းနေ ရေနေ လိပ် ၂၃ မျိုးနှင့် ပင်လယ်လိပ် ငါးမျိုးရှိကြောင်း သတင်းရရှိသည်။

Vol.12, No.43 • JANUARY 1 , 2014

# ခရီးသွားများလုံခြုံရေး တိကျသော ဖြေရှင်းမှုမရှိသေး

**အောင်သူရ၊ ငြိမ်းချမ်း**

အောက်တိုဘာလလယ်က ကုန်သည်ကြီးများဟိုတယ်တွင် ဗုံးပေါက်ကွဲခဲ့ခြင်းနှင့် ပုဂံဒေသတွင် နိုင်ငံခြားသားများ မကြာခဏ လုယက်ခံရခြင်းတို့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အမိန့်နှစ်ခုထုတ်ပြန်ခဲ့သည်။

ပထမတစ်ခုမှာ ဗုံးအန္တရာယ်ကာကွယ်ရန်အတွက် ဟိုတယ်နှင့် တည်းခိုခန်းအားလုံး၏ ဧည့်ကြိုခန်းမ၏ အဝင်ဝတွင် Walk Through (သံနှင့် သတ္တုများအိတ်ထဲတွင်ပါလာပါက အသံပေးသောစက်)စက်များ တပ်ဆင်ရန်ဖြစ်သည်။

ဒုတိယတစ်ခုမှာ မကြာခဏ လုယက်ခံရသဖြင့် ပုဂံဒေသရှိ ကမ္ဘာလှည့် ခရီးသွားများ စီးနင်းသောစက်ဘီးနှင့် လျှပ်စစ်စက်ဘီးများတွင်တပ်ဆင်ထားသောရှေ့ခြင်းများကို ဖြုတ်ခိုင်းခြင်းဖြစ်သည်။

သို့သော်ထိုအမိန့်နှစ်ခုစလုံးမှာ ကမ္ဘာလှည့်ခရီးသွားများ လုံခြုံရေးနှင့် ဗုံးအန္တရာယ်ကိုမကာကွယ်နိုင်သည့်အပြင် ငွေကုန်ကြေးကျများကြီး ဝန်ထုပ်ဝန်ပိုးသာပိုဖြစ်စေသည်ဟု ဒေသခံခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဝေဖန် ပြောဆိုကြသည်။

သံနှင့်သတ္တုများပါလာပါက အသံမြည်သောစက် Walk Through တစ်ခုလျှင် ကျပ်သိန်း ၃၀ ဝန်းကျင်ရှိပြီး လျှပ်စစ်နှင့် ချိတ်ဆက်အသုံးပြုကြရသည်။

“တပ်ခိုင်းလို့သာတပ်ထားရတာ ဧည့်သည်တွေလည်းဘယ်သူမှ အဲဒီစက်အောက်က မဖြတ်ကြဘူး”ဟု ပုဂံမြို့သစ်ရှိဟိုတယ်တစ်လုံးမှ မန်နေဂျာတစ်ဦးက ပြောသည်။ အာဏာပိုင်များကတပ်ခိုင်း၍ တပ်ထားရသော်လည်းဟိုတယ်အများစုမှာ အဆိုပါစက်အား လျှပ်စစ်နှင့် မချိတ်ဆက်ထားကြကြောင်း အဆိုပါမန်နေဂျာကပြောသည်။

“ Walk Through က မသေချာဘူး။ ဘယ်သံထည်မဆို၊ ဘယ်သတ္တုမဆို အသံမြည်တယ်။ ဥပမာ Laggage ထဲမှာ နာရီ၊ ဘောပင်နဲ့ ဗုံးပါလာမယ်။ ဗုံးကို အဝတ်နဲ့ထုတ်လာမယ်။ အသံမြည်လို့ အိတ်ကိုဖွင့်ကြည့်ရင် နာရီနဲ့ဘောပင်ပဲတွေ့မှာပဲ”ဟု ချက်ထရီယံဟိုတယ် လုံခြုံရေးအရာရှိ ဦးမျိုးခန့်ကဆိုသည်။

ကျပ်သိန်း ၃၀၀ ဝန်းကျင်တန် ကြေး ရှိသည် X-Ray စက်များ တပ်ဆင်နိုင်လျှင်မူ ဗုံးအန္တရာယ်အတွက် ပိုမိုကာကွယ်နိုင်မည်ဖြစ်သည်။

ထို့အပြင် ဟိုတယ်ဝန်ထမ်းများအနေဖြင့် ဧည့်သည်များ၏ အဝတ်အထည်အိတ်များကို အသေးစိတ် အစအဆုံးရှာဖွေ၍ မရကြောင်း ဦးမျိုးခန့်ကဆိုသည်။


ပုဂံမြို့ဟောင်းတွင် စက်ဘီးစီးနင်းနေသော နိုင်ငံခြားဧည့်သည်နှစ်ဦး

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပုဂံမြို့ရှိဟိုတယ်အများစု၏ တည်ဆောက်ပုံမှာ မြို့ကြီးများတွင်ရှိသော ဟိုတယ်များ၏ တည်ဆောက်ပုံနှင့်မတူပေ။ မြို့ကြီးများရှိဟိုတယ်အများစုမှာ အထပ်မြင့်အဆောက်အအုံများဖြစ်ပြီး ဧည့်ကြိုခန်းမမှတစ်ဆင့် အိပ်ခန်းဆောင်များသို့သွားလာရသည်။

ပုဂံဒေသရှိ ဟိုတယ်အများစုမှာ ဧည့်ကြိုခန်းမနှင့် အိမ်ခန်းဆောင်တို့မှာ တစ်သီးတခြားတည်ရှိကြသည်။ ဧည့်ကြိုခန်းမ၌ ဧည့်သည် Check In ဝင်ရန်နှင့် ခေတ္တခဏနားနေရန်သာ ဝင်ကြသည်။ ဧည့်ကြိုခန်းမကို ဖြတ်စရာ မလိုဘဲ အိပ်ခန်းများသို့ မိမိတို့ အထုပ်အပိုးများသယ်ဆောင်လိုကသယ်ဆောင်နိုင်ကြသည်။

ဧည့်ကြိုခန်းမ အဝင်ဝတွင် WalkThrough စက်တပ်ဆင်ခြင်းနှင့် ပတ်သက်၍လည်း ကမ္ဘာ့လှည့်ခရီးသွားများက နားမလည်ဖြစ်နေကြပြီး မေးမြန်းမှုများရှိခဲ့သည်။ ထို့စက်များကြောင့် ဧည့်သည်များမှာ လုံခြုံရေးနှင့်ပတ်သက်၍ သံသယပိုရှိလာကြသည်ဟုလည်း ဧည့်လမ်းညွှန်တစ်ဦးကပြောသည်။

“အဲဒီစက်တပ်ထားတာကို ဝန်ထမ်းကိုမေးတော့ ဗုံးပေါက်တာလို့ ပြောတော့ ဧည်သည်တွေက ဘယ်တုန်းက ပေါက်တာလဲ၊ ဘာလဲ ညာလဲ ထပ်မေးကုန်ကြရော”ဟု ဧည့်လမ်းညွှန်တစ်ဦးကဆိုသည်။

နောက်ပြဿနာတစ်ခုမှာ စက်ဘီးစီးသော နိုင်ငံခြားသားများထံမှ လုယက်မှုဖြစ်ပွားခြင်းဖြစ်သည်။ ထို့ကြောင့်သက်ဆိုင်ရာအာဏာပိုင်များက နိုင်ငံခြားသားများစီးသည့် စက်ဘီးနှင့် လျှပ်စစ်စက်ဘီးများတွင် တပ်ဆင်ထားသောခြင်းများဖြုတ်ခိုင်းလိုက်ခြင်းဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ လာရောက်မှုများပြီး ပုဂံဒေသ၌လုယက်မှုများဖြစ်ပေါ်ခဲ့သည်။ ၂၀၁၃ ခုနှစ်တစ်နှစ်တည်း၌ပင် ပုဂံဒေသတွင် စက်ဘီးစီးလည်ပတ်သော နိုင်ငံခြားသားများထံမှ လုယက်မှု ကိုးကြိမ်ဖြစ်ပေါ်ခဲ့သည်။ ထိုကိုးကြိမ်တွင် သုံးကြိမ်သာလျှင် တရားခံဖမ်းမိခဲ့သည်။ ပြစ်ကျူးလွန်သူအများစုမှာ လူငယ်များဖြစ်ပြီး ညနေ နေဝင်ချိန်ကြည့်ပြီး အပြန်တွင် ဖြစ်ကြသည်။

“စက်ဘီးခြင်းတွေထဲကနေ ပစ္စည်းတွေ လုယူခံရတာ မှန်ပေမယ့် စက်ဘီးစီးတဲ့သူကျ အဆင်မပြေတော့ဘူး။ လွယ်အိတ်လည်း လွယ်ထားရတယ်။ နိုင်ငံခြားသားတွေက အဲဒါတွေကို အမြဲပြောတယ်”ဟု မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ၊ ပုဂံဒေသတွင်းဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းချိုကပြောသည်။ အမှန်တကယ်ပစ္စည်းလုယူချင်သူများသည် လူ၌လွယ်ထားသော ပစ္စည်းကို ယူချင်ပါက ပိုမိုအန္တရာယ်ရှိနိုင်ကြောင်း ဦးဇော်ဝင်းချိုကဆိုသည်။

ယခုအချိန်တွင် နိုင်ငံခြားသားများသည် မြင်းလှည်းများအစား စက်ဘီးနှင့် လျှပ်စစ်စက်ဘီးများကို ပိုမိုအသုံးပြု လာကြသည်။

“လျှပ်စစ်စက်ဘီးတွေ စီးပြီး ဧည့်သည်တွေ ခဏခဏမှောက်ကြတယ်။ တချို့သူတွေက မစီးတတ်ကြဘူး။ ကျွန်တော်သိတာကို ငါးကြိမ်လောက်ရှိပြီ။ လက်ကျိုးတဲ့ အခါတောင်ရှိတယ်”ဟု ဦးဇော်ဝင်းချိုကပြောသည်။

ဦးသိန်းစိန်အစိုးရအဖွဲ့တက်လာပြီးနောက် မြန်မာနိုင်ငံသို့ ကမ္ဘာ့လှည့် ခရီး သွားဝင်ရောက်မှု သိသိသာသာ တိုးလာခဲ့သည်။ ထိုသို့ဝင်ရောက်လာသည်နှင့် အမျှ ပြဿနာပေါင်း များစွာရှိခဲ့သည်။

အစိုးရအဖွဲ့အနေဖြင့် ကမ္ဘာလှည့်ခရီးသွားများ၏ လုံခြုံရေးနှင့် ကူညီပေးနိုင်ရန် ခရီးသွား ဝန်ဆောင်မှုရဲ (Tourist Police)တပ်ဖွဲ့များကို ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ အင်းလေးနှင့် ကျိုက်ထီးရိုးတို့တွင် ချထားပေးခဲ့သည်။

ပုဂံဒေသတွင်လုယက်ခံရသူအများစုမှာ လမ်းမီးမရှိသော နေရာများ၌ဖြစ်ပြီး လုယက်သူများတွင်လည်း လူငယ်အများစုဖြစ်ကာ မူးယစ်ဆေးဝါးသုံးစွဲသူများ ပုဂံဒေသတွင် ပေါများလာခြင်းကြောင့်ဟု ပုဂံဒေသခံခရီးသွားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

“တရားခံတွေကိုမိအောင်မဖမ်းနိုင်ကြတော့ ဆက်လုပ်ဖို့ တွန်းအားပေးသလိုဖြစ်နေတယ်”ဟုလည်းအဆိုပါဒေသခံက မှတ်ချက်ပေးသည်။

အစိုးရအနေဖြင့် အဆိုပါပြဿနာများ ပြေလည်အောင်မဖြေရှင်းပဲ ဟိုတယ်များတွင် Walk Through တပ်ဆင်ခိုင်းခြင်းနှင့် စက်ဘီးနှင့် လျှပ်စစ် စက်ဘီးများတွင် တပ်ဆင်ထားသောခြင်းများ ဖြုတ်ခိုင်းခြင်းသည် ဖြစ်ပေါ်နေသော ပြဿနာများ မဖြေရှင်းနိုင်သည့် အပြင်ငွေကုန်ကြေးကျများပြီး ဧည့်သည်များအတွက် စိတ်အနှောင့်အယှက်ပိုဖြစ်နေရသည်ဟု ပုဂံဒေသခံ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဝေဖန်ပြောဆိုကြသည်။




7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014


# Cartoon


























7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# အာဖရိက၏ ဩဇာအလွှမ်းဆုံးပုဂ္ဂိုလ် ၁၀၀ စာရင်းဝင်
# အသက်အငယ်ဆုံး သတင်းထောက်

**ခင်မေဇော်**
**(ဝါရှင်တန်ဒီစီ)**

အသက်(၁၀)နှစ်အရွယ် ကမ္ဘာ့အငယ်ဆုံး တွေ့ဆုံမေးမြန်းသူဖြစ်ခဲ့သည့် နိုင်ဂျီးရီးယန်း- အမေရိကန်နိုင်ငံသူ ဇူရီယယ်အိုဒူဝိုးက အာဖရိကတိုက်၏ ဩဇာအကြီးဆုံးပုဂ္ဂိုလ်၁၀၀စာရင်းတွင်ထည့်သွင်းလိုက်သလို ကမ္ဘာကျော်ဖိုဘ်မဂ္ဂဇင်းက တွေ့ဆုံမေးမြန်း ဖော်ပြခဲ့သည့် အသက်အငယ်ဆုံး မိန်းကလေးငယ်လည်းဖြစ်သည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတွင်နေထိုင်သည့် သမီးငယ်ဇူရီယယ်သည် နိုင်ဂျီးရီးယန်းမိဘမှ မွေးဖွားခဲ့သူဖြစ်သည်။ အသက်ငယ်ရွယ်စဉ်ကတည်းက မှတ်ဉာဏ်ကောင်းကြောင်း သတိပြုမိသည်ဟု မိဘများကဆိုသည်။ ဇူရီယယ်သည် ဗီဒီယိုမှတ်တမ်း ကင်မရာတစ်လုံးနှင့် မှတ်တမ်းရုပ်ရှင်ရိုက်ကူးသူလည်းဖြစ်ပြီး သူ၏ မှတ်တမ်းရုပ်ရှင်ဖြင့် ဆုရခဲ့သူလည်းဖြစ်သည်။ ယခုအချိန်အထိ နိုင်ငံထိပ်သီးခေါင်းဆောင်များကို တွေ့ဆုံမေးမြန်းခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ၊ အားကစားသမားများ၊ ဘာသာရေးခေါင်းဆောင်များကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ထင်ရှားသော ဇူရီယယ်၏ မေးမြန်းခန်းများမှာ အာဖရိကနိုင်ငံများ နိုင်ငံအကြီးအကဲများဖြစ်သည့် တန်ဇန်းနီးယားသမ္မတ၊ မောင်ရီရှပ်စ်၊ မာလာဝီသမ္မတများနှင့် တင်းနစ်ချန်ပီယံညီအစ်မ စီရေနာ၊ ဗီးနပ်စ်ဝီလီယမ်တို့ ညီအစ်မတို့နှင့် မေးမြန်းခန်းများဖြစ်သည်။

လက်ရှိတာဝန်ထမ်းဆောင်နေသောသမ္မတရှစ်ဦး၊ အမေရိကန်နိုင်ငံမှ သိက္ခာတော်ရ ဆရာတော် ဂျက်စီဂျွန်ဆင်၊ အာဖရိကမှ အချမ်းသာဆုံးပုဂ္ဂိုလ် အာလီကန်ဒန်ဂုတ်တို့ကိုလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ ဇူရီယယ်သည် ယခုအခါ အသက် (၁၁)နှစ်ရှိပြီဖြစ်ပြီး တန်ဇန်းနီးယားနိုင်ငံက သူ့ကိုကလေးများအတွက် သံတမန်ခန့်အပ်ခဲ့သလို အာဖရိကသမဂ္ဂ၏ နှစ်(၅၀)အထိမ်းအမှတ် အခမ်းအနားအတွက်လည်း ဖိတ်ကြားခဲ့သည်။ အာဖရိကမှ မိန်းကလေးငယ်များ၏ ပညာသင်ကြားခွင့်အတွက် လုပ်ဆောင်သွားမည်ဟု သူကဆိုသည်။ တစ်ချိန်တွင် အမေရိကန်နိုင်ငံ၏သမ္မတ ဖြစ်လိုသည်ဟုလည်း ဇူရီယယ်ကပြောသည်။ သမီးငယ်ဇူရီယယ်ကို သတင်းမီဒီယာများက မေးမြန်းခဲ့သည့်အထဲမှ ကောက်နုတ်ဖော်ပြပါသည်။

**မီဒီယာနဲ့ဆက်ဆံရေးကို ဘယ်လိုစပြီးစိတ်ဝင်စားခဲ့သလဲ။ အထူးသဖြင့် လူပုဂ္ဂိုလ်ကို မေးမြန်းတဲ့အပေါ်မှာ ဘာကြောင့်စိတ်ဝင်စားခဲ့တာလဲ။**

သမီးက ကျောင်းရဲ့စီမံချက်တစ်ခုကိုလုပ်ရင်းနဲ့ မှတ်တမ်းလုပ်ဖြစ်သွားတာပါ။ (၉)နှစ်သမီး အရွယ်က ကျောင်းမှာ အမျိုးသားသမိုင်းနေ့အကြောင်း ပြိုင်ပွဲဝင်ပါတယ်။ သမီးက ပြိုင်ဝင်တွေထဲမှာ အငယ်ဆုံးပါ။ အဲဒီမှာ ရှင်းလင်းတင်ပြတာရယ်၊ ပြပွဲရယ်၊ သရုပ်ပြတာ၊ ဒါမှမဟုတ်ရင် မှတ်တမ်းထဲက ရွေးပြီးလုပ်ရတယ်။ ဒီတော့ သမီးက မှတ်တမ်းလုပ်ဖို့ရွေးလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဖရိကရဲ့ကောင်းကွက်လေးတွေကိုပြဖို့ မီဒီယာကပိုကောင်းတဲ့နည်းလမ်းဖြစ်မယ်လို့ ထင်တယ်လေ။ ကျန်တာတွေကိုလုပ်ရင် ဒိုင်လူကြီးတွေကလွဲပြီး ဘယ်သူမှမြင်ရမှာမဟုတ်ဘူး။ ဒါပေမဲ့ မှတ်တမ်းတင်ရိုက်ကူးရင် လူတိုင်းလာကြည့်လို့ရတယ်။ ဒါကြောင့် သမီးမြင်တဲ့ အာဖရိကကို လူတွေများများမြင်နိုင်အောင် မှတ်တမ်းတင်ရိုက်ကူးပါတယ်။ အာဖရိကရဲ့ကောင်းကွက်လေးတွေကို ကမ္ဘာကိုပြချင်တယ်။ သမီးရဲ့ဗီဒီယိုမှတ်တမ်းတစ်ခုက အမေရိကန်နိုင်ငံမှာဆုရသွားတယ်။ သမီးဘာသာ ဇာတ်ညွှန်းရေးပြီး ဗီဒီယိုမှတ်တမ်းကို ထုတ်တာလေ။ သမီးလိုချင်တဲ့ အကွက်အကွင်းတွေကို ကိုယ်တိုင်ရိုက်တယ်။ သမီးအသံနဲ့ထပ်တယ်။ သမီးတစ်ယောက်တည်း တည်းဖြတ်ထုတ်လုပ်တာပါ။ သမီးက နိုင်ဂျီးရီးယားက မိန်းကလေးပါ။

**နိုင်ဂျီးရီးယားနဲ့ အာဖရိကအနွယ်ဝင်ဖြစ်တာက သမီးဘဝကို ဘယ်လောက်အထိရိုက်ခတ်မှုရှိသလဲ။**

သမီးကတော့ အများကြီးရိုက်ခတ်တယ်လို့ပြောချင်တယ်။ အာဖရိကရဲ့ကောင်းကွက်လေးတွေကို ကမ္ဘာကိုပြနိုင်ဖို့အတွက် သမီးရဲ့အာဖရိကအနွယ်အဖြစ်က အများကြီးအကူအညီဖြစ်စေပါတယ်။ သမီးအဖေနဲ့အမေက အာဖရိကတိုက်ရဲ့ မတူတဲ့နေရာတွေက ဆင်းသက်လာတာပါ။ သမီးက အဲဒီနေရာနှစ်ခုစလုံးမှာ နေခဲ့တယ်။ သမီးက ကယ်လီဖိုးနီးယားမှာပဲ အမြဲနေတာမဟုတ်ဘူး။ သတင်းတွေထဲမှာ အာဖရိက အကြောင်းကြည့်လိုက်ရင် သတင်းဆိုးတွေချည်းပဲ။ စစ်ပွဲတွေရယ်၊ ငတ်ပြတ်တာတွေရယ်ပဲ။ သမီး နိုင်ငံမှာ ဒါတွေဖြစ်နေပေမယ့် ဒါတွေချည်းပဲ မမြင်စေချင်ဘူး။ ပြောတာတွေကလည်း မမျှတဘူးလို့ထင်တယ်။ သမီးက အမေရိကန်တစ်ယောက်ဖြစ်နေခဲ့ရင်တောင်မှ အာဖရိကကိုကူညီချင်တယ်။ အခုတော့သမီးက အာဖရိကန်တစ်ယောက် ဖြစ်နေတော့ အာဖရိကကို ဒီထက်ပိုပြီးကူညီရမယ်လို့ထင်တယ်။ ကိုယ့်လူမျိုးကို ကိုယ်ကူညီရသလိုပေါ့။

**ဘာဖြစ်လို့ အာဖရိကပြောင်းလဲတိုးတက်ရေးအတွက်ရပ်တည်ပြီး လုပ်ချင်လာတာလဲ။**

သမီးရဲ့ အိပ်မက်တွေက အာဖရိကရဲ့မိန်းကလေးငယ်တွေကိုကူညီဖို့ပါ။ ဒါက သမီးလုပ်နိုင်တဲ့အလုပ်လေ။ တချို့သူတွေက ဖောင်ဒေးရှင်းတွေထောင်ပြီး လှူတာတွေ၊ ငွေကောက်တာတွေလုပ်ကြပါတယ်။ သမီးအတွက်ကတော့ အလုပ်ကြိုးစားပြီး စံပြတစ်ယောက်ဖြစ်လာဖို့ပါ။ ပြောရဲဆိုရဲရှိဖို့၊ သမီးလိုအာဖရိကမိန်းကလေးတစ်ယောက်က အခုလိုကမ္ဘာ့ခေါင်းဆောင်တွေနဲ့ပြောဆိုတာတွေ့ရင် သူတို့လည်း လုပ်နိုင်တယ်ဆိုတဲ့ အတွေးမျိုးဖြစ်လာဖို့ပေါ့နော်။ မိဘတွေကလည်း သမီးကို စံနမူနာအနေနဲ့ကြည့်ပြီး သူတို့သမီးတွေရဲ့ဘဝမှာ အလားအလာတွေအများကြီးရှိတယ်ဆိုတာကို အသိအမှတ်ပြုစေချင်တယ်။ မရှိဆင်းရဲသားတွေကလည်း သူတို့ရဲ့သမီးတွေကိုကျောင်းထားဖို့ ဒါမှမဟုတ်လည်း တစ်နည်းနည်းနဲ့ ပညာသင်ပေးနိုင်ဖို့ ပိုကြိုးစားပြီး လုပ်နိုင်ပါတယ်။ သမီးမတ်လပိုင်းက နိုင်ဂျီးရီးယားမှာ မိန်းကလေးပညာရေး ကန်ပိန်းလုပ်တော့ အမေရိကန်သံရုံး၊ စီးပွားရေးကျောင်း၊ ဟိုတယ်တွေက ဝိုင်းပြီးပံ့ပိုးကူညီကြပါတယ်။ အခု သမီးက နောက်တစ်နေရာသွားပြီး ကန်ပိန်းဆက်လုပ်မှာပါ။

**အာဖရိကနိုင်ငံအကြီးအကဲတွေနဲ့ ကျန်တဲ့သူတွေကို တွေ့ဆုံမေးမြန်းတော့ သူတို့ကို ဘယ်လိုမြင်သလဲ။ သူတို့ကို သမီးက ဘာအကြံတွေပေးခဲ့သလဲ။**

ပထမဆုံးကတော့ ဒီအတွေ့အကြုံတွေက အရမ်းကောင်းတယ်ဆိုတာပဲ။ သူတို့အားလုံးက သမီးကို နွေးနွေးထွေးထွေးနဲ့ လှိုက်လှိုက်လှဲလှဲရှိကြပါတယ်။ တချို့က သမီးရဲ့မေးခွန်းတွေကို အံ့သြနေကြတယ်လို့ထင်တာပဲ။ သမ္မတတစ်ယောက်တည်းကပဲ သမီးရဲ့မေးခွန်းတွေကို ကြိုပို့ပေးဖို့ပြောတယ်။ ကျန်တဲ့ သမ္မတခုနစ်ယောက်က မေးခွန်းကြိုမတောင်းကြဘူး။

လိုင်ဘေးရီးယားသမ္မတ အယ်လန်ဂျွန်ဆန်ကဆိုရင် သမီးမေးခွန်းသုံးခုမြောက်မှာ မင်းဟာ အတော်ခေါင်းမာတဲ့ သတင်းထောက်ပဲလို့ပြောတယ်။ အားလုံးကတော့ဝိုင်းရယ်ကြတာပေါ့။ ကေ့ဇယ်ဒေသမ္မတ ဖွန်စေကာကဆိုရင် သူဟာ တက္ကသိုလ်ပါမောက္ခဖြစ်ခဲ့တော့ မေးခွန်းတွေအများကြီးဖြေခဲ့ဖူးတယ်တဲ့။ ဒါပေမဲ့ သမီးမေးတဲ့မေးခွန်းမျိုး မကြုံခဲ့ဖူးဘူးလို့ပြောတယ်။ သူ့နိုင်ငံကမိန်းကလေးတွေအားကျအတုယူရအောင်လာလည်ဖို့ သမီးကိုဖိတ်သွားတယ်။

မာလာဝီသမ္မတမစ္စဂျွိုင်ဘန်ဒါကလည်း သမီးတို့အရွယ်တုန်းကဆိုရင် သမီးလုပ်တဲ့အလုပ်မျိုးကို အိပ်မက်တောင်မမက်ခဲ့ဘူးလို့ပြောတယ်။ တန်ဇန်းနီးယားသမ္မတ ကီကွာကို သမီးကို ဒုတိယအကြိမ်ထပ်တွေ့တော့ သူ့ခရီးကနေခဏအချိန်ယူပြီး သမီးကိုစကားတွေ ပြောသွားတယ်။ လူတွေက မေးကြတယ်။ အဲဒီမိန်းကလေးက ဘယ်သူလဲပေါ့နော်။ အဲဒီအချိန်ကတော့ သမီးအတွက် တကယ့်ကိုထူးခြားတဲ့အချိန်ပါပဲ။

သူတို့ကိုတော့ သမီးက အကြံပေးစရာမရှိပါဘူး။ သူတို့က လူကြီးတွေပဲ။ ဒါပေမဲ့ သမီးက လူတွေအားလုံးကို သိစေချင်တာက အာဖရိကရဲ့သမီးငယ်တွေကိုပညာသင်ပေးရေးအတွက် ကြိုးပမ်းတိုက်ပွဲဝင်တာဟာ အာဖရိကအတွက် ရင်းနှီးမြှုပ်နှံတာဆိုတာပါ။

**သမီးမိဘတွေက သမီးကို ဘယ်လောက်ထောက်ခံကြသလဲ။**

သမီးမိဘတွေကတော့ အစကတည်းကအရမ်းကိုပဲအားပေးကြပါတယ်။ သမီးကိုရော ကျန်တဲ့မောင်နှမတွေကိုပါ။ ဘတ်စကက်ဘောပဲကစားကစား၊ ဂီတသင်တန်း၊ ဘောလုံး ဒါမှမဟုတ် အလှပြသရုပ်ဖော်တာပဲဖြစ်ဖြစ် အမေနဲ့အဖေတို့က အမြဲအားပေးပြီး လိုက်ပို့ပေးကြပါတယ်။

သမီးမကြာခဏတွေးမိတယ်။ အထူးသဖြင့် မိဘတစ်ယောက်က သမီးလုပ်ချင်တဲ့ နိုင်ငံခြားအင်တာဗျူးခရီးစဉ်တွေကို အမြဲလိုက်ပေးနေရတော့ ဒါကသူတို့က ပေးဆပ်နေရတယ်ဆိုတာ။ ဒါပေမဲ့ သမီး (၈)နှစ်သမီးတုန်းက အခွင့်အလမ်းတစ်ခုရဲ့တန်ဖိုးဆိုတဲ့ အဓိပ္ပာယ်ကို သင်ယူရတယ်။ အဖေကပြောတယ်။ အဲဒါက ရွေးချယ်စရာနှစ်ခုထဲမှာ ဘယ်ဟာက ပိုပြီးတန်ဖိုးရှိတယ်၊ ဘယ်ဟာက နောင်အနာဂတ်မှာ ပိုပြီးအလားအလာကောင်းတယ်ဆိုတာကို ရွေးချယ်ရတာတဲ့။

**သမီးကြီးလာရင် ဘာလုပ်ချင်လဲ။**

သမီးက(၁၉)နှစ်လောက်မှာ အခုလုပ်နေတာကိုရပ်ပြီး နောက်လုပ်ချင်တာတွေကိုပြောင်းမယ်။ သမီးက ဘတ်စကက်ဘောကစားသမားလည်းဖြစ်ချင်တယ်။ ကြီးလာရင် အမေရိကန်နိုင်ငံရဲ့သမ္မတဖြစ်ချင်တယ်။ နိုင်ဂျီးရီးယားသမ္မတဖြစ်ရင် အဲဒီနားက တစ်နိုင်ငံနှစ်နိုင်ငံလောက်ကိုပဲ သက်ရောက်နိုင်မယ်။ အမေရိကန်သမ္မတဖြစ်ရင်အာဖရိကအပါအဝင်နိုင်ငံတွေ အများကြီးကိုပြောင်းလဲနိုင်မယ်။



7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

Leader's Profile

# ဆယ်နှစ်ကြာအကျဉ်းကျခဲ့သော ရုရှားအချမ်းသာဆုံးပုဂ္ဂိုလ်

# မီခေးလ်ခိုဒေါကော့စကီး



ရဲမင်း

မီခေးလ် ခိုဒေါကော့စကီးသည် ရုရှားနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင် လှူဒါန်းပေးကမ်းမှု ရက်ရောသူ၊ လူထုခေါင်းဆောင်နှင့် စာရေးဆရာတစ်ဦးဖြစ်သည်။ ခိုဒေါကော့စကီးသည် ၂၀၀၃ အောက်တိုဘာ ၂၅ ရက်က လိမ်လည်မှု၊ အခွန်ရှောင်တိမ်းမှုများဖြင့်ဖမ်းဆီးခံခဲ့ရပြီး ရုရှားသမ္မတပူတင်၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ၂၀၁၃ ဒီဇင်ဘာ ၂၀ ရက်တွင် အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သည်။

ခိုဒေါကော့စကီးကို ၁၉၆၃ ခုနှစ်၊ ဇူလိုင် ၂၆ ရက်တွင်အင်ဂျင်နီယာများမိသားစု၌ မွေးဖွားခဲ့သည်။ ၁၉၈၆ တွင် မီခေးလ်သည် မော်စကိုမန်ဒီလိဗ်ဓာတုဗေဒ နည်းပညာအင်စတီကျုဒ်မှ ဘွဲ့ရရှိခဲ့ပြီးနောက် ၂နှစ်အကြာ ပလီခါနော့ဗ် စီးပွားရေးအင်စတီကျုဒ်မှ စီးပွားရေးဘွဲ့ရသည်။

ခိုဒေါကော့စကီးသည်တက္ကသိုလ်တက်နေစဉ်မှာပင် ကွန်မြူနစ်ပါတီလူငယ်ခေါင်းဆောင်နေရာများကိုရယူပြီး ဘဏ်လုပငန်းများတွင် ပါဝင်လုပ်ကိုင်ခဲ့ကာ ၁၉၉၁ ခုနှစ်တွင်မင်နာတက်ဘဏ်ဘုတ်အဖွဲ့ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၉၃ ခုနှစ် မတ်လတွင် ရေနံနှင့် စွမ်းအင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၁၉၉၆ ဇူလိုင်လတွင်ယူကော့စ်ရေနံကုမ္ပဏီ ဒါရိုက်တာများကောင်စီအဖွဲ့ဥက္ကဋ္ဌဖြစ်လာသည်။ မစ္စတာခိုဒေါကော့စကီးသည် ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှားအစိုးရ စီးပွားရေးလုပ်ငန်းရှင်များကောင်စီတွင် ပါဝင်လာခဲ့သည်။

မီခေးလ် ခိုဒေါကော့စကီးသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အစိုးရရှေ့နေချုပ်ရုံးမှ ထုတ်ပြန်သောစာဖြင့် အဖမ်းခံခဲ့ရသည်။ ယင်းနောက်တွင် ခိုဒေါကော့စကီးမှာ ကြီးကြီးမားမားလိမ်လည်မှု၊ လိမ်လည်မှုသို့မဟုတ်ပါက ယုံကြည်မှုအလွဲသုံးစားလုပ်၍ ပစ္စည်းပိုင်ရှင်များက နစ်နာစေမှု၊ ပုဂ္ဂလိကအခွန်ရှောင်တိမ်းမှု၊ အဖွဲ့အစည်းဖြင့်အခွန်လိမ်လည်မှု၊ တရားရုံးဆုံးဖြတ်ချက်များကို မလိုက်နာမှု၊ စာရွက်စာတမ်းများ ထပ်ခါတလဲလဲ အတုလုပ်မှုစွဲချက်များဖြင့် တရားစွဲဆိုခံရသည်။

၂၀၀၅ ခုနှစ် မေလတွင် တရားရုံးတစ်ရုံးက ခိုဒေါကော့စကီးမှာ ပြစ်မှုများအားလုံးတွင် အပြစ်ရှိသည်ဟု စစ်ဆေးတွေ့ရှိခဲ့ပြီး ထောင်ဒဏ်ကိုးနှစ် ချမှတ်ခံရသည်။ အယူခံကြောင့် ပြစ်ဒဏ်တစ်နှစ်လျှော့ခံခဲ့ရသည်။ သို့သော် ခိုဒေါကော့စကီးမှာ ၂၀၀၈ ခုနှစ်တွင် တရားရုံးစွဲချက်အသစ်များ ထပ်မံရင်ဆိုင်ရပြီး ၂၀၁၀ ပြည့်နှစ်တွင် ရေနံတန်ပေါင်း သန်း ၂၀၀ ခိုးယူမှု၊ ငွေကြေးခဝါချမှုများတွင် ပြစ်မှုထင်ရှား၍ ထောင်ဒဏ် ၁၄ နှစ်ချမှတ်ခံရသည်။ အယူခံ အဆင့်ဆင့်ဖြင့် မူလပြစ်ဒဏ်မှ ၂ နှစ်လျှော့ချခံရသည်။

ယူကော့စ် ရေနံကုမ္ပဏီကို ဦးဆောင်နေစဉ် ခိုဒေါကော့စကီးသည် ရက်ရောစွာလှူဒါန်းပေးကမ်းခဲ့ပြီး အထူးသဖြင့် ပညာရေး၊ ယဉ်ကျေးမှုပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီလုပ်ငန်းများအတွက်ထောက်ပံ့ခဲ့သည်။ ၂၀၀၃နှစ်ကုန်ပိုင်း လွှတ်တော်ရွေးကောက်ပွဲများမတိုင်မီ နိုင်ငံရေးပါတီ အများအပြားအား ငွေကြေးထောက်ပံ့ခဲ့သည်။

ရုရှားနိုင်ငံတွင် စီမံခန့်ခွဲသော ဒီမိုကရေစီစနစ်ကျင့်သုံးနေခြင်းကိုလည်း ခိုဒေါကော့စကီးက ပွင့်လင်းစွာဝေဖန်သည်။ ရွေးကောက်တင်မြှောက်ထားသော ခေါင်းဆောင်ပိုင်းကို ဝေဖန်မှုမလုပ်ရန် သတိပေးထားသော်လည်း စစ်ဘက်နှင့်လုံခြုံရေးဌာနများက အာဏာအများအပြားဆုပ်ကိုင်ထားသည်ဟုဝေဖန်သည်။ ခိုဒေါကော့စကီးသည် ပူတင်နှင့်လည်း အကျင့်ပျက်ခြစားမှုများအကြောင်း ငြင်းခုံခဲ့သည်။

ခိုဒေါကော့စကီးသည် ဆယ်နှစ်ကြာအကျဉ်းကျခံရပြီးနောက် ၂၀၁၃ ခုနှစ်တွင် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဟောင်း ဟန်းစ်ဒိုင်တရစ်ဂန်ချာက ကြားဝင်ညှိနှိုင်းပေးခဲ့၍ ရုရှားသမ္မတ ဗလာဒီမာပူတင်က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပြီး အကျဉ်းထောင်မှလွတ်မြောက်လာသည်။

ခိုဒေါကော့စကီးသည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီးပထမဇနီးနှင့်သားတစ်ဦး၊ဒုတိယနှင့်လက်ရှိဇနီးသည်အင်နာနှင့် သားအမြွှာနှစ်ဦး၊ သမီးတစ်ဦးထွန်းကားသည်။ *—Ref: Wikipedia*

## ဖုန်းလိုင်းများကို NSA စောင့်ကြည့်ထောက်လှမ်းမှုမှာ တရားဝင်သည်ဟု အမေရိကန် ဖက်ဒရယ်တရားသူကြီးပြောကြား

**ဝါရှင်တန်၊ ဒီဇင်ဘာ–၂၈**

အမေရိကန်နိုင်ငံ၏ ဖုန်းခေါ်ဆိုမှုသန်းပေါင်းများစွာအတွက် မှတ်တမ်းများစုဆောင်းရယူထားသည့် အမျိုးသားလုံခြုံရေး အေဂျင်စီ (NSA)၏ အစီအစဉ်မှာ တရားဝင်ဖြစ်သည်ဟု ကန်ဖက်ဒရယ်တရားသူကြီးတစ်ဦးက ပြောကြားလိုက်ပြီး ယင်းအစီအစဉ်မှာ အကြမ်းဖက်ဝါဒကို တန်ပြန်ထိုးနှက်ခြင်းဖြစ်ပြီး အမေရိကန်အစိုးရ၏ ပုဂ္ဂိုလ်ရေးအခွင့်အရေးများကို ချိုးဖောက်မှုမရှိဟု ၎င်းကပြောသည်။

ယင်းအစီအစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ၊ မညီ မေးခွန်းထုတ်ခဲ့သည့် အခြားသော တရားသူကြီးတစ်ဦး၏ ဆုံးဖြတ်ချက်နှင့်မန်ဟက်တန်မြို့ရှိအမေရိကန် ခရိုင်တရားသူကြီး ဝီလီယံပေါ်လေး၏ ဒီဇင်ဘာ ၂၇ ရက် ဆုံးဖြတ်ချက်မှာ ကွဲပြားနေသောကြောင့် ယင်းကိစ္စကို နိုင်ငံတော်တရားရုံးက ဆုံးဖြတ်ပေးရန် လိုအပ်ကြောင်း ထင်မြင်ချက်များ အားကောင်းလာစေခဲ့သည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေ စတုတ္ထပြင်ဆင်ချက်အရ ဝရမ်းမရှိဘဲ ရှာဖွေမှုများအပေါ် တားမြစ်သည့်ဥပဒေများအား ဖုန်းအချက်အလက်များစုဆောင်းခြင်းဖြစ်သော (NSA)၏ အစီအစဉ်များက ချိုးဖောက်သည်ဟု အမေရိကန်ပြည်သူ့လွတ်လပ်ရေးသမဂ္ဂ၏ တရားစွဲဆိုမှုကို တရားသူကြီးပေါ်လေးက ပယ်ချလိုက်သည်။

NSA ၏ ယင်းသို့ စောင့်ကြည့်ထောက်လှမ်းမှုများက အကြမ်းဖက်တိုက်ခိုက်မှုများကို ရှောင်ရှားရန် ကူညီနိုင်သည်ဟု ၎င်းက ပြောသည်။ ယင်းအစီအစဉ်များရှိခြင်းကို NSA ဝန်ထမ်းဟောင်း စနိုးဒန်က ပထမဆုံးဖော်ပြခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ရုရှားနိုင်ငံတွင် ယာယီနိုင်ငံရေးခိုလှုံခွင့်ဖြင့် နေထိုင်နေသူဖြစ်သည်။ ၎င်း၏သတင်းဖွင့်ချမှုများကြောင့် အမေရိကန်နိုင်ငံသားများ အကြမ်းဖက်တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရာတွင် အစိုးရအတွက် နည်းလမ်းမည်မျှပေးမည်ဆိုခြင်းအပေါ် အချေအတင်ပြောဆိုမှုများ ဖြစ်ပွားစေခဲ့သည်။ NSA ၏ အစီအစဉ်များမှာ အခြေခံဥပဒေနှင့်ညီပုံမပေါ်ဟု ဝါရှင်တန်မြို့ရှိ ခရိုင်တရားသူကြီးရစ်ချတ်လီယွန်က ပြောကြားခဲ့ပြီးနောက် ၁၁ ရက်အကြာ တရားသူကြီးပေါ်လေးက ယခုကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်သည်။

*—Ref: Reuters*

## ဝန်ထမ်းအရေအတွက်နှင့် ဘတ်ဂျက် လျှော့ချမည်ဟု ကုလသမဂ္ဂအထွေထွေညီလာခံတွင် ထုတ်ပြန်

**နယူးယောက်၊ ဒီဇင်ဘာ–၂၈**

အမေရိကန်နှင့် အခြားသောဖွံ့ဖြိုးပြီးနိုင်ငံတွေ... 



## သမ္မတဟောင်းကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် နိုင်ငံတော်တရားရုံးသို့ မာလီအစိုးရတိုင်ကြား

**ဘမ်မာကို၊ ဒီဇင်ဘာ–၂၈**

မာလီအစိုးရသည် ယခင်သမ္မတဟောင်း အမာဒူကောမာနီတိုရေးကို နိုင်ငံတော်သစ္စာဖောက်မှုဖြင့် နိုင်ငံတော်တရားရုံးသို့ တိုင်ကြားခဲ့သည်ဟု ဒီဇင်ဘာ ၂၇ ရက်တွင် ကြေညာသည်။

တိုရေးသည် သမ္မတအဖြစ်တာဝန်ယူဆောင်ရွက်စဉ် ၎င်း၏ စစ်တပ် အုပ်ချုပ်ရေးတာဝန်ကို မကျေပွန်ခဲ့ဟု မာလီအစိုးရက စွပ်စွဲခဲ့သည်။

၎င်းသည် မာလီနိုင်ငံ မြောက်ပိုင်းရှိ တူအာရက်ခွဲထွက်ရေးသမားများကို နှိမ်နင်းရန် ပျက်ကွက်ခဲ့သောကြောင့် ၂၀၁၂ မတ်လတွင် စစ်တပ်အာဏာသိမ်းမှုဖြစ်ပေါ်စေခဲ့သည်။

ပြီးခဲ့သည့်နှစ် အာဏာသိမ်းမှုကြောင့် မာလီနိုင်ငံ မြောက်ပိုင်းသုံးပုံနှစ်ပုံကို အစ္စလာမ်မစ်လက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်နိုင်သည်အထိ ဖြစ်ပေါ်စေခဲ့သည်။

ထို့ကြောင့် လက်ရှိမာလီအစိုးရက တိုရေးသည် လက်နက်ကိုင်သူပုန်တပ်ဖွဲ့များ ပိုမိုဆိုးရွားလာအောင် ဖန်တီးခဲ့သူဖြစ်သည်ဟု စွပ်စွဲခဲ့သည်။

စစ်တပ်အာဏာသိမ်းခံရသော သမ္မတဟောင်းတိုရေးသည် အိမ်နီးချင်းဆီနီဂေါနိုင်ငံသို့ထွက်ပြေးသွားပြီး ၂၀၀၂ ခုနှစ်တွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရကာ ၂၀၁၂ ခုနှစ်တွင် ရာထူးမှဖြုတ်ချခြင်းခံခဲ့ရသည်။

အယ်လ်ကိုင်ဒါတို့နှင့် အဆက်အသွယ်ရှိသော အစ္စလာမ်မစ်သူပုန်များသည် မာလီနိုင်ငံမြောက်ပိုင်းကို သိမ်းယူခဲ့သောကြောင့် ပြင်သစ်စစ်သား ၄,၀၀၀ ကျော်နှင့် မာလီစစ်သားများ ပူးပေါင်းစစ်ဆင်ရေးပြုလုပ်ခဲ့ရသည်။

*—Ref: Reuters*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# အိန္ဒိယနိုင်ငံတွင်းရှိ အမေရိကန်ဝန်ထမ်းများ အခွန်ချိုးဖောက်မှု ရှိ၊ မရှိ စစ်ဆေးမည်

**နယူးဒေလီ၊ ဒီဇင်ဘာ-၂၈**

နယူးယောက်မြို့တွင် အိန္ဒိယသံတမန်တစ်ဦး ဖမ်းဆီးခံရမှုအတွက် လက်တုံ့ပြန်ခြင်းအဖြစ် အိန္ဒိယနိုင်ငံတွင်းရှိ အမေရိကန်စာသင်ကျောင်းများမှ ဝန်ထမ်းများ အခွန်ချိုးဖောက်မှုများ ရှိနိုင်သည်ဟုဆိုကာ ၎င်းတို့၏ အသေးစိတ်အချက်အလက်များကို အိန္ဒိယအစိုးရက စုဆောင်းနေပြီး အမေရိကန်သံအရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ သက်သေခံကတ်များကို ဖျက်သိမ်းလိုက်သည်။

ဗီဇာအတုပြုလုပ်မှု၊ အိမ်ဖော်ကို သတ်မှတ်လစာထက် လျော့ပေးမှုများဖြင့် နယူးယောက်မြို့တွင် ဖမ်းဆီးခံခဲ့ရသည့် အိန္ဒိယသံတမန်တစ်ဦးအပေါ် အမေရိကန်အာဏာပိုင်များ၏ ဆက်ဆံပုံနှင့်ပတ်သက်၍ သံတမန်ရေးရာ အငြင်းပွားမှုအတွက် အိန္ဒိယနှင့် အမေရိကန်နိုင်ငံကြား ဖြေရှင်းချက်တစ်ခုရရှိရန် နီးစပ်မလာကြောင်း အိန္ဒိယ၏ ယခုလုပ်ရပ်များက ဖော်ပြသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံတွင်းရှိ အမေရိကန် စာသင်ကျောင်းများတွင် အလုပ်လုပ်နေသူများနှင့် ပတ်သက်သည့်အသေးစိတ်အချက်အလက်များ၊ ကန်အစိုးရဌာနများတွင် လုပ်ကိုင်နေသူများ၏ အချက်အလက်အသေးစိတ်ကို ပေးအပ်ရန် အိန္ဒိယအစိုးရက အမေရိကန်သံရုံးထံ ဒီဇင်ဘာ ၂၇ ရက်တွင်တောင်းဆိုထားသည်။ ယင်းသို့တောင်းဆိုခြင်းမှာ အဆိုပါ အလုပ်လုပ်ကိုင်နေသူများ ယင်းသို့ လုပ်ကိုင်ခွင့် ရှိ၊ မရှိနှင့် အိန္ဒိယဥပဒေအရ ၎င်းတို့ အခွန်ဆောင်၊ မဆောင် ဆုံးဖြတ်ရန်ဖြစ်သည်။

သံတမန်များ၏ဇနီး (သို့မဟုတ်) ခင်ပွန်းများသည် စာသင်ကျောင်းများ (သို့မဟုတ်) အခြားသော သံရုံးဌာနများတွင် ဝင်ရောက်လုပ်ကိုင်ပါက အိမ်ရှင်နိုင်ငံကို အသိပေးအကြောင်းကြားရသည်။

ယင်းသို့ ဥပဒေချိုးဖောက်မှုများအပေါ် မကြာခဏလျစ်လျူရှုထားခဲ့သော်လည်း ယခုအခါမျက်တောင်တစ်ချက်မခတ်ဘဲ အိန္ဒိယနိုင်ငံက စောင့်ကြည့်သွားမည်ဟု အရာရှိတစ်ဦးကပြောသည်။

ယင်းကိစ္စများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံရှိ အမေရိကန်သံရုံးက မှတ်ချက်ပြုရန် ငြင်းဆိုခဲ့သည်။ အိန္ဒိယနိုင်ငံမှ အာဏာပိုင်များ အမေရိကန်နိုင်ငံတွင် ဆက်ဆံခံရသကဲ့သို့ အမေရိကန်သံတမန်များနှင့် ၎င်းတို့၏မိသားစုဝင်များကို အိန္ဒိယအစိုးရက ဆက်ဆံသွားမည်ဟု ယင်းအရာရှိကပြောသည်။ အမေရိကန်သံရုံးအရာရှိများနှင့် ၎င်းတို့မိသားစုများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပြုထားသည့် သက်သေခံကတ်ပြားများအား ပေးအပ်ရန် အိန္ဒိယအစိုးရက တောင်းထားပြီး စနစ်သစ်အရ မိသားစုဝင်များမပါဘဲ သံအရာရှိများကိုသာ အခွင့်အရေးအနည်းငယ်နှင့် ယင်းသက်သေခံကတ်ပြားများ ပေးအပ်သွားမည်ဖြစ်သည်။

*—Ref: Reuters*

# ကဘူးလ်မြို့တွင် အသေခံကားဗုံးပေါက်ကွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

**ကဘူးလ်၊ ဒီဇင်ဘာ-၂၈**

နေတိုးယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်သော အသေခံကားဗုံးခွဲမှုတစ်ခုဖြစ်ပွားပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံမြို့တော်ကဘူးလ်တွင် နေတိုးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။ အသေခံဗုံးခွဲ တိုက်ခိုက်မှုမှာ ၎င်းတို့၏လက်ချက်ဖြစ်ကြောင်း တာလီဘန်အဖွဲ့က ပြောကြားသည်။

ဒီဇင်ဘာ ၂၇ ရက်က ကဘူးလ်မြို့အရှေ့ပိုင်းခရိုင်တွင် ဖြစ်ပွားသော အသေခံကားဗုံးခွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ပြီး အရပ်သားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းတိုက်ခိုက်မှုမှာ အာဖဂန်အစိုးရအဆောက်အအုံခြံဝင်းများအနီးနှင့် နေတိုးအဖွဲ့၏ ဖီးနစ်စစ်အခြေစိုက်စခန်းဘေးရှိ အဓိကလမ်းမကြီး၌ ဖြစ်ပွားခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် အသေခံဗုံးခွဲသူ၏ ကားအပြင် နေတိုးအဖွဲ့ သံချပ်ကာယာဉ်နှင့် အနီးရှိ အခြားသော မော်တော်ကားများ ဆိုးရွားစွာ ပျက်စီးခဲ့သည်ကို အာဖဂန်ရုပ်သံဌာနများက ရိုက်ကူးဖော်ပြသည်။ သေဆုံးသူနေတိုးအဖွဲ့ဝင်များ၏နိုင်ငံများကို နေတိုးအဖွဲ့မှ ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိပေ။

ဒီဇင်ဘာ ၂၅ ရက်တွင် တာလီဘန်သူပုန်များ ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးသို့ ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့သော်လည်း သေဆုံးသူနှင့် ဒဏ်ရာရရှိသူမရှိဟု သိရသည်။ ပြီးခဲ့သည့် မေလကလည်း ကဘူးလ်မြို့ရှိ နေတိုးမော်တော်ယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သော အသေခံကားဗုံးပေါက်ကွဲမှုကြောင့် နေတိုးတပ်ဖွဲ့ဝင် ၁၅ ဦး သေဆုံးခဲ့သည်။

*—Ref: AFP*

# ကိုယ်ပိုင်တည်ဆောက်ထားသော တရုတ်ဂြိုဟ်တုစနစ် အခြားနိုင်ငံများသုံးစွဲနိုင်ဟုဆို

**ဘေဂျင်း၊ ဒီဇင်ဘာ-၂၈**

တရုတ်နိုင်ငံက ကိုယ်ပိုင်တည်ဆောက်ထားသော ဂြိုဟ်တုလမ်းညွှန်မှုစနစ်သည် ကြိုတင်မပြောပြနိုင်သော စီးပွားရေး၊ လူမှုရေးနှင့် စစ်ရေးအကျိုးကျေးဇူးများ ဆောင်ကြဉ်းပေးလိမ့်မည်ဟု တရုတ်ဂြိုဟ်တုလမ်းညွှန်ရေးအေဂျင်စီ ညွှန်ကြားရေးမှူးက ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားလိုက်ပြီး ယင်းစနစ်ကို အာရှတိုက်ရှိအခြားသောနိုင်ငံများလည်း အသုံးပြုနိုင်ကြောင်း ပြောသည်။

တရုတ်နိုင်ငံက ကိုယ်ပိုင်တည်ဆောက်ထားသည့် ဘိုင်ဒူဂြိုဟ်တုလမ်းညွှန်စနစ်မှာ အမေရိကန်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ တည်နေရာရှာဖွေခြင်းစနစ် (GPS) နှင့် ရုရှားနိုင်ငံ၏ GLONASS စနစ်တို့အတွက် ပြိုင်ဘက်စနစ်တစ်ခုဖြစ်သည်။ ဘိုင်ဒူစနစ်က အာရှ-ပစိဖိတ်ဒေသအတွက် ဂြိုဟ်တု ၁၆ လုံးဖြင့် ဝန်ဆောင်မှုပေးနေသည်။ သို့သော် ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာထိ တိုးမြှင့်စဉ် ၂၀၂၀ ပြည့်နှစ်တွင် ဂြိုဟ်တုအလုံးပေါင်း ၃၀ အထိ တိုးလာမည်ဟု မျှော်လင့်ရသည်။

ယင်းစနစ်က အရပ်သားများနှင့် စစ်ဘက်ဆိုင်ရာအတွက်ပါ အကျိုးအမြတ်များ ဆောင်ကြဉ်းပေးလိမ့်မည်ဟု ဂြိုဟ်တုလမ်းညွှန်ရေးအေဂျင်စီ ညွှန်ကြားရေးမှူး ရန်ချန်ကီကပြောသည်။

“ဘိုင်ဒူကွန်ရက်ကို တည်ဆောက်လိုက်တာက တရုတ်နိုင်ငံရဲ့ လုံခြုံရေးကိစ္စတွေကို ဖြေရှင်းပေးပါလိမ့်မယ်။ စီးပွားရေး၊ လုံခြုံရေးနဲ့ ကျယ်ပြောတဲ့ လူမှုအသိုင်းအဝိုင်း လုံခြုံရေးတို့ပါဝင်ပါတယ်” ဟု ၎င်းကပြောသည်။

ဘိုင်ဒူစနစ်ကိုအောင်မြင်စွာ တည်ဆောက်တပ်ဆင်လိုက်နိုင်သောကြောင့် တရုတ်စစ်တပ်တွင် တိကျသေချာမှုနှင့် လွတ်လပ်သော ဂြိုဟ်တုလမ်းညွှန်စနစ် ရှိလာမည်ဖြစ်သည်။ ယင်းစနစ်မှာ ဒုံးကျည်များကို ထိန်းချုပ်ပစ်လွှတ်ရန်၊ စစ်သင်္ဘောများကို ထိန်းချုပ်မောင်းနှင်ရန်နှင့် လေယာဉ်များကို ပိုမိုတိကျစွာ ပစ်ခတ်နိုင်ရန် အရေးပါသောနည်းပညာတစ်ခုဖြစ်သည်။

ဘိုင်ဒူစနစ်မှာ တရုတ်နိုင်ငံအတွက် လူလိုက်ပါသော အာကာသခရီးစဉ် (သို့မဟုတ်) လတ်တလောလွှတ်တင်လိုက်သော လပေါ်စူးစမ်းရေးယာဉ်များထက် အရေးကြီးကြောင်း တရုတ်စစ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

*—Ref: Reuters*

# မြောက်ကိုရီးယားစီးပွားရေးကို အစိုးရအဖွဲ့ တင်းကျပ်စွာ ကိုင်တွယ်မည်

**ဆိုးလ်၊ ဒီဇင်ဘာ-၂၈**

ကင်ဂျုံအန်၏ဦးလေးဖြစ်သူကို မမျှော်လင့်ဘဲ ကွပ်မျက်လိုက်ပြီးနောက် မြောက်ကိုရီးယားအစိုးရသည် နိုင်ငံစီးပွားရေးအပေါ် ချုပ်ကိုင်မှု ပိုမိုတင်းကျပ်တော့မည်ဖြစ်သည်။ နိုင်ငံ၏အရေးကြီးသော စီးပွားရေးကဏ္ဍများမှာ ချန်ဆွန်သက်၏ ထိန်းချုပ်မှုများကြောင့် အားနည်းခဲ့ရသည်။

လူငယ်ခေါင်းဆောင်၏ ဦးလေး ချန်ဆွန်သက်ကို အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် ခြစားမှုစွဲချက်များဖြင့် ဒီဇင်ဘာ ၁၂ ရက်က ကွပ်မျက်ခဲ့သည်။ သို့သော် အမြတ်အစွန်းများသော သယံဇာတစီးပွားရေးလုပ်ငန်းများတွင် ၎င်း၏ဩဇာကြီးထွားလာခြင်းမှနေ၍ ကင်ဂျုံအန်နှင့် အခြားထိပ်တန်းအရာရှိကြီးများအပေါ် အမျက်ဒေါသထွက်စေခဲ့သည်။

မစ္စတာချန်၏ အလွန်အကျူးကြားဝင်ကိုင်တွယ်မှုများက နိုင်ငံစီးပွားရေး ဒုက္ခတွေ့ရန်ဖြစ်လာကြောင်း ဝန်ကြီးအဖွဲ့အတွင်းရေးမှူးရုံး အတွင်းဝန်ချုပ်ကင်ဂျော်ဟာက ဂျပန်နိုင်ငံရှိပြုံယမ်းကို လိုလားသော သတင်းစာချိုဆန်ဆင်ဘိုအား ပြောကြားသည်။

“နိုင်ငံ့စီးပွားရေးရဲ့ လမ်းညွှန်တာဝါအဖြစ် အစိုးရအဖွဲ့က သူ့ရဲ့ လုပ်ငန်းတာဝန်ကို စနစ်တကျဖြည့်ဆည်းသွားပါမယ်”ဟု ကင်ဂျော်ဟာက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကျောက်မီးသွေးနှင့် အခြားသယံဇာတများကို နိုင်ငံခြားသို့ တိုးမြှင့်တင်ပို့၍ စီးပွားရေးတောင့်တင်းစေရန် နှစ်ပေါင်းများစွာ ကြိုးစားခဲ့သည်။

*—Ref: AFP*



7DAY NEWS JOURNAL

# Entertainment

Vol.12, No.43 • JANUARY 1 , 2014

# “ စစ်ဆိုတဲ့အရာကို လုံးဝမရှိစေချင်ဘူး

■ အောန်ဆိုင်းနှင့်တွေ့ဆုံခြင်း ဖွဲ့ညက်





ကချင်ဒေသရှိစစ်ဘေးဒုက္ခသည်စခန်းများသို့ခရစ္စမတ်ကာလတွင် ဒီဗိုင်နာဆန်းဘောက်ရာနှင့်အတူ သွားရောက်ကာ ကလေးငယ်များအတွက် ခရစ္စမတ်လက်ဆောင်များ လှူဒါန်းခဲ့သည့်အစီအစဉ်တွင် ကချင်တိုင်းရင်းသူ မော်ဒယ်လ်အောန်ဆိုင်းလည်း ပါဝင်ခဲ့သည်။

ယခုနှစ်ခရစ္စမတ်အား အဓိပ္ပာယ်ရှိစွာဖြတ်သန်းနိုင်ခဲ့သည်ဟုဆိုသည့်အောန်ဆိုင်းကို အထက်ပါခရီးစဉ်နှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**ခရစ္စမတ်တုန်းက ကချင်စစ်ဘေးဒုက္ခသည်စခန်းတွေကို သွားခဲ့တာဆိုတော့ ၂၀၁၃ မှာ ဘယ်နှကြိမ်မြောက်အနေနဲ့သွားဖြစ်တာလဲ။**

သုံးကြိမ်မြောက်သွားခဲ့တာပါ။ နိုဝင်ဘာလဆန်းက တစ်ခါက်သွားတယ်။ ခု. . ဒီဇင်ဘာမှာသွားတယ်။ ၂၀၁၃နှစ်ဆန်းတုန်းက တစ်ခေါက်သွားဖူးတယ်။

**ဒီခရီးစဉ်က သာမန်ခရီးစဉ်တစ်ခုမဟုတ်တော့ ဘယ်လိုအခက်အခဲတွေကြုံခဲ့ရလဲ။ အမှတ်တရဖြစ်ခဲ့တဲ့ အကြောင်းအရာလေးရှိရင် ပြောပြပေးပါလား။**

လမ်းတွေတအားဆိုးတယ်။ တော်တော်လေးကိုဆိုးတယ်။ လမ်းပန်းဆက်သွယ်ရေးကိုလည်း အရမ်းခက်ခဲတယ်။ ကားစီးရတာ နာရီပေါင်းများစွာစီးခဲ့ရတယ်။ အဲဒီမှာနေရတဲ့ နေရာ၊ အိပ်ရတဲ့နေရာတွေက အရမ်းအေးတယ်။ အရမ်းအေးတဲ့အတွက် မျက်နှာသစ်ဖို့တောင်မလွယ်ဘူး။ အခြားကိစ္စနဲ့သွားရင် ပင်ပန်းကောင်း ပင်ပန်းမယ်။ ဒီကိစ္စက သူတို့ဆီကိုသွားချင်တဲ့စိတ်ကအရမ်းများတယ်။ တွေ့ချင်တဲ့စိတ်ကများတော့ မပင်ပန်းဘူးလို့ခံစားရတယ်။

**အရင်နှစ်ခရစ္စမတ်ဖြတ်သန်းမှုတွေနဲ့ အခုနှစ် ခရစ္စမတ်ဖြတ်သန်းမှုက ဘယ်လို အဓိပ္ပာယ်ကွာခြားမှုတွေရှိနိုင်ပါလဲ။**

ခရစ္စမတ်ဆိုတာကတော့ အောန်ဆိုင်းတို့ခရစ်ယာန်တွေအနေနဲ့က အသက်ရှင်နေတဲ့ဘုရားရဲ့ မွေးနေ့။

**စာမျက်နှာ ၄၁ ››**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အယ်လ်ပိုင်းသံတမန်အဖြစ် မိုးစက်ဝိုင်အား ခန့်အပ်

**ဖွဲ့ညက်**

**ရန်ကုန်၊**
**ဒီဇင်ဘာ-၂၈**

အမေရိကန်နိုင်ငံသို့ ကျောင်းသွားမတက်မီအချိန်က အလုပ်လုပ်ခဲ့သော အယ်လ်ပိုင်းကုမ္ပဏီ၏သံတမန်အဖြစ်လုပ်ဆောင်ရန် ဒီဇင်ဘာ ၂၈ ရက်က လက်ခံခဲ့ကြောင်း မိုးစက်ဝိုင်ကပြောသည်။

“ Alpine နဲ့ပတ်သက်တဲ့ ကြော်ငြာတွေ၊ဓာတ်ပုံတွေနဲ့ပွဲတွေမှာ Brand ကို ကိုယ်စားပြုသွားမှာပါ”ဟု ၎င်းကပြောသည်။

ကုန်ပစ္စည်းအမျိုးမျိုးအတွက် သံတမန်အဖြစ်ကိုယ်စားပြုသွားရန် အစီအစဉ်မရှိသော်လည်း အယ်လ်ပိုင်းကုမ္ပဏီသည် ကျောင်းသွားမတက်မီအချိန်က အလုပ်လုပ်ခဲ့သည့် ကုမ္ပဏီဖြစ်သောကြောင့် ၎င်းနှင့် ရေစက်ရှိကြောင်းမိုးစက်ဝိုင်ကပြောသည်။

“ Alpine နဲ့ က ရေစက်ရှိတယ်။ ဟိုအရင်က Alpine မှာ အလုပ်လုပ်ခဲ့ဖူးတယ်။ US ကို ကျောင်းသွားမတက်ခင်က လုပ်ခဲ့တာ။ ခုလို ခုနစ်နှစ်ကြာမှဒီကုမ္ပဏီရဲ့ Brand Ambrassor ပြန်ဖြစ်တဲ့ အတွက် အရမ်းဂုဏ်ယူပါတယ်” ဟု ၎င်းကပြောသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် Miss Universe Myanmar ပြိုင်ပွဲဝင်စဉ်က သွားရောက်ခဲ့သော ဆိတ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေးကျောင်းသို့ သွားရောက်လှူဒါန်းရန်အစီအစဉ်ရှိပြီး ယင်းနေ့တစ်နေ့လုံးကို ကလေးများနှင့်အတူ ဆော့ကစားကာ နွေးနွေးထွေးထွေးနေချင်ကြောင်း မိုးစက်ဝိုင်ကပြောသည်။

ယင်းအစီအစဉ်ကို ကိုယ်တိုင်ဦးစီး၍ စီစဉ်နေခြင်းဖြစ်ပြီး ကလေးများအတွက် လှူဒါန်းမည့်သူများကိုလည်း ခေါ်ဆောင်သွားမည်ဟု ၎င်းကဆိုသည်။



7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014



# Fashion King ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မယ့် ဂျူဝမ်နဲ့ ဆူးလီ

**ဆိုးလ်၊ ဒီဇင်ဘာ–၂၈**

တောင်ကိုရီးယားသရုပ်ဆောင်များဖြစ်ကြသော ဂျူဝမ်၊ f(x) အဖွဲ့မှ ဆူးလီနှင့် ကင်ဆန်းအိုတို့သည် Fashion King ရုပ်ရှင်ဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်မည်ဟု ၎င်းတို့၏ အေဂျင်စီများက အတည်ပြုခဲ့သည်။

နာမည်ကျော် အွန်လိုင်းကာတွန်းဇာတ်လမ်းတွဲကို အခြေခံထားသော Fashion King ရုပ်ရှင်ဇာတ်ကားတွင် ဂျူဝမ်က အဓိကမင်းသားနေရာမှ သရုပ်ဆောင်မည်ဖြစ်သည်။ f(x) အဖွဲ့မှ ဆူးလီနှင့် သရုပ်ဆောင်မင်းသား ကင်ဆန်းအိုတို့သည် ဇာတ်ပို့သရုပ်ဆောင်များအဖြစ် ပါဝင်ကြမည်ဖြစ်သည်။ အဓိကအမျိုးသမီးသရုပ်ဆောင်ကိုမူ မရွေးချယ်ရသေးကြောင်း ရုပ်ရှင်စီစဉ်သူများက ပြောကြားခဲ့သည်။

Fashion King ရုပ်ရှင်ဇာတ်ညွှန်းကို တောင်ကိုရီးယားနာမည်ကျော် ကာတွန်းဆရာ ယွန်းအင်ဝန်က ရေးသားခဲ့သည်။ ယွန်းအင်ဝန်သည် ဂျပန်နှင့် ဥရောပနိုင်ငံများတွင် Island နှင့် Blade of the Phantom Master အမည်ရကာတွန်းစာအုပ်ပေါင်း ၆ ဒသမ ၅ သန်းကျော် ရောင်းချနိုင်ခဲ့သည့် ကာတွန်းဆရာတစ်ဦးဖြစ်သည်။

အွန်လိုင်းကာတွန်း Fashion King တွင် အဓိကဇာတ်ကောင်အထက်တန်းကျောင်းသားလေးသည် ၎င်းသဘောကျနေသော မိန်းကလေး၏ အချစ်ကို ရရှိရေးအတွက် စတိုင်ကျသော လူငယ်တစ်ဦးဖြစ်လာစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားသည်ကို ဇာတ်အိမ်ဖွဲ့စည်းထားသည်။ Fashion King ရုပ်ရှင်ကို လာမည့် ဇန်နဝါရီလလယ်တွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ၂၀၁၄ နွေရာသီတွင် ရုံတင်ပြသမည်ဖြစ်သည်။

—*Ref: Soompi*


# တိုင်းမ်ရဲ့ ၂၀၁၃ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားအဖြစ် "Gravity"သတ်မှတ်ခံရ

**နယူးယောက်၊ ဒီဇင်ဘာ–၂၈**

သိပ္ပံစိတ်ကူးယဉ်ဇာတ်ကား "Gravity"သည် ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်ဟု အမေရိကန် Time မဂ္ဂဇင်းကဖော်ပြသည်။

နာဆာခရီးသွားများဖြစ်ကြသော ဆန်ဒရာဘူးလော့ခ်နှင့် ဂျော့ခ်ကလိုနီတို့သည် အာကာသထဲ၌လမ်းလျှောက်နေပြီး ထိန်းချုပ်ရေးစခန်းနှင့်လည်း အဆက်အသွယ် ပြတ်တောက်နေသည်။ အသက်ရှူရန် အောက်ဆီဂျင်မှာလည်းအကန့်အသတ်နှင့်သာကျန်တော့သည်။ ယင်းသို့သော သေလုမြောပါးအခက်အခဲများကြား၌ လူသားတို့၏ စိတ်ဓာတ်ကြံ့ခိုင်ခြင်းနှင့် ဆန်းသစ်သော နည်းပညာဉာဏ်ရည်ကို သက်သေပြသော "Gravity"ရုပ်ရှင်ကားမှာ ထူးခြားပြောင်မြောက်သည်ဟု Time က ချီးမွမ်းထားသည်။

ကမ္ဘာကျော် Time မဂ္ဂဇင်းက ရွေးချယ်သတ်မှတ်သော ၂၀၁၃ ခုနှစ်အကောင်းဆုံးရုပ်ရှင်ဇာတ်ကား ၁၀ ကားမှာ "Gravity"၊ "The Great Beauty"၊ "American Hustle"၊ " Her"၊ " The Grandmaster"၊ " Fast & Furious 6"၊ " Frozen"၊ "The Aot of Killing"၊ "12 Years a Slave"နှင့် " The Hobbit: The Desolation of Smaug"တို့ဖြစ်ကြသည်။ *Ref:Time*









စာ(၃၉)မှ

# အွန်ဆိုင်းနှင့်တွေ့ဆုံခြင်း

သူ့မွေးနေ့မှာ အားလုံးက ဝမ်းမြောက်စွာနဲ့ဆင်နွှဲကြတယ်။ နှစ်တိုင်းကတော့ ခရစ္စမတ်က ဘုရားကျောင်းမှာဖြတ်သန်းတယ်။ Carol Singing ဆိုရင်းဖြတ်သန်းတယ်။ ဒီနှစ်ထဲမှာ ပြန်စဉ်းစားတော့ ဒီစစ်ဘေးဒုက္ခသည်စခန်းတွေမှာ နေတဲ့လူတွေခရစ္စမတ်ကို သိရောသိပ့်မလား။ သိတဲ့လူတွေရှိလည်းမကျင်းပနိုင်ဘူးဆိုတော့ အောန်ဆိုင်းတို့သူတို့ဆီကိုသွားတွေ့တယ်။ အော်န်ဆိုင်းတို့ကိုတွေ့တာနဲ့တင် သူတို့ကပျော်နေကြပြီ။ အောန်ဆိုင်းတို့အလှူငွေရယ်၊ အခြားလူတွေပံ့ပိုးပေးတဲ့ အလှူငွေတွေကို လိုအပ်တဲ့ပစ္စည်းတွေဝယ်ပြီး ခရစ္စမတ်လက်ဆောင်အဖြစ်လုပ်ပေးတယ်။ ခရစ္စမတ်ပွဲတော်ကျင်းပပေးတယ်။ ဒီနှစ်ကတော့အရမ်းအဓိပ္ပာယ်ပြည့်တဲ့meaningful ခရစ္စမတ်ပါပဲ။

**အဲဒီမှာရှိတဲ့ ကလေးတွေကိုရော ကိုယ့်ကိုယ်ကိုယ် မော်ဒယ်တစ်ယောက်အနေနဲ့မိတ်ဆက်ပေးဖြစ်တဲ့အချိန်မှာ သူတို့ရဲ့တုံ့ပြန်မှုက ဘယ်လိုရှိလဲ။**

သွားတဲ့ camp ကအရမ်းများတယ်။ တချို့က ငယ်တဲ့ကလေးတွေ။ တချို့က လူကြီးတွေ။ သွားခဲ့တဲ့ camp တစ်ခုဆိုရင် အလယ်တန်းနဲ့ အထက်တန်းပဲသီးသန့်ထားတဲ့ camp တစ်ခုရှိတယ်။ အဲဒီလို camp တွေကျတော့ အောန်ဆိုင်းတို့ကို အရမ်းချစ်တယ်။ သိတယ်။ တွေ့တဲ့အခါမှာလည်းအရမ်းဝမ်းသာတယ်။ ပြန်လာတဲ့အခါကျတော့လည်း ငိုပြီးတော့ပေ့ါ။ အဲ ဒီထဲကလူတွေအများစုက သူတို့ ဘဝတွေက ဒီလိုပဲပြီးသွားပြီဆိုပြီး တွေးထားကြတာများတယ်။ အောန်ဆိုင်းတို့တွေကို တွေ့ရတော့မယ်လို့လည်း သူတို့မထင်ဘူး။ တကူးတကသူတို့ကိုသွားတွေ့တာကို တော့အရမ်းဝမ်းသာကြတယ်။

**စစ်ဘေးဒုက္ခသည်စခန်းကလူတွေအတွက် ဘယ်လိုအားပေးစကားမျိုးတွေပြောပေးခဲ့သလဲ။**

အောန်ဆိုင်းက ခရစ်ယာန်ဆိုတော့ ဘာသာရေးအနေနဲ့ပဲ အားပေးစကားပြောတယ်။ အောန်ဆိုင်းကလည်း မြို့သူမဟုတ်ဘူး။ နယ်ကပဲလာတဲ့သူဆိုတော့ သူတို့နဲ့ကိုက်ညီမယ့်အားပေးစကားပြောတယ်။

**ကလေးတွေရဲ့စိတ်မှာ အောန်ဆိုင်းကို စံပြပုဂ္ဂိုလ်အနေနဲ့ ခံယူထားတာတွေလည်းရှိတယ်လို့ သိရတော့ ကိုယ့်အတွက် တာဝန်ကြီးမှုတွေ ရှိနိုင်တယ်လို့ ယူဆလား။**

အရင်တုန်းကတည်းက ကိုယ့်ဘဝဖြတ်သန်းတာကို ပေ့ါပေ့ါတန်တန်ဖြတ်သန်းတဲ့ အထဲမှာတော့မပါဘူး။ ကချင်ကလေးတွေအတွက်လည်းစံပြဖြစ်သလိုတချို့ကချင်မဟုတ်ဘဲ အတုယူနေတဲ့လူတွေရှိတော့ အများကြီး သတိထားပါတယ်။

**အဲ ဒီကလေးတွေ အတွက်ရော အောန်ဆိုင်းအနေနဲ့ ဘာတွေလုပ်ပေးချင်လဲ။**

ကလေးတွေအတွက်က သတိရတဲ့စိတ်နဲ့ဆုတောင်းပေးရုံကလွဲပြီး ဘာမှမတတ်နိုင်ဘူး။ တစ်ခါတလေ တတ်နိုင်သလောက်ပေးလှူတယ်။ကူညီတယ်။ စကားနဲ့ နှစ်သိမ့်ပေးတာလောက်ကလွဲရင် အောန်ဆိုင်းအနေနဲ့ အများကြီး မတတ်နိုင်ဘူး။

**စစ်ကြောင့် တကယ်ဒုက္ခရောက်နေတဲ့နေရာတွေကို ရောက်ခဲ့တော့ စစ်ဆိုတဲ့စကားလုံးနဲ့ ပတ်သက်ပြီး အောန်ဆိုင်းက ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်လဲ။**

စစ်ကနေ ထွက်လာတဲ့အရာတစ်ခုမှမကောင်းဘူးလို့ ခံစားရတယ်။ အောန်ဆိုင်းလည်းငယ်ငယ်တုန်းက နည်းနည်းတော့ကြုံဖူးတယ်။အောန်ဆိုင်းအနေနဲ့ဆိုရင်စစ်က ခါးသီးမှုတွေအများကြီးပဲ။ စစ်ဆိုတဲ့အရာကို လုံးဝမရှိစေ



ချင်ဘူး။ ငြိမ်းချမ်းစေချင်တယ်။ အပြင်ကစစ်သာမဟုတ်ဘူး၊ နှလုံးသားထဲကလည်း ငြိမ်းချမ်းစေချင်တယ်။အားလုံးကိုပေ့ါ။

**ပြည်တွင်းစစ်တွေနဲ့ပတ်သက်ပြီး အောန်ဆိုင်းအနေနဲ့ ဘယ်လိုအရာတွေဖြစ်လာဖို့မျှော်လင့်ထားလဲ။**

အမြန်ဆုံးငြိမ်းချမ်းရေးရဖို့ကိုပဲ မျှော်လင့်ထားပါတယ်။

**အနုပညာလောကမှာ သရုပ်ဆောင်အနေနဲ့ ရိုက်ကူးခဲ့တဲ့ ဇာတ်ကားတွေရှိတော့ အောန်ဆိုင်းရှေ့ဆက်မယ့်အနုပညာလမ်းကြောင်းကရော ဘယ်လိုရပ်တည်မှုမျိုးနဲ့ ဖြတ်သန်းဖို့ အစီအစဉ်ရှိလဲ။**

ဇာတ်ကားတော့ ဆက်ရိုက်ကူးဖို့အစီအစဉ်မရှိပါဘူး။ အောန်ဆိုင်းရဲ့ အဓိကအလုပ်အနေနဲ့ မော်ဒယ်ကိုပဲ သေချာလုပ်သွားမယ်။ ရှိုးလျှောက်တာ၊ ဓာတ်ပုံကြော်ငြာရိုက်တာတစ်ခုချင်းစီကို စေတနာတွေနဲ့အကောင်းဆုံးလုပ်သွားမယ်။

**အောန်ဆိုင်းက ဖက်ရှင်အနေနဲ့ ပရိသတ်တွေကို ဆွဲဆောင်ထားနိုင်တဲ့ မော်ဒယ်တစ်ယောက်ဆိုတော့ လတ်တလောဘယ်လိုဖက်ရှင်မျိုးကို စိတ်ဝင်စားနေလဲ။**

ဖက်ရှင်ကအမြဲပြောင်းလဲနေတယ်။ အခုအဲဒီဘက်ကိုထွက်တော့ ရွှေလီဘက်ရောက်တယ်။ အဲဒီမှာဆိုရင်အနွေးထည်ဖက်ရှင်တွေကို အရမ်းကြိုက်တယ်။တကယ့်ဆောင်းတွင်းဖက်ရှင်အမိုက်စား။ ဒီကိုရောက်လာတော့ မကြိုက်တော့ဘူး။ ဖက်ရှင်က အမြဲပြောင်းလဲနေတော့ တစ်သမတ်တည်းပြောဖို့ခက်တယ်။ ဒီတစ်ပတ်ကြိုက်တဲ့ဟာတောင်နောက်တစ်ပတ်ကြိုက်ချင်မှကြိုက်တယ်။

**မော်ဒယ်တစ်ယောက်နေနဲ့အောန်ဆိုင်းရဲ့ ရည်ရွယ်ချက်ခရီးပန်းတိုင်ကရောဘာဖြစ်မလဲ။**

မော်ဒယ်ဆိုတာက အောန်ဆိုင်းတို့နယ်ကလူတွေအတွက် အရမ်းအလှမ်းဝေးတယ်။ ဒါက ဘုရားပေးတဲ့ ကောင်းချီးဖြစ်တယ်။ မော်ဒယ်ဆိုတဲ့အတိုင်း ကိုယ့်ကိုကြည့်ရှုအားပေးနေတဲ့ ပရိသတ်တွေရဲ့ မော်ဒယ်ဖြစ်ချင်တယ်။ ပုံသက်သေကောင်းဖြစ်ချင်တယ်။


**ပရိသတ်တွေအတွက် နှစ်သစ်ကူးဆုတောင်းစကားလေးပြောပေးပါဦး။**

နှစ်သစ်ကူးပြီဆိုတော့ နှစ်သစ်မှာလည်း အားလုံးစိတ်သစ်ကိုယ်သစ်နဲ့ လုပ်ငန်းတွေအကုန်အဆင်ပြေပါစေ၊ ကျန်းမာပါစေလို့ အောန်ဆိုင်းကဆုတောင်းပေးပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**ပြင်ဆင်ချက်**

ယနေ့ထုတ် 7Day News ဂျာနယ် "၂၀၁၃ အထူးအချပ်ပို" စာ-၈ (၂၀၁၃ နေ့စွဲများ)မှ **ဧပြီ ၁ -နိုင်ငံတော်သမ္မတက ရေဒီယိုမိန့်ခွန်းကို တစ်လတစ်ကြိမ် စတင်ပြောကြားသည်** စာသားအစား **ဇန်နဝါရီ-၁ မှစတင်၍ ရေဒီယိုမိန့်ခွန်းကို တစ်လတစ်ကြိမ် စတင်ပြောကြားသည်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ အယ်ဒီတာ




ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅
(**Open 7:00 am To 7:00 pm**) ပိတ်ရက်မရှိပါ။ **www.acmmyanmar.com**

**– ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေးမရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။**

"**အောင်**" ပြီး "**ချမ်းမြေ့**" မှုတွေရရှိရန် "**အောင်ချမ်းမြေ့**" ကိုလာခဲ့ပါ။

◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
စဉ် (၃၂၁၀) ၆. ၁. ၁၄ စဉ် (၃၂၁၁) ၇. ၁. ၁၄ စဉ် (၃၂၁၂) ၈. ၁. ၁၄ စမည်။

ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ

| | | | |
|---|---|---|---|
| (I) | 07:00 am to 09:00 am | (III) | 01:00 pm to 04:00 pm |
| (II) | 09:00 am to 12:00 pm | (IV) | 05:30 pm to 07:30 pm |

သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နှစ်လ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၁၃) ၇. ၁. ၁၄ (TUE & WED) စဉ် (၃၂၁၅) ၁၁. ၁. ၁၄ (SAT & SUN)
စဉ် (၃၂၁၄) ၉. ၁. ၁၄ (THUR & FRI)
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ သုံးလ(ဆေးဝါး/သူနာပြု)
စဉ် (၃၂၁၆) ၁၁. ၁. ၁၄ (Sat Only) စဉ် (၃၂၁၇) ၁၂. ၁. ၁၄ (Sun Only))
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
စဉ် (၃၂၁၈) ၉. ၁. ၁၄ စမည်။
ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm

Sports
7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# အာဆင်နယ်အသင်း၏ တရားဝင်ဖန်ကလပ်ဖြစ်လာသည့် အာဆင်နယ်မြန်မာ




GERRY PENNY/ EPA

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၀**

မြန်မာနိုင်ငံမှ အာဆင်နယ်ပရိသတ်များအဖွဲ့ (အာဆင်နယ်မြန်မာ)အား အင်္ဂလန်ပရီးမီးယားလိဂ်ကလပ်အသင်း အာဆင်နယ်အသင်းက Official Arsenal Supporters အဖြစ် တရားဝင်အသိအမှတ်ပြုလိုက်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အင်္ဂလန်ပရီးမီးယားလိဂ်ကလပ်ချယ်လ်ဆီးအသင်းနှင့်လီဗာပူးအသင်းတို့၏ တရားဝင်အသိအမှတ်ပြုထားသည့် (Official Supporters Fans Club)များ ရှိနေပြီးဖြစ်သည့် အတွက် အာဆင်နယ်မြန်မာအဖွဲ့အနေဖြင့် တတိယမြောက်တရားဝင်အသိအမှတ်ပြုခံရသည့် ပရိသတ်များအဖွဲ့ဖြစ်လာသည်။

အာဆင်နယ်မြန်မာအဖွဲ့ကို ၂၀၁၃ ခုနှစ် မတ်လမှစတင်၍ ရန်ကုန်မြို့တွင် အဖွဲ့ဝင်ငါးဆယ်ဝန်းကျင်ဖြင့် ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ လန်ဒန်မြို့ခံကလပ် အာဆင်နယ်အသင်း၏ တရားဝင်အသိအမှတ်ပြုခံရရန် ကြိုးစားခဲ့ကြောင်း၊ ဒီဇင်ဘာနောက်ဆုံးပတ်တွင် တရားဝင်အသိအမှတ်ပြုခံရသည့် အကြောင်းကြားစာရောက်ရှိလာကြောင်း အာဆင်နယ်မြန်မာအဖွဲ့ အတွင်းရေးမှူး ကိုဖြိုးလင်းအောင်က ပြောသည်။

“အာဆင်နယ်အသင်းရဲ့ တရားဝင်ဖန်ကလပ်အသိအမှတ်ပြုလက်မှတ်ကိုလည်း စာတိုက်ကတစ်ဆင့် ပို့လိုက်ပြီလို့ အကြောင်းကြားထားပါတယ်။ ဒီဇင်ဘာ ၃၀ ရက်အထိတော့ရောက်မလာသေးပါဘူး။ လက်ရှိ ရန်ကုန်မှာ အာဆင်နယ်မြန်မာအဖွဲ့မှာ ဖန်ကလပ်အဖွဲ့ဝင် တစ်ရာကျော်ရှိပါတယ်။ မန္တလေးမှာလည်း ရှိပါတယ်။ ဆက်လက်ပြီး ဖန်ကလပ်အဖွဲ့ဝင်တွေကိုစနစ်တကျလက်ခံသွားမှာပါ”ဟု ကိုဖြိုးလင်းအောင်က ပြောသည်။

အာဆင်နယ်မြန်မာအဖွဲ့သည် ဘောလုံးပွဲများအတူကြည့်ခြင်း၊ ပရဟိတလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ပိုမိုကျယ်ပြန့်စွာလုပ်ကိုင်သွားမည်ဖြစ်ကြောင်း အဖွဲ့ဝင်တာဝန်ရှိသူတစ်ဦးက ဆိုသည်။

“အာဆင်နယ်အသင်းရဲ့ တရားဝင်အသိအမှတ်ပြုဖန်ကလပ်ဖြစ်လာတဲ့အတွက် အခွင့်အရေးအနေနဲ့ အာဆင်နယ်အသင်းပွဲစဉ်တွေ လက်မှတ်တွေကို ဦးစားပေးဝယ်ယူခွင့်၊ အသင်းအထိမ်းအမှတ်လက်ဆောင်ပစ္စည်းတွေကို အထူးလျှော့ဈေးတွေနဲ့ဝယ်ယူခွင့်တွေရရှိနိုင်မှာဖြစ်ပေမယ့် ကျွန်တော်တို့နဲ့တော့ အလှမ်းဝေးနေပါတယ်။ ဒါပေမဲ့ နောက်ပိုင်းအာဆင်နယ်အသင်းရဲ့ အာရှခရီးစဉ်တွေမှာဆိုရင်တော့ သွားရောက်ကြည့်ဖို့စီစဉ်မှာပါ”ဟု ကိုဖြိုးလင်းအောင်က ပြောသည်။

မြန်မာနိုင်ငံမှ ချယ်လ်ဆီးအသင်းပရိသတ်များအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာက တရားဝင်အသိအမှတ်ပြုစတင်ရရှိခဲ့ပြီး Myanmar Reds ဟု အမည်ပေးထားသည့် လီဗာပူးအသင်း၏ ဖန်ကလပ်ဝင်များသည် ယခုနှစ်ဖေဖော်ဝါရီတွင် တရားဝင်အသိအမှတ်ပြုခံခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ချယ်လ်ဆီးနှင့် လီဗာပူးပရိသတ်အချို့သည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက အဆိုပါကလပ်အသင်းများနှင့် ထိုင်းလက်ရွေးစင်အသင်းတို့ ဘန်ကောက်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ခြေစမ်းပွဲများသို့ သွားရောက်အားပေးခဲ့ကြသည်။

# ကြည်လင်းခြေချင်းဝတ်ဒဏ်ရာ ဘန်ကောက်တွင် သွားရောက်ကုသမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင်ဘောလုံးအသင်းတောင်ပံကစားသမားကြည်လင်း၏ ခြေချင်းဝတ်ဒဏ်ရာအား ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် သွားရောက်ကုသမှုများ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကြည်လင်းသည် ၂၀၁၃ ဆီးဂိမ်းမတိုင်မီ ပြီးခဲ့သည့် နိုဝင်ဘာလဆန်းက ဂျပန်လေ့ကျင့်ရေးခရီးစဉ်ခြေစမ်းပွဲတစ်ပွဲတွင် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အသင်းနှင့်အတူ နှစ်ပတ်ကျော် လေ့ကျင့်ခန်းမဆင်းနိုင်ဘဲ တစ်ဦးတည်း လေ့ကျင့်ခဲ့ရသည်။

ဒဏ်ရာပြန်လည်သက်သာလာချိန်တွင် ဆီးဂိမ်းအဖွင့် ပွဲစဉ်နှစ်ပွဲတွင် ပါဝင်ကစားခဲ့သော်လည်း အုပ်စုတတိယပွဲစဉ်ဖြစ်သည့် ထိုင်းယူ-၂၃ အသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာဟောင်းပြန်လည်ထိခိုက်မိကာ ပွဲချိန် ၂၃ မိနစ်တွင် လူစားလဲခဲ့ရသည်။

“ကြည်လင်းရဲ့ ခြေချင်းဝတ်ဒဏ်ရာကို အဖွဲ့ချုပ်အစီအစဉ်နဲ့ ဘန်ကောက်ဆေးရုံမှာ အထူးကုဆရာဝန်နဲ့သွားရောက်ကုသမှာဖြစ်ပါတယ်” ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

မြန်မာအသင်း၏ အဓိကကစားသမားဖြစ်သူ ကြည်လင်းသည် အဆိုပါဒဏ်ရာအခြေအနေကြောင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပမည့် အာရှယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲလည်း လွဲချော်မည်ဖြစ်သည်။

အာရှယူ-၂၂ ချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီမြန်မာအသင်းသည် ထိုင်းပရီးမီးယားကလပ် မြောင်တောင်အသင်း၊ ထိုင်းတပ်မတော်အသင်းတို့နှင့် ဘန်ကောက်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

“အာရှယူ-၂၂ပြိုင်ပွဲမတိုင်မီ မြန်မာအသင်းအနေနဲ့ လာမယ့် ဇန်နဝါရီ ၂ ရက်မှာ ဘန်ကောက်ကို ထွက်ခွာမှာဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ကစားမှာပါ။ ကြည်လင်းအနေနဲ့လည်း သူ့ဒဏ်ရာကို ဘန်ကောက်မှာ ဆေးကုသမှုခံယူဖို့အတွက်မြန်မာအသင်းနဲ့အတူလိုက်ပါမှာဖြစ်ပါတယ်” ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။


မြန်မာယူ-၂၂အသင်းသည် ဘန်ကောက်မြို့တွင် ခြေစမ်းပွဲနှစ်ပွဲယှဉ်ပြိုင်ကစားပြီးပါက ဇန်နဝါရီ ၉ ရက်တွင် ထိုင်းနိုင်ငံမှတစ်ဆင့် အာရှယူ-၂၂ချန်ပီယံရှစ်ပြိုင်ပွဲကျင်းပမည့် အိုမန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

“ဒဏ်ရာအခြေအနေကြောင့် အာရှယူ-၂၂ ပြိုင်ပွဲဝင် မြန်မာအသင်းမှာ မပါဝင်ရတဲ့အတွက် စိတ်မကောင်းတော့ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မပါလည်းပဲမြန်မာအသင်းအနေနဲ့ ပြိုင်ပွဲမှာအကောင်းဆုံးယှဉ်ပြိုင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အားပေးနေမှာပါ” ဟု ကြည်လင်းက ပြောသည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲ၏ အုပ်စု (က) တွင် အိုမန်၊ တောင်ကိုရီးယား၊ ဂျော်ဒန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အဖွင့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၁ ရက်၌ အိမ်ရှင်အိုမန်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



*မြန်မာ ယူ-၂၃ ကစားသမားကြည်လင်း* ဓာတ်ပုံ - နစ်ကီ



KIA
Major Sponsor
www.kia.com.mm
KIA
australian open
Kia, the sponsor that moves your heart
RIO
KIA
The Power to Surprise
Kia Motors, the major sponsor of the Australian Open 2014

7 DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014



MAURIZIO BRAMBATTI/ EPA

# အာဆင်နယ် – စပါး၊ ဂျူဗင်တပ် – ရိုးမား ထိပ်တိုက်တွေ့ဖို့ရှိတဲ့

**ယခုတစ်ပတ်ကစားမည့် အက်ဖ်အေဖလား၊ စပိန်လာလီဂါ၊ အီတလီစီးရီးအေပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်**

### အက်ဖ်အေဖလားပွဲစဉ်များ

၄၊ ၅-၁-၂၀၁၄

**မန်ယူ - ဆွမ်ဆီး**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

ဆွမ်ဆီး ၁-၄ မန်ယူ

မန်ယူ ၂-၁ ဆွမ်ဆီး

ဆွမ်ဆီး ၁-၁ မန်ယူ

နောက်ဆုံးငါးပွဲမှာ ၃ ပွဲရှုံး ၂ ပွဲသရေကျထားတဲ့ ဆွမ်ဆီးတို့ အဝေးကွင်းတိုင်း ရလဒ်မကောင်းခဲ့ပါဘူး။ မန်ယူကလည်း နောက်ဆုံးငါးပွဲမှာ ငါးပွဲစလုံးအနိုင်ရထားပေမယ့် အက်ဖ်အေဖလားဆိုရင် အရန်ကစားသမားတွေကို ခပ်များများထုတ်သုံးတတ်တာ သတိထားရမှာပါ။ မန်ယူအနိုင်ရသွားနိုင်ပါတယ်။

**အာဆင်နယ် - စပါး**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

အာဆင်နယ် ၁-၀ စပါး

စပါး ၂-၁ အာဆင်နယ်

အာဆင်နယ် ၅-၂ စပါး

အာဆင်နယ်ဟာ အိမ်ကွင်းနောက်ဆုံးသုံးပွဲမှာ နှစ်ပွဲသရေ တစ်ပွဲရှုံးနိမ့်ထားပါတယ်။ အက်ဖ်အေဖလားမှာ အာဆင်နယ်က လူစုံထုတ်ကစားဖို့မသေချာပေမယ့် စပါးကတော့ လူစုံထုတ်ကစားမှာပါ။ နည်းပြသစ်အတွက် ပထမဆုံး အက်ဖ်အေဖလားနိုင်ပွဲရယူပေးမယ့် စပါးဘက်ကပဲရပ်တည်သင့်ပါတယ်။ စပါးအနိုင်ပါ။

**ဒါဘီ - ချယ်လ်ဆီး**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

ချယ်လ်ဆီး ၆-၁ ဒါဘီ

ဒါဘီ ၀-၂ ချယ်လ်ဆီး

ချယ်လ်ဆီး ၂-၁ ဒါဘီ

ဒါဘီကောင်တီဟာ ချန်ပီယံရှစ်နောက်ဆုံး ၁၀ ပွဲမှာ တစ်ပွဲပဲ ရှုံးနိမ့်ထားပြီး ရှစ်ပွဲအနိုင်ရထားပါတယ်။ ချယ်လ်ဆီးဟာ အက်ဖ်အေဖလားမှာအဓိကကစားသမားတွေကို အနားပေးထားမှာသေချာနေပါတယ်။ ချယ်လ်ဆီးကပ်နိုင်သွားနိုင်ပါတယ်။

### စပိန်လာလီဂါပွဲစဉ်များ

၄၊ ၅၊ ၆-၁-၂၀၁၄

**ဘာစီလိုနာ- အယ်လ်ချီ**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

အယ်လ်ချီ ၁- ၁ ဘာကာ(B)

ဘာကာ(B) ၁-၁ အယ်လ်ချီ

ဘာကာ(B) ၁ - ၁ အယ်လ်ချီ

ဆောင်းရာသီအားလပ်ရက်အပြီး လန်းလန်းဆန်းဆန်း ပွဲထွက်လာမယ့်အိမ်ရှင်ဘာကာကို အယ်လ်ချီဘယ်လိုမှ ယှဉ်မကစားနိုင်ပါဘူး။ အိမ်ရှင်အနိုင်သေချာပြီး ဂိုးပြတ်၊ မပြတ်ကြည့်ရမယ့်ပွဲပါ။

**မာလာဂါ-အက်သလက်တီကို**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

မာလာဂါ ၀ - ၀ အက်သလက်

အက်သလက် ၂ - ၁ မာလာကာ

အက်သလက် ၂ - ၁ မာလာကာ

နောက်ဆုံးနှစ်ပွဲဆက်တိုက်နိုင်ထားတဲ့မာလာဂါအက်သလက်တီကို ကို အကောင်းဆုံးညှော်ခံပါလိမ့်မယ်။ အက်သလက်တီကိုကလည်း ရှေ့အပတ် ဘာကာနဲ့ ပွဲမတိုင်ခင်ထိပ်ဆုံးနေရာအတွက် အမှတ်မလျော့အောင် ကစားမယ်။ သရေကျဖို့ များပြီး အက်သလက်တီကို ဘက်ကအနိုင်ခပ်ပါးပါးရှိတယ်။

**ရီးရဲလ်မက်ဒရစ်-ဆဲလ်တာဗီဂို**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

ဆဲလ်တာ ၁ - ၂ ရီးရဲလ်

ရီးရဲလ် ၄ - ၀ ဆဲလ်တာ

ဆဲလ်တာ ၂ - ၁ ရီးရဲလ်

ဇယားထိပ်က ဘာကာနဲ့ အက်သလက်တီကိုတို့ကို ဖိအားပေးဖို့ ရီးရဲအိမ်ကွင်းမှာ ဆဲလ်တာဗီဂိုကို အနိုင်ယူပါလိမ့်မယ်။ ဂိုးပြတ်၊ မပြတ် စောင့်ကြည့်ရမယ့်ပွဲပါ။

### စီးရီးအေပွဲစဉ်များ

၅၊ ၆-၁-၂၀၁၄

**ဂျူဗင်တပ်-ရိုးမား**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

ရိုးမား ၁ -၀ ဂျူဗီ

ဂျူဗီ ၄- ၁ ရိုးမား

ဂျူဗီ ၄- ၀ ရိုးမား

ဇယားထိပ်က နှစ်သင်းတွေ့ဆုံတဲ့ပွဲမှာ သရေကျဖို့များပါတယ်။ အနိုင်ဆိုရင် ဒီရာသီမှာ အိမ်ကွင်းရာနှုန်းပြည့်နိုင်ပွဲဆက်နေတဲ့ ဂျူဗင်တပ်ပါပဲ။

**နာပိုလီ - ဆမ်ဒိုရီးယား**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

နာပိုလီ ၀ - ၀ ဆမ်ဒိုရီးယား

ဆမ်ဒိုရီးယား ၀ - နာပိုလီ

နာပိုလီ ၄- ၀ဆမ်ဒိုရီးယား

ဇယားထိပ်က နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာ နာပိုလီအခွင့်အရေးရအောင် ယူပါလိမ့်မယ်။ ဆမ်ဒိုးရီးယား ကစားပုံမဆိုးပေမယ့် နာပိုလီအနိုင်သေချာပါတယ်။

**လာဇီယို-အင်တာမီလန်**

**နောက်ဆုံးသုံးကြိမ်တွေ့ဆုံမှု**

အင်တာမီလန် ၁-၀ လာဇီယို

လာဇီယို ၁-၀ အင်တာမီလန်

လာဇီယို ၃-၁ အင်တာမီလန်

အကြိတ်အနယ်ရှိမယ့် ပွဲကောင်းတစ်ခုပါ။ သရေကျဖို့ များသလို၊ အင်တာမီလန် ကပ်နိုင်သွားနိုင်ပါတယ်။



7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014



# ဆမ်ဆောင်းကုမ္ပဏီထုတ် စမတ်ဖုန်းများ တားမြစ်ပေးရန် အမေရိကန်တရားရုံးထံ အက်ပဲလ်တောင်းဆို

**ဆန်ဖရန်စစ္စကို၊ ဒီဇင်ဘာ- ၂၈**

ဆမ်ဆောင်းကုမ္ပဏီနှင့် အက်ပဲလ်ကုမ္ပဏီပါဝင်သည့် မူပိုင်ခွင့်ချိုးဖောက်မှုတွင် ဆမ်ဆောင်းက ထုတ်လုပ်သော စမတ်ဖုန်းများ၊ သင်ပုန်းကွန်ပျူတာများကို အမေရိကန်နိုင်ငံ၌ ရောင်းချခြင်း တားမြစ်ပေးရန် အက်ပဲလ်ကုမ္ပဏီက အမေရိကန်တရားရုံးသို့ တောင်းဆိုလိုက်သည်။



JUNG YEON-JE/AFP

ယင်းစမတ်ဖုန်းများနှင့် သင်ပုန်းကွန်ပျူတာများသည် မူပိုင်ခွင့်များ ချိုးဖောက်ထားကြောင်း ပြီးခဲ့သည့်နှစ် အမှုကြားနာစစ်ဆေးစဉ်က စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု အက်ပဲလ်ကုမ္ပဏီကပြောသည်။

ယင်းအမှုကို အသစ်တစ်ဖန် စစ်ဆေးနိုင်ကြောင်း အယူခံတရားရုံးတစ်ရုံးက ပြီးခဲ့သည့်လအတွင်း ဆုံးဖြတ်ခဲ့ပြီးနောက် ဆမ်ဆောင်းကုမ္ပဏီ၏ ထုတ်ကုန်များ ရောင်းချခြင်းကို တရားရုံးက တားမြစ်ပေးရန် အက်ပဲလ်ကုမ္ပဏီက ထပ်မံကြိုးစားလိုက်သည်။

အက်ပဲလ်ကုမ္ပဏီအတွက် ပြန်ပြင်မရသော ထိခိုက်မှုနှင့် ဆမ်ဆောင်းကုမ္ပဏီ၏ မူပိုင်ခွင့်ချိုးဖောက်မှုကြား လုံလောက်သည့် သမားရိုးကျဆက်စပ်မှုရှိကြောင်း အယူခံတရားရုံး၏ဆုံးဖြတ်ချက်တွင်ပါရှိသည်ဟုစွဲချက်တင်မှုတွင် ဖော်ပြထားသည်။ ယင်းမူပိုင်ခွင့်များကို ဆမ်ဆောင်းကုမ္ပဏီက ချိုးဖောက်ခဲ့ခြင်းကြောင့် ထိခိုက်မှုကို ပြန်လည်ပြုပြင်ရန် ငွေကြေးသက်သက်ဖြင့် မလုံလောက်ဟု အက်ပဲလ်က ထပ်မံပြောကြားသည်။

ဆမ်ဆောင်းကုမ္ပဏီမှ ထုတ်လုပ်ထားသော Captivate, Continuum, Driod Charge, Epic 4G, Exhibit 4G, Fascinate, Galaxy Ace, Galaxy Prevail, Galaxy S, Galaxy S 4G, Gem, Indulge, Infuse, Mesmerize, Nexus S 4G, Replenish, Vibrant, Transform နှင့် Galaxy SII အမျိုးအစား စမတ်ဖုန်းနှစ်မျိုးတို့ကို ရောင်းချခွင့်တားမြစ်ရန် အက်ပဲလ်ကုမ္ပဏီက ကြိုးစားနေသည်။

Galaxy Tab နှင့် Tab 10.1 သင်ပုန်းကွန်ပျူတာများ ရောင်းချခြင်းကို တားမြစ်ပေးရန်လည်း တောင်းဆိုထားသည်။—*Ref: AFP*

POKKA WINNING PRIZES Awarding Ceremony

Healthy Drink!




POKKA မှ အထက်မြန်မာပြည်ရှိ အရောင်းကိုယ်စားလှယ်ကြီးများကို ဂုဏ်ပြုသည့်ညစာစားပွဲနှင့်အတူ Click Promotion ကာလအတွင်းရောင်းချပေးခဲ့သည့်ဆိုင်များအတွက် Belta ကားသစ်တစ်စီးနှင့်အခြားငွေသားဆုမဲများအား ရွေးချယ်ပေးသည့်အခမ်းအနားကို မန္တလေးမြို့ Hotel Shwe Pyi Thar ၌ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာ (၂၉)ရက်နေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် Kaung Htet Myanmar Co., Ltd. မှ BOD ဦးမင်းဇေညာစံမှ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး အဆိုတော် ဉာဏ်လင်းအောင်နှင့် မိစန္ဒီတို့မှ တေးသီချင်းများဖြင့်သီဆိုဖျော်ဖြေခဲ့ကြပါသည်။ထို့နောက် Talent & Model မှ Model များ၏ Product Model Show, Evening Dress Show များအပြင် Jade Dragon Dancer အဖွဲ့မှလည်း ဆန်းသစ်လှပသောကကွက်များဖြင့် တင်ဆက်ပေးခဲ့ကြသည်။ ၎င်းနောက်ကံထူးရှင်များအား POKKA Singapore မှ Mr. Eugene (CFO), Mr. Ken Mouri (Area Manager) နှင့် BOD ဦးမင်းဇေညာစံတို့မှ ဆုချီးမြှင့်ပေးခဲ့ကြပါသည်။ အခမ်းအနားတွင် မိတ်ကပ်နွေးနွေး နှင့် Dress Sponsor ကို Designer ဒေးစန္ဒာတို့မှ ကူညီပံ့ပိုးပေးခဲ့ကြပါသည်။

ကျပ် (၅၀၀၀၀) ကံထူးရှင်များ

| ဆိုင်အမည် | လိပ်စာ | ဆုမဲအရေအတွက် |
|---|---|---|
| UMT | (၃၈)လမ်း၊(၇၈)နှင့်(၇၉)လမ်းကြား၊မန္တလေး | ၅ |
| ငွေပင်လယ် | (၁၅)လမ်း၊(၈၀)နှင့်(၈၁)လမ်းကြား၊မန္တလေး | ၄ |
| Mo No | (၈၄)လမ်း၊(၂၉)နှင့်(၃၀)လမ်းကြား၊မန္တလေး | ၄ |
| မအေးဝေ | (၈၁)လမ်း၊(၃၁)နှင့်(၃၂)လမ်းကြား၊မန္တလေး | ၃ |
| အောင်လင်း | (၈၅)လမ်း၊(၂၉)နှင့်(၃၀)လမ်းကြား၊မန္တလေး | ၁ |
| ရွှေမိုး | (၃၃)လမ်း၊(၇၆)နှင့်(၇၇)လမ်းကြား၊မန္တလေး | ၁ |
| ရာဇာ | (၃၁)လမ်း၊(၈၀)နှင့်(၈၁)လမ်းကြား၊မန္တလေး | ၁ |
| Fuji | လမ်း(၃၀)နှင့်လမ်း(၈၀)ထောင့်၊မန္တလေး | ၁ |
| မာလာ | (၈၅)လမ်း၊(၁၉)နှင့်(၂၀)လမ်းကြား၊မန္တလေး | ၁ |
| TTA | (၆၇)လမ်း၊(၃၈)နှင့်(၃၉)လမ်းကြား၊မန္တလေး | ၁ |
| သံလွင်မြိုင်ဓာ | (၂၆)လမ်း၊(၈၈)နှင့်(၈၉)လမ်းကြား၊မန္တလေး | ၁ |
| Golden Duck | လမ်း(၈၀)နှင့်(၁၆)လမ်းထောင့်၊မန္တလေး | ၁ |
| ရွှေယုဇ် | လမ်း(၆၂)နှင့်သိပ္ပံလမ်း၊မန္တလေး | ၁ |
| ရွှေနန်းတော် | (၈၅)လမ်းနှင့်(၃၄)လမ်းထောင့်၊မန္တလေး | ၁ |
| Co Co | (၈၄)လမ်း၊(၃၈)နှင့်(၃၉)လမ်းကြား၊မန္တလေး | ၁ |
| လင်း | (၈၄)လမ်း၊(၄၂)နှင့်(၄၃)လမ်းကြား၊မန္တလေး | ၁ |
| Hifi | (၁၉)လမ်းနှင့်(၈၁)လမ်းထောင့်၊မန္တလေး | ၁ |
| စကားပါ | (၃၄)လမ်း၊(၈၅)နှင့်(၈၆)လမ်းကြား၊မန္တလေး | ၁ |
| ငွေကမ္ဘာ | မတ်လာဈေး၊မန္တလေး | ၁ |
| ရွှေရည်ဦး | ကျာရာလမ်း၊မြစ်ငယ် | ၁ |
| ထိပ်လောက်စွး | ဗိုလ်ချုပ်လမ်း၊တန့်ယန်း | ၁ |
| Fuji | ဈေးတန်းရပ်ကွက်၊မူဆယ် | ၁ |
| မြစ်ငါ | မြင်းဦးလှိုင် | ၁ |
| ချမ်းရင် | ဗိုလ်ချုပ်လမ်း၊တာလေး | ၁ |
| Ever Shine | ရွှေဘို | ၁ |
| ဦးဝိုးဘို | စလင်း | ၁ |
| လမ်းကိုးဆင့်နှစ်ကောင် | ဘုရားကြီးရပ်ကွက်၊မုံရွာ | ၁ |
| ရွှေမြည်မိုး | Beside of Sedona | ၁ |

KH Kaung Htet(Myanmar)

## တရုတ်အငြိမ်းစားလုံခြုံရေးအကြီးအကဲဟောင်း၏ လက်ထောက်ဟောင်းကို အကျင့်ပျက်ခြစားမှုဖြင့် စုံစမ်းစစ်ဆေး

**ဘေဂျင်း၊ ဒီဇင်ဘာ-၃၀**

တရုတ်အငြိမ်းစားလုံခြုံရေးအကြီးအကဲ ဇူယွန်ကန်း၏ လက်ထောက်ဟောင်းတစ်ဦးကို အကျင့်ပျက်ခြစားမှုဖြင့် စုံစမ်းစစ်ဆေးနေကြောင်း အစိုးရကပြောသည်။

မစ္စတာဇူကိုယ်တိုင်မှာ အကျင့်ပျက်ခြစားမှုဖြင့် စုံစမ်းစစ်ဆေးခံနေရပြီး ၎င်းနှင့်ပတ်သက်သူများမှာလည်း ယင်းအမှုဖြင့် စုံစမ်းစစ်ဆေးခံနေရသည်။ စီချွမ်ပြည်နယ် ဥပဒေပြဌာန်းရေး အကြံပေးအဖွဲ့ခေါင်းဆောင် လီချွန်ကျီမှာ အာဏာရကွန်မြူနစ်ပါတီ၏ စည်းကမ်းနှင့်ဥပဒေများကိုပြင်းထန်စွာ ချိုးဖောက်ခဲ့ကြောင်း သံသယရှိသဖြင့် ၎င်းကို စုံစမ်းစစ်ဆေးနေကြောင်း အာဏာရပါတီ၏ အကျင့်ပျက်ခြစားမှုဆန့်ကျင်ရေး စောင့်ကြည့်အဖွဲ့ကပြောသည်။

အသေးစိတ်အချက်အလက်များကို ယင်းအဖွဲ့က ပြောကြားခြင်းမရှိဘဲ မစ္စတာလီကိုလည်း ဆက်သွယ်၍မရခဲ့ဟု ရိုက်တာသတင်းကဖော်ပြသည်။ တရုတ်သမ္မတ စီကျင်းပင် အာဏာရလာစဉ်ကတည်းက အကျင့်ပျက်ခြစားမှုကို နှိမ်နင်းလျက်ရှိပြီး အကျင့်ပျက်ခြစားမှုမှာ အာဏာရကွန်မြူနစ်ပါတီ၏ ရှင်သန်မှုအတွက် အန္တရာယ်ရှိသည်ဟု ပြောကြားထားပြီး ရာထူးကြီးငယ်အရာရှိများကို စုံစမ်းစစ်ဆေး အရေးယူသွားမည်ဟု ကြွေးကြော်ထားသည်။

နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်တွင် လာဘ်ယူကာ ရာထူးအတွက် မဲပေးခဲ့သည့် မြူနီစပယ်အရာရှိ၅၀၀ ကျော်နှင့် လာဘ်ပေးသူ လွှတ်တော်အမတ်များကိုလည်း ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ဖော်ပြသည်။

ဇူယွန်ကန်း တာဝန်ထမ်းဆောင်ခဲ့စဉ်က လီချွန်ကျီမှာ ခရိုင်ပါတီဒုဥက္ကဌအဖြစ် ရာထူးတိုးမြှင့်ခန့်အပ်ခံခဲ့ရပြီး ခရိုင်အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ အကြီးအကဲတစ်ဦး ဖြစ်ခဲ့ကြောင်း ၎င်း၏ ဝန်ထမ်းရာဇဝင်တွင် ဖော်ပြထားသည်။ စီချွမ်ပြည်နယ်မှ အခြားသော ထိပ်တန်းအရာရှိနှစ်ဦးမှာလည်း စုံစမ်းစစ်ဆေးခံနေရပြီး စီချွမ်ပြည်နယ် ပါတီဒုတိယအကြီးအကဲဟောင်း လီချွမ်ချမ်းလည်း စုံစမ်းစစ်ဆေးခံနေရသည်။

—*Ref: Reuters*



REUTERS









7DAY NEWS JOURNAL
Vol.12, No.43 • JANUARY 1 , 2014

# ဟာဝိုင်အီတွင် အပန်းဖြေနေသော သမ္မတအိုဘားမား ဆန္ဒပြမှုအချို့ကြုံတွေ့

**ဟာဝိုင်အီ၊ ဒီဇင်ဘာ-၂၉**

အမေရိကန်သမ္မတဘားရက်အိုဘားမား၏ ဟာဝိုင်အီအပန်းဖြေခရီးမှာ စနေနေ့က ဆန္ဒပြမှုအချို့ကြောင့် အနည်းငယ်လှုပ်ခတ်သွားခဲ့သည်။ ဆန္ဒပြသူအချို့က သမ္မတမိသားစုငှားရမ်းနေထိုင်ရာအဆင့်မြင့်အိမ်ရာအနီးတွင် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုနှင့် အခြားကိစ္စများအပေါ် မကျေနပ်မှုများ ဖော်ထုတ်ခဲ့ကြ၍ဖြစ်သည်။

၎င်းတို့ငှားရမ်းနေထိုင်သော အိမ်အနီးမှာပင်ရှိသည့် ဟာဝိုင်အီမရိန်းအခြေစိုက်စခန်းမှ နံနက်အားကစားလေ့ကျင့်ခန်းများအပြီး အပြန်ခရီးတွင် သမ္မတ၏ယာဉ်တန်းမှာ ကန့်ကွက်မှုကြွေးကြော်သံစာတန်းများ ကိုင်ဆောင်ထားသော ဒါဇင်အနည်းငယ်ရှိ ဆန္ဒပြသူများကို ဖြတ်သန်းလာခဲ့သည်။ ယင်း ကြွေးကြော်သံများတွင် "အမေရိကန်စစ်စခန်းများဖယ်ရှား"၊ "ဂွါတာနာမိုအကျဉ်းစခန်းကိုပိတ်"၊ "မောင်းသူမဲ့လေယာဉ်များတိုက်ခိုက်မှု တရားမဝင်"စသော စာတန်းများ ပါဝင်သည်။

ယင်းမှာ သမ္မတအိုဘားမားနှင့်ဇနီး မီရှဲလ်၊ သမီးနှစ်ဦး၊ မီရှဲလ်၏မိခင်နှင့် မိသားစုခွေးနှစ်ကောင် ဟာဝိုင်အီတွင် သီတင်းနှစ်ပတ်ကြာ အပန်းဖြေစဉ် ဒုတိယနေ့ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်သူများနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။ သောကြာနေ့ညနေကလည်း ဆန္ဒပြသူ ၂၇ ဦးသည် အမေရိကန်၊ အာရှနှင့် တောင်အမေရိကနိုင်ငံများကြား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီမှုလက်မှတ်ထိုးခြင်းများကို ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။



JEWEL SAMAD/AFP

*ဟာဝိုင်အီကျွန်းရှိ ငှားရမ်းထားသော အပန်းဖြေနေအိမ်သို့ သမ္မတအိုဘားမား၏ယာဉ်တန်းရောက်ရှိလာစဉ် ဆန္ဒပြစာတန်းကတ်ပြားများကိုင်ဆောင်ထားသည့် ဆန္ဒဖော်ထုတ်သူများကို ဒီဇင်ဘာ ၂၈ ရက်က တွေ့ရစဉ်*

သို့သော် ယင်းဆန္ဒပြမှုအချို့မှလွဲ၍ အိုဘားမားမိသားစုမှာ ၎င်းကိုမွေးဖွားကြီးပြင်းခဲ့ရာ ဟာဝိုင်အီတွင် နွေးထွေးသောကြိုဆိုမှုများ ရရှိနေသည်။ *—Ref: Reuters*

# အာဖဂန်နစ္စတန်တွင် ကြီးမားသော ဆုတ်ယုတ်မှုများရှိမည်ဟု ကန်ထောက်လှမ်းရေး ခန့်မှန်းချက်အဖွဲ့ ဟောကိန်းထုတ်

**ဝါရှင်တန်၊ ဒီဇင်ဘာ-၂၉**

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်စစ်သားအချို့ ဆက်ရှိနေသော်လည်း ပြီးခဲ့သည့်သုံးနှစ်တာအတွင်း အာဖဂန်နစ္စတန်စစ်ပွဲ၌ အမေရိကန်နှင့် အာဖဂန်နိုင်ငံတို့ ကြိုးစားရယူထားသည့် အခြေအနေများသည် ၂၀၁၇ ခုနှစ်တွင် သိသာစွာ ဆုတ်ယုတ်သွားမည်ဖြစ်ကြောင်း ကန်ထောက်လှမ်းရေး ခန့်မှန်းချက်အဖွဲ့က ဟောကိန်းထုတ်လိုက်ကြောင်း ဝါရှင်တန်ပို့စ်သတင်းဌာနက ဒီဇင်ဘာ ၂၈ရက်တွင် ဖော်ပြသည်။

အမေရိကန်တပ်သားများ အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၁၄ ခုနှစ်ထက် ကျော်လွန်၍ နေထိုင်ခွင့်ပြုမည့် နှစ်နိုင်ငံလုံခြုံရေးသဘောတူညီချက် လက်မှတ်မရေးထိုးပါက အာဖဂန်နစ္စတန်သည် လျင်မြန်စွာပင် ပရမ်းပတာ အခြေအနေသို့ကျရောက်သွားနိုင်သည်ဟုလည်း ယင်းအဖွဲ့က ဟောကိန်းထုတ် ပြောကြားသည်။

ဆင်းရဲသော အာဖဂန်နစ္စတန်နိုင်ငံအား ကန်ဒေါ်လာဘီလီယံပေါင်းများစွာကူညီရန် ယင်းလုံခြုံရေးသဘောတူညီမှုစာချုပ်ကို နှစ်နိုင်ငံလက်မှတ်ရေးထိုးရမည်ဖြစ်သည်။

အမေရိကန်ရာဇဝင်တွင် အရှည်ကြာဆုံး စစ်ပွဲဖြစ်သည့် အာဖဂန်နစ္စတန်စစ်ပွဲ၏ အလားအလာရှိသော ရလဒ်များနှင့်ပတ်သက်၍ အစီရင်ခံချက်မှာ အလွန်ပင် မကောင်းမြင်ခြင်းဖြစ်ပြီး အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ ဆောင်ရွက်ထားသော တိုးတက်မှုများကို ထည့်မတွက်ထားဟု အာဏာပိုင်အချို့က ခံစားနေရကြောင်း ဝါရှင်တန်ပို့စ်သတင်းစာကဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ၂၀၁၄ ခုနှစ်ထက်ကျော်လွန်၍ ထားခွင့်ပြုမည့် နှစ်နိုင်ငံလုံခြုံရေး သဘောတူညီချက်ကို အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက လက်မှတ်ထိုးရန် ငြင်းဆန်ထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်၈,၀၀၀ ခန့်အထိ ထားရှိမည့်ယင်းသဘောတူညီမှုမရှိပါက အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန်သူပုန်များ ပြန်လည်ထကြွလာနိုင်ပြီး အယ်လ်ကိုင်ဒါအကြမ်းဖက်အဖွဲ့မှာလည်း ထပ်မံ၍ လွတ်လပ်စွာလှုပ်ရှားခွင့်ရရှိနိုင်သည်ဟု အမေရိကန်အာဏာပိုင်များကပြောသည်။

*—Ref: Reuters*



7 DAY NEWS JOURNAL

# International

Vol.12, No.43 • JANUARY 1 , 2014

## ဆီးရီးယားနိုင်ငံ အလက်ပိုမြို့တွင် သီတင်းနှစ်ပတ်အတွင်း ဆလင်ဒါနှင့် စည်ပိုင်းဗုံးများကြောင့် လူငါးရာကျော် သေဆုံး

**လန်ဒန်၊ ဒီဇင်ဘာ-၃၀**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုခရိုင်တွင် ဆီးရီးယားလေယာဉ်များပေါ်မှ ပစ်ချသော ပေါက်ကွဲစေသည့်ပစ္စည်းများဖြည့်ထားသော ဆလင်ဒါနှင့် စည်ပိုင်းဗုံးများကြောင့် ဒီဇင်ဘာ ၁၅ ရက်မှစ၍ လူ ၅၁၇ ဦး သေဆုံးခဲ့ကြောင်း တက်ကြွလှုပ်ရှားသူများက ပြောသည်။

သေဆုံးသူများတွင် ကလေးငယ် ၁၅၁ ဦးနှင့် အမျိုးသမီး ၄၆ ဦး ပါဝင်သည်ဟု ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

အလက်ပိုမြို့မှာ ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်၏ တပ်ဖွဲ့များနှင့် သူပုန်များကြား ပြင်းထန်သော တိုက်ပွဲများ ဆင်နွှဲနေသောနေရာဖြစ်သည်။

ထိုအတောအတွင်း နော်ဝေဖရီးဂိတ်သင်္ဘောတစ်စီးကလည်း ဖျက်ဆီးပစ်မည့် ဆီးရီးယား ဓာတုလက်နက်များကိုသယ်ဆောင်သွားရန် ပြင်ဆင်နေသည်။ ယင်းလက်နက်များကို ဆီးရီးယားနိုင်ငံ လက်တာကီးယား ဆိပ်ကမ်းမှနေ၍ အီတလီနိုင်ငံသို့သယ်ဆောင်သွားမည်ဖြစ်သည်။ ဓာတုလက်နက်များပိတ်ပင်တားဆီးရေး အဖွဲ့ (OPCW) ကလည်း ဓာတုလက်နက်များဖျက်ဆီးရေးလုပ်ငန်းစဉ်ကို ပါဝင်ကူညီရေး ဒမတ်စကတ်စ်က အရှိန်မြှင့်လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

ဗြိတိန်နိုင်ငံအခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က စည်ပိုင်းပြတ်ဗုံးများ ဆက်လက်အသုံးပြုနေခြင်းကို ရှုတ်ချပြောဆိုပြီး ပြင်ပမှကြားဝင်ဖြေရှင်းပေးရန်တိုက်တွန်းထားသည်။

*—Ref: BBC*

## တောင်ကိုရီးယားတွင် ၂၀၂၅ မှ ၂၀၃၅ ခုနှစ်ကြား နျူကလီးယားဓာတ်အားပေးစက်ရုံ ငါးလုံး ထပ်မံတည်ဆောက်ဖွယ်ရှိ

**ဆိုးလ်၊ ဒီဇင်ဘာ-၃၀**

နိုင်ငံ၏ စုစုပေါင်းစွမ်းအင်လိုအပ်ချက်တွင် နျူကလီးယားစွမ်းအင်အချိုးအစားကို လျှော့ချရန် စီမံကိန်းသစ်တွင် တောင်းဆိုသွားသော်လည်း စီမံကိန်းတွင်ပါဝင်သော နျူစွမ်းအင် ၄၃,၀၀၀ မဂ္ဂါဝပ် ရရှိရန် ၂၀၂၅ နှင့် ၂၀၃၅ ခုနှစ်ကြား နျူကလီးယားဓာတ်အားပေးစက်ရုံငါးလုံး တည်ဆောက်ရဖွယ်ရှိကြောင်း တောင်ကိုရီးယားအစိုးရအရာရှိများက ပြောကြားသည်။

နျူကလီးယားဓာတ်ပေါင်းဖိုများတွင် လဲလှယ်သော အစိတ်အပိုင်းများအတွက် ဘေးကင်းလုံခြုံမှုအတု စာရွက်စာတမ်းဖြင့် ပေးသွင်းခဲ့သည်ဟူသော အရှုပ်တော်ပုံပေါ်ပေါက်ခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံတွင် အစိုးရမှာ နျူစွမ်းအင်အသုံးပြုမှု လျှော့ချရေး ဖိအားများနှင့် ရင်ဆိုင်နေရသည်။

အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရာတွင် နျူစွမ်းအင်အပေါ် မှီခိုမှုကို ၂၀၃၀ ပြည့်နှစ်တွင် ၄၁ ရာခိုင်နှုန်းထိ လျှော့ချကာ ၂၀၃၅ ခုနှစ်အရောက်တွင် ၂၉ ရာခိုင်နှုန်းလျှော့ချရန် ရည်ရွယ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနက ယခုလအစောပိုင်းက ပြောသည်။

သို့သော် ၂၀၃၅ ခုနှစ်တွင် စုစုပေါင်း နိုင်ငံ့စွမ်းအင်လိုအပ်ချက် ၂၉ ရာခိုင်နှုန်းကို နျူစွမ်းအင်မှ ထုတ်ယူရေးစဉ်းစားလျှင်ပင် ယင်းစက်ရုံများမှ လျှပ်စစ်မဂ္ဂါဝပ် ၄၃,၀၀၀ လိုအပ်ချက်ပြည့်မီရန် ၂၀၂၅ နှင့် ၂၀၃၅ ခုနှစ်ကြား မဂ္ဂါဝပ် ၁,၄၀၀ ထုတ်လုပ်နိုင်သော နျူဓာတ်ပေါင်းဖိုငါးလုံး တည်ဆောက်ရမည်ဟု စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။



JEWEL SAMAD/AFP

*ဒီဇင်ဘာ ၃၀ ရက်က တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်၊ မာရှန်ဒေသ အလယ်တန်းကျောင်းတစ်ကျောင်းတွင် လာမည့်နှစ်သစ်ကိုကြိုဆိုရန် Happy 2014 စာတန်းကိုဖော်ရန် ကျောင်းသားများ မတ်တတ်ရပ်နေသည်ကို တွေ့ရစဉ်*

တောင်ကိုရီးယားနိုင်ငံသည် လောလောဆယ် နျူဓာတ်ပေါင်းဖို ၂၃ လုံးမှ စွမ်းအင်ထုတ်ယူနေပြီး ၂၀၂၄ ခုနှစ်မတိုင်မီ နောက်ထပ်ဓာတ်ပေါင်းဖို ၁၁ လုံး ထပ်တိုးရန် မျှော်လင့်ထားကာ ယခုအခါ ငါးလုံးတည်ဆောက်နေပြီဖြစ်သည်။

*—Ref: Reuters*

## တောင်းဆိုသော လစာမရပါက ဂက်စ်ပိုက်လိုင်းကို ပိတ်ဆို့မည်ဟု လစ်ဗျားရေနံလုံခြုံရေးအစောင့်များ ခြိမ်းခြောက်

**ထရီပိုလီ၊ ဒီဇင်ဘာ-၃၀**

တောင်းဆိုထားသော လစာပမာဏအတိုင်း အစိုးရက ပေးအပ်ခြင်းမရှိလျှင် မြို့တော်ထရီပိုလီသို့ ပေးပို့သည့် ဂက်စ်ပိုက်လိုင်းကို ပိတ်ဆို့မည်ဟု လစ်ဗျားနိုင်ငံ အလယ်ပိုင်းရှိ လုံခြုံရေးအစောင့်များက ခြိမ်းခြောက်ထားကြောင်း ရေနံသတင်းရင်းမြစ်များနှင့် ဒေသဆိုင်ရာ မီဒီယာများက ဒီဇင်ဘာ ၂၉ ရက်တွင် ပြောသည်။

၂၀၁၁ ခုနှစ်အတွင်း ကဒါဖီကို ဖြုတ်ချရာတွင် ကူညီခဲ့သည့် ပြည်သူ့စစ်တပ်ဖွဲ့များအား ထိန်းချုပ်ရန် ဝန်ကြီးချုပ်အလီဇိုင်ဒန်၏ အစိုးရက အသည်းအသန်ကြိုးစားနေရစဉ် လစ်ဗျားနိုင်ငံတွင် ပရမ်းပတာအခြေအနေများနှင့် ရင်ဆိုင်နေရသည်။

ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းဆိုရန် လစ်ဗျားနိုင်ငံ အရှေ့ပိုင်းရှိရေနံတင်ပို့ရာ ဆိပ်ကမ်းလေးခုကို လူမျိုးစုများနှင့် ပြည်သူ့စစ်တပ်ဖွဲ့များက လပေါင်းများစွာကြာ သိမ်းပိုက်ထားခဲ့သည်။ ၎င်းတို့က ဗဟိုအစိုးရထံမှ ရေနံဝင်ငွေ၏ဝေစုလည်း ပိုရလိုနေသည်။

လစ်ဗျားနိုင်ငံ အရှေ့ပိုင်းမှ ထရီပိုလီမြို့သို့ သွယ်တန်းထားသော ဂက်စ်ပိုက်လိုင်းကို ပိတ်ဆို့မည်ဟု လစ်ဗျားအလယ်ပိုင်းတွင် ရေနံလုပ်ငန်းလုံခြုံရေးတာဝန်ယူထားသည့် ရေနံကာကွယ်ရေးတပ်ဖွဲ့ အဖွဲ့ဝင်များကပြောသည်။ အစိုးရအနေဖြင့် ၎င်းတို့၏လစာများကို မပေးပါက ၄၈ နာရီအတွင်း ယင်းဂက်စ်ပိုက်လိုင်းကို ပိတ်ဆို့မည်ဟု လုံခြုံရေးအစောင့်များက ပြောသည်။

ယင်း ဆန္ဒပြအစောင့်များ မည်သည့်နေရာတွင် အခြေစိုက်သည်၊ ၎င်းတို့အဖွဲ့တွင် အဖွဲ့ဝင် မည်မျှရှိသည်ကို ရှင်းလင်းစွာမသိရပေ။ ထရီပိုလီမြို့နှင့် အခြားသော အဓိကမြို့များတွင် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ယင်းအတွက် အချိန်ကြာမြင့်စွာ အသုံးပြုလာသည့် နည်းပညာ၊ ဓာတ်အားပေးစက်ရုံများနှင့် အနောက်ဘက်ရှိ ဂက်စ်ပိုက်လိုင်းတစ်ခုကို ယခင်က ပိတ်ဆို့ခဲ့ခြင်းအပေါ် အစိုးရကအပြစ်တင်ထားသည်။ ရေနံမှရရှိသောဝင်ငွေ လျော့ကျသွားခြင်းကြောင့် အများပြည်သူဒေါသထွက်နေစဉ် ပိတ်ထားသော ဆိပ်ကမ်းများ ပြန်ဖွင့်ရန် လူမျိုးစုခေါင်းဆောင်များက ရေနံအစောင့်တပ်ဖွဲ့ ခေါင်းဆောင်ဟောင်းကိုတွန်းအားပေးခဲ့သည်။

ဆက်လက် ဆန္ဒပြနေမည်ဆိုပါက အစိုးရလစာပေးနိုင်မည်မဟုတ်ဟု လစ်ဗျားဝန်ကြီးချုပ်က ပြောကြားသည်။

*—Ref: Reuters*

